KELONG
KEHUA TECH
Online UPS
Sole Distributor: Golden Lion Wire Co., Ltd.

The VOICE Daily
Vol. 4 / No. 250
Established in 2004
၁၃၇၈ ခုနှစ်၊ ပြာသိုလကွယ်နေ့ ၊ (Friday, January 27, 2017)

# အလုပ်အကိုင် ခုနစ်သိန်းကျော် ဖန်တီးနိုင်ဟု အစိုးရပြော

**ရန်ကုန်၊ ဇန်နဝါရီ ၂၆**

၂၀၁၆-၁၇ ဘဏ္ဍာနှစ်၏ ၁၀ လ တာကာလအတွင်း၌ ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများမှ အလုပ်အကိုင်အခွင့်အလမ်းပေါင်း ခုနစ်သိန်းရှစ်သောင်းနီးပါး ဖန်တီးပေးနိုင်ခဲ့ကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနထံမှ သိရသည်။

"ဒီနှစ်အတွက် ရင်းနှီးမြှုပ်နှံမှုမူဝါဒမှာ အလုပ်အကိုင်အခွင့်အလမ်းတွေ များများဖန်တီးနိုင်တဲ့ လုပ်ငန်းတွေကို ဦးစားပေးလုပ်ကိုင်ခွင့်ပေးမယ်ဆိုတဲ့အတွက် စက်မှုကုန်ထုတ်လုပ်ငန်းတွေကို အများဆုံးလုပ်ကိုင်ခွင့်ပေးခဲ့တယ်" ဟု ယင်းဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစန်းမြင့်က ပြောကြားသည်။

ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုများမှ စက်မှုကုန်ထုတ်လုပ်ငန်းများနှင့် အထည်ချုပ်လုပ်ငန်းများတွင် အလုပ်အကိုင်အခွင့်အလမ်း အများဆုံးဖန်တီးပေးနိုင်ခဲ့ကြောင်း ၎င်းကပြောဆိုသည်။ စာ 28

## ပညာရေးအဆင့်မြှင့်ပေးရန် ဖောင်တော်ဦးဆရာတော် တိုက်တွန်း



ဓာတ်ပုံ – သန်းဖေသား စာ 11

ဘူတန်ဘုရင်မအိဒွေးတော်သည် ဇန်နဝါရီလ ၂၆ ရက်နေ့က မန္တလေးမြို့တော်ရှိ နန်းရှေ့ဖောင်တော်ဦးဘုန်းတော်ကြီးသင်ပညာရေးကျောင်းသို့ လာရောက်ခဲ့ပြီး ဖောင်တော်ဦးဆရာတော်နှင့် မိနစ် ၂၀ ခန့် တွေ့ဆုံဆွေးနွေးခဲ့သည်။

## ကားမူဝါဒအရွေ့နှင့် မာမာအေးဈေးကွက်

စာ 21

## အမှုစစ်ရဲအုပ်ကို လာဘ်စားမှုဖြင့် ဖမ်းဆီး

စာ 4

# ရန်ကုန်နှင့် ဒေသအချို့ ည အအေးပိုမည်

**ရန်ကုန်၊ ဇန်နဝါရီ ၂၆**

လေဖိအားများရပ်ဝန်း အားကောင်းနေခြင်းကြောင့် နောက်နှစ်ရက်အတွင်း ရန်ကုန်တိုင်းဒေသကြီးအပါအဝင် ဒေသအချို့၌ ညအပူချိန်များ ကျဆင်းနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်သည်။

ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် ပုံမှန်ညအပူချိန်များထက် အနည်းငယ်ကျဆင်းလာနိုင်ပြီး ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်အပါအဝင် ဒေသအချို့တွင် အအေးပိုနေနိုင်ကြောင်း အဆိုပါဌာနထံမှ သိရသည်။

ဇန်နဝါရီလ ၂၇ ရက်နေ့မှစ၍ ယခုလကုန်အထိ ဒေသအချို့တွင် အအေးဓာတ်ပြန်ပိုလာနိုင်ပြီး မြန်မာနိုင်ငံမြောက်ပိုင်းဒေသများတွင် ဇန်နဝါရီလ ၂၇ ရက်နေ့မှ ၃၀ ရက်နေ့အတွင်း မိုးထစ် ချုန်းရွာနိုင်ဖွယ်ရှိကြောင်း စာ 28

## နယ်ကျော်ယာဉ်များကို အရေးယူမည်

စာ 2

## မွေးစားထားသော မိန်းကလေးလေးဦးကို အဓမ္မကျင့်

စာ 2



The VOICE Daily
Friday, January 27, 2017

# NEWS

## နယ်ကျော်ယာဉ်များကို အရေးယူမည်

ရန်ကုန်၊ ဇန်နဝါရီ ၂၆

ရန်ကုန်မြို့တွင်း ယာဉ်ကြောကျပ်တည်းမှုလျှော့ချရန်နှင့် အငှားတက္ကစီယာဉ်များ များပြားမှုကို လျှော့ချရန် နယ်ကျော်ယာဉ်များကို စစ်ဆေးအရေးယူရန် ပြင်ဆင်နေပြီဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ထံမှ သိရသည်။

တိုင်းဝန်ကြီးချုပ်က အငှားတက္ကစီယာဉ်များကို အိမ်စီးယာဉ် နံပါတ်အနက်ပြောင်းလဲခြင်းဖြင့် လျှော့ချရန် စီစဉ်ထားပြီး လက်ရှိ ရန်ကုန်တွင် ပြေးဆွဲနေသည့် အငှားတက္ကစီယာဉ်များအားလုံး မဖြစ်မနေ စီးတီးတက္ကစီအဖြစ် မှတ်ပုံတင်ရမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့ထံမှ သိရသည်။


ဓာတ်ပုံ - အောင်နိုင်

အငှားတက္ကစီယာဉ်များကို အများပိုင်ကဲ့သို့ စုပေါင်းပြေးဆွဲသည့် YBS ယာဉ်လိုင်းပြေးဆွဲချိန် သုံးလအကြာတွင် YRTA က ကိုင်တွယ်မည်ဖြစ်ပြီး ခရီးသည်များအနေနှင့် ဖုန်းဖြင့် အငှားတက္ကစီများကို ခေါ်ဆောင်ရမည့်စနစ်ကို ကျင့်သုံးမည်ဖြစ်ကြောင်း YBS Complain Center က တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

မော်တော်ယာဉ်ဖြင့် ခရီးသည်သယ်ယူပို့ဆောင်ရာတွင် Yangon Bus Service ၊Yangon Taxi Service၊ Yangon Highway Bus Service ၊ Yangon Railway Service၊Yangon Water Bus Service စသည့် ဝန်ဆောင်မှုငါးခုကို ဆောင်ရွက်မည်ဖြစ်သည်။

နယ်ကျော်ယာဉ်များစစ်ဆေးအရေးယူရာတွင် ခွင့်ပြုထားသည့် လိုင်စင်ပါစည်းကမ်းချက်နှင့်သာသက်ဆိုင်ပြီး AA၊ BB လိုင်စင်များမှာ တိုင်းအတွင်းခွင့်ပြုသည့်လိုင်စင်များဖြစ်ကြောင်း ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန အကြီးတန်းအရာရှိတစ်ဦးက ဆိုသည်။

“နယ်ကျော်ယာဉ်တွေကို စစ်ဆေးဖမ်းဆီးမယ်ဆိုရင် တိုင်းအတွင်းခွင့်ပြုထားတဲ့ယာဉ်လား၊ အပြင်ခွင့်ပြုထားလားဆိုတာ ကြည့်ပြီးမှ အရေးယူလို့ရမယ်။ နယ်ကျော်လာတဲ့ယာဉ်ဆိုပြီး တန်းအရေးယူလို့မရဘူး” ဟု ၎င်းက ဆိုသည်။

ယခုလက်ရှိရန်ကုန်မြို့၏ ယာဉ်ကြောပိတ်ဆို့မှုကို လျော့ကျစေရန် ရန်ကုန်လိုင်စင်အနက်ယာဉ်များကို အနီပြောင်းလဲကာ အငှားယာဉ်လျှောက်ထားခြင်းကို ရပ်ဆိုင်းထားပြီး နံပါတ်အနီမှ အနက်ပြောင်းလဲသော ယာဉ်များကို ဆောင်ရွက်ပေးလျက်ရှိကြောင်း က.ည.နထံမှ သိရသည်။

ရန်ကုန်မြို့တွင် အငှားတက္ကစီယာဉ်ခြောက်သောင်းခန့်ရှိပြီး နယ်ကျော်ရောက်ရှိနေသည့် အငှားတက္ကစီယာဉ်များမှာ နှစ်သောင်းခန့်ရှိကြောင်း တိုင်းအစိုးရအဖွဲ့ထံမှ သိရသည်။ ■ J-06

## ကျွန်းနှင့် ပိတောက်ခွဲသား ကွန်တိန်နာများ MIP ဆိပ်ကမ်းတွင် ထပ်မံ ဖမ်းမိ

ရန်ကုန်၊ ဇန်နဝါရီ ၂၆

အလုံမြို့နယ်ရှိ မြန်မာ့စက်မှုဆိပ်ကမ်း Myanmar Industrial Port တွင် စင်ကာပူနိုင်ငံသို့ တင်ပို့မည့် ကွန်တိန်နာပုံးအတွင်းမှ စစ်ဆေးမှု မခံယူထားဘဲ တရားမဝင် တင်ပို့မည့် ကျွန်းနှင့် ပိတောက်ခွဲသားများကို ဖမ်းမိခဲ့ကြောင်း ရဲတပ်ဖွဲ့ထံမှ စုံစမ်းသိရှိရသည်။

ရန်ကုန်တိုင်းဒေသကြီး၊ သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးနှင့် သစ်တောဝန်ထမ်းများသည် ဇန်နဝါရီ ၂၄ ရက်နေ့က အလုံမြို့နယ်၊ MIP ဆိပ်ကမ်းဝင်းအတွင်း ပြည်ပပို့မည့် သင်္ဘောတင်မည့်နေရာများကို စစ်ဆေးခဲ့ရာ ကွန်တိန်နာနှစ်ခုအတွင်း တရားမဝင်ကျွန်းသစ် ၃၃ တန်ခန့်အား ဖမ်းဆီးရမိခဲ့သည်။ ယင်းမှ သတင်းကွင်းဆက်ထပ်မံဖော်ထုတ်ခဲ့ရာ MIP ဆိပ်ကမ်းဝင်းအတွင်းရောက်ရှိနေပြီးဖြစ်သော အခြားကွန်တိန်နာ ၁၁ လုံးအတွင်းတွင်လည်း တရားမဝင်သစ်များ ပါရှိနေကြောင်း သိရှိရသဖြင့် သစ်တောဝန်ထမ်းများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ အကောက်ခွန်ဝန်ထမ်းများ ပူးပေါင်း၍ ဇန်နဝါရီ ၂၆ ရက်နေ့ (၁၇:၀၀)နာရီမှ စတင်၍ ကွန်တိန်နာ ၁၁ လုံးကို ထပ်မံဖွင့်ဖောက်စစ်ဆေးခဲ့ရာ တရားမဝင် ပိတောက်သစ်များ ဖမ်းဆီးရမိခဲ့ပါသည်။

“ဖမ်းမိတဲ့ သစ်တွေမှာ သစ်တောစည်းတံဆိပ်မပါဘူး၊ ပြည်ပတင်ပို့မယ့် ကုမ္ပဏီကို ခေါ်စစ်နေတယ်၊ ထုထည် ၂ လက်မရှိတဲ့ ကျွန်းခွဲသားကိုသာ ပြည်ပတင်ပို့ခွင့်ပေးထားပြီး အခုမိတဲ့ သစ်ခွဲသားတွေက ၂ လက်မထက် ကျော်နေတယ်၊ ဒီအမှုက သုံးယောက်ကို မိထားပြီး တစ်ယောက်က လွတ်နေဆဲမို့ သတင်းဖြစ်စဉ် အသေးစိတ်ကို ပြောလို့မဖြစ်သေးဘူး” ဟု ရန်ကုန်တိုင်းဒေသကြီး သစ်တောဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ဇန်နဝါရီ ၂၄ ရက်နေ့က ကွန်တိန်နာနှစ်လုံးတွင် ဖမ်းဆီးရမိသော ကျွန်းသစ်များဖမ်းမိမှုနှင့် ပတ်သက်၍ မြန်မာ့ပဲမျိုးစုံနှင့် သစ်ရောင်းဝယ်ရေးကုမ္ပဏီ အုပ်ချုပ်မှုဒါရိုက်တာ ဦးနိုင်မင်းစိုး၊ ဆိပ်ကမ်းလုပ်ငန်းနှင့် အကောက်ခွန်လုပ်ငန်းများ ဆောင်ရွက်ခဲ့သူ ကိုအာကာဇို၊ အင်းစိန်မြို့နယ်၊ နံ့သာကုန်းရပ်ကွက်တွင် နေထိုင်သူ အသက် ၄၇ နှစ်အရွယ် ဒေါ်ခင်ချောမြင့်တို့ကို ဖမ်းဆီးစစ်ဆေးနေပြီး အမျိုးသားတစ်ဦးမှာ လွတ်မြောက်နေကြောင်း၊ ပိတောက်သစ်များ ဖမ်းဆီးရရှိမှုနှင့် ပတ်သက်၍ စုံစမ်းဖော်ထုတ်သွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးထံမှ သိရသည်။

အဆိုပါ ကျွန်းသစ် နှင့်ပိတောက်ခွဲသားများ ထည့်ထားသည့် ကွန်တိန်နာပုံးများသည် လွန်ခဲ့သည့် လေးရက်ခန့်က MIP ဆိပ်ကမ်းသို့ ရောက်ရှိနေပြီး အကောက်ခွန်ယာယီစည်းတံဆိပ်ခတ်ထားခြင်း၊ သင်္ဘောလိုင်းစည်း ခတ်ထားခြင်း၊ X-Ray ဖြတ်စစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်း ရဲတပ်ဖွဲ့ထံမှ သိရှိရသည်။

မြန်မာနိုင်ငံမှ သစ်များကို စင်ကာပူနိုင်ငံက အများဆုံးဝယ်ယူနေပြီး ယင်းနိုင်ငံမှတစ်ဆင့် ဥရောပနှင့် အမေရိကနိုင်ငံများသို့ ဖြန့်ချိလျက်ရှိကြောင်း၊ Environmental Investigation Agency ( EIA) ၏ ၂၀၁၆ ခုနှစ်စက်တင်ဘာလ သတင်း ထုတ်ပြန်ချက်အရ ဥရောပနိုင်ငံများတွင် အထောက်အထား မပြနိုင်သည့် မြန်မာ့သစ်များ အများအပြား ဝင်ရောက်နေကြောင်း သစ်တောဦးစီးဌာနထံမှ စုံစမ်းသိရသည်။ ■

## မွေးစားထားသော မိန်းကလေး လေးဦးကို အဓမ္မကျင့်

ရန်ကုန် ဇန်နဝါရီ ၂၆

ဗိုလ်တထောင်မြို့နယ်ရှိ တိုက်ခန်းတစ်ခုတွင် ညှဉ်းပန်းနှိပ်စက်ခံနေရသည့် မွေးစားကလေးငယ် ၇ ဦးတွင် မိန်းကလေးလေးဦးမှာ အဓမ္မပြုကျင့်ခံထားရကြောင်း ရန်ကုန်တိုင်းဒေသကြီး ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကော်မတီအတွင်းရေးမှူး ဦးမျိုးဆက်အောင်က ပြောကြားသည်။

အသက် ၄၅ နှစ်အရွယ် ဒေါ်ခမ်းက ဗိုလ်တထောင်မြို့နယ်၄ ရပ်ကွက်၊ လမ်းသွယ် ၂ လမ်းရှိ တိုက်ခန်းပထမထပ်တွင် အသက် ၁၁ နှစ်မှ ၃ နှစ်အရွယ်ကြားရှိ ယောကျ်ားလေးသုံးဦးနှင့် မိန်းကလေး လေးဦးကို အသက် ၅၆ နှစ်အရွယ် ကလေးထိန်း ဒေါ်ခင်မာညိုနှင့် အတူနေထိုင် စေခဲ့သည်။

ကလေးထိန်းဖြစ်သူ ဒေါ်ခင်မာညိုက ယင်းကလေးများကို လက်ပြန်ကြိုးချည်နှောင်ပြီး သံပေတံ၊ ကြိမ်လုံးတို့ဖြင့် မကြာခဏ ရိုက်နှက်နှိပ်စက်ခဲ့ကြောင်း၊ ယင်းအပြင် အသက် ၄၃ နှစ်အရွယ် ယာဉ်မောင်းဖြစ်သူ လှမိုး(ခ) နီတွတ်က အသက် ၆ နှစ်မှ ၃ နှစ်ကြား အရွယ် မွေးစားထားသည့် မိန်းကလေး လေးဦးကို အဓမ္မပြုကျင့်ခဲ့ကြောင်း ကလေးများ၏ ထွက်ဆိုချက်အရ သိရသည်။

ယင်းကလေးများ နေ့စဉ် ညှဉ်းပန်းနှိပ်စက်ခံနေရသည်ကို မြင်တွေ့၍ ရပ်ကွက်နေသူများက ၁၉၉ ဖုန်းနံပါတ်ထံ သတင်းပေး တိုင်ကြားခဲ့ကြောင်း ဗိုလ်တထောင်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်မြင့်မြင့်စိုး(ခ) ဒေါ်မေစိုးက ရှင်းပြသည်။

တိုင်ကြားမှုကို ဗိုလ်တထောင်မြို့နယ် ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ကော်မတီက စုံစမ်းခဲ့ပြီး ဇန်နဝါရီလ ၂၄ ရက်နေ့တွင် ယင်းကလေးငယ် ၇ ဦးကို မေးမြန်းခဲ့ရာ ယင်းသို့ စစ်ဆေး ပေါ်ပေါက်ခဲ့ခြင်းဖြစ်သည်။

“ဒေါ်ခမ်းခမ်းက တစ်ပတ် ကျပ်နှစ်သောင်းထောက်ပံ့ပြီး ဒေါ်ခင်မာညိုကို ကလေးတွေ စောင့်ရှောက်ခိုင်းထားတယ်၊ သူက အမေရိကန်နိုင်ငံသားနဲ့ အိမ်ထောင်ပြုထားပြီး ဟိုမှာနေတာကြောင့် တစ်လတစ်ခါမှ ဒီပြန်လာပြီး ကလေးတွေနဲ့ လာတွေ့တယ်၊ ဒေါ်ခမ်းခမ်းက လမ်းသွယ် ၃ က သုံးလွှာတိုက်ခန်းမှာ နေပြီး သူနဲ့အတူလာနေတဲ့ ယာဉ်မောင်း လှမိုး(ခ) နီတွတ်က ကလေးတွေကို အဓမ္မပြုကျင့်ခဲ့တာလို့ ကလေးတွေရဲ့ထွက်ဆိုချက်အရ သိရတယ်” ဟု ယင်းဖြစ်စဉ်ကို စစ်ဆေးခဲ့ရာတွင် ပါဝင်ခဲ့သူ ဗိုလ်တထောင်မြို့နယ် အမျိုးသမီးရေးရာ အတွင်းရေးမှူး ဒေါ်မီးမီးအောင်က ပြောသည်။

ကလေးများ၏ ပါးစပ်ကို အဝတ်နှင့်စည်းပြီး မဖွယ်မရာ ပြုကျင့်ခြင်းဖြစ်ပြီး နီတွတ်က ၎င်း၏ သူငယ်ချင်းများပါ ခေါ်လာကာ မဖွယ်မရာ ပြုလုပ်သည်ဟု ကလေးများက ထွက်ဆိုကြောင်း ၎င်းက ဆက်လက်ရှင်းပြသည်။

ကလေးငယ်များကို မွေးစားသည့် ဒေါ်ခမ်းမှာ အမေရိကန်နိုင်ငံသားနှင့် အိမ်ထောင်ပြုထားပြီး သားသမီး လေးဦးရှိကာ LA တွင် နေထိုင်ကြောင်း ၎င်း၏ ထွက်ဆိုချက်များအရ သိရပြီး မြန်မာနိုင်ငံသို့ တစ်လတစ်ကြိမ်ခန့် ပြန်လာ၍ ကလေးများနှင့် တွေ့ဆုံတတ်ကြောင်း၊ တစ်ပတ်လျှင် ကျပ်နှစ်သောင်းဖြင့် ကလေးများ စောင့်ရှောက် ထိန်းသိမ်းရန် ခေါ်ထားသော ကလေးထိန်း ဒေါ်ခင်မာညိုမှာ မလောက်သောကြောင့် နေအိမ်တွင် စက်ချုပ်၍ အပိုဝင်ငွေရှာပြီး ကလေးများကို ထိန်းသိမ်းနေရကြောင်း ဒေါ်ခင်မာညို၏ ထွက်ဆိုချက်အရ သိရသည်။

“မခမ်းခမ်းက လမ်းသွယ် ၃ လမ်းမှာ နေတယ်၊ အရင်က မွေးစားထားတဲ့ ကလေး လေးယောက်ကို နိုင်ငံခြားဆီ ခေါ်သွားဖူးတယ်၊ အခုလည်း ကလေးတွေ အများကြီး ထပ်မွေးစားပြီး လမ်းသွယ်(၂) လမ်းက သူပိုင်တဲ့ တိုက်ခန်းမှာ ပြောင်းလာထားတာ၊ ၂ နှစ်လောက်တော့ရှိပြီ ဒီပြောင်းလာတာ၊ ဘာရည်ရွယ်ချက်နဲ့ ကလေးတွေ အများကြီးမွေးစားထားတာလည်း မသိဘူး၊ စုံစမ်းသိရသလောက်ဆို ကလေးတွေက အစာဝဝလင်လင် မစားရရှာဘူး၊ နှိပ်စက်ခံရတာကြောင့် စိတ်မူမမှန်တဲ့ပုံတွေ ဖြစ်နေရှာတာ” ဟု ဗိုလ်တထောင်မြို့နယ် အမျိုးသမီးရေးရာအတွင်းရေးမှူး ဒေါ်မီးမီးအောင်က ပြောသည်။

အဆိုပါ ဖြစ်စဉ်မှ ယာဉ်မောင်း လှမိုး(ခ) နီတွတ်ကို ဇန်နဝါရီလ ၂၅ ရက်နေ့က မုဒိမ်းမှုဖြင့် အမှုဖွင့်ပြီး ဗိုလ်တထောင်မြို့မ ရဲစခန်းက ဖမ်းဆီးစစ်ဆေးကာ ကလေးမွေးစားသူ ဒေါ်ခမ်းနှင့် ကလေးထိန်း ဒေါ်ခင်မာညိုတို့ကို ဆက်လက်စစ်ဆေးမှုများ ဆောင်ရွက်နေကြောင်း အမှတ် (၆) လူကုန်ကူးမှု တားဆီးကာကွယ်ရေးတပ်ဖွဲ့ ကလေးသူငယ် တပ်ဖွဲ့စုမှ ရဲမှူး ဒေါ်Mခေါင်တင်က ပြောကြားသည်။ ■

မြန်မာပြည်မှာ ဆန်းရှိုင်း
သားရေစစ်စစ် ဖစ္စည်းအမျိုးမျိုးအရောင်းဆိုင်များ (ပင်ရင်း)
သားရေစစ်စစ်ဖြင့် ချုပ်လုပ်ထားသော မည်သည့်သားရေရှူးဖိနပ်ကိုမဆို
ဈေးအရောင်းတင် (၃၀၀၀)ကျပ် ဈေးအသစ်တင် (၅၀၀၀)ကျပ်
ပေးခြင်းဖြင့် အသစ်နီးပါးဖြစ်စေပြီး အာမခံပါသည်။
[illegible]

# မထသလုပ်အားခရှင်းစနစ်ဖြင့် YBS ယာဉ်များ ပြေးဆွဲ

**ရန်ကုန်၊ ဇန်နဝါရီ ၂၆**

ရန်ကုန်မြို့ပြသယ်ယူပို့ဆောင်ရေးစနစ်ကို ဇန်နဝါရီလ ၁၆ ရက်မှ စတင်ပြောင်းလဲပြေးဆွဲရာတွင် ယာဉ်လိုင်းများမှ ယာဉ်မောင်း၊ ယာဉ်နောက်လိုက်များကို ယခင် မထသလုပ်အားခရှင်းစနစ်ဖြင့်သာ ပေးဆောင်ပြေးဆွဲစေလျက်ရှိကြောင်း ယာဉ်လိုင်းအစုအဖွဲ့ပိုင်ကုမ္ပဏီများထံမှ သိရသည်။

ရန်ကုန်မြို့ပြသယ်ပို့ဆောင်ရေးစနစ်သစ်အဖြစ် ရှိပြီးယာဉ်လိုင်းများမှ ယာဉ်ဟောင်းများကို တစ်ရက်တာ ပြေးဆွဲရရှိငွေကိုဝေပုံကျ ခွဲဝေယူစေကာ ပြေးဆွဲမည်ဆိုသော်လည်း လက်ရှိအချိန်ထိ ယခင်စနစ်ဟောင်းတွင် ကျင့်သုံးခဲ့သော ပိုင်၊ မောင်း၊ ရောင်းစနစ်ဖြင့်သာ ခွဲဝေပြေးဆွဲလျက်ရှိကြောင်း ယာဉ်လိုင်းအစုအဖွဲ့ပိုင်ကုမ္ပဏီများထံမှ သိရသည်။

YBS စနစ်စတင်ကျင့်သုံးစဉ်တွင် အစုအဖွဲ့ပိုင်ကုမ္ပဏီများကိုဝေပုံကျစနစ်ဖြင့် ခွဲဝေယူရန် ရန်ကုန်တိုင်းဒေသကြီးသယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့က သတ်မှတ်ခဲ့သော်လည်း လက်ရှိတွင် ယာဉ်လိုင်းများ၌ အချိုးကျခွဲဝေရာ၌ အခက်အခဲရှိသည့်အတွက် ယခင်ကဲ့သို့(ပိုင်၊ မောင်း၊ ရောင်း) အချိုးကျခွဲဝေမှုစနစ်ဖြင့် ပြေးဆွဲနေခြင်းဖြစ်ကြောင်း ယာဉ်လိုင်းအများစုထံမှ သိရသည်။

"အခုက YBS စနစ်ကတော့ ပြေးဆွဲမှုကို စည်းကမ်းလိုက်နာအောင် ပြောင်းလဲတာပါ။ ကားတွေမှာ ငွေပေးချေတဲ့ပုံစံက ကတ်စနစ်နဲ့ မပြောင်းလဲနိုင်သေးတဲ့အတွက် ခုလိုပဲ အချိုးကျခွဲဝေမှုစနစ်ကို ဝန်ကြီးချုပ်နဲ့ နားလည်မှုယူပြီးကြားကာလအနေနဲ့ခွင့်ပြုထားတာပါ" ဟု အစုအဖွဲ့ပိုင်ကုမ္ပဏီတစ်ခု၏ ဒါရိုက်တာတစ်ဦးက ဆိုသည်။

YBS စနစ်တွင် ယာဉ်လိုင်းများရှိ ယာဉ်များသည် ယာဉ်တစ်စီးချင်းအလိုက် တစ်နေ့တာရရှိငွေများကို စုပေါင်းကာ ဘဏ်သို့ နေ့စဉ်အပ်နှံရခြင်းဖြစ်ပြီး နောက်တစ်နေ့တွင် ယင်းအပ်နှံငွေများကို ယာဉ်ပိုင်ရှင်များက ပြန်လည်ထုတ်ယူခြင်းဖြစ်ပြီး မိမိတို့၏ယာဉ်မောင်းများနှင့် ယာဉ်နောက်လိုက်များကို တစ်နေ့တာရရှိမှုများ၏ ပမာဏအပေါ် သတ်မှတ်ထားသော ရာခိုင်နှုန်းများဖြင့် အချိုးကျ ခွဲဝေလျက်ရှိကြောင်း ယာဉ်လိုင်းများထံမှ စုံစမ်းသိရှိရသည်။

"လက်ရှိမှာ ပိုင်၊ မောင်း၊ ရောင်းစနစ်ဆိုပေမယ့် အရင်ကိုယ်ရကိုယ်ယူစနစ်လိုမဖြစ်အောင် ယာဉ်လွှတ်မှုစနစ်နဲ့ ပြန်ထိန်းတယ်။ အကယ်၍ ယာဉ်တွေက Serial ကိုကျော်တက်တာတို့ဆိုရင် စည်းကမ်းဖောက်တာတို့ဆိုရင် အနည်းဆုံး တစ်ရက်ကနေ ရက်သုံးဆယ်အထိ လိုင်းပိတ်အရေးယူတာတွေကို တင်းတင်းကျပ်ကျပ်လုပ်ပါတယ်" ဟု အစုအဖွဲ့ပိုင်ကုမ္ပဏီတစ်ခု၏ ဒါရိုက်တာက ဆိုသည်။

လက်ရှိတွင် ယာဉ်လိုင်းများက အစုအဖွဲ့ပိုင်ကုမ္ပဏီများသို့ ပြေးဆွဲမှုအတွက် တစ်ရက်လျှင် ခြောက်ထောင်ကျပ်ပေးသွင်းရပြီးယခင် မထသစနစ်တွင် တစ်နေ့တာပြေးဆွဲမှုအတွက် အခေါက်ရေအလိုက်ကျပ် လေးထောင်မှ ကျပ်ငါးထောင်အထိ ပေးရကြောင်း ယာဉ်မောင်းများနှင့်ယာဉ်နောက်လိုက်များထံမှ သိရသည်။

"အစကတော့ ကျွန်တော်တို့ကို တစ်ရက်ကို ခေါက်ရေနှုန်းထားနဲ့ ရှင်းပေးတော့ ဂိတ်ကိုအပ်တာအရမ်းနည်းလို့ ယာဉ်ပိုင်ရှင်တွေက ကိုယ့်မောင်း၊ ရောင်း ကိုယ်ရှင်းဆိုပြီးပြန်လုပ်လိုက်တာပါ။အစကအဆင်မပြေပေမယ့် ခုတော့ အရင်လိုပြန်ရတယ်။ အခုကပြိုင်မောင်းလို့ မရတော့ဘူး" ဟု YBS အမှတ် ၆၄ ယာဉ်လိုင်းမှ ယာဉ်နောက်လိုက်တစ်ဦးက ဆိုသည်။

YBS စနစ်ပြောင်းလဲကျင့်သုံးသည့် ပထမငါးရက်တာကာလအတွင်း ယာဉ်လိုင်းများအနေဖြင့် သတ်မှတ် မှတ်တိုင်ရပ်ခြင်း၊ ရပ်၊ ချ၊ တင်၊ ထွက် စနစ်ကျင့်သုံးခြင်းများကို ကျင့်သုံးလျက်ရှိခဲ့သော်လည်း လက်ရှိတွင် မှတ်တိုင်ကျော်ရပ်ခြင်း၊ မှတ်တိုင်များတွင် ကားရပ်နားမှုကြာရှည်ခြင်းများရှိကြောင်း ခရီးသွားအချို့ထံမှ သိရသည်။




ဇန်နဝါရီလ ၁၆ ရက်မှစတင်ကာ လက်ရှိပြေးဆွဲနေသည့် YBS ယာဉ်များ၌ ယာဉ်လိုင်းပေါင်း ၇၀ ကျော်တွင် ယာဉ်စီးရေ ၃၅၀၀ ကျော်ဖြင့် ပြေးဆွဲပေးလျက်ရှိပြီး နောက်ပိုင်းတွင် ခရီးသည်များ အဆင်ပြေစေရန် ယာဉ်လိုင်းနှင့်ယာဉ်စီးရေများ တိုးချဲ့ပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ထံမှ သိရသည်။

လက်ရှိတွင် YBS ယာဉ်များကို မထသကချမှတ်ခဲ့သည့် စည်းကမ်း ၁၃ ချက်နှင့်သာမက ယာဉ်စည်းကမ်းလမ်းစည်းကမ်းများနှင့် ထိန်းသိမ်းလျက်ရှိကြောင်း ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့က ထုတ်ပြန်ထားပြီး ဇန်နဝါရီလ ၂၄ ရက်အထိ YBS ယာဉ်များအပေါ် တိုင်ကြားမှုပေါင်း တစ်ထောင့်ရှစ်ရာကျော်အနက် ထက်ဝက်ကျော်ကို အရေးယူထားပြီးဖြစ်သည်။

■ J-14



# အမှုစစ်ရဲအုပ်ကို လာဘ်စားမှုဖြင့် ဖမ်းဆီး

**မော်လမြိုင်၊ ဇန်နဝါရီ ၂၆**

မွန်ပြည်နယ် ရေးမြို့နယ် မြို့မရဲစခန်းမှ အမှုစစ် ရဲအုပ်ကျော်သက်ခိုင်ကို လာဘ်စားသည်ဟုဆိုကာ ဇန်နဝါရီလ ၂၄ရက်က စစ်ဆေးတွေ့ရှိသဖြင့် ရဲစည်းကမ်းထိန်းသိမ်းရေး ဥပဒေဖြင့် ထိန်းသိမ်း ချုပ်နှောင်ထားကြောင်း မွန်ပြည်နယ်ရဲတပ်ဖွဲ့မှ သိရသည်။

အဆိုပါ ရဲအုပ်က ရေလုပ်ငန်းရှင် ဦးအောင်ကျော်မျိုး၊ ဒေါ်စိုးစိုးမူတို့ထံ ယာဉ်တိမ်းမှောက်မှုနှင့် ပတ်သက်၍ အမှုစစ်ဆေးရာတွင် ငွေတောင်းခံခြင်း၊ ရင့်သည်းသည့် အသုံးအနှုန်း အပြုအမူများကို ပြုလုပ်ခြင်းတို့ကြောင့် ရေလုပ်ငန်းရှင်တို့က တာဝန်ရှိသူများထံ တိုင်ကြားခဲ့ရာမှ ဖမ်းဆီးအရေးယူခံရခြင်း ဖြစ်ကြောင်း၊ ရဲအုပ်ကျော်သက်ခိုင်ကိုပြည်နယ်ရဲတပ်ဖွဲ့မှူးရုံးတွင် ချုပ်နှောင်ထားပြီး ရဲစည်းကမ်းထိန်းသိမ်းရေး ဥပဒေအရ အရေးယူထားကာ သက်ဆိုင်ရာမြို့နယ်ရဲတပ်ဖွဲ့အစီအစဉ်နှင့် စစ်ဆေးမည်ဖြစ်ကြောင်း၊ မွန်ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံးမှ ဒုရဲမှူးကြီး ခင်မောင်စိုးက ပြောကြားသည်။

"ကာယကံရှင်ဘက်က မြို့နယ်ရဲတပ်ဖွဲ့နဲ့ မြို့မရဲစခန်းတို့နဲ့ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင် (နေပြည်တော်)ကို တိုင်ကြားခဲ့တယ်၊ ကော်မရှင်က ရေးမြို့နယ်ကို ဆင်းလာပြီး ဒီကိစ္စနဲ့ပတ်သက်ပြီး စစ်ဆေးပေါ်ပေါက်လို့ ရဲအုပ်ကို အရေးယူတာပါ" ဟု ၎င်းက ပြောဆိုသည်။

ရေးမြို့နယ် အဘော်ကျေးရွာ (ကျားတန်းရပ်) ရေလုပ်ငန်းရှင်ဦးအောင်ကျော်မျိုး၏ အလုပ်သမား မောင်းနှင်လာသည့် မော်တော်ယာဉ် တိမ်းမှောက်ရာ အလုပ်သမားများ ဒဏ်ရာရသည်ကို ယာဉ်ပိုင်ရှင်က ဆေးမကုပေးသည့်အတွက် အမှုဖွင့်ခဲ့ကြောင်း၊ ယင်းအမှုတွင် ရဲအုပ် ကျော်သက်ခိုင်က အမှုစစ်ရသူ ဖြစ်ပြီး ၂၀၁၆ ခုနှစ် စက်တင်ဘာလတွင် တရားစွဲခဲ့ကြောင်း၊ တရားရုံးတွင် နှစ်ဖက်ကျေအေးခဲ့ပြီးနောက် အမှုစစ်ရဲအုပ်က ဦးအောင်ကျော်မျိုးနှင့် ဒေါ်စိုးစိုးမူတို့ထံမှ ငွေကြေးတောင်းခံသည့်အတွက် တိုင်ကြားခံရခြင်းဖြစ်ကြောင်း ဒုရဲမှူးကြီးက ရှင်းပြသည်။

အဆိုပါ တိုင်ကြားမှုနှင့် ပတ်သက်၍ ရေလုပ်ငန်းရှင် နှစ်ဦးထံ ဆက်သွယ်သော်လည်း ဆက်သွယ်၍ မရပေ။

■ ခတ္တာနွန်






အောင်သူ / Dawei Watch

# ကြက်ကင် အသားစိမ်းတွင် အစာအဆိပ်သင့်စေသည့် ဗက်တီးရီးယားပိုးတွေ့

**ထားဝယ်၊ ဇန်နဝါရီ ၂၆**

ထားဝယ်ဒေသတွင် ရောင်းချနေကြသည့် ကြက်ကင်ဆိုင်အချို့မှ ကြက်သားအစိမ်း နမူနာများကို ဓာတ်ခွဲစစ်ဆေးရာ အစာအဆိပ်သင့်စေသည့် ဗက်တီးရီးယားပိုးများ တွေ့ရှိရကြောင်း တနင်္သာရီတိုင်းဒေသကြီး အစားအသောက်နှင့် ဆေးဝါးကြီးကြပ်ကွပ်ကဲရေး ကော်မတီထံမှ သိရသည်။

ကြက်ကင်ရောင်းချနေသည့် ဆိုင်များမှ ကြက်သားအစိမ်းတွင် အစာအဆိပ်သင့်ခြင်းနှင့် ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်စေသည့် ဗက်တီးရီးယားများ တွေ့ရှိရပြီး အဆိုပါကြက်သားများကို အကင်လုပ်စားရန် မသင့်တော်ဘဲ ချက်ပြုတ်ကြော်လှော်ပြီးမှသာ စားသုံးသင့်ကြောင်း အဆိုပါကော်မတီ ဥက္ကဋ္ဌကဆိုသည်။

"ဒီကြက်သားတွေကို ကျက်အောင်ပေါင်းပြီးကင်စားမှ စိတ်ချရတယ်" ဟု ယင်းကော်မတီဥက္ကဋ္ဌက ပြောသည်။

ကင်ပြီးသား ကြက်သားကင်များကို နည်းပညာအရ စစ်ဆေးရန်အခက်အခဲရှိပြီး ကြက်သားအစိမ်းများ ဓာတ်ခွဲစစ်ဆေးခြင်းကို မကြာခဏလုပ်ဆောင်သွားမည်ဖြစ်ကြောင်း ၎င်းက ဆိုသည်။

ပြီးခဲ့သည့် ၂၀၁၆ ခုနှစ် ဒီဇင်ဘာလက ကြက်သားကင်ရောင်းချနေသည့် ဆိုင်အချို့မှ ကြက်သားအစိမ်း နမူနာများကို ရန်ကုန်မြို့ရှိ တိမွေးကု ဓာတ်ခွဲခန်းသို့ ပို့ဆောင်စစ်ဆေးခဲ့သည်။

ဓာတ်ခွဲ စစ်ဆေးချက်အရ ကြက်သားများတွင် ဗက်တီးရီးယားပိုးများ ရှိသင့်သည့် ပမာဏထက် အနည်းငယ်ကျော်လွန်နေသည့်အတွက် ကင်စားရန် မသင့်ကြောင်းအဖြေထွက်သည်ဟုတနင်္သာရီတိုင်းဒေသကြီး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဦးစီးမှူးက ပြောသည်။

"ကင်စားဖို့ မသင့်တော်ဘူး၊ ချက်ပြုတ်စားသောက်ဖို့ပဲ သင့်တော်တယ်လို့ အကြံပြုတဲ့ အဖြေထွက်လာတယ်" ဟု မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူးကဆိုသည်။

ဖေဖော်ဝါရီလတွင် ထားဝယ်ဒေသရှိ ကြက်ကင်ရောင်းချနေသည့် ဆိုင်ပိုင်ရှင်များကို ခေါ်ယူကာ အသိပညာပေး မှုများ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း အစားအသောက်နှင့်ဆေးဝါးကြီးကြပ်ကွပ်ကဲရေး ကော်မတီထံမှ သိရသည်။

ထားဝယ်ဒေသရှိ ကြက်ကင်ဆိုင်အချို့နှင့် စားသောက်ဆိုင်အချို့တွင် ထိုင်းနိုင်ငံမှ တရားမဝင် ဝင်ရောက်လာသည့် အေးခဲကြက်သားများ သုံးစွဲမှုများရှိနေဆဲဖြစ်ကြောင်း စားသုံးသူများက ပြောဆိုလျက်ရှိသည်။

■ Dawei Watch

# မိတ္ထီလာတက္ကသိုလ်အနီး စိတ်ကြွမူးယစ်ဆေးပြားများ ဖမ်းမိ

**မိတ္ထီလာ၊ ဇန်နဝါရီ ၂၆**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့တွင် ဇန်နဝါရီလ ၂၄ ရက်နေ့ ညနေက မိတ္ထီလာတက္ကသိုလ်အနီးရှိ ကြာအင်းရွာသွားသည့် လမ်းပေါ်တွင် စိတ်ကြွမူးယစ်ဆေးပြား တစ်ရာကျော်ကို သယ်ဆောင်လာသော အသက် ၂၀ အရွယ် လူငယ်တစ်ဦးကို ရဲတပ်ဖွဲ့ကရှာဖွေဖမ်းဆီးနိုင်ခဲ့ကြောင်း နယ်မြေခံမြို့မရဲစခန်းထံမှ စုံစမ်းသိရှိရသည်။

မိတ္ထီလာတက္ကသိုလ်အနီး မူးယစ်ဆေးဝါးဖြန့်ဖြူးရောင်းချနေသော သတင်းအရ စုံစမ်းရှာဖွေရာတွင် ယင်းနေ့က မသင်္ကာဖွယ် လူငယ်တစ်ဦးကိုတွေ့ရှိရသည့်အတွက် စစ်ဆေးရာ စိတ်ကြွဆေးပြားများကို ဖမ်းဆီးရမိခြင်းဖြစ်ကြောင်း မှုခင်းမှတ်တမ်းများအရ သိရသည်။

ယင်းသို့မူးယစ်ဆေးသယ်ဆောင်လာသူ ဖိုးပြုံး(ခ)ဟိန်းမင်းထွေးကိုမိတ္ထီလာမြို့မ ရဲစခန်းက မယ(ပ) ၁/ ၂၀၁၇ မူး/ စိတ် ပုဒ်မ ၁၅/၁၉ (က) ဖြင့် အမှုဖွင့် အရေးယူထားကြောင်း ယင်းရဲစခန်းထံမှ စုံစမ်းသိရှိရသည်။

■ R-01

ဖြန့်ချိရေးကိစ္စ ဆက်သွယ်လိုပါက . . .

ဖုန်း - ၀၉ - ၇၈၅၅၅၅၇၇၃


ဓာတ်ပုံ-ရန်နိုင်

# တပ်မတော်မှ ခေတ္တထိန်းသိမ်းထားသော ကယန်းတိုင်းရင်းသားရှစ်ဦးကို ပြန်လည်လွှဲပြောင်း

**ကျိုင်းတုံ၊ ဇန်နဝါရီ ၂၆**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယုမြို့အနီးတွင် တပ်မတော်လုံခြုံရေးအဖွဲ့များကတွေ့ရှိပြီး လုံခြုံရေးအရ ခေတ္တထိန်းသိမ်းထားသော ကယန်းတိုင်းရင်းသား ရှစ်ဦးကို ဇန်နဝါရီလ ၂၆ရက် နံနက်ပိုင်းက ကျိုင်းတုံမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးရုံး၌ ပြန်လည် လွှဲပြောင်းခဲ့ကြောင်း တြိဂံဒေသတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ကယားပြည်နယ်ဒီမောဆိုမြို့နယ်တွင် နေထိုင်သော ကယန်းတိုင်းရင်းသား ရှစ်ဦးက ‘ဝ’အထူးဒေသဘက်သို့ အလုပ်လုပ်ကိုင်ရန် လာရောက်စဉ် ၂၀၁၆ ခုနှစ် ဒီဇင်ဘာလအတွင်းက မိုင်းယုမြို့အနီးတွင် တပ်မတော် လုံခြုံရေးအဖွဲ့များနှင့် တွေ့ရှိပြီး ခေတ္တထိန်းသိမ်းကာ စစ်ဆေးခံနေရခြင်း ဖြစ်သည်။

“အလုပ်မရှိတဲ့အတွက် အဲဒီဘက်မှာ အလုပ်လုပ်နေတဲ့ရွာက အမျိုးတွေကခေါ်လို့ သွားလုပ်ဖို့လာရင်းကနေ အစစ်ဆေးခံနေရတာ၊ သူတို့တွေက မှတ်ပုံတင်ပါရှိတဲ့အပြင် မြို့နယ်အုပ်ချုပ်ရေးမှူးကလည်း ထောက်ခံချက်ပေးလို့ အခုလိုပြန်လွှတ်ပေးခဲ့တာပါ”ဟု ခေတ္တအထိန်းသိမ်း ခံရသူတစ်ဦး၏ ဦးလေးတော်စပ်သူ ဦးမင်းအောင်က ပြောဆိုသည်။

လက်ရှိအချိန်သည် ‘ဝ’တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့နှင့် တပ်မတော်တို့ စစ်ရေးတင်းမာမှုဖြစ်ပေါ်နေ၍ ‘ဝ’ အထူးဒေသသို့သွားရောက်အလုပ်လုပ်ကိုင်မည့် ကယန်းတိုင်းရင်းသား ၈ ဦးကို လုံခြုံရေး အခြေအနေအရ ခေတ္တထိန်းသိမ်းကာ စစ်ဆေးခဲ့ပြီး ၎င်းတို့၏ဆန္ဒအရ နေရပ်ထံ ပြန်လည် လွှဲပြောင်းပို့ဆောင်ပေးရခြင်းဖြစ်ကြောင်း ပြည်နယ် ဒုတိယ အထွေထွေအုပ်ချုပ်ရေးမှူး ဦးကောင်းစံဦးက ပြောကြားသည်။

အသက် ၁၉ နှစ်မှ ၄၀ အရွယ်ရှိ ကယန်းတိုင်းရင်းသား၈ဦးကို တြိဂံဒေသတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနသို့ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း၊ မော်တော်ယာဉ်ဖြင့် ယင်းတို့၏ မူလနေရပ်ထံသို့ ပြန်လည်ပို့ဆောင်မည်ဖြစ်ရာ တစ်ဦးလျှင် တိုင်းစစ်ဌာနချုပ်မှ ကျပ်နှစ်သောင်းစီနှင့် မြို့နယ်စီမံခန့်ခွဲမှု ကော်မတီမှ ကျပ်တစ်သောင်းစီထောက်ပံ့ပေးအပ်ခဲ့ကြောင်း ကျိုင်းတုံမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနထံမှ သိရသည်။ ■

**R-16**

# မိုးရွာတွင် အသည်းရောင်ကာကွယ်ဆေး အခမဲ့ထိုးပေး

**မုံရွာ၊ ဇန်နဝါရီ ၂၆**

မြန်မာနိုင်ငံ အသည်းဖောင်ဒေးရှင်းမှ အသည်းရောင်အသားဝါဘီပိုးကာကွယ်ဆေးကို မုံရွာမြို့တွင် ဇန်နဝါရီလ ၂၅ ရက်နေ့မှစ၍ ဇန်နဝါရီလ ၃၀ ရက်နေ့အထိ တတိယအကြိမ် နောက်ဆုံးအောင်ဆေး ထိုးပေးမည်ဖြစ်ကြောင်း အဆိုပါအခမဲ့ဆေးထိုး လုပ်ငန်းဆောင်ရွက်နေသည့် BG သွေးလှူရှင်အသင်းထံမှ သိရသည်။

မုံရွာ ပုဂ္ဂလိကဆေးရုံကိုးရုံ၊ မြန်မာအသည်းဖောင်ဒေးရှင်း(ရန်ကုန်)နှင့် ပရဟိတအသင်းငါးခုတို့ ပူးပေါင်းလုပ်ဆောင်နေသည့်ယင်းကာကွယ်ဆေးထိုးပေးခြင်းကို ပထမအကြိမ်တွင် လူဦးရေ ၉၆၀၀ ကိုထိုးပေးခဲ့ပြီး ဒုတိယအကြိမ်တွင် လူဦးရေ ၉၂၀၀ ကို ထိုးနှံပေးခဲ့ကြောင်း BG သွေးလှူရှင်အသင်းမှ ဦးမိုးကျော်က ပြောဆိုသည်။

ပထမဆုံးအကြိမ်နှင့် ဒုတိယ အကြိမ်တွင် ဆေးလာရောက်မထိုးသူ ၄၀၀ခန့်ရှိပြီး ယင်းသို့ပျက်ကွက်သည့်အတွက် ဆေးအောင်အဆင့် မရောက်နိုင်ကြောင်း အသည်းရောင်အသားဝါဘီပိုး ကာကွယ်ရန် အစမှပြန်လည် ထိုးရတော့မည်ဖြစ်ကြောင်း ၎င်းကရှင်းပြသည်။ ■ **R-08**

# ကြားဖြတ်တွင် မသန်စွမ်းသူများမဲပေးနိုင်ရေး မြို့နယ်ငါးခုတွင် စီစဉ်ပေးမည်

**ရန်ကုန်၊ ဇန်နဝါရီ ၂၆**

ဧပြီ ၁ ရက်တွင် ကျင်းပမည့် ကြားဖြတ်ရွေးကောက်ပွဲ၌ မသန်စွမ်းသူများ မဲပေးရာတွင် အဆင်ပြေစေရေး မြို့နယ်ငါးခုတွင် စီမံဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ထံမှ သိရသည်။

မသန်စွမ်းသူများ အဆင်ပြေစွာမဲပေးနိုင်ရန်စီစဉ်သွားမည့်နေရာ ငါးနေရာမှာ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ လှိုင်သာယာ၊ ကြည့်မြင်တိုင်၊ ကော့မှူးမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နှင့် ချင်းပြည်နယ် ထန်တလန်မြို့တို့ ဖြစ်ကြောင်း မြန်မာနိုင်ငံမသန်စွမ်းသူများ ရှေ့ဆောင်အဖွဲ့(MILI)ထံမှ သိရသည်။

“ဒီလာမယ့် ကြားဖြတ်ရွေးကောက်ပွဲမှာ သတ်မှတ်ထားတဲ့ ငါးနေရာမှာ မသန်စွမ်းသူတွေ အဆင်ပြေစွာနဲ့ မဲပေးနိုင်ဖို့ အထောက်အကူပြုပစ္စည်းတွေ၊ ဝှီးချဲတို့၊ လျှောက်လှမ်းတို့အပြင် အခြားလိုအပ်တဲ့ အထောက်အပံ့တွေထားရှိဖို့ စီစဉ်ထားတယ်၊ မသန်စွမ်းသူတွေအပါအဝင် သက်ကြီးရွယ်အို၊ ကိုယ်ဝန်ဆောင်တွေ အဆင်ပြေစေဖို့ စံပြမဲရုံတွေ စီစဉ်ထားတယ်”ဟု MILI မှ မသန်စွမ်းသူများ၏ ရွေးကောက်ပွဲ မဲပေးခွင့်ရရှိရေးနှင့် လူမှုနယ်ပယ်များ၌ ပါဝင်မှုတိုးမြှင့်ရေး လုပ်ငန်းစီမံချက်တာဝန်ခံ မသီ့သီ့မှူးက ပြောသည်။

ယခုသတ်မှတ်ပေးသည့် မြို့နယ်ငါးခုမှာ မသန်စွမ်းများ အများစုနေထိုင်တည်ရှိသည့်နေရာဖြစ်ပြီး ယင်းမြို့နယ်များအတွင်းရှိ မဲရုံများထဲမှ သင့်တော်သည့်မဲရုံများတွင် စီစဉ်ပေးသွားရန်ရှိကြောင်း ၎င်းက ပြောသည်။

မဲရုံများတွင် မျက်မမြင်များ အဆင်ပြေစွာ မဲပေးနိုင်ရေးအတွက် မျက်မမြင်ဖတ်စာများထားရှိခြင်းနှင့် ဝှီးချဲ၊ ချိုင်းထောက်အသုံးပြုသူများ အဆင်ပြေရေးတို့ကို မြန်မာနိုင်ငံမသန်စွမ်းသူများရှေ့ဆောင်အဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး ညွှန်ကြားရေးမှူး ဦးတင်ထွန်းက ဆိုသည်။

ဇန်နဝါရီလ ၂၅ ရက်မှ ၂၉ ရက်အထိ နေပြည်တော်တွင် ကျင်းပနေသော ရွေးကောက်ပွဲကော်မရှင်အဖွဲ့ ခွဲများအတွက် ကျင်းပသော မဲရုံဆိုင်ရာသင်တန်းတွင် တက်ရောက်လာသည့် ကိုယ်စားလှယ်များက မသန်စွမ်းသူများအကျုံးဝင်ရွေးကောက်ပွဲဆိုင်ရာ ဆွေးနွေးမှုများပြုလုပ်ခဲ့ကြောင်း မသီ့သီ့မှူးက ပြောသည်။

ထို့ပြင် မသန်စွမ်းမဲပေးသူများအတွက် မဲရုံဝင်မည့်လမ်းကြောင်းကို အနည်းဆုံး အကျယ် သုံးပေ ထားရှိသွားမည်ဖြစ်ပြီး မဲလက်မှတ်ထုတ်ယူရမည့်နေရာနှင့် ဆန္ဒပြုရမည့်နေရာများကို နှစ်ပေမှ နှစ်ပေခွဲအထိသာ အကွာအဝေးထားရှိသွားမည်ဖြစ်ကြောင်း ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ထံမှ သိရသည်။

ထို့ပြင် ၂၀၁၅ ရွေးကောက်ပွဲတွင် အသုံးပြုခဲ့သော မဲရုံမှူးလက်စွဲစာအုပ်ရှိ မသန်စွမ်းသူများအဆင်ပြေစွာ မဲပေးနိုင်ရေး အချက်အလက်များကို ပြန်လည်စိစစ်ပြင်ဆင်ပြီး ပိုမိုပြည့်စုံသည့် အချက်အလက်များပါဝင်သည့် လက်စွဲစာအုပ်ကို မကြာမီထုတ်ဝေနိုင်မည်ဖြစ်ကြောင်း မြန်မာနိုင်ငံ မသန်စွမ်းသူများ ရှေ့ဆောင်အဖွဲ့ထံမှ သိရသည်။

လာမည့်ရွေးကောက်ပွဲတွင် မဲပေးပိုင်ခွင့်ရှိသူ ၂ ဒသမ ၁၅ သန်းရှိပြီး မဲရုံပေါင်း နှစ်ထောင်ထားရှိသွားမည်ဖြစ်ပြီး မဲရုံလုံခြုံရေးကို အဝင်နှင့် အထွက်တို့တွင် တစ်ဦးစီ စုစုပေါင်း နှစ်ဦးထားရှိသွားမည်ဖြစ်ကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ထံမှ သိရသည်။ ■ **J-09**

# စက်ဘီးနှင့် ဆိုင်ကယ် တိုက်ရာမှ သာယာဝတီမြို့နယ် ဒုအုပ်ချုပ်ရေးမှူး သေဆုံး

**တောင်ငူ၊ ဇန်နဝါရီ ၂၆**

ပဲခူးတိုင်းဒေသကြီး သုံးဆယ်မြို့ ပြည်-ရန်ကုန်လမ်းပေါ်ရှိ ဖားကူးလမ်းဆုံအနီးတွင် ဇန်နဝါရီလ ၂၅ ရက် ည ၉ နာရီကျော်က စက်ဘီးနှင့် ဆိုင်ကယ်တိုက်မိရာမှ ဆိုင်ကယ်စီးလာသော သာယာဝတီမြို့နယ် ဒုတိယအုပ်ချုပ်ရေးမှူး သေဆုံးခဲ့ကြောင်း သုံးဆယ်နယ်မြေရဲစခန်းမှ ဒုရဲအုပ်နေလင်းထွန်းက ပြောကြားသည်။

အသက် ၄၉ နှစ်အရွယ် သာယာဝတီမြို့နယ် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင့်လွင်က ပြည်-ရန်ကုန်လမ်းမကြီးအတိုင်း မောင်းလာစဉ် ရုတ်တရက် ချိုးကွေ့လာသော စက်ဘီးကိုတိမ်းရှောင်ရာမှ လမ်းဘေးတွင် ဆိုင်ကယ်တိမ်းမှောက်ခဲ့ကြောင်း၊ ဒဏ်ရာများရရှိသောမြို့နယ်ဒုတိယအုပ်ချုပ်ရေးမှူးကို ရန်ကုန်ဆေးရုံကြီးသို့ ပို့ဆောင်ရန်ပြင်ဆင်နေစဉ် သေဆုံးခဲ့ကြောင်း၊ အဆိုပါဆိုင်ကယ်တိမ်းမှောက်မှုကြောင့် သေဆုံးသူ ဦးတင့်လွင်ကို သုံးဆယ်နယ်မြေရဲစခန်းက ရာဇသတ်ကြီး ပုဒ်မ ၃၀၄ - က / ၃၃၇ ဖြင့် အမှုဖွင့်ထားကြောင်း သာယာဝတီမြို့နယ်ရဲတပ်ဖွဲ့မှူးရုံးထံမှ စုံစမ်းသိရှိရသည်။ ■

**R-15**



# E D I T O R I A L

# ငြိမ်းချမ်းရေးခရီး အနီး၊ အဝေး

နှစ်ပေါင်း ၇၀ နီးပါး ကြာမြင့်နေသော ပြည်တွင်းစစ်မီးကို ငါးနှစ်ခြောက်နှစ်ခန့်အတွင်း အပြီးတိုင် ငြိမ်းသတ်ရန် မဖြစ်နိုင်သော်ငြား ဆယ်စုနှစ်တစ်ခုခန့် အချိန်ယူလိုက်လျှင်မူ ခြွင်းချက်မရှိ အပစ်အခတ် ရပ်စဲရေး အဆင့်မျိုး ရနိုင်ဖွယ်ရှိသည်။

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များနှင့် ပတ်သက်သော လက်နက်ကိုင်အဖွဲ့များ၏ သဘောထားများနှင့်လက်ရှိအခြေအနေများအရမူ ၂၀၁၇ခုနှစ်အတွင်း အပစ်အခတ် ရပ်စဲရေးကိုပင် ပင်ပန်းကြီးစွာ အားစိုက်စည်းရုံး ဆွေးနွေးရဖွယ်ရှိသည်။

ငြိမ်းချမ်းရေးနှင့်ပတ်သက်လျှင် ယခင် လုပ်ရပ်များကြောင့် နာမည်ဆိုးဖြင့် ကျော်ကြားခဲ့သည့် တပ်မတော်က တစ်ဖက်သတ် စစ်ရေးလှုပ်ရှားမှု၊ နယ်မြေစိုးမိုးရေး ကြိုးပမ်းမှုများကိုသာ လူအများစုက အပြစ်တင်ဝေဖန်ပြောဆိုလေ့ရှိသည်။

ထိုသို့ ပြောဆိုစရာ ဖြစ်သွားစေရန်လည်း ယနေ့အချိန်အထိ လုံခြုံရေးကို မထိခိုက်စေမည့် တပ်မတော်နှင့်ပတ်သက်သမျှ သတင်းအများစုကို အများပြည်သူသိရှိစေရန် အချိန်မီ ထုတ်ပြန်အသိပေးနိုင်ခြင်း မရှိသောကြောင့် တစ်ဖက်သတင်းစကားများဖြင့်သာ အကဲဖြတ် သုံးသပ်နေကြရခြင်းဖြစ်သည်။

ပြည်သူအများစုနှင့် လက်ရှိအစိုးရအဖွဲ့ဝင် အချို့ကိုယ်တိုင်သည်ပင်လျှင် NCA ဟုအတိုကောက်ခေါ်သည့် နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်သည် ယင်းသဘောတူညီချက်တွင် လက်မှတ်ရေးထိုးသော တိုင်းရင်းသားလက်နက်ကိုင်များ ကိုယ်တိုင် အဆိုပြုထားသော အချက်များဟု မသိကြဘဲ တပ်မတော်နှင့် ယခင်ဦးသိန်းစိန်အစိုးရက သတ်မှတ်ပေးထားသော စည်းကမ်းချက်များဟု ထင်မှတ်နေကြသည်။

NCA သည် နိုင်ငံလုံးဆိုင်ရာ ထာဝရ အပစ်အခတ်ရပ်စဲရေးအတွက် ပထမခြေလှမ်းဖြစ်ပြီး နောင်တွင် နိုင်ငံတစ်ဝန်းရှိ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအားလုံး NCA တွင် လက်မှတ်ရေးထိုးလာကြစေရန် ရည်ရွယ်ချက်များဖြင့် ဆောင်ရွက်နေခြင်းဖြစ်သည်။

ဒုတိယအကြိမ်ကျင်းပတော့မည့် ပင်လုံညီလာခံတွင် NCA သဘောတူညီချက်များအရ NCA တွင် လက်မှတ်ရေးထိုးထားခြင်းမရှိသော လက်နက်ကိုင်အဖွဲ့များသည် ညီလာခံတွင် ဝင်ရောက်ဆွေးနွေးခွင့်ရမည်မဟုတ်ဘဲ လေ့လာသူအဖြစ်သာ တက်ရောက်ခွင့်ရှိမည်ဖြစ်သည်။

သို့သော် NCA တွင် လက်မှတ်ရေးထိုးထားခြင်းမရှိသည့် လက်နက်ကိုင်အဖွဲ့များ စုပေါင်းဖွဲ့စည်းထားသည့် UNFC ခေါ် ညီညွတ်သော တိုင်းရင်းသားလူမျိုးများဖက်ဒရယ်ကောင်စီက ပင်လုံညီလာခံကို လေ့လာသူအဖြစ်ဖိတ်လျှင် တက်ရောက်မည်မဟုတ်ကြောင်း ယခုလ ၂၄ ရက်နှင့် ၂၅ ရက်နေ့က ထိုင်းနိုင်ငံ ချင်းမိုင်မြို့တွင် ကျင်းပသော ၎င်းတို့၏ အရေးပေါ်အစည်းအဝေးက ဆုံးဖြတ်လိုက်ခြင်းမှာ ငြိမ်းချမ်းရေးခရီးစဉ်ကို အဟန့်အတားဖြစ်သွားနိုင်ပေသည်။

၎င်းတို့၏ တောင်းဆိုချက်အတိုင်း အစိုးရက NCA လက်မှတ်ရေးထိုးထားသည့် လက်နက်ကိုင်များနှင့် တန်းတူရည်တူ ဖိတ်ကြားလိုက်ပါကလည်း NCA သဘောတူညီချက်မှာ စက္ကူစုတ်ဖြစ်သွားနိုင်သောကြောင့် ၎င်းတို့၏ တောင်းဆိုချက်သည် လက်တွေ့ဖြစ်နိုင်ခြေနှင့် ကြီးစွာ ကွာဟနေပေသည်။

တစ်ဖန် လက်ရှိအစိုးရလက်ထက်တွင် NCA သဘောတူညီချက်ပါ အချက်များနှင့်မညီသော ဆုံးဖြတ်ချက်၊ ဆောင်ရွက်ချက်အချို့ရှိနေသော်ငြား ပြည်သူအများစုက အချစ်လွန်နေသော ခေါင်းဆောင်နှင့် အစိုးရဖြစ်နေသည့်အတွက် တီးတိုးကန့်ကွက်ဝေဖန်မှုများသာရှိပြီး လူသိရှင်ကြား တရားဝင်ဝေဖန်ကန့်ကွက်ခြင်းမျိုး မရှိပေ။

တပ်မတော်နှင့် တိုက်ပွဲများဖြစ်ပွားနေသော မြောက်ပိုင်း မဟာမိတ်အဖွဲ့က တတိယအဖွဲ့အစည်းမဟုတ်သော တရုတ်အစိုးရ တာဝန်ရှိသူအချို့ရှေ့မှောက်တွင် အပစ်အခတ်ရပ်စဲရေးဆွေးနွေးညှိနှိုင်းလိုခြင်းမှာလည်း ၎င်းတို့ နောက်ကွယ်တွင် တရုတ်အစိုးရပါဝင်ပတ်သက်နေကြောင်း အတိအလင်း ဝန်ခံသလိုဖြစ်နေပြီး ရည်ရွယ်သည်ဖြစ်စေ၊ မရည်ရွယ်သည်ဖြစ်စေ မြန်မာ့ပြည်တွင်းရေး ကို တရုတ်နိုင်ငံအား တရားဝင်စွက်ဖက်ခွင့်ပေးစေလိုသည့်သဘောမျိုး သက်ရောက်နေပြန်သည်။

အထက်ဆိုခဲ့ပါ အချက်များသည် လက်ရှိအစိုးရ အမြန်ဆုံးသွားချင်၊ ရောက်ချင်နေပုံရသော ငြိမ်းချမ်းရေးခရီးကို လေးဖင့် နှောင့်နှေးစေမည့် ပြဿနာများ၊ အကျပ်အတည်းများဖြစ်နေခြင်းကြောင့် အမယ်ဘုတ်ရဲ့ သူ့ချည်ခင်ဇာတ်လမ်းကဲ့သို့ ဖြစ်ကာ မြေစာပင် ပြည်သူများ ဒုက္ခတာရှည်မသွားစေရန် အစိုးရ၊ တပ်မတော်၊ တိုင်းရင်းသား လက်နက်ကိုင်တပ်ဖွဲ့များအကြား အပေးအယူ၊ အလျှော့အတင်းများဖြင့် ချိန်ညှိရဖွယ်ရှိကြောင်း သိစေလိုရင်းဖြစ်သည်။

**အယ်ဒီတာ ( ၂၆ - ၁ - ၂၀၁၇ )**

# လုံခြုံရေးတာဝန်ကျ ရဲတပ်ဖွဲ့ဝင်တစ်ဦး ပြိုင်ကားတိုက်၍ သေဆုံး

**မန္တလေး၊ ဇန်နဝါရီ ၂၆**

မန္တလေးမြို့တော်သို့ လာရောက်လည်ပတ်သည့် ဘူတန်ဘုရင်မင်းမြတ် ၏ ဒွေးတော်နှင့် အဖွဲ့အတွက် လုံခြုံရေးတာဝန်ထမ်းဆောင်နေသည့် ရဲဒုတပ်ကြပ်တစ်ဦး ဇန်နဝါရီလ ၂၆ ရက်နေ့ နံနက် ၂ နာရီခန့်က ယာဉ်တိုက်မှုကြောင့် သေဆုံးခဲ့ရသည်။

ချမ်းအေးသာစံမြို့နယ်အတွင်း လုံခြုံရေးတာဝန်ထမ်းဆောင်နေသည့် ရဲဒုတပ်ကြပ် ဌေးလွင်ကို ပြိုင်ကားတစ်စီးက ဝင်တိုက်ခဲ့ခြင်း ဖြစ်ပြီး ဦးခေါင်းနောက်စေ့နှင့် မေးစေ့တို့တွင် ပေါက်ပြဲဒဏ်ရာများရရှိခဲ့သောကြောင့် မန္တလေးပြည်သူ့ဆေးရုံကြီးသို့ တင်ပို့ကုသစဉ် သေဆုံးသွားခဲ့ခြင်းဖြစ်ကြောင်း မန္တလေးတိုင်းရဲတပ်ဖွဲ့မှ အကြီးတန်းအရာရှိတစ်ဦးက အတည်ပြုပြောကြားသည်။

အသက် ၂၀ အရွယ်ရှိ ဘိုဘိုကျော်မောင်းနှင်သည့် Nissan Fairlady ယာဉ် (ပြိုင်ကား) က ၇၃ လမ်း၊ ၂၈ လမ်း နှင့် ၂၉ လမ်း အကြားတွင် ယာဉ်တစ်စီးကို ကျော်တက်ရာမှ လမ်းအနောက်ဘက်တွင် ရပ်ထားသည့် ကားတစ်စီးကို တိုက်မိခဲ့ကြောင်း၊ ယင်းနောက် အမှတ် (၄)လုံခြုံရေးတပ်ဖွဲ့ခွဲမှ အသက် ၄၄ နှစ်အရွယ်ရှိ ဒုတပ်ကြပ် ဌေးလွင်ကို ထပ်ဆင့်တိုက်မိခဲ့ခြင်း ဖြစ်ကြောင်း အဆိုပါရဲတပ်ဖွဲ့ထံမှ သိရသည်။

ယာဉ်တိုက်မှုကြောင့် ယာဉ်မောင်းသူ ဘိုဘိုကျော်နှင့် အဆိုပါယာဉ်ပေါ်တွင် ပါလာသူတစ်ဦးတို့ မျက်ခုံးပေါက်ပြဲခြင်းနှင့် ရင်ဘတ်အောင့်ခြင်းဒဏ်ရာများရရှိခဲ့သော်လည်း မစိုးရိမ်ရကြောင်း မန္တလေးတိုင်းရဲတပ်ဖွဲ့မှ အကြီးတန်းအရာရှိတစ်ဦးက ထပ်လောင်းပြောဆိုသည်။

အဆိုပါယာဉ်မတော်တဆမှုနှင့်ပတ်သက်၍ ယာဉ်မောင်း ဘိုဘိုကျော်ကို မန္တလေးမြို့အမှတ် (၃) နယ်မြေရဲစခန်းက ယာဉ်(ပ) ၂/ ၂၀၁၇၊ ရာဇသတ်ကြီးပုဒ်မ ၂၇၉/၃၃၇/၃၃၈/၃၀၄-က တို့ဖြင့် အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း ယင်းရဲစခန်းထံမှ သိရသည်။ ■ **M-04**

The VOICE Daily

# CARTOON




**The VOICE Daily**

**The Product of Myanmar Partners Think Tank Group**
**(A Sister Publication of Living Color Magazine)**

**Editor in-Chief -** Kyaw Min Swe, **Deputy Chief Editor -**Tin Aung Kyaw , **Editor in Charge -**Kyaw San Min .
**Senior Executive Editors -** Thiri Zaw, Aung Soe, **Legal Advisor** - U Hla Sein (Advocate), **Foreign Desk** - Aung Kyaw Soe,
**Editors -** Kyaw Swar Soe, Win Lwin Khaing, Kyi Kyi Lwin, Aung Aung Tun, Pyae Phyo Lin , Ye Win Saung,
Thant Zin Oo, Hein Myat Soe, Nay Zar Kyaw, Aung Thiha Tun.
**Graphic Editors -** Myo Htoo Htet, Ngu War Khine, Soe Han,
**Manager (DTP) -** Ma Khine, **Designer -** Saw Elijah, **Design & DTP -** Cho Cho Zin, Hnin Si.
**Senior Reporters** - Aung Htet , Khaing Soe Lin , Sithu Aung Myo Kyaw , Pwint Zin Maw Hein, Thet Shine Thu,
Nilar Myint, Zaw Moe Lwin,Si Si Thin Hlaing, Zeyar Hein.
**Reporters -** Khine Cherry Tun, San San Htwe, Kyaw Soe Oo, Su Lay Ngone, Thida Swe, Aung Zaw Htoo,
**Part-time Editors**- Aung Naing Win, Mg Man @ Myo Myint Aung.
**Mandalay Reporters -** Ye Win Naing, Than Pe Thar. Nay Lin, Yan Moe Naing, Myat Min, Aung Phyo,
**Regional Reporters -** Zay Yar Ko, Yan Naing, Zaw Tint, Myint Soe, Kyaw Soe Moe, Nyein Thu Min, Nay Min Htet,
Nay Lin Phyu, Cho Thae Kyi, Yan Kaung, Min Min Aung, Slai Yaw Zin, Ma Ma, Lwin Mar Aung,
Myat Thu Tun (Poe Thiha), Paw Oo, Khin May San, Tin Zaw Oo. **Photographer -** Ye Pyae Zar Ni, Aung Naing,
**Publisher** - Daw Win Kalayar Swe (00940), **Advertising** - Ei Mar Lar, Zaw Zaw Aung
**Distribution -** Htet Khaung, Jet Too Too.
**Press** -Hnit Thit Oo Press (00601) , 27(A), Corner of U Hmoo St and U Tun Nyo St., Dagon (East) Industrial Zone,
**Web Team-** thevoicewebteam@gmail.com,
**Website -** www.thevoicemyanmar.com, **Office -** No. 157, West Horse Race Course Road, Kyaikasan Quarter, Bahan Township, Yangon.
**Phone –** 09 263200010, 09 263200020, 09 263200030, 09 263200040, 09 263200050, 09 263200060, 09263200070, 09 263200080
**Hot Lines –** 09 785555771 **(Newsroom),** 09 785555772**(Advertising),** 09 785555773**(Distribution)**
**E-mail**-Admin; Chief Editor :c-editor@thevoicemyanmar.com, **News Room** : newsroom@thevoicemyanmar.com.

# ပေါင်တွင် ကျောင်းထိုင်ဆရာတော် ထွက်သွားရန် ဒေသခံများ ဆန္ဒပြ

**မော်လမြိုင်၊ ဇန်နဝါရီ ၂၆**

မွန်ပြည်နယ်၊ ပေါင်မြို့နယ်၊ မော့်ဘီကျေးရွာ၊ မော့်ဘီကျောင်းတိုက်ဆရာတော်ကို ကျောင်းတိုက်တွင် သီတင်းမသုံးရန်အတွက် ဇန်နဝါရီ ၂၆ ရက် နံနက်ပိုင်းက ဒေသခံဦးရေ ၁၀၀ခန့်က ဆန္ဒ ထုတ်ဖော်ခဲ့ကြောင်း ကျေးရွာဒေသခံများထံမှ သိရသည်။

မော့်ဘီ ကျောင်းထိုင်ဆရာတော် ဦးတေဇိန္ဒကို ဝိနည်းနှင့် မကိုက်ညီသည်ဟု ဆိုကာ ဒေသခံအချို့က မြို့နယ် သံဃနာယကထံ တိုင်ကြားထားကြောင်း၊ မြို့နယ်သံဃနာယကအဖွဲ့က စစ်ဆေးမေးမြန်းရန် သုံးကြိမ်တိုင်တိုင် ပင့်ခေါ်သော်လည်း မကြွရောက်သဖြင့် အာဏာဖီဆန်သည့်အတွက် သံဃာစက်မှ အာဏာစက်သို့ လွှဲပြောင်းပေးအပ်လိုက်သဖြင့် ဒေသခံများက ဆန္ဒထုတ်ဖော်ရခြင်းဖြစ်ကြောင်း ယင်းဆန္ဒပြမှုတွင် ဦးဆောင်သူ ကိုစိုးအောင်က ပြောကြားသည်။

"မြို့နယ် သံဃနာယကကလည်း သူ့ကိုအမိန့်ထုတ်ပြန်ထားတယ်၊ ဒီဘုန်းကြီးက ဝိနည်းနဲ့လည်း မကိုက်ညီဘူး၊ ကျွန်တော်တို့ မကိုးကွယ်နိုင်တော့လို့ အခုလို ဆန္ဒပြရတာ" ဟု ၎င်းက ရှင်းပြသည်။

ဆန္ဒပြသူများက မော့်ဘီကျောင်းထိုင် ဆရာတော်ကို အလိုမရှိကြောင်း၊ ကျေးရွာ စည်းလုံးညီညွတ်မှုပျက်ပြားအောင် လုပ်ဆောင်သော ကျောင်းထိုင်ဆရာတော်ကို အလိုမရှိကြောင်း၊ မြို့နယ်သံဃနာယကအဖွဲ့၏ ဆုံးဖြတ်ချက်ကို မလိုက်နာသော မော့်ဘီကျောင်းထိုင် ဆရာတော်ကို အလိုမရှိကြောင်းကို ဒေသခံများက ကြွေးကြော်ကာ ဆန္ဒထုတ်ဖော်ခဲ့သည်။

ယင်းဆန္ဒပြမှုကြောင့် မော့်ဘီကျောင်းတိုက်ဆရာတော် ဦးတေဇိန္ဒကို ကိုးကွယ်သည့် ရွာသားများလည်း ဘုန်းကြီးကျောင်းဝင်း အတွင်းသို့ စုဝေးရောက်ရှိလာသော်လည်း ပြန်လည်တုံ့ပြန်ခဲ့ခြင်း မရှိပေ။

"သူတို့ ခွင့်ပြုချက် တင်ထားတော့ ကျွန်တော်တို့အနေနဲ့ ဘာမှပြောပိုင်ခွင့်မရှိပါဘူး၊ ဆန္ဒပြချင်ရင်လည်း ပြပေါ့၊ ဒါနဲ့ပတ်သက်ပြီး ကျွန်တော်တို့ ဘာမှ မပြောလိုပါဘူး" ဟု ဆရာတော်ကို ကြည်ညိုကိုးကွယ်သူ ဦးခင်ကျော်က ပြောဆိုသည်။

အဆိုပါ ဆန္ဒထုတ်ဖော်ပွဲကို နံနက် ၉ နာရီခွဲက မော့်ဘီ အမှတ် (၂) ရပ်ကွက် ရွာလယ်တံတားမှာ စတင်ခဲ့ပြီး အုပ်ချုပ်ရေးမှူး ရုံးလမ်းဘေး၊ ဘုန်းကြီး ကျောင်းဘေးလမ်းမှ တစ်ဆင့် မော့်ဘီကားလမ်းမ လမ်းဆုံတွင် အဆုံးသတ်ခဲ့သည်။ ■ ခတ္တာနွန်

# ကလေးသူငယ်အခွင့် အရေးဆိုင်ရာ ကော်မတီ ပညာပေးလုပ်ငန်း တိုးချဲ့မည်

**ဖန်းမော်၊ ဇန်နဝါရီ ၂၆**

ကချင်ပြည်နယ်၊ ဗန်းမော်ခရိုင်၊ ဗန်းမော်မြို့နယ် ကလေးသူငယ် အခွင့်အရေး ဆိုင်ရာကော်မတီမှ ကျန်းမာရေးနှင့် ပညာရေးဌာနတို့တွင် အသိပညာပေး ဟောပြောပွဲများ၊ လက်ကမ်းစာစောင်များဖြန့်ဝေပေးခြင်းတို့ကို တိုးချဲ့ ဆောင်ရွက်မည် ဖြစ်ကြောင်း ယင်းကော်မတီထံမှ သိရသည်။

ကလေးသူငယ်အခွင့်အရေးဆိုင်ရာနှင့်ပတ်သက်ပြီး နက်နဲခက်ခဲသည့်အတွက် ဌာန အနေနှင့် ကိုင်တွယ်ရာတွင် ညင်သာစွာဆောင်ရွက်ရသည့် လုပ်ငန်းဖြစ်နေခြင်းများကို ကော်မတီတွင် ပါဝင်သည့် ဌာနဆိုင်ရာများအနေနှင့် အတူတကွ ပူးပေါင်းကူညီပေးရန် လိုအပ်ကြောင်း ဗန်းမော်ခရိုင် လူမှုဝန်ထမ်းဦးစီးဌာန၊ ခရိုင်ဦးစီးမှူး ဦးခင်ထွန်းက ပြောကြားသည်။

ဇန်နဝါရီလ ၂၅ရက်က ဗန်းမော်မြို့ရှိအထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးတွင် လူမှုဝန်ထမ်း ဦးစီးဌာနမှာ တာဝန်ရှိသူများ၊ မြို့နယ်အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာနတို့ ပူးပေါင်းကာ ကလေးသူငယ်များနှင့် ပတ်သက်၍ လုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ပြုလုပ်ခဲ့သည်။

ယင်းအစည်းအဝေးတွင် ရဲလုပ်ထုံးလုပ်နည်း၊ ဥပဒေရုံးမှ ကလေးသူငယ်ဆိုင်ရာဥပဒေ၊ တရားရုံးမှကလေး သူငယ်ဆိုင်တရားစီရင်မှု၊ ပညာရေးမှ ပြစ်ဒဏ်ကျခံရသည့် ကလေးသူငယ်အတွက် ပညာရေး မဆုံးရှုံးရေးအတွက် ဆောင်ရွက်ပေးနိုင်မှု၊ ကလေးသူငယ်နှင့်အနီးကပ်ဆုံးရှိနေသည့် ဆရာ၊ မိဘ၊ပြည်သူထံ ပညာပေးများကို ဆောင်ရွက်ပေးစေလိုကြောင်းများနှင့် ဆက်လက် ဆောင်ရွက်နေသည်များကို ဆွေးနွေးခဲ့သည်။

ကလေးသူငယ်ဖြစ်ရပ် စီမံခန့်ခွဲမှုလုပ်ငန်းနှင့်ပတ်သက်၍ အိမ်မှပျောက်ဆုံးခြင်း၊ ပုဒ်မ၃၈၇/၃၄၊ အိမ်တွင်းအကြမ်းဖက်၊ ဥပဒေပုဒ်မ-၃၈၀၊ ဥပဒေပုဒ်မ ၃၆၃/၃၇၆/၃၃၈/၂၇၉/၃၃၇ နှင့် မူးယစ်ဥပဒေပုဒ်မ-၁၅တို့ကို ၂၀၁၆-၁၇ ခုနှစ်တွင် လူမှုဝန်ထမ်းရုံးမှ ကိုင်တွယ်ဖြေရှင်းခဲ့ရသည်များနှင့် ဆောင်ရွက်နေဆဲဖြစ်ကြောင်း အဆိုပါရုံးထံမှ သိရသည်။

ယင်းဆွေးနွေးချက်များအရ လူမှုဝန်ထမ်းဦးစီးဌာနနှင့်အတူ ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့က လိုအပ်သည့် ဗဟုသုတ ပညာပေးလက်ကမ်းစာစောင်များလည်း ရိုက်နှိပ်ထုတ်ဝေပေးမည်ကိုလည်း ဝိုင်းဝန်းဆောင်ရွက်ပေးစေလိုကြောင်း၊ ယူနီဆက်ဖ် မြစ်ကြီးနားရုံးမှ ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေး အရာရှိ ဦးပေါလ်မီကီအယ်(လ်)ဆိုင်းဒူက ပြောကြားသည်။ ■

**R-14**

# မုံရွာကုန်စည်ဒိုင် နှစ်ပတ်လည်အစည်းအဝေးကျင်းပ

**မုံရွာ၊ ဇန်နဝါရီ ၂၆**

မုံရွာမြို့ ကုန်သည် ပွဲစားစက်ပိုင်များဖြင့် ဖွဲ့စည်းထားသည့် မဟာကထိန်တော်အသင်း မုံရွာကုန်စည်ဒိုင်နှစ်ပတ်လည် အစည်းအဝေးကို ဇန်နဝါရီလ ၂၆ ရက်နေ့ နံနက်က မုံရွာကုန်စည်ဒိုင်တွင် ကျင်းပရာ စစ်ကိုင်းတိုင်း ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်နှင့်အဖွဲ့ တက်ရောက်ခဲ့ကြောင်း ကုန်စည်ဒိုင်ပြန်ကြားရေးထံမှ သိရသည်။

"ဝန်ကြီးချုပ်ပထမဆုံးတက်ရောက်တဲ့ပွဲလည်းဖြစ်တယ်။ အမှုဆောင်အဖွဲ့ ရွေးချယ်တာကိုတော့ ၂၀၁၈ ကျမှပြန်ရွေးမှာပါ။ အခုက နှစ်ချုပ်စာရင်း ရှင်းတမ်းထုတ်ပြန်တာနဲ့ အသင်းဝင်တွေရဲ့ သားသမီး ၁၀ တန်းအောင်ဂုဏ်ထူးပါသူတွေကို ငွေထောက်ပံ့တာပါ" ဟု ပြန်ကြားရေးတာဝန်ခံ ဦးကြည်လှိုင်က ဆိုသည်။

အဆိုပါအသင်း၏ နှစ်ချုပ်စာရင်းရှင်းတမ်းသည် ၂၀၁၆ ဇန်နဝါရီလ ၁ ရက်နေ့မှ ၂၀၁၆ ဒီဇင်ဘာလ ၃၁ ရက်နေ့အထိ ရသုံးငွေများကို ထုတ်ပြန်ခြင်းဖြစ်ကြောင်း၊ အဆိုပါအသင်းတွင် အသင်းဝင်ပေါင်း ၅၈၁ ဦးရှိကြောင်း မုံရွာကုန်စည်ဒိုင်ထံမှ သိရသည်။ ■ R-08


အောင်ပြည့်စုံ
မြို့တွင်း/နယ်ဝေးများအတွက်
10',14',16'-ဖီဝ
09-421041338,
09-73224763,09-250095114





ဇန်နဝါရီ ၂၆ရက်က ကျိုင်းတုံဟိုတယ်တွင် အလုပ်ရုံဆွေးနွေးပွဲပြုလုပ်နေစဉ်

# ကျိုင်းတုံ တောင်သူများကို စိုက်ပျိုးနည်းပညာ ကူညီမည်

**ကျိုင်းတုံ၊ ဇန်နဝါရီ ၂၆**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ်ရှိဒေသခံတိုင်းရင်းသားများ အာဟာရပြည့်ဝသည့် ဟင်းသီးဟင်းရွက်များ စားသုံးနိုင်ရန်အတွက် စိုက်ပျိုးနည်းပညာများကို ကူညီထောက်ပံ့မည်ဖြစ်ကြောင်း ဂျာမနီနှင့် ပူးပေါင်းဆောင်ရွက်မှု GIZ မှ ပရိုဂရမ်မန်နေဂျာ ဒေါ်အေးအေးသင်းက ပြောကြားသည်။

ကူညီထောက်ပံ့မှုအစီအစဉ်ကို ၂၀၁၇ ခုနှစ်မှ စတင်ကာ မြန်မာနိုင်ငံ သစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ်ရောင်းချသူများ အသင်းနှင့် ပူးပေါင်းကာ ကျေးရွာပေါင်း၅၀တွင် စတင်အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ရာ Kyaing Tong Paradise Hotel တွင် ဇန်နဝါရီလ ၂၆ရက်နေ့က ဒေသခံတောင်သူများနှင့်တွေ့ဆုံပြီး အလုပ်ရုံဆွေးနွေးပွဲပြုလုပ်ခဲ့ကြောင်း ၎င်းကပြောဆိုသည်။

"ဟင်းသီးဟင်းရွက် အပါအဝင် ကြယ်ပဲတွေကို စီးပွားဖြစ် စိုက်ပျိုးနိုင်ဖို့အတွက် ကျေးရွာ ၂၆ခုမှာ စစ်တမ်းကောက်ယူပြီးသွားပြီ၊ ဒေသခံ တောင်သူတွေက ဘာတွေကိုဦးစားပေး လုပ်ဆောင်လိုတယ်ဆိုတာကိုရပြီဆိုရင် လုပ်ငန်းတွေစတင်လို့ရပြီ၊ ကျွန်တော်ကတော့ တောင်သူတွေကို ကြယ်ပဲမျိုးစေ့တွေ အခမဲ့ဖြန့်ဝေပေးမယ်" ဟု မြန်မာနိုင်ငံသစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုး ထုတ်လုပ်ရောင်းချသူများ အသင်း ရှမ်းပြည်နယ် (အရှေ့ပိုင်း)ဥက္ကဋ္ဌ ဦးဆန်းဦးက ပြောကြားသည်။

ကျိုင်းတုံမြို့နယ်တွင် ဒေသခံတိုင်းရင်းသားများ အနေနှင့် ဟင်းသီးဟင်းရွက်များကို ဒေသတွင်း စားသုံးမှုအပြင် ပိုလျှံသည်များကို ရောင်းချလိုသော်လည်း ဈေးကွက်မရှိကြောင်း၊ ယခုကဲ့သို့ စိုက်ပျိုးနည်းပညာများ အပါအဝင် ဈေးကွက်အတွင်း ရောင်းချနိုင်ရန်ချိတ်ဆက်ကူညီပေးမည်ဖြစ်ကြောင်း ၎င်းက ဆိုသည်။

ပြည်နယ်အဆင့်ဌာနဆိုင်ရာ အဖွဲ့အစည်းများ ရုံးစိုက်ရာ ကျိုင်းတုံမြို့ အပါအဝင် ပြည်နယ်အတွင်းရှိ မြို့နယ်များတွင် ဟင်းသီးဟင်းရွက်များကို တစ်ပိုင်တစ်နိုင်သာ စိုက်ပျိုးကြပြီး စီးပွားဖြစ် စိုက်ပျိုးသူနည်းပါးကြောင်း၊ ကြယ်ပဲစိုက်ပျိုးမှုအနေနှင့် ဧက ၁၀၀ ကျော်သာရှိကြောင်း ရှမ်းပြည်နယ် (အရှေ့ပိုင်း)မြန်မာနိုင်ငံ သစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ် ရောင်းချသူများ အသင်း ထံမှသိရသည်။ ■ R-16


ခါတော်မြှတ် (ဗုဒ္ဓဂယာ ဘုရားဖူး ပို့ဆောင်ရေး)
USD 795
USD 795
Tour Leader
(25000 Ks) (32500 Ks)
(26000 Ks) (59000 Ks)
Beautiful Present Travels & Tours

# အိမ်အတွင်းက တိုးတိတ်နေတဲ့ ရှိုက်သံများ

**ခင်စန္ဒာမြင့် (Myanmar Now သတင်းအေဂျင်စီ)**

သနပ်ခါးပါးကွက်ကြား လိမ်းခြယ်ထားတဲ့ ပိန်ပိန်ပါးပါးခန္ဓာကိုယ်ပိုင်ရှင် အသက် ၃၀ ဝန်းကျင်ရှိတဲ့ မဝါဝါ (အမည်လွှဲ)ဟာ သူ့ရဲ့ခါးသီးတဲ့ အိမ်ထောင်သည် ဘဝဇာတ်ကြောင်းကို မကြာသေးခင်က ရန်ကုန်မြို့ 'ငြိမ်းချမ်းရေးအတွက် အမျိုးသမီးများအဖွဲ့အစည်း' ရုံးခန်းရဲ့ ထောင့်တစ်နေရာက ထိုင်ခုံလေးမှာထိုင်ရင်း မျက်ရည်တွေနဲ့ ပြောပြနေပါတယ်။

"သူနဲ့ကွဲသွားရင် လွတ်မြောက်ပါပြီ၊ ကျွန်မ ဘယ်လိုပဲ နေရ၊ နေရပါ" လို့ မဝါဝါက ခံစားချက်တွေ၊ ထိခိုက်နာကျင်မှုတွေအပြည့်နဲ့ ပြောလိုက်ပါတယ်။

မဝါဝါဟာ မိဘတွေရဲ့အစီအစဉ်နဲ့ အိမ်ထောင်မကျခင်က အထည်ချုပ်စက်ရုံတစ်ခုမှာ အလုပ်လုပ်ခဲ့ပါတယ်။ ၂၃ နှစ်အရွယ် အိမ်ထောင်ကျပြီးနောက်မှာတော့ ယောကျ်ားဖြစ်သူက အလုပ်လုပ်ခွင့် မပေးတော့တဲ့အပြင် အိမ်ထောင်သည်ဘဝတစ်လျှောက်လုံး ညှဉ်းပန်းနှိပ်စက်တာကို ခံရတာဟာ ငရဲကျနေသလိုပဲလို့လည်း သူက ဆိုပါတယ်။ လိင်ပိုင်းဆိုင်ရာ အနိုင်ကျင့်စော်ကားမှု၊ ကိုယ်စိတ်နှလုံး ဆင်းရဲစေမှု၊ ရုပ်ပိုင်း၊ စိတ်ပိုင်း ယိုယွင်းပျက်စီး နိမ့်ကျစေမှုတွေကို ကိုယ်ဝန်ဆောင်ချိန်ကနေ သမီးငယ် လေးနှစ်ကျော်တဲ့အထိ မဝါဝါ တစ်ယောက် ခံစားခဲ့ရတာပါ။

"သူ ကျွန်မကို မသတ်ခင် ကျွန်မ သူ့ကို သတ်ပစ်ဖို့အထိ စဉ်းစားခဲ့တယ်" လို့ မဝါဝါက ပြောပါတယ်။

ကွာရှင်းခွင့်မရ၊ ကူသူမဲ့ ကယ်သူမဲ့နေတဲ့ မဝါဝါရဲ့ဘဝအတွက်တော့ ကူကယ်ရာ ကောက်ရိုးတစ်မျှင်ကို ရှာနိုင်ဖို့ သမီးလေးလက်ကိုဆွဲကာ ယောကျ်ားရှိရာ အရပ်ကနေ ထွက်ပြေးခဲ့ရပြီး၊ နောက်ဆုံးမှာတော့ အမျိုးသမီး အကြမ်းဖက်ခံရမှုတွေကို ကာကွယ်တားဆီးပေးနေတဲ့ အဖွဲ့တစ်ခုနဲ့ ချိတ်ဆက်နိုင်ခဲ့ပါတယ်။ ဥပဒေကြောင်းအရ ကွာရှင်းခွင့်ရဖို့ ချိတ်ဆက်လုပ်ဆောင်နေတဲ့ ကာလမှာတောင် ခင်ပွန်းသည်က ခြိမ်းခြောက်ခဲ့တယ်လို့ သူက ရှင်းပြပါတယ်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ရဲ့ စစ်တမ်းတစ်ခုအရ ကမ္ဘာအနှံ့က အမျိုးသမီးသုံးယောက်မှာ တစ်ယောက်ဟာ သူတို့ရဲ့ ဘဝသက်တမ်း တစ်ချိန်ချိန်မှာ ရင်းနှီးကျွမ်းဝင်တဲ့ အဖော်ကဖြစ်စေ၊ အိမ်ထောင်ဖက်ကဖြစ်စေ၊ ချစ်သူကဖြစ်စေ ရုပ်ပိုင်း သို့မဟုတ် စိတ်ပိုင်းဆိုင်ရာ အကြမ်းဖက်တာကို ခံစားခဲ့ကြတယ်လို့ ဆိုပါတယ်။

မြန်မာလူမှုဝန်းကျင်မှာလည်း မဝါဝါလို အိမ်တွင်းအကြမ်းဖက်မှုကို ခါးစည်းရင်ဆိုင်နေရတဲ့ အမျိုးသမီးတွေ ဒုနဲ့ဒေး ရှိနေပြီး သူတို့ရဲ့အသံတွေကတော့ ကနေ့အချိန်ထိ သဲ့သဲ့သာ ကြားရသေးတဲ့ အနေအထားဖြစ်ပါတယ်။

အိမ်တွင်းအကြမ်းဖက်မှုမြောက်တဲ့ လင်မယားကြား နိုင့်ထက်စီးနင်း ပြုလုပ်မှုတွေကို မြန်မာလူမှုဝန်းကျင်က လူအများစုရဲ့ 'ကြားသုံးကြား မဝင်ကောင်းဘူး' ဆိုတဲ့ လက်ဆင့်ကမ်း အယူအဆတွေကြောင့် ခံစားနေရတဲ့ သားကောင်တွေရဲ့ အခွင့်အရေးတွေ တိမ်မြှုပ်နေပြီး အကာအကွယ်မရ ဖြစ်နေကြပါတယ်။

တိုင်းရင်းသားပေါင်းစုံ၊ ဘာသာတရားပေါင်းစုံ၊ အယူဝါဒပေါင်းစုံရဲ့ရိုးရာ၊ ဓလေ့ထုံးစံ အယူအဆတွေကြားထဲမှာ အမျိုးသမီးတွေဟာ အကြမ်းဖက်ခံနေရမှန်းမသိဘဲ ဖြစ်ရိုးဖြစ်စဉ် ဓမ္မတာတစ်ခုလို့ ယူဆနေကြဆဲပါ။

အကြမ်းဖက်မှု ပုံစံတွေကတော့ စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ၊ လိင်ပိုင်းဆိုင်ရာ၊ ယဉ်ကျေးမှုပိုင်းဆိုင်ရာနဲ့ လူမှုစီးပွားပိုင်းဆိုင်ရာ အမျိုးအစားတွေဖြစ်ကာ အဲ့ဒီအကြမ်းဖက်မှုတွေကို အများဆုံး ရင်ဆိုင်နေရ၊ ပြင်းပြင်းထန်ထန် ထိခိုက်ခံစားနေကြရသူတွေဟာ အမျိုးသမီးတွေပါ။ အိမ်တွင်းအကြမ်းဖက်မှုဆိုတာဟာ လူသားတစ်ယောက်ကို လူ့တန်ဖိုး ပျောက်ကွယ်စေတဲ့ ညှဉ်းပန်းနှိပ်စက်မှုတစ်မျိုးပါပဲ။

မဝါဝါလို အိမ်ထောင်ကျပြီး အလုပ် လုပ်စရာမလိုတဲ့ အမျိုးသမီးတွေကို အများက အိမ်ထောင်ကျကံကောင်းတဲ့သူလို့ ထင်တတ်ကြပါတယ်။ ဒါပေမဲ့ ဒီလို ထင်မြင်ယူဆချက်တွေဟာ "အန္တရာယ်ရှိတဲ့ ရိုးရာယဉ်ကျေးမှုဆိုင်ရာ ထင်မြင်ယူဆချက်တွေသာဖြစ်ပြီး၊ အဲ့ဒီအမျိုးသမီးတွေဟာ စီးပွားရေးအရ အကြမ်းဖက်ခံရသူသာဖြစ်တယ်" လို့ ဥပဒေရေးရာ ကုစားရေးအဖွဲ့ (မြန်မာ)ရဲ့ ညွှန်ကြားရေးမှူး ဒေါ်လှလှရီက ပြောပါတယ်။



အိမ်တွင်း အကြမ်းဖက်ခံ သားကောင်တစ်ဦး



ဥပဒေရေးရာ ကုစားရေးအဖွဲ့၏ ညွှန်ကြားရေးမှူး တရားလွှတ်တော်ရှေ့နေ ဒေါ်လှလှရီ



သင်္ဂဟအဖွဲ့၏ စီမံကိန်းမန်နေဂျာ ဦးဘီလီကံမြတ်

အိမ်ထောင်သည် အမျိုးသမီးတွေ မိမိဆန္ဒမပါဘဲ ဘာအလုပ်မှ လုပ်ခွင့်မရှိခြင်းဟာ ပုဂ္ဂလိကဘဝ လွတ်လပ်မှု၊ လူသားပီသမှု၊ လူသားရဲ့ရှင်သန်လိုစိတ်အခံကို မတရားချိုးဖျက်ခြင်းဖြစ်ရုံမက ဇနီးမယားကို လူမှုစီးပွားရေးရာမှာ ယောကျ်ားဖြစ်သူကို လုံးလုံးမှီခိုစေခြင်း၊ တစ်နည်းဆိုရရင် တစ်ဆင့်နိမ့် သွားစေခြင်းလည်း ဖြစ်ကြောင်း အမျိုးသမီးအခွင့်အရေး လုပ်ဆောင်သူတွေက ပြောပါတယ်။

လင်ဝတ္တရားမှာ 'စားဖို့ဆောင်အုပ်စိုးမှုကို မယားအား လွှဲအပ်ခြင်း' ဆိုပြီး အမျိုးသမီးကို မီးဖိုချောင်ထဲကနေ ပေးမထွက်တဲ့၊ ခေတ်နဲ့လျော်ညီမှုမရှိတဲ့ ရှေးအယူအဆတွေဟာ မျက်မှောက်ကာလ အိမ်ထောင်ရှင် အမျိုးသမီးအများစုရဲ့ စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ၊ လူမှုစီးပွားဆိုင်ရာတွေကို ပိတ်ပင်ကန့်သတ်ရာ ရောက်နေပါတယ်လို့ အမျိုးသမီးအရေး ဆောင်ရွက်နေသူတွေက ထောက်ပြကြပါတယ်။ မြန်မာနိုင်ငံက အိမ်ထောင်သည်အမျိုးသမီးတွေဟာ မယားဝတ္တရားငါးပါး ကျေပွန်ရမယ်ဆိုတဲ့ သတ်မှတ်ချက် အစဉ်အလာကြားမှာ မိန်းမကောင်းဖြစ်ချင်စိတ်နဲ့ လူမှုရေးဆိုင်ရာ ဖိအားပေးခံရမှုတွေကို ခံစားလာကြရတယ်လို့လည်း သူတို့က ဆိုပါတယ်။

"အိမ်ထောင်တစ်ခုမှာ လူသားဆန်မှုတွေ ပျောက်ဆုံးသွားတာနဲ့အမျှ အိမ်တွင်းအကြမ်းဖက်မှုတွေကိုဖြစ်ပွားစေသလို၊ လူမှုရပ်ရွာမှာ ပဋိပက္ခနဲ့အကြမ်းဖက်မှုတွေဟာလည်း ပိုမိုပေါ်များလာရတယ်" လို့ အမျိုးသမီးအရေး လှုပ်ရှားနေတဲ့ သင်္ဂဟအဖွဲ့ရဲ့ စီမံကိန်းမန်နေဂျာ ဦးဘီလီကံမြတ်က ပြောပါတယ်။

ဥပဒေရေးရာ ကုစားရေးအဖွဲ့(မြန်မာ)ရဲ့ အကြမ်းဖက်မှုစစ်တမ်းတွေအရ သူတို့အဖွဲ့ရဲ့ ရန်ကုန်ရုံးချုပ်အရေးပေါ် ဆက်သွယ်ရေး Hot Line ဖုန်းတွေက တစ်ဆင့် မေးမြန်းဖြေဆိုပေးရတာ ၇၃၄ မှု၊ လူကိုယ်တိုင် လာရောက်တိုင်ကြား ၃၇၄ မှု ရှိပါတယ်။ အဲဒီအထဲမှာ အိမ်ထောင်ဖက်၊ မိသားစုဝင်၊ ရင်းနှီးကျွမ်းဝင်သူနဲ့ လက်တွဲဖော်တွေကြောင့်ဖြစ်တဲ့ အိမ်တွင်းအကြမ်းဖက်မှုဟာ ၇၅ ရာခိုင်နှုန်း ရှိနေတာပါ။

ဒီအချက်အလက်တွေကို ကြည့်လိုက်ရင် မြန်မာနိုင်ငံက အမျိုးသမီးတွေရဲ့အိမ်တွင်းအကြမ်းဖက်ခံရမှု အခြေအနေကို မှန်းဆကြည့်နိုင်မှာ ဖြစ်ပါတယ်။

ဥပဒေပြဋ္ဌာန်းချက်တွေ ရှိသော်ငြားလည်း၊ ဥပဒေဟာ လူထုကြား သက်ရောက်ပျံ့နှံ့မှုမရှိဘဲ အသုံးမဝင်ဖြစ်နေတဲ့အချက်ဟာ ခင်ပွန်းသည်ရဲ့အတင်းအဓမ္မကာမ အနိုင်ယူ လုပ်ဆောင်ချက်တွေအပေါ် ခါးစည်းမျိုသိပ် သည်းခံခဲ့ရတဲ့ မဝါဝါရဲ့ "သူ့ကိုကြောက်နေရတယ်၊ သူ့ရဲ့ဆန္ဒကို အကုန်ဖြည့်ဆည်းပေးရတယ်" လို့ ပြောတဲ့ စကားတွေနဲ့၊ သူ့ရဲ့ရင်နင့်ဖွယ် ဘဝဖြစ်စဉ်က သက်သေပြနေပါတယ်။

"အမျိုးသမီးတစ်ယောက်ဟာ အိမ်ထောင်သည် ဖြစ်ပေမယ့် အလိုမတူရင် ငြင်းပယ်ခွင့် အပြည့်အဝရှိပြီး ခင်ပွန်းသည်က ကိုယ်လက်နှီးနှောပါက မုဒိမ်းမှုမြောက်တဲ့အတွက် ရာဇသတ်ကြီးပုဒ်မ ၃၇၆ နဲ့ တရားစွဲဆိုနိုင်တဲ့ အခွင့်အရေး အပြည့်အဝရှိတယ်" လို့ ရှေ့နေ ဒေါ်လှလှရီက ပြောပါတယ်။



ငြိမ်းချမ်းရေးနှင့် ကျား-မ တန်းတူရေး မဟာမိတ်အဖွဲ့မှ ပွဲကိုင် ကော်မတီဝင် ဒေါ်နန်းဖြူဖြူလင်း

'မုဆိုးမသာဖြစ်လိုက်ချင်တယ်၊ တစ်ခုလပ် တစ်လင်ကွာတော့ မဖြစ်ချင်ဘူး' ဆိုတဲ့ လူမှုဆိုင်ရာ သတ်မှတ်ချက် အလွဲများကလည်း အမျိုးသမီးတွေကို အကြမ်းဖက်ခံနေရတဲ့ အိမ်ထောင်ရေးမှာ ဖက်တွယ်နေစေတဲ့ အချက်ကြီးတစ်ချက်ပါ။ ဒါကို တစ်ဖက်က ကြည့်ရင် 'ငါတို့ယောကျ်ားတွေ ဘာလုပ်လုပ် တင့်တယ်တယ်၊ မိန်းမတွေက ငါတို့ရဲ့ကာမပိုင်မယားပဲ' ဆိုတဲ့ အမြင်မျိုးတွေကိုလည်း ဖြစ်လာစေတယ်လို့ ကျား-မ ခွဲခြားမှုတိုက်ဖျက်ရေး ဆောင်ရွက်နေသူတွေက ဆိုပါတယ်။

ယောကျ်ားများသာ အင်အားကြီးတယ်၊ ဆုံးဖြတ်ပိုင်ခွင့်ရှိတယ်ဆိုတဲ့ အယူအဆတွေကြောင့် "မုဒိမ်းမှုကြောင့်ရလာတဲ့ ကိုယ်ဝန်ကို တရားဝင် ကိုယ်ဝန်ဖျက်ချခွင့် ဥပဒေပြဋ္ဌာန်းပေးဖို့ တောင်းဆိုရာမှာ ကိုယ်ဝန်ဆိုတာ ဖျက်ချချင်တိုင်း ဖျက်ချလို့မရဘူး၊ အမျိုးသမီးတွေရဲ့ သားအိမ်ကို နိုင်ငံတော်က ပိုင်တယ်" ဆိုတဲ့ အမျိုးသမီးတွေရဲ့ အခွင့်အရေးကို ထိပါးလာစေတဲ့ ပြောဆိုမှုများနဲ့ ရင်ဆိုင်ခဲ့ရကြောင်း ငြိမ်းချမ်းရေးနဲ့ ကျား-မ တန်းတူရေး မဟာမိတ်အဖွဲ့ရဲ့ ပွဲကိုင် ကော်မတီဝင် ဒေါ်နန်းဖြူဖြူလင်းက ပြောပါတယ်။

ဒါဟာ ရှေးရိုးစွဲ ဓလေ့ထုံးတမ်းတွေကြောင့် ဖြစ်ပေါ်လာတဲ့ကျားဗဟိုပြုမှုတွေက အုပ်ချုပ်ရေးနဲ့တရားစီရင်ရေးအပိုင်းတွေမှာ ဝင်ရောက်ခြယ်လှယ်ပြီး မမျှတမှုတွေကို ဖြစ်စေတယ်ဆိုတဲ့ သက်သေသာဓကပါပဲ။

"'လင်နဲ့မယား လျှာနဲ့သွား'၊ 'ကြားသုံးကြား မပါနဲ့'၊ 'အရိုးကွဲအောင်ရိုက်မှ အသည်းစွဲအောင်ချစ်မယ်'၊ 'မယားနဲ့နွား မသနားနဲ့' ဆိုတဲ့ အယူအဆတွေကြောင့် အမျိုးသမီးအချို့ဟာ သူ့ကိုယ်သူတို့ တန်ဖိုးမရှိတဲ့သူ၊ သိမ်ငယ်စရာကောင်းတဲ့လူအဖြစ် ခံစားရကာ မိမိကိုယ်ကိုယ် သေကြောင်းကြံစည်မှုတွေအထိ ဖြစ်လာရပါတယ်" လို့ ကျား-မ တန်းတူညီမျှရေးကွန်ရက်ရဲ့ ညွှန်ကြားရေးမှူး ဒေါ်မေစံပယ်ဖြူက ပြောပါတယ်။

ဒီလိုဆိုရိုးစကားတွေ၊ ဓလေ့ထုံးတမ်းတွေကြောင့် ရပ်ရွာလူမှုဝန်းကျင်မှာ အမျိုးသမီးတွေဘက်က ရပ်တည်ကာကွယ်ဖြေရှင်းပေးမှုမျိုး မပြုတော့ဘဲ 'လင်မယားချင်းကိစ္စ မဖြေရှင်းပေးနိုင်ဘူး' ဆိုတဲ့ တုံ့ပြန်မှုတွေသာ အများစုက ရရှိနေကြတာပါ။

မဝါဝါကတော့ ဒီလို စိတ်ပိုင်းဆိုင်ရာနဲ့ ကိုယ်ခန္ဓာကို နေ့စဉ်ရက်ဆက် အညှဉ်းဆဲခံနေရတဲ့အပြင် ပတ်ဝန်းကျင်ရဲ့စာနာ ဖေးမ ဖြေရှင်း ကူညီပေးမှုပါမဲ့နေတာကြောင့် အကြမ်းဖက်ခံရမှုကို အကြမ်းဖက်မှုနဲ့သာ တုံ့ပြန်ဖို့ အကြိမ်ပေါင်းများစွာ တွေးခဲ့ဖူးတယ်လို့ ဆိုပါတယ်။

အားနည်းတဲ့တရားဥပဒေစိုးမိုးမှု၊ ကျယ်ပြန့်နိုင်မာအမြစ်တွယ်နေဆဲယဉ်ကျေးမှုဓလေ့ထုံးစံဆိုတဲ့ရိုက်မချိုးနိုင်သေးတဲ့ အခြေအနေ အရပ်ရပ်တွေကြောင့် မဝါဝါလိုမရုန်းထွက်နိုင်သေးတဲ့အမျိုးသမီးတွေဟာ အိမ်ထဲမှာ နှစ်ပေါင်းများစွာ အကြမ်းဖက်မှုဒဏ်ကို ခံနေခဲ့ကြရပြီး အသံတွေ တိုးတိတ်ပျောက်ကွယ်နေရဆဲ ဖြစ်ပါတယ်။

တိုင်းပြည်တည်ဆောက်ရေးအတွက် အဖိုးတန်လှတဲ့၊ နိုင်ငံလူဦးရေရဲ့ ၅၁ ရာခိုင်နှုန်းကျော်ရှိတဲ့ အမျိုးသမီးတွေဟာ အိမ်တွင်းအကြမ်းဖက်မှုနဲ့ နောက်ဆက်တွဲ ဆိုးကျိုးများရဲ့ရလဒ်အဖြစ် လူ့စွမ်းအားအရင်းအမြစ်တွေ အလဟဿဖြစ်ရုံမက လူ့ဂုဏ်သိက္ခာ၊ လူ့အခွင့်အရေး ပျောက်ကွယ် ဆုံးရှုံးနေရတယ်ဆိုတာကို မဝါဝါလို အိမ်တွင်းအကြမ်းဖက်ခံရသူတွေက သက်သေပြနေပါတယ်။

"ကျွန်မ အခု ပန်းရန်လိုက်သယ်နေတာ တစ်နေ့ ငါးထောင်ရတယ်။ ကျွန်မ ဒုက္ခရောက်ရင်ရောက်ပါစေ၊ သမီးလေးကိုတော့ လူတန်းစေ့အောင် ထားနိုင်ပါတယ်" လို့ ဒုက္ခနွံ့အိမ်ထောင်ထဲကနေ ရုန်းထွက်ဖို့အားယူနေတဲ့ မဝါဝါက ပြောပါတယ်။

အခုအခါမှာတော့ မဝါဝါဟာ အိမ်တွင်းအကြမ်းဖက်ခံ သားကောင်အဖြစ်က ထာဝရ လွတ်မြောက်နိုင်ရေးအတွက် ယောကျ်ားဖြစ်သူနဲ့ တရားရင်ဆိုင်ဖို့ရာ အဆင်သင့်ဖြစ်နေပါပြီ။

■

**ခင်စန္ဒာမြင့် (Myanmar Now သတင်းအေဂျင်စီ)**

# မြေအသုံးချရေးမူဝါဒဖြေလျှော့ပေးရန် အစိုးရနှင့် လုပ်ငန်းရှင်များ ညှိနှိုင်းမည်

**ရန်ကုန်၊ ဇန်နဝါရီ ၂၆**

ငါး၊ ပုစွန်မွေးမြူရေးလုပ်ငန်း တိုးတက်ရန်အတွက် မြေအသုံးချရေးမူဝါဒများ ဖြေလျှော့ပေးနိုင်ရန် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဦးစီး၍ မွေးမြူရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံကာ ဖေဖော်ဝါရီလဆန်းပိုင်းတွင် နိုင်ငံတော်အဆင့် ညှိနှိုင်းဆွေးနွေးပွဲတစ်ရပ် ပြုလုပ်မည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်ထံမှ သိရသည်။

၂၀၁၂ ခုနှစ်ကထွက်ရှိသည့် လယ်ယာမြေဥပဒေအရ မြေလွတ်မြေရိုင်းများတွင် ငါးကန်၊ ပုစွန်ကန် တူးဖော်မွေးမြူသူများကို ဒဏ်ငွေကျပ် ၁၀ သိန်းကောက်ခံသည်ကို လုပ်ငန်းရှင်များက မပေးဆောင်နိုင်သဖြင့် ယခုကဲ့သို့ ညှိနှိုင်းဆွေးနွေးပွဲတစ်ရပ်ပြုလုပ်ခြင်းဖြစ်သည်။

"အစိုးရရဲ့အားပေးကူညီတဲ့ မြေယာမူဝါဒတွေချမှတ်ပြီး ထပ်ဆွဲရမှာရှိရင်လည်း ထပ်ဆွဲမယ်။ မြေယာနဲ့ပတ်သက်တဲ့ မူဝါဒပိုင်းဆိုင်ရာတွေ၊ ဖြေလျှော့မှုတွေ လုပ်ပေးဖို့နဲ့ အဟန့်အတားဖြစ်နေတာတွေကို ပြေလည်အောင်ဖြေရှင်းပေးဖို့ ဆွေးနွေးပွဲလုပ်မှာပါ" ဟု မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးဝင်းကြိုင်က ပြောဆိုသည်။

ယင်းဆွေးနွေးပွဲကို ဌာနဆိုင်ရာမှ တာဝန်ရှိသူများနှင့် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်အောက်ရှိ အသင်းအဖွဲ့များ တွေ့ဆုံကာ အခက်အခဲများကို တင်ပြဆွေးနွေးကြမည်ဖြစ်ကြောင်း ယင်းအဖွဲ့ချုပ်ထံမှ သိရသည်။

"မွေးမြူရေးမှာက ဥယျာဉ်ခြံမြေတွေမှာလည်း မွေးလို့မရ၊ ကျူးကျော်မရတာတွေ ရှိပါတယ်။ လုပ်ငန်းကို ထင်သလောက် တိုးချဲ့လို့ မရဘူးပေါ့"ဟု မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးဝင်းစိန်က ပြောကြားသည်။

■ J-11

# ပင်လယ်ရေကြောင်းမှ အဝယ်လိုက်၍ ဆန်ကြမ်းများဈေးတက်

**ရန်ကုန်၊ ဇန်နဝါရီ ၂၆**

ယခုနှစ်အတွင်း ပင်လယ်ရေကြောင်းဘက်မှ ဆန်ဝယ်ယူမှုများလာခြင်းနှင့် ပြည်တွင်းအဝယ်လိုက်နေသည့်အတွက် ဆန်ကြမ်းဈေးနှုန်းများ မြင့်တက်လာကြောင်း ဆန်ဈေးကွက်အတွင်းမှ သိရသည်။

အဆိုပါဆန်ကြမ်းသည် တစ်အိတ်လျှင် ယခင်ကထက် ကျပ် ၅၀၀ ခန့်ဈေးတက်ပြီး တရုတ်နှစ်သစ်ကူးရုံးပိတ်ရက်ရှိနေသည့်အတွက် ဈေးနှုန်းကျဆင်းနိုင်ကာ အရောင်းအဝယ်အေးသွားနိုင်ကြောင်း ယင်းဈေးကွက်အတွင်းမှ သိရသည်။

"အရင်အပတ်ကထက် ထပ်မြင့်လာတာပေါ့။ အရောင်းကလည်း ကောင်းပါတယ်။ ဒါပေမဲ့ နယ်အဝင်ကတော့ ပုံမှန်ပါပဲ" ဟု ဆန်ကုန်သည် ဦးအောင်မြင့်က ပြောဆိုသည်။

လက်ရှိနယ်ဒေသများမှ ဘုရင့်နောင်ကုန်စည်ဒိုင်သို့ တစ်ရက်လျှင် အိတ်ရေငါးသောင်းမှ ခြောက်သောင်းကြား ဝင်ရောက်ပြီး ဝါးတန်းကုန်စည်ဒိုင်သို့ တစ်ရက်လျှင် အိတ်ခြောက်သောင်းမှ ခုနစ်သောင်းခန့်အထိ ဝင်ရောက်ကြောင်း ယင်းကုန်စည်ဒိုင်များထံမှ သိရသည်။

လက်ရှိဆန်ကြမ်းဈေးနှုန်းသည် ဧည့်မထတစ်အိတ်လျှင် ၁၆၅၀၀ မှ ၁၉၅၀၀ ကျပ်၊ ဧစိန်တစ်အိတ်လျှင် ၁၇၀၀၀ မှ ၁၉၀၀၀ ကျပ်ဈေးရှိကြောင်း ဆန်ဈေးကွက်အတွင်းမှ သိရသည်။ ■ S-04



ဓာတ်ပုံ - အောင်နိုင်

ဆောက်လုပ်ရေးလုပ်ငန်းများ ဇန်နဝါရီလမှစ၍ ပြန်လည်လုပ်ကိုင်လာသောကြောင့်ဟုဆိုသည်

# အိမ်ဆောက်ပစ္စည်းဈေးနှုန်း အနည်းငယ်မြင့်

**ရန်ကုန်၊ ဇန်နဝါရီ ၂၆**

ဆောက်လုပ်ရေးလုပ်ငန်းများ ဇန်နဝါရီလမှစ၍ ပြန်လည်လုပ်ကိုင်လာသောကြောင့် ဘိလပ်မြေနှင့် အုတ်၊ သဲ၊ ကျောက်စရစ် ဈေးနှုန်းများအနည်းငယ်မြင့်တက်လာကြောင်း အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်များထံမှ စုံစမ်းသိရှိရသည်။

ဘိလပ်မြေဈေးနှုန်းများမှာ ယခင်က ဆင်တံဆိပ်ဘိလပ်မြေတစ်အိတ်လျှင် ၅၇၀၀ ကျပ်ရှိရာမှ ယခုရက်ပိုင်းတွင် ဘိလပ်မြေတစ်အိတ်လျှင် ၆၃၀၀ အထိ မြင့်တက်လာပြီး အုတ်၊ သဲ၊ ကျောက်စရစ် ဈေးနှုန်းများမှာလည်း အနည်းငယ် ဈေးနှုန်းမြင့်တက်မှုရှိကြောင်း အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်များထံမှ သိရသည်။

"အရင် နှစ်ကုန်ပိုင်းတုန်းကဆို ဝယ်သူမရှိတော့ အုတ်၊ သဲ၊ ကျောက်စရစ်၊ ဘိလပ်မြေက ဈေးတော်တော်ကျတယ်။ အခုကဆောက်လုပ်ရေးလုပ်ငန်းကပြန်လည်ပတ်လာတော့ ဘိလပ်မြေက ဈေးတက်လာတယ်။ အုတ်၊ သဲ၊ ကျောက်ကတော့ အနည်းငယ်ပဲတက်ပါတယ်" ဟု ဒေါ်ငွေဝင်းနှင့်သားများ အုတ်သဲကျောက်ရောင်းဝယ်ရေးဆိုင်မှ ဦးသန်းအောင်က ဆိုသည်။

အိမ်ဆောက်ပစ္စည်းဈေးနှုန်းများမှာ ယခင်လက သဲတစ်ကျင်းလျှင် ၉၀၀၀ ကျပ်ရှိရာမှ ယခုရက်ပိုင်းတွင် ၁၀,၀၀၀ ကျပ်၊ ကျောက်စရစ် တစ်ကျင်းလျှင် ယခင်လက ၄၀,၀၀၀ ကျပ်ကျော် ရှိရာမှ ယခုရက်ပိုင်းတွင် ၅၀,၀၀၀ ကျပ်၊ အုတ်တစ်လုံးလျှင် ယခင်လက ၁၀၅ ကျပ်ရှိရာမှ ယခုရက်ပိုင်းတွင် ၁၁၀ ကျပ်အထိ ဈေးနှုန်းအနည်းငယ် တက်လာကြောင်း အဆိုပါ ဈေးကွက်ထံမှ သိရှိရသည်။

ဆောက်လုပ်ခွင့် ရပ်နားထားသည့် အထပ်နိမ့် အထပ်မြင့်အဆောက်အအုံများအားလုံးကို နိုဝင်ဘာလနောက်ဆုံးပတ်မှ စတင်ကာ ပြန်လည်တည်ဆောက်ခွင့်ပြုလိုက်သောကြောင့် အဆောက်အအုံများ ပြန်လည်တည်ဆောက်မှုများရှိလာခြင်းကြောင့် ဘိလပ်မြေ၊ အုတ်၊ သဲ၊ ကျောက်စရစ်ဈေးနှုန်းများ အနည်းငယ်မြင့်တက်လာကြောင်း ဆောက်လုပ်ရေးလုပ်ငန်းရှင်များထံမှ သိရသည်။■ J-10

# လာမည့်ခြောက်လအတွင်း လက်ကျန်ကုမ္ပဏီနှစ်ခု စတော့အိတ်ချိန်းတင်နိုင်မည်

**ရန်ကုန်၊ ဇန်နဝါရီ ၂၆**

ရန်ကုန်စတော့အိတ်ချိန်း၏ စာရင်းဝင်ကုမ္ပဏီခြောက်ခုထဲမှ ကုမ္ပဏီလေးခုက ရှယ်ယာအရောင်းအဝယ် လုပ်ဆောင်နေပြီဖြစ်ကာ ကျန်ကုမ္ပဏီနှစ်ခုဖြစ်သည့် MAPCO နှင့် Great HORKHAN ကုမ္ပဏီတို့မှာ လာမည့်ခြောက်လအတွင်း စာရင်းတင်နိုင်မည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ငွေချေးသက်သေခံ လက်မှတ်လုပ်ငန်း ကြီးကြပ်ရေးကော်မရှင် (SECM) ထံမှ သိရသည်။

လက်ရှိအချိန်တွင် ငါးခုမြောက်ကုမ္ပဏီအဖြစ် ရန်ကုန်စတော့အိတ်ချိန်းတွင် ရှယ်ယာများအရောင်းအဝယ်လုပ်ဆောင်မည့် MAPCO က လိုအပ်သည့် ဆောင်ရွက်ချက်များကို လုပ်ဆောင်နေပြီး Great HORKHAN ကုမ္ပဏီကလည်း ပြင်ဆင်လျက်ရှိကြောင်း SECM မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

"အခုကျန်တဲ့ ကုမ္ပဏီနှစ်ခုကတော့ လာမယ့်ခြောက်လအတွင်းမှာ စတော့အိတ်ချိန်းတင်နိုင်မယ်။ သူတို့လည်း ပြင်ဆင်နေပြီ" ဟု ၎င်းကဆိုသည်။

အဆိုပါကုမ္ပဏီနှစ်ခု ရန်ကုန်စတော့အိတ်ချိန်းသို့ စာရင်းတင်ပြီးပါက ရန်ကုန်စတော့အိတ်ချိန်းတွင် ရှယ်ယာအရောင်းအဝယ်လုပ်ဆောင်ရန် SECM က ရွေးချယ်ထားသောစာရင်းဝင် ကုမ္ပဏီခြောက်ခုစလုံး စာရင်းတင်ပြီးမည်ဖြစ်ကာ ထပ်မံစာရင်းတင်မည့် ကုမ္ပဏီများကို လတ်တလောတွင် SECM က ထပ်မံ စိစစ်ခြင်း မရှိသေးကြောင်း ၎င်းကရှင်းပြသည်။

"နောက်ထပ်ကုမ္ပဏီကတော့ အခုထပ်ရွေးထားတာ မရှိသေးဘူး" ဟု ၎င်းက ပြောဆိုသည်။

လက်ရှိအချိန်တွင် ရန်ကုန်စတော့အိတ်ချိန်း၌ FMI ကုမ္ပဏီ၊ မြန်မာသီလဝါ အထူးစီးပွားရေးဇုန်အများပိုင်(MTSH)၊ မြန်မာနိုင်ငံသားများဘဏ် (MCB) နှင့် ပထမပုဂ္ဂလိကဘဏ် (FPB) တို့က ရှယ်ယာအရောင်းအဝယ် လုပ်ဆောင်လျက်ရှိသည်။

လတ်တလောတွင် ရန်ကုန်စတော့အိတ်ချိန်း၌ ရှယ်ယာအရောင်းအဝယ်လုပ်ဆောင်သော ကုမ္ပဏီများ၏ ရှယ်ယာဈေးနှုန်းများသည် အကျဈေးဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိပြီး ရှယ်ယာအရောင်းအဝယ်ပမာဏများမှာလည်း ကျဆင်းလျက်ရှိကာ အချို့ရက်များ၌ ရှယ်ယာတစ်ခုမျှ အရောင်းအဝယ်မဖြစ်သော ကုမ္ပဏီများပါရှိသည်။ ■ J-01

**နိုင်ငံခြားငွေလဲလှယ်နှုန်း** — Source: KBZ Bank

| 26.1.2017 | USD | EURO | SGD |
|---|---|---|---|
| ဝယ်ဈေး(ကျပ်) | ၁၃၅၄ | ၁၄၄၂ | ၉၅၀ |
| ရောင်းဈေး(ကျပ်) | ၁၃၅၈ | ၁၄၅၄ | ၉၅၈ |

**Source: ရန်ကုန်တိုင်း ရွှေလုပ်ငန်းရှင်များအသင်း**

| 26.1.2017 | ရွှေဈေး | |
|---|---|---|
| ပြည်တွင်းရွှေ(ကျပ်) | ၈၇၂,၀၀၀ (ဖွင့်) | ၈၇၂,၃၀၀ (ပိတ်) |
| ကမ္ဘာ့ရွှေ (ဒေါ်လာ) | ၁၂၀၀ (ဖွင့်) | ၁၂၀၀ (ပိတ်) |

## ဇန်နဝါရီလ ၂၇ ရက်နေ့ စတော့အိတ်ချိန်း ဈေးကွက်အခြေအနေ

FMI က ကျပ် ၁၄၀၀၀ ဖြင့် ဈေးနှုန်းအပြောင်းအလဲမရှိ ဈေးငြိမ်လျက်ရှိပြီး MTSH က ကျပ် ၁၀၀ ကျဆင်းကာ ကျပ် ၄၀၀၀ သို့ ရောက်ရှိသည်။ MCB က ကျပ် ၁၀၀ ကျဆင်းပြီး ကျပ် ၈၉၀၀ သို့ ရောက်ရှိကာ FPB ကလည်း ကျပ် ၅၀၀ ထပ်ကျဆင်း၍ ကျပ် ၃၃၀၀၀ ဖြင့် ဈေးပိတ်ခဲ့သည်။

| Name | Opening Price | 11(AM)Price | 1(PM)Pirce | Change | Trading Shares | Trading Value (MMK) |
|---|---|---|---|---|---|---|
| FMI | 14000 | 13500 | 14000 | - | 1170 | 15,870,000 |
| MTSH | 4100 | 4000 | 4000 | -100 | 27,310 | 109,240,000 |
| MCB | 9000 | 8900 | 8900 | -100 | 67 | 596,300 |
| FPB | 33500 | 32500 | 33000 | -500 | 2578 | 84,935,000 |

# ပုဂံယဉ်ကျေးမှု ဒေသကိုကယ်တင်ရန် ဒေသခံ ၈၀၀၀ ကျော် လက်မှတ်ရေးထိုးကာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ထံတင်ပြ

**မန္တလေး၊ ဇန်နဝါရီ ၂၆**

မြန်မာတို့၏ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်ဖြစ်သည့် ပုဂံဒေသကို ကယ်တင်ရန် ပုဂံဒေသခံ ၈၀၀၀ ကျော် လက်မှတ်ရေးထိုးကာ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ထံ ပေးပို့လိုက်ကြောင်း Save The BAGAN အင်အားစုထံမှ သိရသည်။

ဒေါ်အောင်ဆန်းစုကြည်ထံသို့ စာတိုက်မှတစ်ဆင့် ၂၀၁၆ ခုနှစ်အတွင်းက ပထမအကြိမ်ပေးပို့ခဲ့ပြီး ပုဂံရှေးဟောင်းယဉ်ကျေးမှုဒေသသို့ ဒေါ်အောင်ဆန်းစုကြည် ရောက်ရှိလာစဉ် ၎င်း၏ ကိုယ်ရေးအရာရှိများကတစ်ဆင့် ဒုတိယအကြိမ်ပေးပို့ခဲ့ခြင်းဖြစ်ကြောင်း ယင်းအဖွဲ့ခေါင်းဆောင် ဦးမျိုးဆက်စံက ပြောကြားသည်။

"တိုးလာတဲ့ လူဦးရေတွေအတွက် လူနေအိမ်တွေဆောက်ရတာ အဆင်မပြေတဲ့အကြောင်း၊ ဇုန်ဝင်ကြေးတွေထဲကနေ ဒေသအကျိုး အသုံးမချသေးတဲ့ကိစ္စ၊ အမှိုက်စွန့်ပစ်၊ ရေဆိုးတွေကို ဘုရားစေတီအနီးအနားမှာ စွန့်ပစ်နေတဲ့ကိစ္စတွေ၊ ပုဂံမြို့သစ်လို နေရာမျိုးမှာ ဆေးရုံ၊ လူထုအပန်းဖြေနေရာ မရှိတဲ့ကိစ္စတွေပါတယ်။ ဒါတွေကို အကျဉ်းဖော်ပြချက်၊ အကျယ်ဖော်ပြချက်တွေနဲ့ တင်ပြထားတယ်။ ကျွန်တော်တို့ ခြောက်လစောင့်ကြည့်ပါမယ်။ မထူးခြားရင် အခြားသော လှုပ်ရှားမှုတွေ ဖြစ်လာနိုင်ပါတယ်" ဟု ၎င်းကပြောဆိုသည်။

ပုဂံဒေသနှင့်ပတ်သက်သည့် ပြည်သူတို့၏ သဘောထားလက်မှတ်များကို ၂၀၁၆ ခုနှစ် ဇွန်လ ၇ ရက်နေ့မှ ဇူလိုင်လ ၂၂ ရက်နေ့အထိ ကောက်ယူခဲ့ခြင်းဖြစ်ပြီး လက်မှတ်ပေါင်း ၈၀၃၆ ကျော်ရရှိခဲ့ရာ ယင်းလက်မှတ်များကို ၂၀၁၆ ခုနှစ် သြဂုတ်လ ၂၄ ရက်နေ့က မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့သို့ ပေးပို့ခဲ့သည့်အပြင် နိုင်ငံတော်သမ္မတ၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌတို့ထံလည်း Save The BAGAN အဖွဲ့က ပေးပို့ဖူးသည်။

ပုဂံနှင့်ညောင်ဦး ယဉ်ကျေးမှုနယ်မြေအတွင်း ဥပဒေနှင့်မညီညွတ်သည့် ခေတ်သစ်အဆောက်အအုံများနှင့် ခြံခတ်သိမ်းပိုက်ထားသည့်နေရာများကို ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ပေးရန်၊ တားဆီးပိတ်ပင်ခံထားရသည့် ဒေသခံများ၏ စီးပွားရေး၊ အလုပ်အကိုင်အခွင့်အလမ်းများကို ဥပဒေနှင့်အညီ အမြန်ဆုံးလမ်းဖွင့်ဆောင်ရွက်ရန်၊ ရှေးဟောင်းအမွေအနှစ်များ ပြုပြင်ထိန်းသိမ်းဆောင်ရွက်ရာတွင် ကျွမ်းကျင်ပညာရှင်များ ဦးဆောင်စေရန်၊ ဒေသခံများနှင့် သက်ဆိုင်ရာ NGO အဖွဲ့အစည်းများအား ပွင့်လင်းမြင်သာစွာသိခွင့်ရရှိစေရန်၊ ရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်းမှ သိမ်းဆည်းခံမြေနေရာများကို အများပိုင်မြေ၊ အများပိုင်လမ်းနှင့် လယ်ယာမြေများအဖြစ် ဥပဒေနှင့်အညီ ပြန်လည်စိစစ်ဆောင်ရွက်ပေးရေး၊ ရေဘဝတီမြစ်ကမ်း တစ်လျှောက် တာဖို့ကျူးကျော် ဘောင်ခတ်ထားသောနေရာများကို ဥပဒေနှင့်အညီ အရေးယူပေးရန်တို့ ပါဝင်ကြောင်း ယင်းအဖွဲ့ထံမှ ထပ်မံသိရသည်။

"ဒီကိစ္စနဲ့ပတ်သက်ပြီး ကျွန်တော်တို့အနေနဲ့ နိုင်ငံတော်အတိုင်ပင်ခံဆီ တင်ထားပြီးပါပြီ။ နိုင်ငံတော်အတိုင်ပင်ခံကလည်း အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်ပေးဖို့ လမ်းညွှန်ထားပါတယ်။ ပုဂံသူပုဂံသားတွေရဲ့ဆန္ဒတွေကို ဆန့်ကျင်ပြီးတော့ မလုပ်ရဘူးလို့ ပြောထားတယ်။ ပုဂံသားတွေရဲ့မျက်ရည်နဲ့ ကျွန်တော်တို့ ဘာမှမလုပ်ပါဘူး" ဟု မန္တလေးတိုင်းအစိုးရအဖွဲ့ဝင် ရှမ်းတိုင်းရင်းသားရေးရာဝန်ကြီး ဦးစိုင်းကျော်ဇောက ပြောကြားသည်။

တစ်မျိုးသားလုံးနှင့်သက်ဆိုင်သည့် အထင်ကရနယ်မြေ ရေရှည်တည်တံ့စေရန်၊ ခေတ်သစ်ပုံရိပ်များ ဝါးမျိုမှုများ ရပ်တန့်စေရန်၊ ဒေသခံအများစု၏ လူ့အခွင့်အရေးများ အပြည့်အဝရရှိစေရန်၊ ပုဂံအလုပ်ပျက်စီးမှုများ ကာကွယ်ရန်အတွက် SAVE THE BAGAN အစီအစဉ်ကို ပုဂံဒေသခံများက ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

ပုဂံရှေးဟောင်းဇုန် (AZ) အတွင်း၌ ဟိုတယ် (၄၂) လုံး တည်ဆောက်ခွင့်ရရှိခဲ့ရာ ၎င်းတို့အနက် ၇၀ ရာခိုင်နှုန်းမှ ၉၀ ရာခိုင်နှုန်းအထိ ပြီးစီးလုဖြစ်နေသည့် ဟိုတယ် ၂၅ လုံးကို ဆက်လက်တည်ဆောက်ခွင့်ပေးခဲ့ပြီး တည်ဆောက်ရေးလုပ်ငန်းမရှိသေးသည့် ဟိုတယ် ၁၇ လုံးကို တည်ဆောက်ခွင့်မပြုတော့ကြောင်း သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက ထုတ်ပြန်ထားသည်။ ■

**M-05**




ဓာတ်ပုံ-အောင်မြိုး

# နိုင်ငံခြားအာမခံကုမ္ပဏီများအတွက် စီမံကိန်းများရေးဆွဲ

**မန္တလေး၊ ဇန်နဝါရီ ၂၆**

နိုင်ငံခြားအာမခံကုမ္ပဏီများ မြန်မာနိုင်ငံအတွင်း ဝင်ရောက် ရင်းနှီးမြှုပ်နှံရာတွင် လွယ်ကူစေရန် စီမံကိန်းအသစ်များကို ကမ္ဘာ့ဘဏ် အကူအညီဖြင့် ရေးဆွဲနေကြောင်း စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ပြောကြားသည်။

မန္တလေးမြို့တော်ခန်းမ၌ ဇန်နဝါရီလ ၂၆ ရက်နေ့ကပြုလုပ်သော ဒုတိယအကြိမ် အာမခံလုပ်ငန်းများပြပွဲတွင် ၎င်းက ထည့်သွင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

"အာမခံ အမျိုးအစားသစ်တွေကိုလည်း နိုင်ငံတကာ စံချိန်စံညွှန်းနဲ့အညီ သက်ဆိုင်ရာကုမ္ပဏီတွေနဲ့ ညှိနှိုင်းပြီး လုပ်မှာပါ" ဟု အာမခံလုပ်ငန်းများ ကြီးကြပ်ရေး ကော်မတီဥက္ကဋ္ဌလည်းဖြစ်သူ ဦးမောင်မောင်ဝင်းက ဆက်လက်ပြောဆိုသည်။

လက်ရှိတွင် ကမ္ဘာ့ဘဏ်အကူအညီဖြင့် အာမခံလုပ်ငန်းများကို လွတ်လပ်စွာ ခွင့်ပြုနိုင်ရေးစီမံချက် ရေးဆွဲနေကြောင်း၊ အာမခံလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံလိုသူများအတွက်လည်း အာမခံလုပ်ငန်းကဏ္ဍများတွင် စျေးကွက်ရှယ်ယာများကို လူတစ်ဦးတည်းက ချုပ်ကိုင်မထားနိုင်ရန် လုပ်ဆောင်သွားမည်ဖြစ်ကြောင်းလည်း ၎င်းကပြောကြားသည်။

"ထိခိုက်နစ်နာဆုံးရှုံးမှုတွေကို ငွေကြေးအရရော စိတ်ဓာတ်ပိုင်းဆိုင်ရာအရပါ တစ်ဖက်တစ်လမ်းက ပြန်လည်ကုစားပေးနိုင်တာ အာမခံလုပ်ငန်းပဲဖြစ်ပါတယ်။ အာမခံလုပ်ငန်းကြောင့် အကျိုးကျေးဇူးရနိုင်တယ်။ အာမခံထားရတဲ့အကျိုးတွေ သိရှိအောင်ဆိုပြီး ဒီပွဲလုပ်ပေးတာ" ဟု မြန်မာအာမခံလုပ်ငန်း ပြပွဲကျင်းပရေး ကော်မတီဥက္ကဋ္ဌ ဦးဘကောင်းက ပြောဆိုသည်။

မြန်မာနိုင်ငံအတွင်း ၂၀၁၄ မှ ၂၀၁၆ ခုနှစ်အတွင်း မီးလောင်မှုကြောင့် ပျက်စီးဆုံးရှုံးမှုတန်ဖိုး ၅၁,၁၇၃ သန်းရှိခဲ့ပြီး အာမခံထားမှုကြောင့် လျော်ကြေးငွေကျပ် ၉၀၅၅ ဒသမ ၂၄ သန်း၊ မော်တော်ယာဉ်အလုံးစုံအာမခံနှင့် သူတစ်ပါး ထိခိုက်မှုအာမခံ၊ ခရီးသွားအာမခံထားရှိမှု၊ ယာဉ်မတော်တဆမှုကြောင့် ၂၀၁၁ မှ ၂၀၁၅ ခုနှစ်ထိ ပျက်စီးဆုံးရှုံးမှုတန်ဖိုး ကျပ် ၄၉,၂၄၆၆ သန်း ရှိခဲ့ပြီး ၉၈၂၆ ဒသမ ၈ သန်းပေးလျော်ခဲ့ရကြောင်း မြန်မာ့အာမခံလုပ်ငန်းထံမှ သိရသည်။ ■

**M-06**

# လိုင်စင်မဲ့ လေသေနတ်များ မန္တလေးတွင် ဖမ်းမိ

**မန္တလေး၊ ဇန်နဝါရီ ၂၆**

ပြင်ကြီးတံခွန်မြို့နယ် ချမ်းမြရွှေပြည်ကားကွင်း၌ ဇန်နဝါရီလ ၂၅ ရက်နေ့ညနေ ၆ နာရီခွဲခန့်က ခရီးသည်တစ်ဦးထံမှ လေသေနတ်များနှင့် ဆက်စပ်ပစ္စည်းများ ဖမ်းဆီးရမိကြောင်း မန္တလေးခရိုင် ရဲတပ်ဖွဲ့မှူးရုံးထံမှ သိရသည်။

မန္တလေး-လွိုင်ကော် ကားဂိတ်တစ်ခုတွင် မသင်္ကာတွေ့ရှိရသည့် အသက် ၄၆ နှစ်အရွယ် ဦးတင်မင်းမောင် (ခ) မင်းမင်းကို မြို့နယ်ရဲတပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ စစ်ဆေးရာမှ ဖမ်းဆီးရမိခဲ့ခြင်းဖြစ်ကြောင်း ခရိုင်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီး စိန်ထွန်းက ပြောကြားသည်။

"သေနတ်တွေက လေသေနတ်ပါ။ ငှက်တွေ ဘာတွေပစ်တဲ့သေနတ်ပေါ့။ ခဲသီးထည့်ပြီးပစ်ရတဲ့ သေနတ်မျိုး။ အဲဒီ သေနတ်တွေက လိုင်စင်နဲ့ဆိုရင်တော့ ကိုင်ခွင့်ရှိပါတယ်။ ခုတွေ့တဲ့သေနတ်တွေက ခွင့်ပြုချက်လိုင်စင်မပါလို့ဖမ်းတာပါ" ဟု ၎င်းကရှင်းပြသည်။

ကယားပြည်နယ် ဖရူဆိုမြို့နယ်တွင် နေထိုင်သည့် ဦးတင်မင်းမောင်တွင် ပါရှိသည့် ပီနံအိတ်အတွင်းမှ ထန်းပင်မြစ်များနှင့်ရောနှော သယ်ဆောင်လာသည့် လေသေနတ်သုံးလက်နှင့် ဆက်စပ်ပစ္စည်းများ တွေ့ရှိခဲ့ကြောင်းလည်း ၎င်းကဆက်လက်ပြောဆိုသည်။

ဖမ်းဆီးရမိခဲ့သည့် သေနတ်များမှာ အရှည် ၄၀ လက်မခန့်ရှိ ဘေးဆွဲ လေသေနတ်တစ်လက်၊ အရှည်၄၄ လက်မခန့်ရှိ ခါးချိုး လေသေနတ်တစ်လက်၊ ၄၀ လက်မအရှည်ရှိသည့် အောက်ဆွဲ လေသေနတ်တစ်လက်နှင့် သေနတ်တွင် တပ်ဆင်အသုံးပြုရသည့် ချိန်သီး၊ မောင်းတုန်းကဲ့သို့သော ဆက်စပ်ပစ္စည်းများဖြစ်ကြောင်း မြို့နယ်ရဲတပ်ဖွဲ့၏ ကနဦးသတင်းပေးပို့ချက်အရ သိရသည်။

ယင်းသို့ လိုင်စင်မရှိသည့်သေနတ်များ သယ်ဆောင်လာသည့် ဦးတင်မင်းမောင်ကို ပြင်ကြီးတံခွန်မြို့မရဲစခန်းက (ပ)၆၄/၂၀၁၇ လက်နက်ဥပဒေပုဒ်မ ၁၉(စ) အရ အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း ယင်းရဲစခန်းထံမှ သိရသည်။ ■

**M-04**

# ပညာရေးအဆင့်မြှင့်ပေးရန် ဖောင်တော်ဦးဆရာတော်တိုက်တွန်း

**မန္တလေး၊ ဇန်နဝါရီ ၂၆**

မြန်မာနိုင်ငံ၏ နိမ့်ကျနေသော ပညာရေးစနစ်များကို အစိုးရသစ်လက်ထက်တွင် မြှင့်တင်ပေးရန်လိုကြောင်း ဖောင်တော်ဦး ဆရာတော် ဘဒ္ဒန္တနာယကက တိုက်တွန်းပြောကြားသည်။

နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ထံ ဘူတန်ဘုရင်၏ဒွေးတော် dorji wangmo မှတစ်ဆင့် တိုက်တွန်းခဲ့ခြင်း ဖြစ်သည်။

သက်တော် ၆၁ နှစ်အရွယ်ရှိ ဘူတန်ဘုရင်၏ဒွေးတော် dorji wangmo သည် ပုဂံခရီးစဉ်မှတစ်ဆင့် ဇန်နဝါရီလ ၂၆ ရက်နေ့က မန္တလေးမြို့တော်ရှိ ဖောင်တော်ဦးဘုန်းတော်ကြီးသင် ပညာရေးကျောင်းသို့လာရောက်လေ့လာစဉ် ဖောင်တော်ဦးဆရာတော်က ယင်းသို့ တိုက်တွန်းခဲ့ခြင်းလည်းဖြစ်သည်။

"တို့နိုင်ငံရဲ့လက်ရှိပညာရေးစနစ်ကို ပြုပြင်ပြောင်းလဲသင့်ပြီဆိုတာ အဓိကထားပြီး သူ့ကိုပြောပြလိုက်တယ်။ သူ့အနေနဲ့ ဘုန်းကြီးမိန့်တဲ့စကားကို ဒေါ်အောင်ဆန်းစုကြည်ကို တစ်ဆင့်ပြန်ပြောလိမ့်မယ်။ ၁၀ တန်းစာမေးပွဲမှာ အောင်ချက်က ၃၀ ရာခိုင်နှုန်းပဲ ရှိနေတာကိုက မဟုတ်သေးဘူး" ဟု ဆရာတော်က မိန့်ဆိုသည်။

ဘူတန်ဘုရင်၏ဒွေးတော် dorji wangmo က ပညာရေးရန်ပုံငွေအဖြစ် အမေရိကန်ဒေါ်လာ ၁၀၀၀ ကိုလည်း လှူဒါန်းခဲ့သေးသည်။

ဖောင်တော်ဦး ဘုန်းတော်ကြီးသင် ပညာရေးကျောင်း လေ့လာရေးခရီးစဉ်အတွင်း ဘူတန်ဘုရင်၏ ဒွေးတော်သည် စာကြည့်တိုက် နှင့် စာသင်ခန်းများ၊ ပညာရေးသင်ကြားနေမှုစနစ်များကို လေ့လာခဲ့ပြီး ကျောင်းသား၊ ကျောင်းသူများကိုလည်းနှုတ်ဆက်ခဲ့သေးသည်။ ■ **M-02**




ဖောင်တော်ဦးဘုန်းတော်ကြီးသင် ပညာရေးကျောင်းသို့ လာရောက်လေ့လာသော ဘူတန်ဘုရင်၏ ဒွေးတော် dorji wangmo




မန္တလေးတိုင်းဒေသကြီးတရားရုံး ရုံးချိန်းပြီး ပြန်လည်ထွက်ခွာလာသော ဦးတင်နိုင်စိုးနှင့် ဦးကျော်ကျော်နိုင်တို့ကိုတွေ့ရစဉ်။

# အမှုရင်ဆိုင်နေရသည့် မြို့နယ်အုပ်ချုပ်ရေးမှူးက သတင်းရယူသော သတင်းထောက်များကို ဆဲဆို

**မန္တလေး၊ ဇန်နဝါရီ ၂၆**

မန္တလေးတိုင်းဒေသကြီးတရားရုံးတွင် အမှုရင်ဆိုင်နေရသည့် ပြင်ဦးလွင်မြို့နယ်အုပ်ချုပ်ရေးမှူးက သတင်းရယူနေသည့် သတင်းထောက်များကို ဇန်နဝါရီလ ၂၆ ရက်နေ့က ရန့်ရင်းကြမ်းတမ်းစွာ ဆဲဆိုသွားခဲ့သည်။

အဂတိလိုက်စားမှုဖြင့် တရားစွဲဆိုခြင်းခံထားရသည့် ပြင်ဦးလွင်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်နိုင်စိုးက သတင်းထောက်များကို ဆဲဆိုခဲ့ခြင်းဖြစ်သည်။

"ကျွန်တော်တို့တွေက ဓာတ်ပုံရိုက်တဲ့သူက ရိုက်တယ်၊ ဗီဒီယိုရိုက်တဲ့သူလည်းရှိတယ်။ အဲဒီလိုရိုက်နေတာကို ဦးတင်နိုင်စိုးက ငါကိုင်တုတ်ခဲ့တာပါ၊ တော်တော်ကြမ်းကြမ်းတမ်းတမ်းကို ဆဲခဲ့တာ" ဟု အဆိုပါတရားရုံးချိန်းတွင် သတင်းရယူခဲ့သည့် ဒီမိုကရေစီတူဒေးသတင်းစာမှ သတင်းထောက် ဦးမြတ်သစ်ခိုင်က ပြောကြားသည်။

ဦးတင်နိုင်စိုးကို အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်က မန္တလေးတိုင်းဒေသကြီးတရားရုံးတွင် တရားစွဲဆိုထားသည့်အတွက် အမှုရင်ဆိုင်နေရခြင်းဖြစ်ပြီး ဇန်နဝါရီလ ၂၆ ရက်နေ့က တရားခွင်မှ ပြန်လည်ထွက်ခွာလာစဉ် သတင်းရယူနေသူများကို ဆဲဆိုခဲ့ခြင်းဖြစ်သည်။

ဦးတင်နိုင်စိုးသည် တရားရုံးတွင် စတင်ရုံးထုတ်ချိန်များကတည်းက ဓာတ်ပုံရိုက်သည့် သတင်းထောက်များကို ယပ်တောင်ဖြင့် ရိုက်ပုတ်ခြင်းများ ရှိခဲ့ကြောင်း မန္တလေးမြို့ခံ သတင်းထောက်များက ပြောဆိုသည်။

"တရားစွဲခံထားရတဲ့သူက ဘယ်သူ့ကိုမှ ဆဲဆိုခွင့်လည်း မရှိဘူး၊ ရိုက်ပုတ်ခွင့်လည်း မရှိပါဘူး၊ သူ့ကို ဓာတ်ပုံရိုက်တာ၊ ဗီဒီယိုရိုက်တာမခံချင်ရင် မျက်နှာကို ကွယ်ထားတာတို့၊ ပြေပြေလည်လည်နဲ့ မရိုက်ဖို့ ပြောတာတို့တော့ လုပ်ခွင့်ရှိပါတယ်။ သတင်းထောက်တွေအနေနဲ့က တရားခွင်ပြင်ပမှာ ဓာတ်ပုံရိုက်ခွင့် ရှိပြီးသားဖြစ်ပါတယ်" ဟု တရားလွှတ်တော်ရှေ့နေ ဦးလှကိုက မှတ်ချက်ပြုသည်။

ပြင်ဦးလွင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်နိုင်စိုးနှင့် ဒုတိယဦးစီးမှူး ဦးကျော်ကျော်နိုင်တို့ကို အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် စစ်ဆေးရေးမှူးက တရားစွဲဆိုထားခြင်းဖြစ်ရာ ပြင်ဦးလွင်မြို့နယ်ရဲတပ်ဖွဲ့က ဦးတင်နိုင်စိုးကို (ပ)၂၂၀/၂၀၁၆၊ အဂတိတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၆၊ (ပ)၂၁၉/၂၀၀၁၆၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၆ ဖြင့်လည်းကောင်း၊ ဦးကျော်ကျော်နိုင်ကို (ပ) ၂၂၁/၂၀၁၆ ပုဒ်မ ၅၆၊ (ပ)၂၂၂/၂၀၁၆ ပုဒ်မ ၅၆ ဖြင့်လည်းကောင်း အမှုဖွင့်ထားသည်။

ယင်းအမှုများအတွက် တိုင်းဒေသကြီးတရားရုံးတွင် စစ်ဆေးလျက်ရှိရာ တရားလိုပြသက်သေများအနက် ငွေကြေးပေးခဲ့ရသည်ဆိုသော ကမ္ဘာမြေအောင်ကုမ္ပဏီမှ ဝန်ထမ်း ဒေါ်တင်နီလာမြင့်ကို ဇန်နဝါရီလ ၂၆ ရပ်နေ့တွင် ထပ်မံစစ်ဆေးခဲ့သည့်အပြင် အခြား လိုပြသက်သေတစ်ဦးကိုလည်း စစ်ဆေးခဲ့သည်။ ■ **M-04**

# NEWS IN BRIEF

## ကလေးစာပေပွဲတော် နိုင်ငံတော်သမ္မတ တက်မည်

မန္တလေးမြို့၌ ဇန်နဝါရီလ ၂၇ ရက် (ယနေ့) နံနက်ပိုင်းတွင်ကျင်းပမည့် ကလေးစာပေပွဲတော်ကို နိုင်ငံတော်သမ္မတဦးထင်ကျော် တက်ရောက်ဖွင့်လှစ်မည်ဖြစ်သည်။

အဆိုပါအစီအစဉ်ပြီးပါက ကျောက်ဆည်မြို့ ရွှေသိမ်တော် ဆုတောင်းပြည့်ဘုရားကို သွားရောက်ဖူးမြော်မည်ဖြစ်ကာ ညပိုင်းတွင် မဟာမုနိဘုရားကြီးကို ဖူးမြော်မည်ဖြစ်ကြောင်း နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (မန္တလေး) ၌ ဆရာတော်များထံမှ ဩဝါဒခံယူမည်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ရှမ်းတိုင်းရင်းသားရေးရာဝန်ကြီး ဦးစိုင်းကျော်ဇောက ပြောကြားသည်။

ချမ်းမြသာစည်မြို့နယ်ရှိ နည်းပညာတက္ကသိုလ် (MMIT) တွင် ကလေးစာပေပွဲတော်ကို ဇန်နဝါရီလ ၂၇ ရက်နေ့မှ ၂၉ ရက်နေ့အထိ ကျင်းပမည်ဖြစ်သည်။

နိုင်ငံတော်သမ္မတကြီးဦးထင်ကျော်သည် မန္တလေးမြို့သို့ ဒုတိယအကြိမ် လာရောက်ခြင်းဖြစ်ပြီး ၂၀၁၆ ခုနှစ် ဇူလိုင်လက ပထမအကြိမ် လာရောက်ခဲ့သေးသည်။ **M-01**

## ငပရင်းဆရာတော် အဂ္ဂပူဇာအထိမ်းအမှတ်မဂ္ဂဇင်း ထုတ်မည်

ပုလဲမြို့ ငပရင်းဘုန်းတော်ကြီးသင်ပညာရေးကျောင်းဆရာတော် ဘဒ္ဒန္တဝိမလ အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ဆက်ကပ်ခံရခြင်း အထိမ်းအမှတ်အဖြစ် အဂ္ဂပူဇာမဂ္ဂဇင်း ထုတ်ဝေမည်ဖြစ်ကြောင်း အဆိုပါပူဇော်ပွဲဖြစ်မြောက်ရေး စီစဉ်သူများထံမှ သိရသည်။

ဆရာတော်အနေနှင့် ပုလဲမြို့တွင် ပထမဆုံးအကြိမ် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော် ဆက်ကပ်ခံရခြင်းဖြစ်ပြီး အဂ္ဂပူဇာအဖြစ် မဂ္ဂဇင်းတွင် ဆရာတော်၏ သာသနာရေးဆောင်ရွက်ချက်၊ ဘုန်းတော်ကြီးသင်ပညာရေးလုပ်ငန်း၊ မြို့နေလူထု၏ ကြည်ညိုလေးစားမှုများ စသည့်အကြောင်းများ ပါဝင်မည်ဖြစ်ကြောင်း မဂ္ဂဇင်းစီစဉ်သူများက ပြောဆိုသည်။

ယင်းမဂ္ဂဇင်းဖြစ်မြောက်ရေးအတွက် စာမူများတောင်းခံလျက်ရှိရာ အနယ်နယ်အရပ်ရပ်ရှိ စာပေပညာရှင်များအနေနှင့် ကဗျာ၊ ဝတ္ထု၊ ဆောင်းပါး စာမူများကို ဖေဖော်ဝါရီလ ၂၅ ရက်နေ့နောက်ဆုံးထား၍ ဖုန်း ၀၉- ၉၆ ၂၀၃၅ ၄၁၅၊ ၄၇၁၁ ၀၃၆၈၊ ၄၃၁၉ ၁၆၃၄ တို့ထံဆက်သွယ် ပေးပို့နိုင်သည်။ **M-02**

## မဟာမုနိဘုရားမှကြေးရုပ်များကို မှန်ခန်းတွင်ထားမည်

မန္တလေးမြို့ကျက်သရေဆောင် မဟာမုနိဘုရားကြီးပရိဝုဏ်အတွင်းရှိ သမိုင်းဝင်ကြေးရုပ်များကို မှန်လုံခန်းပိတ်၍ ထားရှိသွားရန် စီစဉ်နေကြောင်း အဆိုပါဘုရားကြီးဂေါပကအဖွဲ့ထံမှ သိရသည်။

ဘုရားဖူးပြည်သူများအနေနှင့် ယင်းကြေးရုပ်များကိုကိုင်တွယ်ပါက ရောဂါဘယကင်းဝေးသည်ဟူသော ယုံကြည်ချက်ဖြင့် ကိုင်တွယ်ပွတ်သပ်သူများပြားလာသဖြင့် ယင်းကြေးရုပ်များ မပျက်မစီးစေရန် မှန်အလုံကာ၍ အခန်းပိတ်ထားရှိရန် ရည်ရွယ်ခြင်းဖြစ်ကြောင်း အဆိုပါဘုရားဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးစိုးလင်းက ပြောကြားသည်။

အဆိုပါကြေးရုပ်များသည် သက္ကရာဇ် ၁၁၄၆ ခုနှစ် ဘိုးတော်ဗဒုံမင်းတရား၏သားတော် အိမ်ရှေ့မင်းသည် ရခိုင်ပြည်နယ်မှ မဟာမုနိဘုရားကြီးသို့ ပင့်ဆောင်လာစဉ်ကတည်းက တစ်ပါတည်းယူဆောင်လာခဲ့သည့် ကြေးရုပ်များဖြစ်သည်။ **M-02**

# လူကုန်ကူးမှုတိုက်ဖျက်ရေးအတွက် မြန်မာနှင့် ထိုင်းရဲတပ်ဖွဲ့ တွေ့ဆုံညှိနှိုင်း

**ရန်ကုန်၊ ဇန်နဝါရီ ၂၆**

လူကုန်ကူးမှုတိုက်ဖျက်ရေး လုပ်ငန်းများနှင့် ပတ်သက်၍ မြန်မာနိုင်ငံ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့နှင့် ထိုင်းနိုင်ငံလူကုန်ကူးရဲတပ်ဖွဲ့တို့ နှစ်ဖက်ပေါင်းစပ်လုပ်ကိုင်ရန် (၄) ကြိမ်မြောက် တွေ့ဆုံညှိနှိုင်းပွဲကို ဇန်နဝါရီလ ၂၅ ရက်မှ ၂၆ ရက်နေ့အထိ တာမွေမြို့နယ်၊ ကန်တော်ကြီးပတ်လမ်းရှိ Chatrium Hotel တွင် ကျင်းပလျက်ရှိသည်။

"မြန်မာနိုင်ငံတွင် လူကုန်ကူးမှုကျူးလွန်ပြီး ထိုင်းနိုင်ငံတွင် ရောက်ရှိနေသူများနှင့် ထိုင်းနိုင်ငံတွင် ပြစ်ဒဏ်ချခံအကျဉ်းသားများ တောင်းဆိုသွားရန်၊ ထိုင်းနိုင်ငံရောက် မြန်မာနိုင်ငံသားများ ကြုံတွေ့နေရသည့် အခက်အခဲများကို တင်ပြတောင်းဆိုသွားရန်၊ လက်ရှိဖြစ်ပျက်နေသည့် သတင်းအချက်အလက်များ ဖလှယ်သွားရန်နှင့် လူကုန်ကူးမှုနှင့် ပတ်သက်ဆက်နွှယ်သည့် လုပ်ငန်းများတွင်ပူးပေါင်းဆောင်ရွက်သွားရန် ရည်ရွယ်ပါကြောင်း ဒုတိယရဲမှူးကြီးသက်နောင်က ရှင်းပြသည်။

"ဒီလိုဆွေးနွေးမှုက တစ်နှစ်မှာ နှစ်ကြိမ်လုပ်တယ်၊ အပြန်အလှန်ပေါ့၊ ကျွန်တော်တို့တောင်းထားတဲ့ တရားခံတွေ သုံးလေးဦးလောက်ရှိတယ်၊ ပြီးတော့ လူကုန်ကူးခံရတယ်လို့ယူဆရတဲ့ ကလေးတွေပြန်ရှာပေးဖို့ တောင်းဆိုသွားဖို့ရှိပါတယ်" ဟုၚင်းကဆက်လက်ပြောကြားသည်။

ထိုင်းနိုင်ငံမှ တက်ရောက်လာသောအဖွဲ့တွင် မြန်မာနိုင်ငံနယ်စပ်အနီးရှိ ရဲတပ်ဖွဲ့အပါအဝင် အဖွဲ့အစည်းအားလုံး၏ ခေါင်းဆောင်များပါဝင်ကြောင်း၊ နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်ဒေါ်အောင်ဆန်းစုကြည် ထိုင်းနိုင်ငံ ရောက်ရှိစဉ်က လူကုန်ကူးမှုပြဿနာ၊ အလုပ်သမားပြဿနာများကို ဖြေရှင်းပေးရန် ပြောဆိုခဲ့ကြောင်း၊ လူကုန်ကူးမှုများ ဖြေရှင်းရာတွင် နှစ်နိုင်ငံရှိအောက်ခြေ ဝန်ထမ်းခေါင်းဆောင်များ ပူးပေါင်းပြီး အချင်းချင်း နားလည်မှုရရှိရန်လိုအပ်ကြောင်း ထိုင်းနိုင်ငံလူကုန်ကူးမှုတိုက်ဖျက်ရေးအဖွဲ့အကြီးအကဲ Gen. Tamasak Wicharaya ကပြောကြားသည်။

"ဒီနှစ်ထဲမှာဆိုရင် မြန်မာနိုင်ငံက လူကုန်ကူးခံရတဲ့ အယောက် ၂၅၀ ကို ကယ်တင်နိုင်ခဲ့တယ်၊ အဲဒီလူကုန်ကူးမှုကျူးလွန်တဲ့သူတွေကိုလည်း ထိထိရောက်ရောက် အပြစ်ပေးနိုင်ခဲ့ပါတယ်၊ ထိုင်းနိုင်ငံအစိုးရအနေနဲ့လည်း လူကုန်ကူးမှုတိုက်ဖျက်ရေးလုပ်ငန်းမှာ ထိထိရောက်ရောက် ကိုင်တွယ်လျက်ရှိပါတယ်၊ အဲဒါကြောင့် ဒီပွဲကို ကိုယ်ရော စိတ်ပါနှစ်ပြီးရောက် အောင်လာခဲ့တာပါ" ဟု ၚင်းက ဆက်လက်ပြောကြားသည်။

■ **J 16**

# ကမ္ဘာ့အဆင့် ဆိုင်ကယ်ပြိုင်ပွဲများတွင် ဝင်ပြိုင်နိုင်ရန် လေ့ကျင့်ပေးမည်

**မန္တလေး၊ ဇန်နဝါရီ ၂၆**

ဩစတြေးလျအခြေစိုက် KTM မော်တော်ဆိုင်ကယ် ကုမ္ပဏီအနေနှင့် မြန်မာနိုင်ငံကိုယ်စားပြု၍ ကမ္ဘာ့အဆင့် ဆိုင်ကယ်ပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်နိုင်ရန် ပြည်တွင်းဆိုင်ကယ်ပြိုင်ပွဲများ ကျင်းပကာ ရွေးချယ်လေ့ကျင့်ပေးမည်ဖြစ်ကြောင်း KTM (မြန်မာ) မော်တော်ဆိုင်ကယ်ကုမ္ပဏီ မန်နေဂျာ ဦးအာကာက ပြောကြားသည်။

ရွေးချယ်ခံရသူကို လေ့ကျင့်သင်ကြားပေးမည်ဖြစ်ပြီး ကမ္ဘာ့အဆင့်ပြိုင်ပွဲများတွင် ယှဉ်ပြိုင်ရန် စေလွှတ်သွားမည်ဖြစ်ကြောင်း ၎င်းကပြောဆိုသည်။

လူရွေးချယ်ပွဲများ ကျင်းပနိုင်ရန်အတွက် ကနဦးအနေနှင့် ဆိုင်ကယ်ပြိုင်ကွင်း တည်ဆောက်ရန် မြေနေရာရှာဖွေမှုများ လုပ်ဆောင်နေပြီး ပြိုင်ပွဲကျင်းပနိုင်ရန်နှင့်ပြိုင်ပွဲဝင်နည်းစနစ်များ၊ အချက်အလက်များ စုဆောင်းနိုင်ရန် မလေးရှားနိုင်ငံ၌ မတ်လအတွင်းကျင်းပမည့် RC Cup Asia ပြိုင်ပွဲသို့သွားရောက်လေ့လာမည်ဖြစ်ကြောင်း ဦးအာကာက ထပ်မံပြောကြားသည်။

KTM ကုမ္ပဏီကိုယ်စားပြု ပြိုင်ပွဲဝင်ကစားသမားများပေါ်ထွက်ရေး KTM Racing Team ကိုမတ်လအတွင်း ဖွဲ့စည်းသွားရန်လည်း အဆိုပါကုမ္ပဏီက စီစဉ်လျက်ရှိသည်။

မန္တလေးမြို့တွင် ဆိုင်ကယ်စတန့်သမားများစွာ ရှိသော်လည်း လူငယ်အများစုအနေနှင့် ဆိုင်ကယ်ပြိုင်ပွဲများနှင့်ပတ်သက်၍ ရင်းနှီးကျွမ်းဝင်မှုမရှိကြောင်း မန္တလေးမြို့ခံ ဆိုင်ကယ်စတန့်သမားများထံမှ သိရသည်။

"အခြားနိုင်ငံတွေက ဆိုင်ကယ်ပြိုင်ပွဲတွေကို ရုပ်သံတွေကနေ ကြည့်ဖူးပေမယ့် ပြိုင်ပွဲဝင်တစ်ဦးဖြစ်ဖို့ဆိုတာ မလွယ်ဘူး။ ပြိုင်ပွဲနည်းစနစ်တွေ သိရမယ်။ လေ့ကျင့်မှုတွေ လုပ်ဖို့လည်းလိုတယ်" ဟု KTM (မြန်မာ) က ကျင်းပမည့် လူရွေးချယ်ပွဲများအတွက် ပြင်ဆင်နေသော မန္တလေးမြို့ခံ ဆိုင်ကယ်စတန့် ဝါသနာရှင် ဦးသူရအောင်က ပြောကြားသည်။

ရွေးချယ်ခံရသူများအနေနှင့် မလေးရှားနိုင်ငံတွင်ကျင်းပမည့် RC Cup Asia ပြိုင်ပွဲကိုစတင်ယှဉ်ပြိုင်ရမည်ဖြစ်ပြီး ထိုမှတစ်ဆင့် RC cup World Final ၊ Red Bull Rookies Cup ၊ Moto3 ၊ Moto2 အဆင့်များကို ဖြတ်ကျော်ပြီးမှသာ ကမ္ဘာ့အဆင့်အမြင့်ဆုံး ပြိုင်ပွဲတစ်ခုဖြစ်သော MotoGP ပြိုင်ပွဲသို့ ပရော်ဖက်ရှင်နယ်တစ်ဦးအနေနှင့် ယှဉ်ပြိုင်ခွင့်ရမည်ဖြစ်ကြောင်း၊ KTM (မြန်မာ) ဆိုင်ကယ်ကုမ္ပဏီအနေနှင့် MotoGP ပြိုင်ပွဲထိ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရန် လေ့ကျင့်သင်ကြားပေးမှုများ လုပ်ဆောင်ပေးသွားမည်ဖြစ်ကြောင်း အဆိုပါကုမ္ပဏီထံမှ သိရသည်။

■ **M 03**

CARTOON




## ကုသိုလ်လမ်းညွှန်

The Voice စာဖတ်ပရိသတ်တွေ ကုသိုလ်ပြုနိုင်ဖို့ လမ်းညွှန်ပေးချင်တာကတော့ ရေလှောင်ကန်တည်ဆောက်မှုမှာ ပါဝင်နိုင်ဖို့ပါ။ နွေရာသီမှာ သောက်သုံးရေပြတ်လပ်လေ့ရှိသည့် ရှောပြာကျေးရွာတွင် ရေဂါလန် ၅၀၀၀ ဆံ့ ရေလှောင်ကန် ဒါမှမဟုတ် ရေဂါလန် ၃၀၀၀ ဆံ့ ရေလှောင်ကန် တည်ဆောက်မည်ဖြစ်ပြီး အဆိုပါရေလှောင်ကန်တည်ဆောက်ပြီးစီးပါက ပုသိမ်-ချောင်းသာ လမ်းတစ်လျှောက်ရှိ ကျေးရွာများကို နွေရာသီ သောက်သုံးရေပြတ်လပ်ချိန်မှာ ရေဖြန့်ဝေပေးနိုင်မှာ ဖြစ်ပါတယ်။ ဂါလန် ၃၀၀၀ ဆံ့ ရေလှောင်ကန်တည်ဆောက်ဖို့ ငွေကျပ် ၁၄ သိန်း ၃သောင်းကျပ် ကုန်ကျမည်ဖြစ်ပြီး ဂါလန် ၅၀၀၀ ဆံ့ ရေလှောင်ကန်တည်ဆောက်ဖို့ ငွေကျပ် ၁၇ သိန်း ၂ သောင်းကျပ် ကုန်ကျမယ်လို့သိရပါတယ်။ အသေးစိတ် သိလိုတယ်၊ ပါဝင်လှူဒါန်းလိုတယ်ဆိုရင် Online ပရဟိတ Family ကိုအောင်စိုးဦး ၀၉ ၇၉၇၂၂၈၆၅၄ ၊ ကိုဟန်ဇော် ၀၉ ၂၀၁၃၉၅၇ ၊ ကိုအောင်နိုင် ၀၉ ၄၅၂၈၈၀၈၀ ကို ဆက်သွယ်လှူဒါန်းနိုင်ပါတယ်။ ■



## ဈေးဝယ်လမ်းညွှန်



# တိုတိုထွာထွာပစ္စည်းလေးတွေ စုပြီးသယ်သွားနိုင်မယ့်အိတ်

ခရီးသွားတဲ့အခါမှာ တိုတိုထွာထွာပစ္စည်းလေးတွေကို စုပြီးသယ်သွားနိုင်ဖို့ အိတ်တစ်အိတ်လောက် ရှာနေတယ်ဆိုရင်တော့ Travel Mate ဆိုတဲ့ အိတ်လေးကို ညွှန်ပေးချင်ပါတယ်။ Travel Size ဘူးသေးသေးလေးတွေ စုပြီး သယ်သွားလို့ရတဲ့ အိတ်လေးဖြစ်ပြီး တစုတစည်းတည်း စနစ်တကျ သယ်သွားလို့ရမယ့် အိတ်လေးပါ။ ခရီးစဉ်ထဲမှာ ကိုယ်တည်းတဲ့နေရာကို ရောက်ချိန်မှာလည်း ဒီအိတ်လေးကို ဖြန့်ချပြီး အဆင်ပြေတဲ့နေရာမှာ ချိတ်ထားနိုင်မယ့် ချိတ်လည်း ပါဝင်ပါတယ်။ ဈေးနှုန်းက ၄၀၀၀ ကျပ် ဖြစ်ပြီး 8 Ray Shopping Centre မှာ သွားဝယ်နိုင်ပါတယ်။ အမှတ် ၄၉ ၊ မိုးစန္ဒာလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မှာ သွားဝယ်နိုင်ပါတယ်။ အသေးစိတ် သိလိုတယ်ဆိုရင် ဖုန်း ၀၉ ၄၅၀၁ ၂၇၃၀၃ ၊ ၀၉ ၄၅၀၁ ၂၇၃၀၄ ၊ ၀၉ ၄၅၀၁ ၂၇၃၀၅ ကို ဆက်သွယ်စုံစမ်းနိုင်ပါတယ်။ ■

ပြီးခဲ့သည့် ၂၇-၁၂-၂၀၁၆ ရက်နေ့ မြန်မာ့အလင်းသတင်းစာ၌ ရှေ့နေမဟုတ်သူနှင့် ရှေ့နေတို့အကြောင်းဟူသော လယ်ဝေးဖိုးသိမ်း (မင်းဝိုင်း) ရေးသားသည့် ဆောင်းပါးကို ဖတ်ခဲ့ရသည်။ ထိုဆောင်းပါးနှင့်ပတ်သက်၍ အများပြည်သူ သိရှိနိုင်စေရန်အတွက် ရှေ့နေများအကြောင်း တစေ့တစောင်း ဖော်ပြလိုက်ရပါသည်။

ရှေ့နေဟူသည်မှာ -

မြန်မာနိုင်ငံတွင် ရှေ့နေများ ပေါ်ပေါက်ခဲ့သည်မှာ ၅ ရာစုခန့်မှစ၍ ဖြစ်သည်ဟု ဥပဒေကျမ်းများ၊ သမိုင်းမော်ကွန်းများအရ သိရှိရသော်လည်း ၁၂ ရာစုလောက်တွင်မှ အတိအကျ အခိုင်အမာရှိသည်ဟု ခိုင်လုံသော မှတ်တမ်းများအရ ယူဆရပေသည်။ ၁၂ ရာစု ခေတ်လောက်မှစ၍ ပေါ်ပေါက်လျက်ရှိပြီးဖြစ်သော ရှေ့နေများ၏ လုပ်ငန်းဆောင်တာများသည် နောက်ရာစုခေတ်များတိုင် မပြောင်းမလဲ တည်ရှိခဲ့လေသည်။ ဤအချက်ကို ၁၀၉၃ ခုနှစ်တွင် ရေးသားပြုစုခဲ့သော ဓမ္မဝိလာသဓမ္မသတ်က ထောက်ခံဖော်ပြထားလေသည်။

ကမ္ဘာ့နိုင်ငံကြီးများတွင်လည်းကောင်း၊ မြန်မာနိုင်ငံတွင်လည်းကောင်း ရှေ့နေများသည် ခေါင်းဆောင်ကောင်းများသာ ဖြစ်ခဲ့ကြသည်ကို မည်သူမျှ ငြင်းနိုင်အံ့မထင်ပါ။ မြန်မာနိုင်ငံတွင် ဒေါက်တာဘဦး၊ ဒေါက်တာဘဟန် အစရှိသည့် အတုယူဖွယ်ပညာရှင်ကြီးများမှာ ရှေ့နေများသာဖြစ်ကြသကဲ့သို့ ၁၉၂၈ ခုနှစ်တွင် စာရေးသူ P.Romanatha Aiyer B.A, B.L ရေးသားခဲ့သည့်စာအုပ် The Art of the Advocate စာအုပ်တွင် ဖော်ပြထားသည်မှာ Lawyer as Leaders of the Nation ဟူ၍ ဖော်ပြခဲ့ပြီး ၎င်းစာအုပ်တွင်ပင် ၎င်းခေတ်အခါက အမေရိကန်သမ္မတ ၂၇ ယောက်ထဲတွင် ၂၂ ယောက်သည် ရှေ့နေများသာ ဖြစ်ပါသည်ဟူ၍ ရေးသားခဲ့ပါသည်။

ရှေ့နေဟူသောအခေါ်အဝေါ်နှင့်ပတ်သက်၍ မဟာရာဇသတ် ခေါ်ကိုင်းစားမနုရာဇာလျှောက်ထုံးတွင် ရှေ့နေခေါင်းရပ်ဟုခေါ်ဆိုပြီး ထိုသို့ခေါ်ဆိုခြင်းမှာ စာဟောင်းများတွင် မတွေ့ရှိဖူးသော်လည်း ဒွတ္တဘောင်မင်းလက်ထက်က အကြောင်းကုန်စင် ချောမောအောင်ပြန်ပြောနိုင်သည့် အမှုသည်တို့က ပြောဆိုရရှိသည့်စကားများကို အပြောတတ်သောသူအား ပြန်ပြောပြပြီး ရှေ့ကနေ၍ ဆိုစေသောကြောင့် ဒွတ္တဘောင်မင်းက ရှေ့နေခေါင်းရပ်ဟု သမုတ်ခေါ်ဝေါ်သည်ကို အကြောင်းပြု၍ ယနေ့တိုင်ပင် အမှုသည်တို့ကိုယ်စား လျှောက်လဲချေပဟု ပါရှိပါသည်။

ဆောင်းပါးတွင်ပါရှိသည့် တရားရုံးများတွင် အမှုလိုက်ပါဆောင်ရွက်ကြသော တရားလွှတ်တော်ရှေ့နေနှင့် အထက်တန်းရှေ့နေတို့၏ အမှုလိုက်ပါဆောင်ရွက်ရန် အခွင့်အရေးမှာ များစွာကွာခြားပါသည်ဟူ၍ ရေးသားထားခဲ့ရာ အထက်တန်းရှေ့နေတစ်ဦးဖြစ်လာသည်မှာ အလုပ်သင်ရှေ့နေ တစ်နှစ်ပြည့်မြောက်သည့်အချိန်တွင် တရားလွှတ်တော်ချုပ်မှ အထက်တန်းရှေ့နေလိုင်စင်ထုတ်ပေးသည့်အချိန်တွင် အထက်တန်းရှေ့နေဖြစ်လာခဲ့ပါသည်။ အလုပ်သင်ရှေ့နေဘဝမှ အထက်တန်းရှေ့နေဖြစ်လာသူတစ်ဦးအနေနှင့် ရှေ့နေလုပ်သက်၊ ရှေ့နေပညာ၊ ရှေ့နေအတွေ့အကြုံ မစုံလင်သေးသည့်အချိန်ဖြစ်၍ မြို့နယ်တရားရုံးနှင့် ခရိုင်တရားရုံးတွင်သာ လိုက်ပါဆောင်ရွက်ခွင့်ရှိကြောင်း ကန့်သတ်ထားရပါသည်။ ယခင်ခေတ်များက အထက်တန်းရှေ့နေ တစ်နှစ်ပြည့်မြောက်ပြီးသည့်အချိန်တွင်မှ (ယခင်အခေါ်) တရားရုံးချုပ်ရှေ့နေအဖြစ် လျှောက်ထားခွင့်ရှိပြီး ယခုအချိန်မှ တရားလွှတ်တော်ရှေ့နေအဖြစ် လျှောက်ထားခွင့်ရှိသည်မှာ အထက်တန်းရှေ့နေ သုံးနှစ်ပြည့်ပြီးသည့်အချိန်မှ တရားလွှတ်တော် ရှေ့နေလျှောက်ထားခွင့်ရှိသည်ဟု သိရှိရပါသည်။

တရားလွှတ်တော်ရှေ့နေတစ်ဦးအနေနှင့် မြန်မာနိုင်ငံတစ်နိုင်ငံလုံးတွင် လိုက်ပါခွင့်ရှိသည့်အချက်မှာ နိုင်ငံတော်၏အမြင့်ဆုံးဖြစ်သော တရားလွှတ်တော်ချုပ်တွင် အမှုသည်တို့၏ကိုယ်စား လျှောက်လဲခုခံချေပခွင့်ရှိသောကြောင့် တစ်နိုင်ငံလုံးတွင် လိုက်ပါဆောင်ရွက်ခွင့်ရှိခြင်းဖြစ်ပါသည်။

အမှန်တကယ်တွင်မူ အထက်တန်းရှေ့နေလိုင်စင်ရှိသူတစ်ဦးအနေနှင့် ၎င်း၏လိုင်စင်သက်မပြည့်မီအတွင်း တရားလွှတ်တော်ချုပ်တွင်လည်းကောင်း၊ တရားလွှတ်တော်များတွင်လည်းကောင်း လိုက်ပါဆောင်ရွက်ခွင့်မပြုခြင်းမှာ လုပ်ငန်းအတွေ့အကြုံ၊ ဥပဒေဗဟုသုတများ ဆက်လက်ဆည်းပူးနိုင်ရန်အတွက် အောက်တရားရုံးများတွင်သာ လိုက်ပါဆောင်ရွက်စေခြင်းဖြစ်ပါသည်။

စာရေးသူအနေနှင့် ရိုးသားစွာဝန်ခံရလျှင် စာရေးသူကိုယ်တိုင်ပင် ရှေ့နေလုပ်သက် နှစ် ၃၀ ကျော်သည့်တိုင် ဥပဒေဗဟုသုတလိုအပ်နေဆဲပင်ဖြစ်ကြောင်း ဝန်ခံပါသည်။ သို့ဖြစ်ရာ တရားလွှတ်တော်ရှေ့နေတိုင်းလည်း ဥပဒေအတတ်ပညာနှင့်ပတ်သက်၍ ပြီးပြည့်စုံသည်ဟု မှတ်ယူနိုင်မည်မဟုတ်ပါ။ ရှေ့နေတစ်ဦးအနေနှင့် ဝတ္တရားငါးပါး ပြည့်မီရန်လိုပါသည်။

(၁) အမှုသည်အပေါ်တွင် တာဝန်ကျေပွန်ခြင်း
(၂) တစ်ဖက်ရှေ့နေအပေါ်တွင် တာဝန်ကျေပွန်ခြင်း
(၃) မိမိရုံးခန်းတွင် တာဝန်ကျေပွန်ခြင်း
(၄) တရားရုံးတွင် တာဝန်ကျေပွန်ခြင်း
(၅) နိုင်ငံတော်အတွက် တာဝန်ကျေပွန်ခြင်း ဟူသောအချက်များနှင့် ပြည့်စုံရန် လိုအပ်ပါသည်။




လယ်ဝေးဖိုးသိမ်း (မင်းဝိုင်း) ရေးသည့် ရှေ့နေမဟုတ်သူနှင့် ရှေ့နေတို့အကြောင်း ဟူသောဆောင်းပါးပါအချက်ဖြစ်သည့် ‘ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄ (ဒ) ပါ အခြားသူ (Any Other Person) ဆိုသော စကားရပ်တွင် ရှေ့နေမဟုတ်သူ သာမန်အရပ်သားများလည်း ပါဝင်ပါသည်။ အမှုတွင် ရှေ့နေကဲ့သို့လိုက်ပါဆောင်ရွက်ခွင့်ကို တစ်ဦးတစ်ယောက်အား အမှုစစ်တရားသူကြီးက ခွင့်ပြုပိုင်ခွင့်ရှိပါသည်။ ထိုသို့ အမှုစစ်တရားသူကြီး၏ ခွင့်ပြုချက်ဖြင့်ခန့်ထားသော အခြားတစ်ဦးသည် ရှေ့နေ (Pleader) ပင် ဖြစ်ပါသည်’ ဟူ၍ ဖော်ပြချက်မှာ မှားယွင်းလျက်ရှိပါသည်။

အဘယ့်ကြောင့်ဆိုသော် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄ (၁) (ဒ) တွင် ဖော်ပြထားသည်မှာ Any Other Person ဟူ၍သာဖော်ပြထားပြီး Any Pleader ဟူ၍ ဖော်ပြထားခြင်းမရှိသည့်အချက်ကို စာရေးသူမှ Pleader ပင်ဖြစ်ပါသည်ဟူ၍ သုံးနှုန်းမှုမှာ ပြဋ္ဌာန်းဥပဒေကို ချိုးဖောက်သည့်သဖွယ်ဖြစ်နေပါသည်။ တစ်နည်းအားဖြင့် တိကျစွာပြဋ္ဌာန်းခဲ့သော ကျင့်ထုံးဥပဒေပြဋ္ဌာန်းချက်ကို မိမိထင်မြင်ချက်နှင့် ဖြည့်စွက်တင်ပြခြင်းသာဖြစ်ရာ ထိုသို့တင်ပြနေမှုမှာ စနစ်တကျတည်ရှိပြီးသော ဥပဒေကို ယိုင်နဲ့သွားအောင် ပြုလုပ်သည်နှင့် တူပါသည်။

စာရေးသူ လယ်ဝေးဖိုးသိမ်း (မင်းဝိုင်း) ဖော်ပြခဲ့သည့် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ-၄(၁) (ဒ) ပါ အခြားသူ Any Other Person ဟူသော စကားရပ်နှင့်ပတ်သက်၍ စာရေးဆရာ B.B.MITRA ရေးသားသည့် The Code of Criminal Procedure တွင် အောက်ပါအတိုင်း ရှင်းလင်းထားပါသည်။

‘Other person : The words 'other person' embrance pure outsides as well as duly qualified and enrolled mukhtars who have failed to take out their certificate - Tussuduq Vs. Girhas, 14 Cal. 556’ ဟူ၍ ရှင်းလင်းထားပါသည်။

Civil Procedures S.2(15) တွင် ရှေ့နေအဓိပ္ပာယ်ကို အောက်ပါအတိုင်း ဖွင့်ဆိုထားပါသည်။

‘ရှေ့နေဆိုသည်မှာ တရားရုံးတွင် အခြားသူကိုယ်စား တက်ရောက်လျှောက်လဲပိုင်ခွင့်ရှိသူကို ဆိုသည့်အပြင် ထိုစကားရပ်တွင် တရားလွှတ်တော်ရှေ့နေလည်း ပါဝင်သည်’ ဟူ၍ ဖွင့်ဆိုထားပါသည်။

ထိုစကားရပ်နှင့်ပတ်သက်၍ စာရေးဆရာ V.V Chitaley ရေးသည့် The Code of Civil Procedure စာအုပ်၊ စာမျက်နှာ ၁၄၉၉ တွင် -

The term 'pleader' signifies all persons who are entitled to appear and plead and includes and advocates vakil or attorney. It must however, be read in the narrowest sense and does not includes agents. A pleader in India Combies in himself the duties performed in England by a barrister and attorney, in that he can both plead and act, whereas a barrister can only plead and an attorney can only act. ဟူ၍ တိကျစွာဖော်ပြထားပါသည်။

လယ်ဝေးဖိုးသိမ်း (မင်းဝိုင်း) ဖော်ပြခဲ့သော စီရင်ထုံးဖြစ်သည့် **ဦးညွန့်ဝေနှင့် ပြည်ထောင်စုမြန်မာနိုင်ငံအမှု၊ ၁၉၇၂ ခုနှစ်၊ မတစ၊ စာ ၄၀** စီရင်ထုံးပါအချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်။

‘နိုင်ငံတော်အစိုးရအတွက် လိုက်ပါဆောင်ရွက်သည့် အစိုးရရှေ့နေ ဦးမြရှိန်က စက်ရှင်ရုံးသည် မူလရုံး၏အမိန့်ကို ပြင်ဆင်ပယ်ဖျက်ရန် အာဏာမရှိပါက၊ မူလရုံး၏အမိန့်သည် မှားယွင်းနေသည်ဟုယူဆပါက တရားရုံးချုပ်သို့ ပြင်ဆင်ပေးရန် ထောက်ခံတင်ပြခြင်းသာ ပြုနိုင်ပါသည်။ ရာဇဝတ်မှုဖြင့် တရားစွဲဆိုခြင်းခံနေရသည့် တရားခံတစ်ဦးသည် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၃၄၀ အရ အကျိုးဆောင်ဖြင့် ခုခံပိုင်ခွင့်ရှိသည့်အလျောက် တရားခံက လူတစ်ဦးတစ်ယောက်အား ၎င်း၏အကျိုးဆောင်အဖြစ်ခန့်ထားလျှင် ရာဇဝတ်တရားသူကြီးသည် ထိုသူအား ၎င်း၏ အကျိုးဆောင်အဖြစ် လက်ခံရပါမည်။ ထိုသို့လက်ခံခြင်းမပြုဘဲ ပယ်ရန် ရာဇဝတ်တရားသူကြီး၌ အာဏာမရှိပါဟု တင်ပြသွားသည်။

ရုံးသဟာယအတွက် လိုက်ပါဆောင်ရွက်သည့် ရန်ကုန်ရှေ့နေများအသင်းကိုယ်စား ဒေါက်တာမောင်က ပုဒ်မ-၄၊ အပိုဒ်ခွဲ (၁) တွင် ရာဇဝတ်ရုံး၏ ခွင့်ပြုချက်အရ မည်သူမဆို တရားခံ၏အကျိုးဆောင်အဖြစ် ဆောင်ရွက်နိုင်သည်ဟု ဆိုထားသဖြင့် တစ်ဦးတစ်ယောက်သည် အကျိုးဆောင်အဖြစ် ဆောင်ရွက်ရန် ခွင့်မပြုသင့်ဟု ရုံးမှထင်မြင်လျှင် တရားခံ၏အကျိုးဆောင်အဖြစ်ဆောင်ရွက်ခြင်းမှာ ငြင်းပယ်ခွင့်ရှိပါသည်ဟု တင်ပြသွားသည်။

မူလရုံးက ဦးစန်းမောင်အား တရားခံဦးညွန့်ဝေ၏အကျိုးဆောင်အဖြစ် လိုက်ပါဆောင်ရွက်ရန် ခွင့်ပြုခဲ့သည့်အမိန့်ကို စက်ရှင်ရုံးအနေနှင့် ပယ်ဖျက်ရန် အာဏာမရှိပေ။ မူလရုံး၏အမိန့်သည် မှားယွင်းနေသည်ဟု ယူဆပါက စက်ရှင်ရုံးသည် ပြင်ဆင်ပယ်ဖျက်ပေးရန် တရားရုံးချုပ်သို့ထောက်ခံတင်ပြခြင်းသာပြုနိုင်သည်။ ယခုမူ ထိုကဲ့သို့ဆောင်ရွက်ခြင်းမပြုဘဲ မူလရုံးအမိန့်ကို ပယ်ဖျက်ခဲ့ခြင်းသည် မှားယွင်းနေသည့်အလျောက် ကျွန်ုပ်တို့အနေနှင့် ဝင်ရောက်စွက်ဖက်ရမည်ဖြစ်သည်’ ဟူ၍ ထုံးပြုထားပါသည်။

အထက်ပါစီရင်ထုံးမှာ တရားရုံးချုပ်မှ စက်ရှင်တရားရုံးအနေနှင့် ပြင်ဆင်မှုအား ပယ်ဖျက်ပေးရန် အာဏာမရှိဘဲ ပြင်ဆင်မှုအား လက်ခံ၍ ပယ်ဖျက်ခဲ့ခြင်းကြောင့် စက်ရှင်ရုံး၏အမိန့်ကို ပယ်ဖျက်ခဲ့ခြင်းသာဖြစ်ပြီး မူလရုံး၏အမိန့်ကို အတည်ပြုခဲ့ခြင်းသာဖြစ်ပါသည်။

ရာဇဝတ်ဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ-၄ (၁) (ဒ) တွင် Any Other Person ဟူသောစကားရပ်နှင့်ပတ်သက်၍ သာမန်လူမဖြစ်စေရဘဲ ဥပဒေရေးရာကျွမ်းကျင်နှံ့စပ်သူ တစ်နည်းအားဖြင့် လိုင်စင်မရှိသေးသူကိုသာ ဆိုလိုရင်းဖြစ်ပါသည်။

အလားတူ လယ်ဝေးဖိုးသိမ်း (မင်းဝိုင်း) ရေးသားသည့်ဆောင်းပါးပါ နောက်စီရင်ထုံးတစ်ခုမှာ **ဦးခွေးနှင့်ကိုအေးပါ - ၂ မတစ၊ ၁၉၆၅၊ စာ-၉၇၇** အမှုမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

‘နှစ်ဖက်သောအမှုသည်များသည် ရှေ့နေကြီးများမှတစ်ဆင့် ၎င်းတို့၏လျှောက်လဲချက်များကို တင်ပြသည်။ ဦးအေး၊ ဒေါ်ထားတို့က အထက်တန်းရှေ့နေကြီး ဦးဘစိန်ကို ၎င်းတို့၏ကိုယ်စား လိုက်ပါဆောင်ရွက်စေလိုကြသဖြင့် ဦးဘစိန်က ထိုသို့လိုက်ပါဆောင်ရွက်ခွင့်ကို ကျွန်ုပ်တို့ထံမှ တောင်းခံသည့် ဦးဘစိန်သည် ၎င်း၏အမှုသည်များအတွက် မူလရုံးနှင့် ပဌမအယူခံရုံးတို့အတွက် လိုက်ပါဆောင်ရွက်ခဲ့သော ပုဂ္ဂိုလ်ဖြစ်သည်။ အမှုသွား အမှုလာကို ကောင်းစွာသိကျွမ်းသူဖြစ်သည်။ အခြားရှေ့နေကြီးတစ်ဦးဦးကို ငှားရမ်းရမည်ဆိုလျှင် ဦးအေး၊ ဒေါ်ထားတို့အတွက် စရိတ်စက ပိုမိုကုန်ကျနိုင်ဖွယ်ရှိသဖြင့် ကျွန်ုပ်တို့သည် အထူးကိစ္စရပ်အနေနှင့် အထက်တန်းရှေ့နေကြီးဦးဘစိန်အား ဤရုံးတွင် ဦးအေး၊ ဒေါ်ထားတို့၏ အကျိုးဆောင်အဖြစ် လိုက်ပါဆောင်ရွက်ခွင့်ပေးခဲ့သည်။ ဦးခွေးကမူ ဤရုံးပညာရှိ ရှေ့နေကြီး ဦးလှသိန်းကို လိုက်ပါဆောင်ရွက်စေခဲ့သည်’ ဟူ၍ ထုံးပြုထားပါသည်။

အထက်ပါစီရင်ထုံးမှာ Any Other Person မဟုတ်ဘဲ မူလရုံးမှ လိုက်ခဲ့သည့် အထက်တန်းရှေ့နေအား နိုင်ငံတော်တရားရုံးချုပ်တွင် ဆက်လက်လိုက်ပါဆောင်ရွက်စေခဲ့ခြင်းဖြစ်ပါသည်။

ဥပဒေအတွေ့အကြုံမရှိသူ၊ ဥပဒေ၊ နည်းဥပဒေများကို နားမလည်သူများအား တရားရုံးများတွင် ဝင်ရောက်ဆောင်ရွက်ခြင်းမှာ တရားရုံးများတွင် လွန်စွာကသိကအောက်ဖြစ်ရသော အသိမျိုးကို စာရေးသူမှ ကြုံခဲ့ရဖူးပါသည်။

ထိုပုဂ္ဂိုလ်မှာ တရားရုံးတွင် လျှောက်လဲချက်ပေးရန် ဝင်လာစဉ်ကတည်းက အဆူဆူသောဘုရား၏အမည်များကိုရွတ်ဖတ်သရဇ္ဈာယ်သကဲ့သို့ နတ်အမည်အမျိုးမျိုးကိုလည်း မေတ္တာပို့ပြီးနောက် အမှု၏အကြောင်းအရာ အချက်အလက်များနှင့်ပတ်သက်၍ ထပ်တလဲလဲပြောဆိုနေခြင်းကြောင့် တရားရုံးတွင် အချိန်များစွာ ကုန်ရသကဲ့သို့ တရားသူကြီးများသည်လည်း လွန်စွာကသိကအောက်ဖြစ်ရပါသည်။

တစ်ဖန် ဥပဒေအား သိကျွမ်းခြင်းမရှိသူ အရပ်သားများမှ တရားရုံး၏ ခွင့်ပြုချက်ဖြင့် ဝင်ရောက်ဆောင်ရွက်မည်ဆိုပါကလည်း ထိုသူ၏ ဥပဒေ၊ နည်းဥပဒေ နားလည်မှုမရှိခြင်းကြောင့် တစ်ဖက်အမှုသည်မှ အခွင့်အရေး ရယူသွားမည်ဖြစ်ပြီး တရားစီရင်ရေးမှာလည်း တိမ်းစောင်းသွားမည်ဖြစ်ကြောင်းနှင့် တရားစီရင်ရေး၏အနာဂတ်မှာ ရင်လေးဖွယ်ရာဖြစ်ကြောင်း တင်ပြလိုက်ရပါသည်။

**ဦးရီစိန် (တရားလွှတ်တော်ရှေ့နေ)**

# ဗြိတိန် မြန်မာ ဆက်ဆံရေး တိုးမြှင့်ခြင်း



**ဗြိတိသျှ နိုင်ငံခြားရေးဝန်ကြီး ဘောရစ်စ်ဂျွန်ဆင်**
**The Voice အတွက် သီးသန့်ရေးသားပေးပို့သည်။**

၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့ မြန်မာနိုင်ငံမှာ နှစ်ပေါင်း ၆၀ အတွင်း ပထမဆုံးအကြိမ် ဒီမိုကရေစီ ရွေးကောက်ပွဲ ကျင်းပခဲ့တဲ့ အချိန်ကစပြီး အပြောင်းအလဲတွေ အများကြီး ဖြစ်ပေါ်လာခဲ့ပါတယ်။ အစိုးရသစ်က အချုပ်အခြာအာဏာကို အများမျှော်လင့်ထားတာထက်ပိုပြီး ချောချောမွေ့မွေ့လက်လွှဲယူနိုင်ခဲ့ပါတယ်။ နိုင်ငံရေးအကျဉ်းသား ရာချီကိုလည်း လွှတ်ပေးခဲ့ပါတယ်။ လွှတ်တော်အတွက် ရွေးကောက်ထားတဲ့ ကိုယ်စားလှယ်သစ်တွေအနေနဲ့ ဖိနှိပ်ချုပ်ချယ်တဲ့ ဥပဒေတွေကို စတင်ဖျက်သိမ်းလာခဲ့ပါတယ်။

မြန်မာနိုင်ငံကို လာရောက်လည်ပတ်စဉ်အတွင်း ဒီအပြောင်းအလဲတွေကို ကျွန်တော့်အနေနဲ့ ကိုယ်တိုင်ကိုယ်ကျ မြင်တွေ့ခဲ့ပါတယ်။ ဘဝတစ်လျှောက်လုံး ငြိမ်းချမ်းစွာ လှုပ်ရှားခဲ့ပြီးတဲ့နောက် ဒီမိုကရေစီ အခြေစိုက်နိုင်ရေးအတွက် စိန်ခေါ်မှုတွေကို ကြိုးစားကိုင်တွယ်နေတဲ့ နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နဲ့ ကျွန်တော် တွေ့ဆုံခဲ့ပါတယ်။

တစ်ချိန်က နိုင်ငံ့ဖွံ့ဖြိုးတိုးတက်ရေးကိုပါဝင်ဆောင်ရွက်ခွင့်ရဖို့အိပ်မက်ပဲမက်ခဲ့ရပြီး ယခုအချိန်မှာ ကိုယ်တိုင်ပါဝင်ဆောင်ရွက်ဖို့ အခွင့်အရေးရနေပြီဖြစ်တဲ့ ရန်ကုန်တိုင်းဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းကဲ့သို့ နိုင်ငံရေးအကျဉ်းသားဟောင်းများနဲ့လည်း တွေ့ဆုံခဲ့ပါတယ်။ ဥပဒေပြုရေးတာဝန်တွေနဲ့ မိမိတို့ရဲ့မဲဆန္ဒနယ်တွေကို ကိုယ်စားပြုနိုင်ဖို့ နေ့မအား ညမနား ကြိုးစားနေတဲ့ လွှတ်တော်အမတ်တွေနဲ့ တွေ့ဆုံခဲ့ပါတယ်။

၂၀၁၅ ခုနှစ် အဲဒီနေ့ကစပြီး ဗြိတိန်နိုင်ငံမှာလည်း အပြောင်းအလဲတွေ အများကြီး ဖြစ်ပေါ်ခဲ့ပါတယ်။ လူထုမဲဆန္ဒခံယူပွဲပြုလုပ်ခဲ့ပြီး ဗြိတိန်ပြည်သူတွေက ဥရောပသမဂ္ဂမှ ခွဲထွက်ဖို့ မဲပေးရွေးချယ်ခဲ့ကြပါတယ်။

ဒါပေမဲ့ တော်တော်များများကတော့ အရင်အတိုင်းပဲ ရှိနေမှာပါ။ ခိုင်မာနက်ရှိုင်းတဲ့ ရှိရင်းစွဲ ခင်မင်ရင်းနှီးမှုမှ အစပြုပြီး ဗြိတိန်နိုင်ငံအနေနဲ့ မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီတံခွန်စိုက်နိုင်ရေးကို ပံ့ပိုးထောက်ပံ့ကူညီပေးမယ်ဆိုတဲ့ ကတိကဝတ်တွေ အပါအဝင် ဖြစ်ပါတယ်။

ဗြိတိန်ဟာ ဥရောပသမဂ္ဂမှ ခွဲထွက်လိုက်မှုကြောင့် ပင်လယ်ရပ်ခြားနိုင်ငံခြားရေးရာ ဆောင်ရွက်ချက်တွေမှာ အားနည်းသွားမှာလားလို့ ကျွန်တော့်ကို ရံဖန်ရံခါ မေးမြန်းကြပါတယ်။ ကျွန်တော်ကတော့ ဒါရဲ့ ဆန့်ကျင်ဘက်က မှန်ပါတယ်လို့ ဖြေဆိုပါရစေ။

ကျွန်တော်အပါအဝင် ပြည်သူအများစုက ဥရောပသမဂ္ဂကနေ ခွဲထွက်ဖို့ မဲပေးတာက ကိုယ့်ပြည်တွင်းရေးအတွက်ကိုပဲ စဉ်းစားဖို့မဟုတ်သလို နိုင်ငံခြားသားတွေကိုမလိုလား မနှစ်သက်လို့မဟုတ်ပါဘူး။ ဒီမိုကရေစီကို ယုံကြည်ပြီး ဗြိတိန်မှာ ရွေးကောက်တင်မြှောက်ထားတဲ့ လွှတ်တော်ရဲ့ အခွင့်အာဏာကို တိုးမြှင့်လိုလို့ ဖြစ်ပါတယ်။

> **လူ့အခွင့်အရေးချိုးဖောက်မှုတွေနဲ့ ပတ်သက် တဲ့ စွပ်စွဲမှုတွေကို ဘက်မလိုက်ဘဲ ပြည့်ပြည့်ဝဝ စုံစမ်းစစ်ဆေးခြင်းရဲ့အရေးပါမှုနဲ့ လူသားချင်းစာနာထောက်ထားတဲ့ လုပ်ဆောင်မှုတွေ ဆောင်ရွက်နိုင်ဖို့ လွတ်လပ်စွာ ဝင်ထွက်သွားလာနိုင်ရေးရဲ့အရေးပါမှုတွေကို လည်း အလေးပေး ပြောကြားလိုပါတယ်။**

ဗြိတိန်နဲ့ မြန်မာနိုင်ငံအနေနဲ့ စီးပွားရေးလုပ်ငန်းတွေ၊ ပညာရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုတွေနဲ့မြန်မာနိုင်ငံကိုပံ့ပိုးကူညီဖို့ပေါင် ၁၁၈ သန်း ပံ့ပိုးမှု အစီအစဉ်တွေအားဖြင့် နှစ်နိုင်ငံ ချစ်ကြည်ရေးကို ပိုမိုခိုင်မြဲစေဖို့ ကြိုးစားနေကြတာကို ကျွန်တော် မြင်တွေ့ရပါတယ်။

ဒီမိုကရေစီ အပြောင်းအလဲကို အထောက်အကူပြုဖို့ ယူကေကပံ့ပိုးပေးတဲ့ ပေါင် ၂၅ သန်း အစီအစဉ်ကြောင့် မြန်မာလွှတ်တော် ကိုယ်စားလှယ်တွေအနေနဲ့ အကျိုးကျေးဇူးတွေ ရရှိနေတာကိုလည်း ကျွန်တော်မြင်တွေ့ရပါတယ်။

ထိခိုက်ပြိုကွဲလွယ်တယ်လို့ ကျွန်တော်ယူဆတဲ့ မြန်မာနိုင်ငံရဲ့ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ယူကေအနေနဲ့ ပံ့ပိုးကူညီပေးနေတယ် ဆိုတာကိုလည်း ကျွန်တော် ကြားသိပြီးဖြစ်ပါတယ်။ ဤကာလအတွင်းမှာပဲ ဒေသန္တရအဆင့် ငြိမ်းချမ်းရေးတည်ဆောက်မှု အစီအစဉ်တွေကို ကျွန်တော်တို့အနေနဲ့ တိုးမြှင့်ဆောင်ရွက်ပေးနေပြီး ပဋိပက္ခတွေကြောင့် သူတို့ရဲ့မိခင်နယ်မြေတွေက ထွက်ပြေးတိမ်းရှောင်လာရသူတွေ၊ ထိခိုက်နစ်နာသူတွေကိုကျွန်တော်တို့ ပံ့ပိုးကူညီပေးနေပါတယ်။

ကျွန်တော်တို့ရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအကူအညီက မြန်မာနိုင်ငံတစ်ဝန်းက ပြည်သူတွေကို ဘယ်လောက်အတိုင်းအတာအထိ အထောက်အပံ့ဖြစ်စေလဲဆိုတာကိုလည်း မျက်မြင်တွေ့ပြီး ဖြစ်ပါတယ်။ ကော်ပိုရိတ်စီမံအုပ်ချုပ်မှု တိုးမြှင့်ခြင်း၊ ငွေကြေးဈေးကွက်များ ဖွင့်လှစ်ပေးခြင်းနဲ့ ရေနံနဲ့ သဘာဝဓာတ်ငွေ့ကဏ္ဍမှာ စွမ်းဆောင်ရည်မြှင့်တင်ခြင်း စတဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွေကို ပံ့ပိုးပေးနိုင်ဖို့ ဗြိတိန်ရဲ့ ကျွမ်းကျင်မှုတွေကို နေရာတကျ စီစဉ်ကမ်းလှမ်းပေးလျက်ရှိပါတယ်။

ပြည်သူ့ငွေကြေးစီမံခန့်ခွဲမှုကို ခိုင်မာအားကောင်းစေဖို့ အစိုးရကိုလည်း ပံ့ပိုးကူညီပေးလျက်ရှိပါတယ်။ မြန်မာနိုင်ငံရဲ့ ပြည်သူ့အသုံးစရိတ်အတွက် ထပ်တိုးအခွန်ငွေ အမေရိကန်ဒေါ်လာ ၁ ဘီလီယံကျော် တိုးမြှင့်ကောက်ခံနိုင်ခဲ့ပါတယ်။ ဗြိတိန်က ပံ့ပိုးတဲ့အစီအစဉ်တွေက မြန်မာအမျိုးသမီး ၂ သန်းခန့်ကို သူတို့တတ်နိုင်မယ့် သင့်တင့်တဲ့ ချေးငွေအစီအစဉ်တွေ ဖော်ဆောင်ပေးခြင်းဖြင့် ကိုယ်ပိုင်စီးပွားရေး ဦးတည်ချက်တွေကို အကောင်အထည်ဖော်နိုင်ဖို့ အခွင့်အလမ်းပေးနိုင်ခဲ့ပါတယ်။

အခုအချိန်အခါက အခွင့်အလမ်းကောင်းတွေအများကြီး ရှိတဲ့အတွက် စိတ်လှုပ်ရှားစရာ အချိန်အခါပါပဲ။ ဒါပေမဲ့ မြန်မာနိုင်ငံအနေနဲ့ ကြုံတွေ့နေရတဲ့ စိန်ခေါ်မှုတွေနဲ့ လူတိုင်းအခွင့်အလမ်းတွေကို ချဉ်းကပ်နိုင်အောင် ဆောင်ရွက်ပေးနိုင်မှုရဲ့အရေးပါမှုတွေကိုလည်း ကျွန်တော်တို့ ဆွေးနွေးခဲ့ပါတယ်။ ဖြစ်နိုင်တဲ့နေရာတိုင်းမှာ ဗြိတိန်အနေနဲ့ ပံ့ပိုးကူညီပေးသွားမှာ ဖြစ်ပါတယ်။

ရခိုင်ပြည်နယ်ရဲ့စိုးရိမ်စရာအနေအထားနဲ့ပတ်သက်ပြီး အောက်တိုဘာလက လုံခြုံရေးဝန်ထမ်းတွေကို တိုက်ခိုက်ခဲ့မှုအတွက်လည်း ဝမ်းနည်းကြောင်း ပြောကြားလိုပါတယ်။ လူ့အခွင့်အရေးချိုးဖောက်မှုတွေနဲ့ပတ်သက်တဲ့ စွပ်စွဲမှုတွေကို ဘက်မလိုက်ပဲ ပြည့်ပြည့်ဝဝ စုံစမ်းစစ်ဆေးခြင်းရဲ့ အရေးပါမှုနဲ့ လူသားချင်းစာနာထောက်ထားတဲ့ လုပ်ဆောင်မှုတွေ ဆောင်ရွက်နိုင်ဖို့ လွတ်လပ်စွာ ဝင်ထွက်သွားလာနိုင်ရေးရဲ့အရေးပါမှုတွေကိုလည်း အလေးပေး ပြောကြားလိုပါတယ်။

ဒီမိုကရေစီခေါင်းဆောင်မှုပုံစံကို နှစ်ပေါင်း ၅၀ အတွင်း ပထမဆုံးပြောင်းလဲဖော်ဆောင်ရတာဖြစ်တဲ့အတွက် ဘယ်အစိုးရအတွက်မဆို စိန်ခေါ်မှုတွေကြုံရမှာ မလွဲမသွေပါပဲ။ စီးပွားရေးဆိုင်ရာ စိန်ခေါ်မှုတွေကလည်း ကြီးမားပါတယ်။ ဒီမိုကရေစီအသွင်ကူးပြောင်းမှုက နူးညံ့သိမ်မွေ့ပြီး တပ်မတော်အနေနဲ့ ဒီမိုကရေစီစနစ်မှာ သူ့ရဲ့ ကျရာအခန်းကဏ္ဍကို ဆောင်ရွက်ကာ အရပ်ဘက်အစိုးရအပေါ် အပြည့်အဝတာဝန်ခံမှု၊ တာဝန်ယူမှုပေးရမှာ ဖြစ်ပါတယ်။

ရန်ကုန်အထွေထွေဆေးရုံကြီးကို ကျွန်တော်သွားရောက်ခဲ့စဉ်က အရေးပေါ်စောင့်ရှောက်မှုကို တိုးတက်စေဖို့ ဗြိတိသျှဆေးရုံတွေက ရန်ကုန်ကဆေးရုံတွေနဲ့ လက်တွဲအလုပ်လုပ်ဖို့ ယူကေရဲ့ရန်ပုံငွေက ဘယ်ပုံဘယ်နည်း ထောက်ကူပေးတယ်ဆိုတာကို တွေ့မြင်ခဲ့ရပါတယ်။ နောက်ပြီး ကြီးကျယ်ခမ်းနားတဲ့ ဆေးရုံအဆောက်အအုံ မွမ်းမံပြင်ဆင်ရေးကို ယူကေရဲ့ ရန်ပုံငွေနဲ့ ဘယ်လိုပံ့ပိုးပေးနေတယ် ဆိုတာကိုလည်း မြင်တွေ့ခဲ့ရပါတယ်။

စီးပွားရေးကို ထောက်ကူပေးတဲ့ ကာလရှည်ကြာ အတွေ့အကြုံတွေ၊ နည်းပညာအထောက်အပံ့တွေနဲ့ ငွေကြေး တီထွင်ဖန်တီးဖော်ဆောင်မှုတွေ ယူဆောင်ပေးတဲ့ ယူကေစီးပွားရေးလုပ်ငန်းများနဲ့ လက်တွဲဆောင်ရွက်နေတဲ့ မြန်မာစီးပွားရေးလုပ်ငန်းတွေနဲ့လည်း တွေ့ဆုံခဲ့ပြီး ဖြစ်ပါတယ်။ ကျွန်တော့်ရဲ့ အလည်အပတ်ခရီးစဉ်အတွင်း လှပတဲ့မြန်မာနိုင်ငံရဲ့ အလားအလာ ကောင်းများစွာကို တွေ့ကြုံခွင့် ရခဲ့ပါတယ်။ အရှေ့တောင်အာရှမှာ တစ်ချိန်က အချမ်းသာဆုံးဖြစ်ခဲ့တဲ့ မြန်မာနိုင်ငံကို စီးပွားရေးအင်အားကြီးနိုင်ငံတစ်ခုအဖြစ် ပြန်လည်မြင်ယောင်လိုပါတယ်။ ဗြိတိသျှတွေကလည်း ဖြစ်နိုင်တဲ့အကူအညီတွေ အားလုံးပေးကြတာကို ကျွန်တော် မြင်ချင်ပါတယ်။ ■



# လှည်းတန်းခုံးကျော်တံတားအောက်တွင် အနုပညာစီမံကိန်းကို ဆက်လက်လုပ်ဆောင်မည်

**ရန်ကုန်၊ ဇန်နဝါရီ ၂၆**

အများပြည်သူ အပန်းဖြေအနားယူနိုင်ရန် မြေနီကုန်းခုံးကျော်တံတား အနုပညာစီမံကိန်းကဲ့သို့သောစီမံကိန်းကို လှည်းတန်း ခုံးကျော်တံတားအောက်တွင်လည်းဆောင်ရွက်ရန် စီစဉ်နေကြောင်း မြေနီကုန်းခုံးကျော် တံတားစီမံကိန်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

“ခုံးကျော်တံတားတွေထဲကမှ အရင်ဆုံး လှည်းတန်းကိုဆောင်ရွက်ဖို့ စဉ်းစားထားပါတယ်။ လှည်းတန်းက လူစည်တယ်။ လူသွားလူလာလည်း များတယ်။ အသုံးတည့်မယ်လို့ ထင်ပါတယ်။ ဘေးနားမှာ ရန်ကုန်တက္ကသိုလ်လည်း ရှိတဲ့အတွက် လူငယ်တွေလည်း အပန်းဖြေလို့ ရမယ်” ဟု ၎င်းကဆိုသည်။



ဓာတ်ပုံ - ရဲပြည့်ဇာနည်

ဇန်နဝါရီလ ၂၅ ရက်နေ့က ဖွင့်လှစ်ခဲ့သည့် မြေနီကုန်းခုံးကျော်တံတားအောက်ရှိ အနုပညာစီမံကိန်းမြင်ကွင်းတစ်နေရာ

မြေနီကုန်းခုံးကျော်တံတားအောက်ရှိ အနုပညာစီမံကိန်းကို အဆင့်မြှင့်တင်မှုများပြုလုပ်ပြီး ဇန်နဝါရီလ ၂၅ ရက်က ဖွင့်လှစ်ခဲ့ကြောင်း ဆက်လက်၍ ရန်ကုန်မြို့ရှိ ခုံးကျော်တံတားများအောက်တွင် လူအများ အပန်းဖြေအနားယူနိုင်ရန် နေရာများကိုရန်ကုန်တိုင်းဒေသကြီးအစိုးရနှင့် ဆွေးနွေးတိုင်ပင်ကာ လုပ်ဆောင်မည်ဖြစ်ကြောင်း မြေနီကုန်းခုံးကျော်တံတား အနုပညာစီမံကိန်းမှ Project မန်နေဂျာ ဦးအောင်ခန့်က ပြောကြားသည်။

နောက်ပိုင်းဖော်ဆောင်မည့်အဆိုပါ စီမံကိန်းများတွင် ဘောလုံးကွင်း၊ ခြင်းလုံးကွင်းနှင့် အကနေရာများ၊ အနုပညာလက်ရာမြောက်လျှောက်လမ်းများ၊ အပင်များ စိုက်ပျိုးထားသည့် လမ်းလယ်ကျွန်းများ တည်ဆောက်ခြင်း၊ လူကူးမျဉ်းကျားများနှင့် ပြည်သူများအနားယူရန် ထိုင်ခုံများ၊ အုတ်ခုံရှည်များ ပါရှိမည်ဖြစ်သည်။

လက်ရှိရန်ကုန်မြို့တွင် မြေနီကုန်းခုံးကျော်တံတား၊ လှည်းတန်းခုံးကျော်တံတား၊ ရွှေဂုံတိုင်ခုံးကျော်တံတား၊ ကုက္ကိုင်းခုံးကျော်တံတား၊ ၈ မိုင်ခုံးကျော်တံတား၊ တာမွေအဝိုင်းခုံးကျော်တံတား၊ အင်းစိန်ခုံးကျော်တံတားနှင့် ဘုရင့်နောင်ခုံးကျော်တံတားတို့ ရှိကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီထံမှ သိရသည်။

■ J-10

# ရော်ဘာထုတ်လုပ်မှုပုံစံ အားနည်းချက်ကြောင့် ဈေးနှိမ်ဝယ်ယူ

**ရန်ကုန်၊ ဇန်နဝါရီ ၂၆**

ပြည်တွင်းမှထုတ်လုပ်သော ရော်ဘာများသည် အရည်အသွေးကောင်းမွန်သော်လည်း ထုတ်လုပ်မှုပုံစံ အားနည်းချက်များကြောင့် ဈေးနှိမ်ဝယ်ယူမှုများ ရှိကြောင်း ရော်ဘာစိုက်ပျိုး ထုတ်လုပ်ရောင်းချသူများအသင်း ဥက္ကဋ္ဌ ဦးအောင်မြင့်ထူးက ပြောကြားသည်။

ယင်းကြောင့် ရော်ဘာကို အရည်အသွေး စံသတ်မှတ်ချက်များဖြင့်ရောင်းချမည့် ရော်ဘာဗဟိုဈေးကွက် ဖော်ဆောင်ရန် လုပ်ဆောင်နေပြီး ရော်ဘာဈေးကွက်ပေါ်ပေါက်လာပါက အရည်အသွေးအလိုက် ထိုက်သင့်သည့် ဈေးနှုန်း ရရှိမည်ဖြစ်ကြောင်း ၎င်းကပြောဆိုသည်။

“ဈေးကွက်ဖော်မယ်။ ပြီးရင် အဲဒီဈေးကွက်မှာ သတ်မှတ်ထားတဲ့ အလျား၊ အနံဘယ်လောက်ရှိတယ်၊ အရည်အသွေး စံဘယ်လောက်ဆိုတဲ့ဟာတွေပဲ ရောင်းချခွင့်ရတော့မယ်” ဟု ၎င်းကရှင်းပြသည်။

လက်ရှိတွင် မွန်ပြည်နယ် မုဒုံမြို့မှာ ရော်ဘာကို အဓိကဝယ်ယူသည့်ဈေးကွက်ဖြစ်နေပြီး ရော်ဘာကို ပြည်ပသို့တင်ပို့နေသောကုမ္ပဏီများက ခြံပိုင်ရှင်များထံမှ အရည်အသွေးကောင်းရော်ဘာများကို ဈေးပေါပေါဖြင့် ဝယ်ယူနေကြကြောင်း ရော်ဘာခြံပိုင်ရှင် ဦးမြင့်သိန်းက ပြောဆိုသည်။

ရော်ဘာဈေးကွက်သည် အရည်အသွေး ကျဆင်းမှုများကြောင့် တရုတ်သို့ အားကိုးတင်ပို့နေရပြီး အရည်အသွေးကောင်းမွန်လာပါက အီးယူဈေးကွက်များသို့ ယှဉ်ပြိုင်ရောင်းချလာနိုင်မည်ဖြစ်ကြောင်း၊ ယင်းကဲ့သို့ ဈေးကွက်ဖော်ဆောင်ခြင်းမှာ အရည်အသွေးများ ပိုကောင်းလာနိုင်ကြောင်း ၎င်းကဆိုသည်။

၂၀၁၆ နှစ်ကုန်ပိုင်းလောက်မှစ၍ ရော်ဘာဈေးမှာ ဈေးကောင်းရရှိလာသော်လည်း ထုတ်လုပ်ရေးအပိုင်းတွင် စနစ်တကျဆောင်ရွက်ခြင်း မရှိသေးခြင်းနှင့် နည်းပညာအားနည်းမှုများကြောင့် ရသင့်သည့်ဈေးနှုန်းထက် များစွာလျော့ကျပြီး ရောင်းချနေရကြောင်း ရော်ဘာစိုက်ပျိုး ထုတ်လုပ်ရောင်းချသူများထံမှ သိရသည်။

လက်ရှိရော်ဘာပေါက်ဈေးမှာ RSS/3 တစ်ပေါင်ကို ၁၁၇၀ ကျပ်ရှိကြောင်း ရော်ဘာဈေးကွက်အတွင်းမှ သိရသည်။

■ J-13

# MECTel CDMAဆင်းမ်ကတ်များအင်းဝဘဏ်များတွင် မှတ်ပုံတင်နိုင်မည်

**ရန်ကုန်၊ ဇန်နဝါရီ ၂၆**

မြန်မာ့စီးပွားရေးကော်ပိုရေး (MEC) က ဝန်ဆောင်မှုပေးနေသော MECTel CDMA 800 MHz ဆင်းမ်ကတ်များကို အွန်လိုင်းမှ မှတ်ပုံတင်နိုင်မည့်အပြင် ယခုအခါတွင် အင်းဝဘဏ်ခွဲတိုင်းတွင် မှတ်ပုံတင်နိုင်မည်ဖြစ်ကြောင်း MEC ထံမှ သိရသည်။

မြို့နယ်အသီးသီးရှိ အင်းဝဘဏ်ခွဲတိုင်းတွင် မှတ်ပုံတင်ရာ၌ ဆင်းမ်ကတ်သုံးစွဲသူများအနေနှင့် နိုင်ငံသားစိစစ်ရေးကတ် မူရင်း (သို့) တရားဝင်ကိုင်ဆောင်ထားသော ကတ်တစ်ခုခုနှင့်တကွ မိတ္တူတစ်စုံတို့ဖြင့် သွားရောက်မှတ်ပုံတင်နိုင်မည်ဖြစ်သည်။

ယင်းသို့ ဆင်းမ်ကတ်ကို မှတ်ပုံတင်ဆောင်ရွက်ထားခြင်းကြောင့် မိမိကိုင်ဆောင်ထားသော ဆင်းမ်ကတ်ကို လုံခြုံမှုအပြည့်အဝရရှိခြင်း၊ မိုဘိုင်းလ်ဖုန်းအသုံးပြု၍ ပုဂ္ဂိုလ်ရေးရာနှောင့်ယှက်မှုများနှင့် မိုဘိုင်းလ်ကွန်ရက် အသုံးပြုသော ရာဇဝတ်မှုများကို အလွယ်တကူ ရှာဖွေနိုင်မည်ဖြစ်သည်။

■ J-01

# စက်မှုထုတ်ကုန်ပစ္စည်းပြပွဲ ကျင်းပမည်

**ရန်ကုန်၊ ဇန်နဝါရီ ၂၆**

စက်မှုဝန်ကြီးဌာနနှင့် MPS ကုမ္ပဏီတို့ပူးပေါင်း၍ ပြည်တွင်းပြည်ပ စက်မှုနှင့်နည်းပညာကုမ္ပဏီများမှ ထုတ်ကုန်ပစ္စည်းများကို ဇန်နဝါရီလ ၂၇ ရက်နေ့မှ ၂၉ ရက်နေ့အထိ ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမတွင် ကျင်းပမည်ဖြစ်ကြောင်း ယင်းကုမ္ပဏီထံမှ သိရသည်။

ယင်းပြပွဲတွင် စက်မှုဝန်ကြီးဌာနမှ စက်မှုအကြီးစား ၁၊ ၂၊ ၃၊ စက်မှုကြီးကြပ်နှင့် မြန်မာ့ဆေးဝါးဌာနမှ ထုတ်ကုန်များနှင့်အတူ ကုမ္ပဏီ ၅၀ ကျော်နှင့် ပြခန်း ၁၅၀ ကျော်တို့ဖြင့် ပြည်တွင်းပြည်ပမှ စက်မှုနှင့်နည်းပညာ ကုမ္ပဏီကြီးများမှ ထုတ်ကုန်ပစ္စည်းများစွာကို ပြသမည်ဖြစ်ကြောင်း ယင်းကုမ္ပဏီထံမှ သိရသည်။

■ S-04

# ဆေးရုံကြီးတွင် ညှော့ကြိုအမျိုးသမီးဝန်ထမ်းများ တိုးမြှင့်ခန့်

**ရန်ကုန်၊ ဇန်နဝါရီ ၂၆**

ရန်ကုန်ဆေးရုံကြီး ပြင်ပလူနာဌာနနှင့် အရေးပေါ်ဌာနတို့တွင် လာရောက်ဆေးဝါးကုသမှုခံယူသည့် လူနာရှင်များကို ကူညီလမ်းညွှန်ပေးမည့် ညှော့ကြိုအမျိုးသမီးဝန်ထမ်းများကို ဇန်နဝါရီလဒုတိယပတ်က ထပ်မံခေါ်ယူခဲ့ကြောင်း ဆေးရုံကြီး အုပ်ချုပ်ရေးအဖွဲ့ထံမှ သိရှိရသည်။

ဆေးရုံကြီးတွင် ဆေးလူမှုဆက်ဆံရေးဌာနကို စတင်ဖွင့်လှစ်ခဲ့ပြီး စွန့်ပစ်လူနာများကိုကူညီလက်ခံဆောင်ရွက်ပေးခဲ့သော်လည်း ဆေးရုံကြီးသို့ တက်ရောက်ကုသနေသောလူနာအများစုအတွက် ရောဂါကုသဆောင်များသို့ ကူညီလမ်းညွှန်ပေးမည့် ညှော့ကြိုဝန်ထမ်း အမျိုးသမီးရှစ်ဦးကို ခုတင် ၂၀၀ အထက် ဆေးရုံများတွင် ဆက်လက်ခန့်ထားခဲ့ခြင်းဖြစ်သည်။

အဆိုပါ ညှော့ကြိုဝန်ထမ်းတိုးမြှင့်ခန့်အပ်လိုက်သည်မှာ သတ်မှတ်ပြဋ္ဌာန်းချက်အရ ခုတင် ၂၀၀ အထက်ဆေးရုံများအတွက် မှန်ကန်သော်လည်း လူနာတက်ရောက်မှုနှုန်း မထူးခြားသည့် ဆေးရုံများတွင် ဆက်လက်ခန့်ခြင်းမရှိကြောင်း ရန်ကုန်ဆေးရုံကြီး အုပ်ချုပ်ရေးအဖွဲ့ထံမှ သိရှိရသည်။

“အဓိကတော့ လူနာတွေ များလာတဲ့အခါ လမ်းညွှန်ဖို့နဲ့ ကြိုဆိုပေးဖို့ ဘွဲ့ရအမျိုးသမီးဝန်ထမ်းတွေ ခန့်လိုက်တာပါ။ နောက်ပြီး လူမှုဆက်ဆံရေးဆိုင်ရာတွေလည်း ကူညီပေးဖို့ပေါ့။ ယခင်က ဆယ့်နှစ်ဦးနဲ့ စုစုပေါင်းဝန်ထမ်းနှစ်ဆယ်ရှိသွားပြီ” ဟု အဆိုပါအဖွဲ့မှ တာဝန်ရှိသူက ဆိုသည်။

အဆိုပါ ညှော့ကြိုအမျိုးသမီးဝန်ထမ်းများနှင့်အတူ ဆေးရုံလုံခြုံရေးဝန်ထမ်း ၄၀ ဦးပါ တစ်သုတ်တည်းခေါ်ယူခန့်အပ်ခဲ့ခြင်းဖြစ်သည်။

ရန်ကုန်ဆေးရုံကြီး ပြင်ပလူနာဌာန (အထူးကု)ထံ ပုံမှန်လာရောက်ပြသသူ လူနာဦးရေ ၅၀၀ နီးပါးရှိပြီး အရေးပေါ်ကုသဌာနထံ နေ့စဉ်တက်ရောက်ကုသသည့် လူနာဦးရေ ၃၀၀ နှင့် ၅၀၀ ကြား နေ့စဉ်ရှိကြောင်း အဆိုပါဆေးရုံကြီး၏ စာရင်းများအရ သိရှိရသည်။

■ J - 17

# WEEKEND GUIDE

**စနေ၊** တနင်္ဂနွေလို ပိတ်ရက်တွေမှာ မိသားစုကို အချိန်ပေးရင်း အပန်းဖြေချင်ကြတဲ့သူတွေရှိသလို သူငယ်ချင်းမိတ်ဆွေတွေနဲ့ ပျော်ပျော်ပါးပါး လျှောက်သွားရင်း အချိန်ကုန်ချင်ကြတဲ့သူတွေလည်း ရှိကြမှာပါ။ အဲဒီလို မိသားစုနဲ့ အချိန်ဖြုန်းချင်ကြတဲ့သူတွေအတွက် မိသားစုလိုက်သွားနိုင်မယ့် နေရာလေးတွေ၊ သူငယ်ချင်းတွေနဲ့ လျှောက်သွားချင်ကြတဲ့သူတွေအတွက်လည်း ပြပွဲတွေကို လက်လှမ်းမီသလောက် စုစည်းပြောပြလိုက်ပါတယ်။

## ကလေး စာပေ ပွဲတော်

ကိုယ့်ရဲ့ချစ်စရာကောင်းတဲ့ သားသား၊ မီးမီးလေးတွေကို စာပေနဲ့ပတ်သက်ပြီး ဗဟုသုတအနေနဲ့ ပြသချင်တဲ့သူတွေအတွက် ပြန်ကြားရေးဝန်ကြီးဌာနနဲ့ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့တို့ ပူးပေါင်းကျင်းပပေးတဲ့ ကလေးစာပေပွဲတော်ကို ညွှန်းချင်တယ်။ ဒီပွဲမှာ ကလေးတွေနဲ့ သက်ဆိုင်တဲ့စာအုပ်၊ စာပေတွေကို ခင်းကျင်းပြသပေးထားမှာဖြစ်ပြီး ကလေးတွေ ဝင်ရောက်ကစားနိုင်မယ့် ကစားနည်းမျိုးစုံနဲ့ ဂိမ်းပြိုင်ပွဲမျိုးစုံကိုလည်း ဝင်ရောက်ကစားနိုင်မှာဖြစ်ပါတယ်။ ကလေးတွေအမှတ်တရ ဓာတ်ပုံရိုက်ကူးနိုင်အောင် အရုပ်မျိုးစုံကိုလည်း ပြင်ဆင်ပေးထားတာ တွေ့ရမှာပါ။ ကလေးစာပေပွဲတော်ကို ဇန်နဝါရီ ၂၇ ရက်နေ့ကနေ ၂၉ ရက်နေ့၊



နေ့စဉ် နံနက် ၉ နာရီကနေ ညနေ ၅ နာရီအထိ မြန်မာသတင်းအချက်အလက်နည်းပညာတက္ကသိုလ် (MIIT)၊ မန္တလေးမြို့မှာ ပြုလုပ်သွားမှာဖြစ်ပါတယ်။ ■

## ရန်ပုံငွေ ဖျော်ဖြေပွဲ



ဖျော်ဖြေပွဲကြည့်ချင်တဲ့သူတွေအတွက် ပြေတီဦး ဖောင်ဒေးရှင်းက ကျင်းပပြုလုပ်မယ့် ရန်ပုံငွေပဒေသာကပွဲကို ပြောပြချင်တယ်။ ဒီပွဲမှာ တေးသီချင်းတွေနားဆင်လိုသူများအတွက်က တေးသံရှင် ဇော်ဝင်းထွဋ်၊ လင်းလင်း၊ ရဲအောင်၊ ဟေမာနေဝင်း၊ ကော်နီ၊ ထွန်းအိန္ဒြာဗို၊ ချမ်းချမ်း၊ စိုးပြည့်သဇင်တို့က ပူးပေါင်းဖျော်ဖြေသွားမှာဖြစ်ပြီး ဟာသပြဇာတ်ကြည့်ချင်သူတွေကိုတော့ ရန်အောင်၊ လူမင်း၊ ခန့်စည်သူ၊ နေတိုး၊ ကျော်ကျော်ဗို၊ ထွန်းထွန်း၊ ရဲလေး၊ ညီထွဋ်ခေါင်၊ ဦးအောင်လွင်၊ ကိုပေါက်၊ ငှက်ပျောကြော်၊ 5 Star အဖွဲ့နဲ့ ပြေတီဦး၊ ထွန်းအိန္ဒြာဗို၊ မေသဥ္ဇာဦး၊ အိန္ဒြာကျော်ဇင်၊ ခိုင်နှင်းဝေ၊ အိချောပို၊ ယုသန္တာတင်၊ နန်းခင်ဇေယျာ၊ ခင်ဝင့်ဝါ၊ ပိုင်ဖြိုးသု၊ ရွှေသမီး၊ ရတနာဗိုလ်နဲ့ ယွန်းရွှေရည်တို့က ဖျော်ဖြေတင်ဆက်သွားမှာ ဖြစ်ပါတယ်။ လက်မှတ်ဈေးနှုန်းတွေက ၃၀၀၀၀ ကျပ်၊ ၂၀၀၀၀ ကျပ်နဲ့၁၀၀၀၀ ကျပ်တို့ဖြစ်ပြီး ဝယ်ယူချင်တယ်ဆိုရင် မန်းသီရိတေးသံသွင်း၊ Nobody ဆိုင်တွေနဲ့ စိန်ဒွေးရှင်ရှင်နဲ့ ဗီဒီယိုထုတ်လုပ်ဖြန့်ချိရေးမှာ ဝယ်ယူနိုင်မှာ ဖြစ်ပါတယ်။ ရန်ပုံငွေပဒေသာကပွဲကို ဇန်နဝါရီ ၂၉ ရက်နေ့၊ ည ၇ နာရီ၊ အမျိုးသားကဇာတ်ရုံမှာ ပြုလုပ်သွားမှာပါ။ ■

## & Pound (အန်ပေါင်) ရုပ်ရှင်ပွဲတော်

ပြင်သစ်သံရုံးက ဦးစီးကျင်းပတဲ့ LGBT ဘဝဇာတ်ကြောင်းတွေကို သရုပ်ဖော်ပြသသွားမယ့် & Pound (အန်ပေါင်) ရုပ်ရှင်ပွဲတော်ကို ညွှန်းချင်တယ်။ ဒီပွဲမှာ မေးဖြေကဏ္ဍတွေ၊ အာရှဇာတ်လမ်းတိုတွေ၊ ဇာတ်လမ်းတိုနဲ့ပတ်သက်တဲ့ အမေးအဖြေကဏ္ဍတွေ၊ LGBT အသိုင်းအဝိုင်းကို ကာကွယ်တဲ့ခေါင်းစဉ်နဲ့ ပြုလုပ်မယ့် စကားရည်လုပွဲတွေ၊ မြန်မာဇာတ်လမ်းတိုကဏ္ဍနဲ့ပတ်သက်တဲ့အမေးအဖြေအစီအစဉ်တွေ၊ HIV အကြောင်းနဲ့ပတ်သက်တဲ့ဆွေးနွေးမှုအစီအစဉ် စတဲ့ စိတ်ဝင်စားစရာအကြောင်းအရာတွေကို ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ & Pound (အန်ပေါင်) ရုပ်ရှင်ပွဲတော်မှာ မြန်မာနိုင်ငံက LGBT မှတ်တမ်းရုပ်ရှင်ဇာတ်ကားလေးကားနဲ့ နိုင်ငံပေါင်း ၁၃ နိုင်ငံက ရုပ်ရှင်ဇာတ်ကား ၂၅ ကားတို့ကို ပြသသွားမှာဖြစ်ပါတယ်။ ဒါ့အပြင် ဖျော်ဖြေရေး အစီအစဉ်တွေက တေးသံရှင် Ar-T၊ DJ Wine၊ DJ စည်သူ၊ Mike တို့နဲ့အတူ FAB ဂေးလ်ကလပ်တို့ရဲ့ဖျော်ဖြေမှုတွေကို နားဆင်ရမှာဖြစ်ပါတယ်။ ဒီပွဲကို ဇန်နဝါရီ ၂၆ ရက်နေ့ကနေ ဇန်နဝါရီ ၂၉ ရက်နေ့အထိ ပြင်သစ်ယဉ်ကျေးမှုဌာနမှာ ပြုလုပ်သွားမှာဖြစ်ပါတယ်။ ■

## ရွှေကောင်း ဟော့ပေါ့

ဟော့ပေါ့ဆိုတာနဲ့ ရွှေကောင်းဟော့ပေါ့ကိုမှ ကြိုက်နှစ်သက်တဲ့သူတွေအတွက် ရွှေကောင်းဟော့ပေါ့ရဲ့ နောက်ထပ်ဆိုင်သစ်ဖွင့်လှစ်တဲ့ အထိမ်းအမှတ်အနေနဲ့ ဘူဖေးပုံစံ အဝစား အစီအစဉ်ကို ၂၀ ရာခိုင်နှုန်းလျှော့ပေးနေတာမို့ ညွှန်ပေးလိုက်ပါတယ်။ စားစရာတွေက Hot Pot၊ အကင်၊ ဟင်းလျာတွေ၊ မြန်မာ့အစားအစာတွေ၊ လတ်ဆတ်တဲ့အသီးအနှံ၊ ရေခဲမုန့်၊ အချိုရည် စတဲ့ အစားအစာမျိုးစုံကို မြည်းစမ်းကြည့်နိုင်မှာ ဖြစ်ပါတယ်။ ဒါ့အပြင် ဆိုင်သစ်ဖွင့်တဲ့အထိမ်းအမှတ်အနေနဲ့ ရွှေကောင်းဟော့ပေါ့ဆိုင်တိုင်းမှာ ၁၀ ရာခိုင်နှုန်းနဲ့ VIV ကတ်ရှိတဲ့သူတွေကို ၂၀ ရာခိုင်နှုန်းအထိလျှော့ပေးသွားမှာ ဖြစ်ပါတယ်။ ဒီအစီအစဉ်ကို ဇန်နဝါရီ ၂၇ ရက်နေ့ကနေ ၂၉ ရက်နေ့၊ နံနက် ၁၀ နာရီကနေ ည ၁၀ နာရီအထိ ပြည်သူ့ဥယျာဉ်၊ Happy Zone ဂိတ်ကနေဝင်ပြီး ရေလှောလျှောစီး မျက်နှာချင်းဆိုင်မှာ ဖွင့်လှစ်ထားတာဖြစ်ပါတယ်။ ■

## LG ဈေးရောင်းပွဲတော်

အီလက်ထရွန်နစ်နဲ့ပတ်သက်တဲ့အသုံးအဆောင်ပစ္စည်း ဝယ်ယူချင်တဲ့သူတွေအတွက် LG တံဆိပ်တွေကို တရုတ်နှစ်သစ်ကူးအစီအစဉ်အနေနဲ့ ဇန်နဝါရီလတစ်လလုံး ဝယ်ယူနိုင်မယ့် အထူးဈေးရောင်းပွဲအစီအစဉ်ကိုညွှန်းချင်တယ်။ ဒီပွဲမှာ LG နဲ့ပတ်သက်တဲ့ အသုံးအဆောင်တွေကို အထူးဈေးနှုန်းတွေနဲ့ ရောင်းချပေးသွားမှာဖြစ်ပြီး ဝယ်ယူတဲ့အမျိုးအစားတွေပေါ်မူတည်ပြီး လက်ဆောင်အစီအစဉ်တွေကို ပေးအပ်သွားမှာဖြစ်ပါတယ်။ ဒီအစီအစဉ်ကို နီးစပ်ရာ LG အရောင်းပြခန်းတွေမှာ ဝယ်ယူနိုင်မှာဖြစ်ပါတယ်။ ■

## ပညာရေးနဲ့ အလုပ်အကြောင်း စကားဝိုင်းဆွေးနွေးပွဲ

ပညာရေးနဲ့ပတ်သက်တဲ့ အကြောင်းအရာတွေကိုစိတ်ဝင်စားတဲ့သူတွေအတွက် EDU Voice ပညာရေးဆိုင်ရာအခမဲ့ဟောပြောပွဲရဲ့ ပထမဆုံးအကြိမ်ပြုလုပ်မယ့် ပညာရေးနယ်ပယ်နဲ့ လုပ်ငန်းနယ်ပယ်အချိတ်အဆက် စကားဝိုင်းဆွေးနွေးပွဲကို ညွှန်းချင်တယ်။ ဒီပွဲမှာ Linking the World of Education and the World of Work ခေါင်းစဉ်နဲ့ စကားဝိုင်းဆွေးနွေးပွဲကို ပါမောက္ခဒေါက်တာအောင်ထွန်းသက်က Moderator အဖြစ်ဆောင်ရွက်မှာဖြစ်ပြီး ဒေါက်တာ ထွန်းသူရသက် CEO(MIT)၊ ဦးဇော်မင်းဝင်း ဥက္ကဋ္ဌ (UMICCI) တို့ကနေ ဟောပြောဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ပညာရေးနယ်ပယ်နဲ့ လုပ်ငန်းနယ်ပယ်အချိတ်အဆက်စကားဝိုင်းဆွေးနွေးပွဲကို ဇန်နဝါရီ ၂၉ ရက် နေ့၊ မွန်းလွဲ ၂ နာရီကနေ ညနေ ၅ နာရီအထိ၊ Co-Operative Business Centre, CBC Ballroom (Level-5) မှာ ပြုလုပ်သွားမှာဖြစ်ပါတယ်။ စိတ်ဝင်စားတယ်ဆိုရင် ဖုန်း ၀၉-၇၈၅၅၅၅၇၇၂ နဲ့ ၇၃၀၇၁၁၃၁ ကို ကြိုတင်စာရင်းပေးသွင်းနိုင်ပြီး marketing@thevoicemyanmar.com ကနေ နာမည်စာရင်းကြို တင်ပေးသွင်းနိုင်မှာ ဖြစ်ပါတယ်။ ■




## Yangon's Heritage & Classic Car Show 2017 ပြပွဲ

နှစ်ပေါင်း ၅၀ ကနေ ၁၀၀ သက်တမ်းကြားမှာရှိတဲ့ ခေတ်ဟောင်းဂန္ထဝင်ကားတွေကို စိတ်ဝင်စားတဲ့သူတွေအတွက် Yangon's Heritage&Classic Car Show 2017 ပြပွဲကို ညွှန်းချင်တယ်။ ဒီပွဲမှာ နှစ် ၁၀၀ နီးပါးကနေ နှစ် ၅၀ သက်တမ်းမှာရှိတဲ့ ဂန္ထဝင်ကား ၃၀ ကျော်၊ ၁၉၃၀ ကနေ ၁၉၆၀ အတွင်းမှာရှိခဲ့တဲ့ နှစ် ၃၀ သက်တမ်းရှိတဲ့ ကား ၁၀ စီး၊ နှစ် ၅၀ ကျော် သက်တမ်းရှိတဲ့ ရှေးဟောင်းဆိုင်ကယ်တွေကိုပြသသွားမှာ ဖြစ်ပါတယ်။ ဒါ့အပြင် ရန်ကုန်မြို့မှာရှိတဲ့ ရှေးဟောင်းတန်ဖိုး အသုံးအဆောင်ပစ္စည်းတွေကိုလည်း ခင်းကျင်းပြသထားမှာဖြစ်ပြီး Diecast & Hobby Show အစီအစဉ်မှာတော့ ကားအရုပ်တွေနဲ့ လူငယ်တွေရဲ့ ဖန်တီးမှုလက်ရာပုံစံတွေကို လေလံပစ်ရောင်းချမယ့် အစီအစဉ်တွေလည်း ပါဝင်မှာဖြစ်ပါတယ်။ ဖက်ရှင်ရှိုး အစီအစဉ်ကိုစိတ်ဝင်စားတဲ့သူတွေအတွက် ၁၉၆၀ ခုနှစ်က ဖက်ရှင်ရှိုးတွေ၊ Jazz ဂီတဖျော်ဖြေမှုတွေ၊ ခေတ်ဟောင်းရုပ်ရှင်တွေနဲ့ စားပွဲတင်မျက်လှည့်ပြသမယ့် အစီအစဉ်တွေ ဖြစ်ပါတယ်။ ကားပြပွဲကြည့်ရင်း အစားအစာစားချင်သူတွေအတွက်က မြန်မာ့ရိုးရာမုန့်တွေ၊ ကော်ဖီဆိုင်တွေနဲ့ အမှတ်တရ ဓာတ်ပုံရိုက်ကူးနိုင်မယ့် Photobooth တွေလည်း ပါဝင်မှာဖြစ်ပါတယ်။ ဒီပွဲကို ဇန်နဝါရီ ၂၈ ရက်နေ့ကနေ ၂၉ ရက်နေ့၊ နံနက် ၉ နာရီကနေ ည ၉ နာရီအထိ ရန်ကုန်ပြည်သူ့ဥယျာဉ်၊ ဦးဝိစာရလမ်းမှာ ပြသသွားမှာဖြစ်ပြီး လက်မှတ်ဝင်ကြေးက လူတစ်ဦးကို ၁၀၀၀ ကျပ်ဖြစ်ပါတယ်။ ■

## ရခိုင်အစားအစာမျိုးစုံရတဲ့ စားတော်ပွဲ



ရခိုင်အစားအစာကို ရခိုင်လူမျိုးတွေကိုယ်တိုင်ချက်ပြုတ်ပေးတာ စားချင်သူတွေအတွက် မကြာခင်ကမှ အသစ်ဖွင့်လိုက်တဲ့ စားတော်ပွဲဆိုင်လေးကို ညွှန်းချင်တယ်။ ဒီဆိုင်မှာ ရခိုင်မုန့်တီ၊ ရခိုင်သဘော်သီးသုပ်၊ ပင်လယ်ခရုသုပ်၊ ငါးနီတူသုပ်၊ ပြည်ကြီးငါးသုပ်၊ ခုံးယောက်မသုပ်၊ ရေဘဝဲသုပ်၊ ကင်းမွန်သုပ်၊ ပင်လယ်စာအစုံသုပ်၊ ကျောက်ကြောမျှင်သုပ် စတဲ့ အသုပ်တွေ၊ ရခိုင်ထမင်းသုပ်(ပင်လယ်စာ၊ ကြက်၊ ဝက်)၊ အာလူးထမင်းသုပ်နဲ့ သောက်ဆမ်းကြိုက်သူတွေအတွက် ကြက်သောက်ဆမ်း၊ ကြက်ခြေထောက် အာပူလျှာပူ၊ ပြည်ကြီးငါးသောက်ဆမ်း၊ ကကတစ်သောက်ဆမ်း၊ ပုစွန်သောက်ဆမ်း၊ တောင်သူကြီးဟင်း၊ တံငါသည်ဟင်း စတဲ့ သောက်ဆမ်းအတော်များများနဲ့ မြန်မာဟင်းလျာအချို့ကိုလည်း ရောင်းချပေးနေတာဖြစ်ပါတယ်။ စားတော်ပွဲဆိုင်လေးမှာ ဆိုင်နေရာ ကျယ်ဝန်းပြီး အေးဆေးသက်သာစွာ စားသောက်ချင်သူတွေအတွက် အကြိုက်တွေ့စေမှာဖြစ်ပြီး မွေးနေ့ပွဲနဲ့ အခမ်းအနားပွဲတွေ ကျင်းပချင်သူတွေအတွက်လည်း စီစဉ်ဆောင်ရွက်ပေးနေတာ ဖြစ်ပါတယ်။ ဈေးနှုန်းတွေက အနည်းဆုံး ၅၀၀ ကျပ်ကနေ ၇၀၀၀ ဝန်းကျင်လောက်ရှိပြီး အရသာသစ်အနေနဲ့ မြည်းစမ်းကြည့်ချင်ရင် အမှတ် ၉၂၊ ရွှေတောင်တန်းလမ်း(အလယ်)၊ လမ်းမတော်မြို့နယ်၊ ဖုန်း ၀၉-၇၇၅၇၃၂၁၃၇ ကို ဆက်သွယ်စုံစမ်းနိုင်ပါတယ်။ ■

# Kitchen Stories မိုဘိုင်းလ် App

**အပတ်စဉ်ဖော်ပြနေကြဖြစ်တဲ့ လူမှုဘဝနည်းပညာကဏ္ဍမှာ ဒီတစ်ပတ်အတွက် နိုင်ငံတကာဟင်းချက်နည်းတွေကို ဖော်ပြပေးမယ့် Kitchen Stories မိုဘိုင်းလ် App ကို ဖော်ပြပေးဖို့ရွေးချယ်ထားပါတယ်။ တစ်ကိုယ်ရေ တက္ကသိုလ်ကျောင်းသားတွေပဲဖြစ်ဖြစ်၊ အိမ်ထောင်ရှင်အိမ်ရှင်မတွေပဲဖြစ်ဖြစ်၊ ဝါသနာပါလို့ပဲဖြစ်ဖြစ် နိုင်ငံတကာက ဟင်းချက်နည်း ဗီဒီယိုတွေကိုလေ့လာနိုင်မယ့် App ဖြစ်ပါတယ်။ ဒီ App မှာ ဘယ်လိုဟင်းချက်နည်းတွေကိုဖော်ပြထားသလဲ လေ့လာကြည့်ရအောင်။**



### ဘယ်လိုချက်မလဲ

How to ဆိုတဲ့ နေရာကို သွားလိုက်ရင်တော့ ဟင်းချက်နည်းဗီဒီယို အတိုလေးတွေ တွေ့ရမှာ ဖြစ်ပါတယ်။ ၂ မိနစ်ကနေ ၅ မိနစ်အတွင်း ဗီဒီယိုတွေပေါ့။ ဒီနည်းတွေက ဗီဒီယို အတိုလေးတွေဖြစ်တဲ့အတွက် ဟင်းချက်ကျွမ်းကျင်တဲ့သူတွေအတွက်ပဲ ပိုပြီးသင့်တော်ပါလိမ့်မယ်။ အစားအသောက်အမျိုးအမည်တွေကတော့ များပြားလွန်းတဲ့အတွက် တစ်ခုချင်း ဖော်ပြမနေတော့ပါဘူး။ လေ့လာကြည့်ပါ။

### အမျိုးအမည်အလိုက်

ဒီနေရာမှာတော့ အသေးစိတ် ခွဲခြားပေးထားပါတယ်။ မိနစ် ၂၀ စာ အစားအသောက်ပြင်ဆင်နည်း ဗီဒီယို၊ အာရှအစားအသောက် ပြင်ဆင်ချက်ပြုတ်နည်း၊ အသားချက်ပြုတ်နည်း၊ နံနက်စာ ပြင်ဆင်ချက်ပြုတ်နည်း၊ ကိတ်ဖုတ်နည်း၊ ပီဇာ၊ ပင်လယ်စာ၊ အသီးအရွက် စတဲ့ ချက်ပြုတ်နည်းအဖုံဖုံကို ဗီဒီယိုတွေနဲ့ ဖော်ပြပေးထားတာ ဖြစ်ပါတယ်။

### My Recipes

ဒီအပိုင်းမှာတော့ ကိုယ်ကြိုက်နှစ်သက်တဲ့ အစားအသောက်ပြုလုပ်နည်း ဗီဒီယိုတွေကို သိမ်းဆည်းထားနိုင်မှာ ဖြစ်တဲ့အပြင် ကိုယ်တိုင်လည်း ကိုယ်ပိုင် အစားအသောက် ချက်ပြုတ်ပြင်ဆင်နည်း ဗီဒီယိုတွေကို မျှဝေနိုင်မှာ ဖြစ်ပါတယ်။

### ဘယ်လိုအသုံးပြုရမလဲ

App ကို စတင်တပ်ဆင်ပြီးချိန်မှာ မန်ဘာဟုတ်မဟုတ် မေးပါလိမ့်မယ်။ အကောင့်ဖွင့်ဖို့ ပြောပါလိမ့်မယ်။ ကျော်သွားပါ။ အလွယ်ကူဆုံးနည်းလမ်းက Gmail သို့မဟုတ် Facebook နဲ့ချိတ်ဆက်ပြီး အကောင့်ဝင်လို့ရပါတယ်။ အဲ့ဒီနေရာရောက်မှာ ကိုယ်ကြိုက်နှစ်သက်သလို Gmail သို့မဟုတ် Facebook တို့နဲ့ ချိတ်ဆက်ပြီး မန်ဘာဝင်လို့ရပါတယ်။

နိုင်ငံတကာ အစားအသောက်ပြင်ဆင်နည်းတွေကို လက်တွေ့ဖော်ပြပေးမယ့် ဗီဒီယိုတွေ အများအပြားကို ဖော်ပြပေးထားတဲ့ မိုဘိုင်းလ် App ဖြစ်တာကြောင့် အချက်အပြုတ်ဝါသနာပါသူတွေ လေ့လာနိုင်ဖို့ဒီတစ်ပတ်အတွက် ရွေးချယ်ဖော်ပြပေးလိုက်ပါတယ်။ ■

# LION

ဒီဇာတ်ကားကတော့ အိန္ဒိယအမျိုးသားတစ်ယောက်က ငယ်စဉ်ကတည်းက ကွဲကွာခဲ့ရတဲ့ မိသားစုကို အရွယ်ရောက်လာတဲ့အချိန်မှာ ပြန်လည်ရှာဖွေဖို့ ကြိုးစားတဲ့အကြောင်း ရိုက်ကူးထားတဲ့ ဒရာမာရုပ်ရှင်ဇာတ်ကားပါ။ ဒါရိုက်တာ Garth Davis က ရိုက်ကူးထားပြီး သရုပ်ဆောင် Dev Patel၊ Rooney Mara၊ David Wenham နဲ့ Nicole Kidman တို့ ခေါင်းဆောင် ပါဝင်ထားကြပါတယ်။

Saroo က အစ်ကိုဖြစ်သူ အလုပ်သွားတာကို အတူလိုက်ပါသွားရင်း ဘူတာမှာ လူချင်းကွဲသွားခဲ့ပါတယ်။ အစ်ကိုဖြစ်သူကို ရှာဖွေဖို့အတွက် ရထားတစ်စီးပေါ်ကို စီးနင်းလိုက်ပါသွားတဲ့ Saroo က သူနေတဲ့မြို့နဲ့ အလှမ်းဝေးတဲ့ မြို့တစ်မြို့ကို ရောက်သွားခဲ့ပါတယ်။ သူနေထိုင်ရာမြို့ကို ပြန်ဖို့ကြိုးစားတဲ့အခါမှာလည်း သူပြောတဲ့စကားကို လူတွေက နားမလည်တာကြောင့် Saroo က ဘူတာမှာပဲ သောင်တင်နေပါတယ်။ ဘူတာကနေ ခြေဦးတည့်ရာလျှောက်လာတဲ့ Saroo ကို Noor ဆိုတဲ့ အမျိုးသမီးကြီးတစ်ဦးကတွေ့သွားပြီး သူ့တိုက်ခန်းကို ခေါ်သွားကာ စောင့်ရှောက်ထားပါတယ်။



Noor က သူ့ရဲ့မိဘတွေကို ရှာပေးမယ်လို့ပြောပေမယ့် Saroo က လူတွေကို မယုံကြည်ရဲတာကြောင့် အိမ်ကနေ ထွက်ပြေးလာခဲ့ပါတယ်။ နောက်ဆုံးမှာတော့ လူတစ်ယောက်က သူ့ကိုရဲစခန်းကို ပို့ဆောင်ပေးလိုက်ပါတော့တယ်။ ရဲစခန်းကတစ်ဆင့် Saroo မိဘမဲ့ဂေဟာကို ရောက်သွားပါတယ်။ မိဘမဲ့ဂေဟာကနေတစ်ဆင့် Saroo ကို John ( David Wenham) နဲ့ Sue တို့ ဇနီးမောင်နှံက မွေးစားဖို့အတွက် ဩစတြေးလျနိုင်ငံကို ခေါ်ဆောင်သွားပါတော့တယ်။ ဒီဇနီးမောင်နှံက Saroo အပြင် Mantosh ဆိုတဲ့ ယောကျ်ားလေးတစ်ယောက်ကိုလည်း မွေးစားထားပါတယ်။

အရွယ်ရောက်လာတဲ့အခါမှာတော့ Saroo က မဲလ်ဘုန်းမြို့မှာ ဟိုတယ်စီမံခန့်ခွဲမှုဘာသာရပ်ကို လေ့လာသင်ကြားဖို့အတွက် ထွက်ခွာလာခဲ့ပါတယ်။ ဒီသင်တန်းမှာပဲ Lucy (Rooney Mara) ဆိုတဲ့ မိန်းကလေးအပါအဝင် ခင်မင်ရတဲ့သူငယ်ချင်းတွေ ရှိလာခဲ့ပါတယ်။ တစ်နေ့မှာတော့ စားသောက်ဆိုင်တစ်ဆိုင်မှာ သူငယ်ချင်းတွေနဲ့အတူ အိန္ဒိယအစားအစာ စားဖြစ်ကြရင်း Saroo က သူ့မွေးရပ်မြေကို ပြန်လည်သတိရသွားပါတယ်။ သူ့ဘဝအကြောင်းကို သူငယ်ချင်းတွေကို ရင်ဖွင့်တဲ့အခါမှာတော့ Google Earth နည်းပညာကိုသုံးပြီး သူ့မွေးရပ်ဇာတိမြို့လေးကို ပြန်ရှာဖို့ သူတို့က အကြံပေးကြပါတယ်။

Saroo က မိဘရင်းတွေကို ပြန်ရှာဖို့ ကြိုးစားမှာကို သူ့ကို သွေးသားရင်းချာတစ်ယောက်လို ချစ်ခင်နေတဲ့ Sue တို့ဇနီးမောင်နှံက ခွင့်ပြုပါ့မလား။ နှစ်ပေါင်းနှစ်ဆယ်ကျော်လောက်ကြာခဲ့ပြီးတဲ့နောက်မှာ မိဘအရင်းတွေကို Saroo က ပြန်ရှာတွေ့နိုင်ပါ့မလားဆိုတာ ဆက်လက်ရှုစားရမှာပါ။ ဒရာမာဇာတ်ကားကောင်းကောင်းကြည့်ချင်ရင်တော့ Lion ရုပ်ရှင်ဇာတ်ကားကို လက်လွတ်မခံသင့်ပါဘူး။ ဒီဇာတ်ကားမှာပါဝင်တဲ့ သရုပ်ဆောင် Nicole Kidman က မကြာမီကျင်းပတော့မယ့် အော်စကာဆုပေးပွဲမှာ အကောင်းဆုံး အမျိုးသမီးဇာတ်ပို့ဆုအတွက် ဆန်ခါတင်စာရင်း ဝင်နေပါတယ်။ ■

# လိပ်ပြာဖမ်းတမ်း

ဒီတစ်ပတ်တော့ အချစ်ဇာတ်ကား ကြည့်ချင်သူ တွေအတွက် လိပ်ပြာဖမ်းတမ်း ဇာတ်ကားကို ညွှန်းချင်တယ်။ ဒီကားမှာ ရဲနိုနိုသွေး(အောင်ရဲလင်း) က အလုပ်နဲ့ပတ်သက်ရင်း တိတိကျကျ လုပ်ကိုင်တတ်တာကြောင့် သူဌေးအားကိုးရတဲ့ လူယုံတစ်ယောက်ဖြစ်ခဲ့ တယ်။ သဲစု (ယမင်းမေဦး) က မိဘဆုံးပါးသွားပြီးနောက် ချမ်းသာတဲ့အဘွားနဲ့အတူနေထိုင်ပြီး အစစအရာရာ ချုပ်ချယ်ချင်တဲ့ အဘွားကြောင့် အိမ်မှာမနေချင်တာမို့ အလုပ်ဝင်လုပ်ခဲ့တယ်။ ဒီလိုနဲ့ ရဲနိုနိုသွေး ကုမ္ပဏီမှာ သဲစုက အရောင်းဝန်ထမ်း ဝင်လုပ်ခဲ့ပြီး အလုပ်ထဲမှာ တက်တက်ကြွကြွရှိတတ်တဲ့ သဲစုကို ရဲနိုနိုသွေးက အလုပ်နဲ့ပတ်သက်၍ သဘောကျခဲ့တယ်။ သဲစုမှာက လူကြီးချင်းသဘောတူထားတဲ့ ငယ်သူငယ်ချင်း မင်းဇင် က သူမကို တစ်ဖက်သတ်ချစ်နေပြီး သဲစုက သူငယ်ချင်းထက်မပိုခဲ့ဘူး။ မင်းဇင်က သဲစုအလုပ်လုပ်နေတာ ကို သဘောမကျတာကြောင့် အလုပ်ကထွက်ဖို့ ကြံစည် နေခဲ့တယ်။ တစ်နေ့တော့ သဲစုအဘွားပြနေကျ ဆရာဝန် က နိုင်ငံခြားထွက်သွားချိန်မှာ နှလုံးဆေးဝယ်ဖို့ အခက် တွေ့နေချိန် ရဲနိုနိုသွေးရဲ့ဦးလေး နှလုံးအထူးကုဆရာဝန် ကြီးအကူအညီနဲ့ ဆေးဝယ်ခွင့်ရခဲ့တယ်။ သဲစုရဲ့အဘွား က ရဲနိုနိုသွင်ကို သူ့မြေးကိုစောင့်ရှောက်ပေးဖို့ အကူ အညီတောင်းခဲ့တော့တယ်။ ရဲနိုနိုသွေးနဲ့



သဲစုတို့လည်း တစ်ယောက်နဲ့ တစ်ယောက် ခင်မင်မှုတွေတိုးလာခဲ့တယ်။ ဒီလိုနဲ့ အလုပ်မှာ ကြိုးစားတဲ့ သဲစုကို သူဌေးက မန်နေဂျာ ရာထူး တိုးပေးလိုက်ချိန်မှာ သဲစုထက် အရင်ဝင်ရောက် ထားတဲ့လူတွေက သူမကို မကျေနပ်ဖြစ်လာကြပြီး သဲစုကို အလုပ်ကထွက်အောင် ချောက်ချဖို့ တိုင်ပင်ကြတယ်။ အလုပ်နဲ့ ပတ်သက်တာနဲ့အမြဲတိတိကျကျဆောင်ရွက်တတ်တဲ့ ရဲနိုနိုသွေးနဲ့ သဲစုတို့ ဘာတွေဆက်ဖြစ် မလဲဆိုတာ ဆက်လက် ကြည့်ရှုရမှာ ဖြစ်ပါတယ်။ ဒီကားကို ဒါရိုက်တာ မောင်မောင်ဦး (စန္ဒီးဝိုက်)က ရိုက်ကူးထားတာ ဖြစ်ပြီး အောင်ရဲလင်းနဲ့ ယမင်းမေဦး တို့က အဓိက ပါဝင်သရုပ်ဆောင်ထားပါတယ်။ ■

# John Legend ရဲ့ Love Me Now

ဒီတစ်ပတ်တော့ All Of Me သီချင်းနဲ့ ကမ္ဘာကျော်ခဲ့တဲ့ အဆိုတော် John Legend ရဲ့ Love Me Now လို့အမည်ရတဲ့ အချစ်သီချင်းလေးတစ်ပုဒ်ကို ညွှန်းပေးချင်ပါတယ်။ ဒီသီချင်းလေးက ထွက်ရှိထားတာ အနည်းငယ်ကြာမြင့်ပြီဆိုပေမယ့် နားထောင်လို့ကောင်းမယ့် အချစ်သီချင်းလေးမို့ ညွှန်းပေးလိုက်တာပါ။ ကောင်လေးတစ်ယောက်က သူချစ်ရတဲ့ ကောင်မလေးတစ်ယောက်ကို လက်ရှိနှစ်ယောက်အတူဖြတ်



သန်းနေရတဲ့ အချိန်ကာလကို တန်ဖိုးထားပြီး ချစ်တတ်ဖို့ ပြောပြထားတဲ့ သီချင်းလေးတစ်ပုဒ်ပါ။ 'ကိုယ်တို့နှစ်ယောက် ခွဲခွာရရင် ကိုယ်သေသွားလိမ့်မယ်ဆိုတာ သိနေတယ်။ ဒီအကြောင်းကို ကိုယ်မစဉ်းစားချင်ဘူး။ လက်ရှိအချိန်မှာ ကိုယ့်ကို မင်း ချစ်စေချင်တာပါပဲ' ဆိုတဲ့ သီချင်းစာသားလေးတွေက ချစ်သူရှိတဲ့သူတိုင်း ခံစားလို့ရကြမှာပါ။ ဂီတဗီဒီယိုမှာတော့ သမီးရည်းစားနှစ်ယောက်ရဲ့ အချစ်တစ်ခုတည်းသာမကဘဲ စစ်ဘေးသင့်ဒေသမှာ နေထိုင်နေရတဲ့သူတွေ၊ ဘဝရဲ့နေဝင်ချိန်ကို ရောက်နေတဲ့ မောင်နှံစုံတွဲတွေ၊ လိင်တူချင်းစုံမက်တဲ့ အမျိုးသားတွေကြားမှာရှိတဲ့ ချစ်ခြင်းမေတ္တာတရားကိုလည်း ပုံဖော်ရိုက်ကူးပြထားပါတယ်။ ကြိုမမြင်နိုင်တဲ့ မနက်ဖြန်တွေမှာ ဘာတွေကြုံရမယ်ဆိုတာ သေချာမသိနိုင်တဲ့အတွက် လက်ရှိ အတူဖြတ်သန်းနေရတဲ့ အချိန်ကာလက လူတိုင်းအတွက် တန်ဖိုးရှိလှပါတယ်။ လူသားအချင်းချင်း ချစ်ခြင်းမေတ္တာတရားကို အခြေခံပြီး ဆက်ဆံသင့်တယ်ဆိုတာကို ဒီသီချင်းလေးက ညွှန်းဆိုနေပါတယ်။ စိတ်ဝင်စားလို့ နားဆင်ကြည့်ချင်တယ်ဆိုရင်တော့ Yoo Tube မှာ အလွယ်တကူရှာဖွေနားဆင်နိုင်ပါတယ်။ ■

## ချန်နယ်သစ် ဟာသပြဇာတ်က ရုပ်သံလိုင်းသစ်တွေအတွက် အပြုသဘောဆောင်တင်ပြမှာပါဆိုတဲ့ ဒါရိုက်တာ မောင်မျိုးမင်း(ရင်တွင်းဖြစ်)

**ရန်ကုန်၊ ဇန်နဝါရီ ၂၆**

ပြေတီဦးပညာရေး ဖောင်ဒေးရှင်း ရန်ပုံငွေပဒေသာကပွဲမှာ ကပြမယ့် ချန်နယ်သစ် ဟာသပြဇာတ်က မကြာမီ ပေါ်ပေါက် လာ တော့မယ့် ရုပ်သံလိုင်းတွေအတွက် လိုအပ်ချက်တွေကို အပြုသဘောဆောင် တင်ပြသွားမှာပါလို့ ယင်းပြဇာတ်ကို စီစဉ်ညွှန်ကြားမယ့် ဒါရိုက်တာ မောင်မျိုးမင်း( ရင်တွင်းဖြစ်) က The Voice ကို ပြောကြားပါတယ်။

"ရုပ်သံလိုင်းအသစ်တွေ မကြာမီပေါ်လာတော့မယ်။ ဒါပေမဲ့ပေါ်လာတဲ့ ချန်နယ်အသစ်တွေမှာ လွတ်လပ်မှုမရှိဘဲနဲ့ တင်းကျပ်မှု ထိန်းချုပ်မှုတွေနဲ့ သွားမယ်ဆိုရင်ဘာမှ ဖြစ်လာမှာ မဟုတ်ဘူး။ အနုပညာဆိုတာကလွတ်လပ်တဲ့ နေရာမှာသာ ရှင်သန်နိုင်တယ်ဆိုတာကို အပြုသဘောဆောင် တင်ပြသွားမှာပါ" လို့ ယင်းဟာသပြဇာတ်နဲ့ပတ်သက်ပြီး ၎င်းက ထပ်လောင်း ပြောဆိုပါတယ်။



ဓာတ်ပုံ- သန့်ဇင်ဦး

မြန်မာနိုင်ငံမှာ လက်ရှိ ရှိနေတဲ့ ရုပ်သံလိုင်းတွေက ပရိသတ်တွေကို ဆွဲဆောင်နိုင်အောင် အပြိုင်အဆိုင် ကြိုးစားနေကြတယ်လို့ မြင်မိပြီး၊ မကြာမီပေါ်ပေါက်လာတော့မယ့် ရုပ်သံလိုင်းတွေကလည်း ရှိပြီးသား ရုပ် သံလိုင်းတွေထက် ပိုကောင်းအောင် ကြိုးစားသွားနိုင်ရင်တော့ အောင်မြင်မှု ရရှိကြမှာဖြစ်ကြောင်း ဒါရိုက်တာ မောင်မျိုးမင်း( ရင်တွင်းဖြစ်) က ပြောကြားပါတယ်။

ဒါရိုက်တာ မောင်မျိုးမင်း( ရင်တွင်းဖြစ်) စီစဉ်ကြီးကြပ်ပြီး ဒါရိုက်တာ ကျော်ဇောလင်း (အတွေးပုံရိပ်) နဲ့ ဒါရိုက်တာ စိုးကျော်ဆန်းတို့ စီစဉ်ညွှန်ကြားမယ့် ချန်နယ်သစ် ဟာသပြဇာတ်မှာတော့ သရုပ်ဆောင်ရန်အောင်၊ လူမင်း၊ မင်းမော်ကွန်း၊ ခန့်စည်သူ၊ နေတိုး၊ ကျော်ကျော်ဗို၊ ထွန်းထွန်း၊ ရဲလေး၊ ညီထွဋ်ခေါင်၊ ထွန်းအိန္ဒြာဗို၊ မေသဥ္ဇာဦး၊ အိန္ဒြာကျော်ဇင်၊ ခိုင်နှင်းဝေ၊ အိချောပို၊ ယုသန္တာတင်၊ နန်းခင်ဇေယျာ၊ ခင်ဝင့်ဝါ၊ ပိုင်ဖြိုးသု၊ ရွှေသမီး၊ ရတနာဗို၊ ယွန်းရွှေရည်တို့ပါဝင်ကပြကြမှာဖြစ်ပါတယ်။

ရန်ကုန်မြို့ အမျိုးသားဇာတ်ရုံမှာ ဇန်နဝါရီလ ၂၉ ရက်နေ့ည ၇ နာရီမှာ ပြုလုပ်သွားမယ့် ပြေတီဦးပညာ ရေး ဖောင်ဒေးရှင်း ရန်ပုံငွေပဒေသာကပွဲမှာတော့ Emperor တီးဝိုင်းနဲ့တွဲဖက်ပြီး တေးသံရှင် ဇော်ဝင်းထွဋ်၊ R ဇာ နည်၊ လင်းလင်း၊ ရဲအောင်၊ ဟေမာနေဝင်း၊ ကော်နီ၊ ထွန်းအိန္ဒြာဗို၊ ချမ်းချမ်း၊ စိုးပြည့်သဇင် တို့ ပါဝင်သီဆို ပေး သွားမှာဖြစ်ပါတယ်။

လက်မှတ်ဈေးနှုန်းကိုတော့ ကျပ် ၃၀၀၀၀၊ ကျပ် ၂၀၀၀၀၊ ကျပ် ၁၀၀၀၀ သတ်မှတ်ထားပြီး မန်းသီရိတေးသံသွင်း၊ Nobody ဖက်ရှင်ဆိုင်များနဲ့ စိန်ဌေး ရုပ်ရှင်နှင့် ဗီဒီယိုထုတ်လုပ်ရေးတို့မှာ ဝယ်ယူရရှိနိုင်ပါတယ်။




ဓာတ်ပုံ- မွန်းအောင် Facebook Page

## မွန်းအောင်ရဲ့ 'လွမ်းရတဲ့ညတွေအတွက်' တစ်ကိုယ်တော် ဂီတဖျော်ဖြေပွဲ အမျိုးသားဇာတ်ရုံမှာ ပြုလုပ်မယ်

**ရန်ကုန်၊ ဇန်နဝါရီ ၂၆**

'လွမ်းရတဲ့ ညတွေအတွက်' လို့ အမည်ပေးထားတဲ့ တစ်ကိုယ်တော်ဂီတဖျော်ဖြေပွဲကို ဖေဖော်ဝါရီလ ၅ ရက်နေ့ ည ၇ နာရီမှာ ရန်ကုန်မြို့ အမျိုးသား ဇာတ်ရုံမှာ ပြုလုပ်သွားမှာ ဖြစ်ကြောင်း တေးသံရှင် မွန်းအောင်က The Voice ကို ပြောကြားပါတယ်။

"ဒီပွဲက ကျွန်တော့်ရဲ့တစ်ကိုယ်တော်ရှိုးဖြစ်တဲ့အတွက် သီချင်းတွေကိုကျွန်တော်တစ်ယောက်တည်း ဆိုမှာပါ။ ကျွန်တော် မြန်မာပြည်ကို ပြန်ရောက်ရောက်ချင်း ရန်ကုန်မှာ ပွဲလုပ်ဖြစ်တယ်။ အခုပွဲမလုပ်တာလည်း ကြာပြီဆိုတော့ ပရိသတ်တွေနဲ့လည်း ပြန်ဆုံချင်တာနဲ့ ဒီပွဲလေးကို လုပ်ဖြစ်တာပါ" လို့ ယင်းပွဲနဲ့ပတ်သက်ပြီး ၎င်းက ထပ်လောင်း ပြောဆိုပါတယ်။

မကြာသေးခင်ကတော့ စီးရီးသစ် မထွက်တာကြာ ပြီဖြစ်တဲ့ တေးသံရှင်မွန်းအောင်က ငြိမ်းချမ်းရေး မိုးစက်များလို့ အမည်ရတဲ့ တစ်ကိုယ်တော် စီးရီးသစ်တစ်ခွေ ထွက်ရှိခဲ့ပြီး၊ သင်္ကြန်ကာလ မတိုင်ခင်မှာတော့ သင်္ကြန် သီချင်းသစ်သုံးပုဒ် ပါဝင်မယ့် Mini Album ထွက်ရှိသွားဖို့လည်း ရှိပါတယ်။

"ဒီပွဲကို Sky Net ကနေလည်း တိုက်ရိုက် ထုတ်လွှင့်ပြသပါမယ်။ ပွဲမှာ ဆိုမယ့် သီချင်းတွေကတော့ ပရိသတ်အများစု နားထောင်ချင်တဲ့ သီချင်းတွေကိုပဲ ရွေးထားပါတယ်။ ပရိသတ်တွေ အားလုံးနဲ့ အဲ့ဒီညမှာ သီချင်းတွေအတူတူဆိုပြီး ပျော်ချင်ပါတယ်။ အကြောင်းတိုက်ဆိုင်မယ်၊ အားလပ်မယ်ဆိုရင်တော့ လာကြည့်ကြ ဖို့ ဖိတ်ခေါ်ချင်ပါတယ်" လို့ မွန်းအောင်က ဆိုပါတယ်။

ယင်းပွဲအတွက် လက်မှတ်ဈေးနှုန်းကို ကျပ် ၇၀၀၀၊ ကျပ် ၁၀၀၀၀၊ ကျပ် ၂၀၀၀၀ သတ်မှတ်ထားပြီး မန်းသီရိတေးသံသွင်း My Garden Restaurant နဲ့ Call Center 1876 တို့မှာ ဝယ်ယူ ရရှိနိုင်ပါတယ်။

## မိမိသည် Adele ၏ ဖခင်ဖြစ်ကြောင်း ကြေညာသူတစ်ဦး တူရကီနိုင်ငံမှ ထွက်ပေါ်



contactmusic.com

တူရကီနိုင်ငံမှ တေးသံရှင် ဂီတသမားတစ်ဦးက မိမိသည် Adele ၏ ဖခင်အရင်းအချာဖြစ်ပါကြောင်း ကြေညာမှုတစ်ရပ် ထွက်ပေါ်ခဲ့တယ်လို့ သတင်းတွေမှာ အုတ်အော်သောင်းတင်း ဖော်ပြနေကြပါတယ်။

Adele ရဲ့ မိခင်ဖြစ်သူ ပန်နီအက်ဒ်ကင်နဲ့ ၁၉၈၇ ခုနှစ်က အားလပ်ရက်ချစ်သူ အပန်းဖြေ အစီအစဉ်တစ်ခုကို ပြုလုပ်ခဲ့ကြတယ်လို့ မစ္စတာ မာမက်အေစာဆိုသူ ဂီတသမားက ပြောဆိုထားပါတယ်။

ထိုအချိန်က သူဟာ တက္ကစီဒရိုင်ဘာ တစ်ဦးဖြစ်ကြောင်း၊ ချစ်သူ ပန်နီနဲ့ အဆက်အသွယ်ပြတ်သွားခဲ့ကြောင်း ဆိုခဲ့ပြီး သူသာလျှင် ကမ္ဘာကျော် အဆိုတော်မလေးရဲ့ဖခင်ဖြစ်တယ်လို့ ဆိုထားပါတယ်။

အသက် ၅၂ နှစ်အရွယ်ရောက်နေပြီဖြစ်တဲ့ မာမက်အေစာက သူတို့ ချစ်သူနှစ်ဦး သူငယ်ချင်းများနှင့် အတူတကွ သွားခဲ့တဲ့နေရာတွေအကြောင်းကို တူရကီပြည်တွင်းမီဒီယာတွေမှာ ပြောခဲ့တာ ဖြစ်ပါတယ်။

အင်္ဂလန်ကို ပြန်သွားပြီးတဲ့နောက်မှာ နှစ်လ ခန့်ပြန်လာခဲ့ပြီး သူနဲ့ ချစ်သူဘဝအတူရှိခဲ့ကာ အင်္ဂလန်ကို မလိုက်လိုတာမို့ သူနေရစ်ခဲ့ရတယ်လို့ အဆိုပါ ဂီတသမားကြီးက ပြောကြားပါတယ်။

မကြာခဏ တယ်လီဖုန်းပြောဆိုခဲ့ပေမယ့် အဲဒီအချိန်က နိုင်ငံတကာကို ဖုန်းခေါ်ဆိုရတာ အလွန်ဈေးကြီးခဲ့တယ်လို့ မာမက်က ဆိုပါတယ်။

Adele နဲ့ အဆင်မပြေတဲ့ သူမ ရဲ့ဖခင်ဆိုသူက အဖေအရင်းမဟုတ်ဘဲ မိမိသာလျှင် အဖေ အရင်း ဖြစ်ရလိမ့်မယ်လို့လည်း ပြောပါတယ်။

**F-02**



soompi.com

## ရုပ်သံဇာတ်လမ်းတွဲသစ် Saimdang,Light's Dairy အကြောင်း ပြောပြတဲ့ လီယောင်အေး

**ဆိုးလ်၊ ဇန်နဝါရီ ၂၆**

နန်းတွင်းရတနာ ရုပ်သံဇာတ်လမ်းတွဲနဲ့ အောင်မြင်မှုများစွာရရှိခဲ့တဲ့ တောင်ကိုရီးယားနိုင်ငံရဲ့နာမည်ကျော် ဝါရင့် သရုပ်ဆောင် တစ်ဦးဖြစ်သူ လီယောင်အေးက ရုပ်သံ ဇာတ်လမ်းတွဲသစ် Saimdang, Light's Dairy နဲ့ ပရိသတ်ရှေ့ကို ပြန်ရောက်လာတော့မှာပါ။

လီယောင်အေးကို အောင်မြင်မှု များစွာရရှိစေခဲ့တဲ့ နန်းတွင်းရတနာ ( Jewel In The Palace) ရုပ်သံဇာတ် လမ်းတွဲနဲ့ ဇန်နဝါရီလ ၂၆ ရက်နေ့မှာ စတင်ထုတ်လွှင့်ပြသတော့မယ့် Saimdang , Light's Dairy ဇာတ် လမ်းတွဲက ကြားထဲမှာ ဆယ့်သုံးနှစ်လောက် ကွာခြားခဲ့ပါပြီ။

"ကျွန်မရဲ့ ဇာတ်ကောင် Saimdang က သူတော်စင်တစ်ယောက် မဟုတ်ပါဘူး။ ဇနီးကောင်းနဲ့ မိခင်ကောင်းတစ်ယောက်ဖြစ်ရင်ပဲ လုံလောက်ပြီလို့ သူထင်ခဲ့တာပါ။ အိမ်ထောင့်တာဝန်နဲ့ သူဝါသနာပါတဲ့ အနုပညာအလုပ်ကို ဟန်ချက်ညီအောင်ကြိုးစားရင်း သူ့ကိုယ်သူ စိတ်ဓာတ် ကြံ့ခိုင်အောင် ကြိုးစားရုံကလွဲလို့ သူ့မှာ ရွေးချယ်စရာ မရှိခဲ့ပါဘူး" လို့ လီယောင်အေးက ပြောကြားခဲ့ပါတယ်။

နန်းတွင်းရတနာ ရုပ်သံဇာတ်လမ်းတွဲ ရိုက်ကူးခဲ့စဉ်က နန်းတွင်းအစားအစာချက်ပြုတ်နည်းတွေ သိဖို့ အတွက် လီယောင်အေးက အချက်အပြုတ်သင်တန်း တစ်လလောက် တက်ခဲ့ရပါတယ်။ ရုပ်သံဇာတ်လမ်းတွဲ သစ် Saimdang , Light's Story ဇာတ်လမ်းတွဲမှာလည်း ပန်းချီဆွဲပြတဲ့ အခန်းမှာ သရုပ်ပီပြင်ဖို့အတွက် ပန်းချီပညာကို တစ်လလောက် လေ့လာခဲ့ရပါတယ်။

လီယောင်အေးနဲ့ ဆောင်းဆန်ဟွန်( ဂျွန်စော) တို့ ပါဝင်သရုပ်ဆောင်ထားတဲ့ Saimdang, Light's Story ရုပ်သံဇာတ်လမ်းတွဲက ဂျိုဆွန်းမင်းဆက်ခေတ်က ကျော်ကြားခဲ့တဲ့ Saimdang ဆိုတဲ့ အမျိုးသမီးအနုပညာရှင်တစ်ယောက်အကြောင်းကို ပုံဖော်ရိုက်ကူးထားတဲ့ ရာဇဝင် ရုပ်သံဇာတ်လမ်းတွဲ ဖြစ်ပါတယ်။


ဓာတ်ပုံ- သန့်ဇင်ဦး

# "ရည်းစားတွေထားပြီး ပြတ်ခဲ့ရတာကလည်း ကိုယ့်အပေါ် တကယ်နားလည်ပေးနိုင်တဲ့သူ မတွေ့ခဲ့လို့ပါ။ ကိုယ့်ကို တကယ်နားလည်ပေးနိုင်မှ ကိုယ့်ဘဝထဲကို ဝင်လာပါလို့ပဲ ပြောရမလိုဖြစ်နေတယ်"

**သရုပ်ဆောင်သွန်းဆက်နဲ့ တွေ့ဆုံပြီး မကြာသေးခင်က ရိုက်ကူးပြီးစီးခဲ့တဲ့ သမက်တော်… ကွက်ကျော် ရုပ်ရှင်ဇာတ်ကားမှာ သရုပ်ဆောင်ထားတဲ့ ဇာတ်ကောင် စရိုက်အကြောင်း၊ ဟာသရုပ်ရှင်ဇာတ်ကားတွေ အရိုက်များရတဲ့ အကြောင်းနဲ့၊ လက်ရှိ အချစ်ရေးအကြောင်းတို့ကို The Voice က မေးမြန်းဖော်ပြထားပါတယ်။**

**သွန်းဆက်နဲ့ တွေ့ဆုံခြင်း**

သန့်ဇင်ဦး

**Voice: တစ်လောက ဒါရိုက်တာ ရာဇဝင်ကို နဲ့ ရိုက်ခဲ့တဲ့ သမက်တော်…ကွက်ကျော် ရုပ်ရှင်အကြောင်းကနေ စပြီးပြောပြပေးပါဦး။**

**TS:** ဒီကားလေးကတော့ ပရိသတ်တွေပေါ့ပေါ့ပါးပါးနဲ့ ကြည့်ရမယ့် ဟာသဇာတ်ကားလေးပါ။ ညီမရဲ့ ကာရိုက်တာကတော့ နိုင်ငံခြားက ပြန်လာတဲ့ ကောင်မလေးတစ်ယောက်ပေါ့။ ကိုခန့်စည်သူနဲ့ကတော့ ကိုယ် နိုင်ငံခြားမှာ ရှိနေကတည်းက အိုနေကြတာပေါ့နော်။ ကိုယ်မြန်မာပြည်ကို ပြန်ရောက်လာတော့ ကိုယ့်အစ်မနဲ့ လူကြီးချင်း သဘောတူထားတဲ့သူက ကိုခန့်ဖြစ်နေတယ်။ကိုခန့်က ကိုယ့်အစ်မကို မကြိုက်ဘူး။ ကိုယ့်ကိုပဲ ကြိုက်တဲ့အတွက် ကိုယ်နဲ့နီးဖို့ ကြိုးစားတာပေါ့။

**Voice: ရုပ်ရှင်ကားကြီးတွေ ရိုက်ရင် ဟာသဇာတ်ကားတွေပဲ ရိုက်ရတာများတယ်နော်။ အဲ့ဒါအပေါ်မှာရော ဘယ်လိုခံစားမှုရှိလဲ။**

**TS:** ဟာသပဲဖြစ်ဖြစ်၊ ဒရာမာပဲဖြစ်ဖြစ် ညီမတို့ကတော့ ကိုယ့်အနုပညာကို အကောင်းဆုံးဖြစ်အောင် ချပြပါတယ်။ အခုနောက်ပိုင်းမှာ ပရိသတ်တွေကလည်း ဟာသကားလေးတွေကို ပိုပြီးကြည့်ကြတယ်။ တစ်နေကုန်အလုပ်တွေနဲ့ ပင်ပန်းခဲ့ပြီးတဲ့အချိန်မှာ ဟာသကားလေးတွေ ကြည့်လိုက်ရင် စိတ်အပန်းပြေတာပေါ့နော်။အခုနောက်ပိုင်း ပရိသတ်တော်တော်များများက ငိုရတဲ့ဒရာမာကားတွေ သိပ်မကြည့်ချင်ကြတော့ဘူး။ ညီမသူငယ်ချင်းတွေဆိုရင်လည်း နင့်ကား ရယ်ရတဲ့ကား ဘာကားရှိလဲဆိုပြီးမေးကြတယ်။ တစ်နေကုန် ဘဝအမောတွေနဲ့ ဖြတ်သန်းခဲ့ရ တော့ ဒရာမာကားတွေ ကြည့်ပြီး ငိုရတာကို မကြိုက်တဲ့ သူတွေရှိသလို၊ တချို့ကျတော့လည်း ဟာသကားတွေက ပေါတယ်ဆိုပြီး မကြိုက်ကြတာလည်း ရှိပါတယ်။ ပရိသတ်တစ်ယောက်နဲ့ တစ်ယောက်ကတော့ အကြိုက်တွေ မတူကြပါဘူး။

**Voice: လူငယ်ဒါရိုက်တာ ရာဇဝင်ကို ရိုက်တဲ့ ဟာသရုပ်ရှင်ကားတွေမှာ ဆက်တိုက်ဆိုသလို ပါဝင်ရိုက်ကူးရတာကို တွေ့ရတယ်။ သူက လတ်တလော နာမည်ရလာတဲ့ ဒါရိုက်တာတစ်ယောက်ဆိုတော့ သူ့ရဲ့ အနုပညာဖန်တီးမှုအပိုင်းကိုရော ဘယ်လိုမြင်မိလဲ။**

**TS:** ကိုရာဇဝင်ကိုနဲ့က အရင်တုန်းကတည်းက သူငယ်ချင်းတွေပါ။သူဒါရိုက်တာ မဖြစ်ခင်ကတည်းက သူငယ်ချင်းတွေပါ။ သူနဲ့ ကားရိုက်တဲ့အချိန်မှာ ကိုယ်စိတ်ကူးမိတာလေးတွေ၊ လုပ်ချင်တာလေးတွေရှိရင် သူ့ကို ပြောပြတယ်။ သူကလည်း ဇာတ်လမ်းကို ပိုကောင်းသွားမယ်ဆိုရင် ခွင့်ပြုပေးပါတယ်။ရိုက်ကူးရေးအပိုင်းမှာတော့ သူ သဘောမကျဘူးဆိုရင် ညီမအဲ့ဒီအက်တင်ကို အစ်ကိုမကြိုက်ဘူး။ ပြန်လုပ်ပေးပါဆိုပြီး သူကလည်း ပြောပါတယ်။ သူငယ်ချင်း အချင်းချင်းဆိုတော့ အလုပ်လုပ်ရတာ ပြောလို့ဆိုလို့လည်း ကောင်းတာပေါ့။

**Voice: ကိုယ့်ကို ပရိသတ်တွေ ထူးထူးခြားခြားမြင်ရမယ့် ကာရိုက်တာမျိုးရော ရိုက်ခွင့်ရခဲ့ပြီလား။**

**TS:** ပရိသတ်အမြင်မှာ ထူးထူးခြားခြားမြင်ရမယ့် ရုပ်ရှင်ကားကြီးတစ်ကားတော့ ညီမရိုက်ထားတယ်။ အဲ့ဒီကားမှာ စင်တင်က အဆိုတော်ကောင်မလေးတစ်ယောက်အဖြစ် သရုပ်ဆောင်ထားတာပါ။ အဲ့ဒီလိုကာရိုက်တာမျိုး ညီမ တစ်ခါမှ မရိုက်ဖူးသေးဘူး။ ဗီဒီယိုမှာဆိုလည်း တစ်ကားလုံး ဗီလိန်နေရာက ရိုက်ထားတဲ့ ဇာတ်ကားတစ်ကား ရှိတယ်။ လုံးဝအဖြေမပါဘူး။ ဗီလိန် ပုံစံရိုက်ချင်လို့ကို ရိုက်ထားတာပါ။ ရုပ်ရှင်ကားကြီးကတော့ ဒရာမာကားသိပ်မရိုက်ရဘူး။ ဟာသကားတွေပဲ ရိုက်ရတာများပါတယ်။

**Voice: ကုန်လွန်ခဲ့တဲ့ ၂၀၁၆ ခုနှစ်ကို ပြန်သုံးသပ်မယ်ဆိုရင်ရော ကိုယ့်အတွက် ကျေနပ်စရာကောင်းတဲ့ နှစ်တစ်နှစ် ဖြစ်ခဲ့ရဲ့လား။**

**TS:** ၂၀၁၆ ခုနှစ်မှာတော့ ကားရိုက်တွေက မနားရလောက်အောင် တော်တော်လေး ရိုက်ခဲ့ရတယ်။ နောက်ပြီးတော့ ကိုယ်တစ်ခါမှ မလုပ်ဖူးသေးတဲ့အရာတစ်ခုကို လုပ်ခဲ့ရတယ်။ နယ်ရှိုးတွေသွားပြီး သီချင်းဆိုဖြစ်တယ်ပေါ့။ အရင်တုန်းက ညီမက သီချင်းမှ မဆိုတာ။ နယ်ရှိုးတွေဆိုဖို့ ကမ်းလှမ်းလာတော့ လိုက်ဆိုဖြစ်တယ်။အဲ့ဒါကတော့ ၂၀၁၆ မှာ ကိုယ့်အတွက် ထူးခြားမှုတစ်ခုပါပဲ ၂၀၁၇ အတွက် သင်္ကြန်သီချင်းခွေတစ်ခွေမှာလည်း ညီမ သီချင်းတစ်ပုဒ် ဝင်ဆိုဖြစ်ပါမယ်။ သီချင်းဆိုတာကတော့ ဝါသနာအရပါ။ သရုပ်ဆောင်ဘက်ကိုပဲ အဓိက လုပ်မှာပါ။ ပရိသတ်တွေက သီချင်းဆိုတာလည်း ကြားချင်တယ်ဆိုတော့ သူတို့ဆန္ဒကို ဖြည့်ဆည်း ပေးတာပေါ့။

**Voice: ဝိတ်ချပြီးတော့မှ ပြန်တက်လာတဲ့အတွက် စိတ်ညစ်တယ်လို့ ကိုယ့်ရဲ့ Facebook Page မှာ ရေးထားတာလည်းတွေ့တယ်လေ။ သရုပ်ဆောင်တစ်ယောက်အနေနဲ့ ကိုယ့်ရဲ့ခန္ဓာကိုယ် အချိုးအစားကို ဘယ်လိုထိန်းဖြစ်လဲ။**

**TS:** ညီမက အရမ်းပိန်တဲ့ပုံစံမျိုးကိုတော့ မကြိုက်ဘူး။ ကိုယ်ဒီအလုပ်စလုပ်ကတည်းကလည်း ခန္ဓာကိုယ်က လုံးလုံးလေးဆိုတော့ အရမ်းပိန်တာမျိုးတော့ မကြိုက်ဘူး။ ဒါပေမဲ့လည်း မိန်းကလေးတစ်ယောက်မှာ ရှိသင့်ရှိထိုက်တဲ့ ခန္ဓာကိုယ်အချိုးအစားမျိုးတော့ ရှိချင်ပါတယ်။ အမှန်အတိုင်းပြောရရင် ညီမက ပြည့်ပြည့်ဖောင်းဖောင်းနဲ့ ဝတဲ့ အထဲမှာပါပါတယ်။ ဒါပေမဲ့လည်း တတ်နိုင်သလောက်တော့ ဝိတ်ကို ထိန်းရတာပေါ့နော်။ ဟိုတစ်လောတော့ ညစာ လုံးဝမစားတဲ့အတွက် နည်းနည်းပြန်ပိန်သွားတယ်။ အခုနောက်ပိုင်း သူငယ်ချင်းတွေနဲ့ အပြင်တွေထွက်ပြီး စားဖြစ်တဲ့အတွက် ပြန်ဝလာတယ်။ နောက်ထပ် ကားကြီးတစ်ကားရိုက်ဖို့က ပိန်မှရမှာဆိုတော့ ဝိတ်ပြန်ချရဦးမှာပါ။

**Voice: ၂၀၁၆ မှာတုန်းက အချစ်ရေးကို မေးတုန်းကတော့ ကံမကောင်းဘူး၊ အမြဲတမ်းအသည်းကွဲတယ်လို့ ပြောဖူးတယ်။ အခုရော အချစ်ရေးက ကံကောင်းပြီလား။**

**TS:** ၂၀၁၇မှာတော့ အချစ်ရေးက ကံကောင်းလာပါပြီ။ ရှေ့ဆက်ပြီးတော့လည်း အချစ်ရေး ကံကောင်းပါစေလို့ ဆုတောင်းပါတယ်။ ကိုယ့်ရဲ့ ခံစားချက်လေးတွေကို တစ်ခါတလေမှာ စိတ်ထွက်ပေါက်ပေးတဲ့ အနေနဲ့ Facebook မှာ ရေးဖြစ်တာတော့ ရှိပါတယ်။ ကိုယ့်ရဲ့ ပရိသတ်တွေသိစေချင်တဲ့ ဟာလေးတွေဆိုရင် တင်ပေးဖြစ်ပါတယ်။ ရည်းစားတွေထားပြီး ပြတ်ခဲ့ရတာကလည်း ကိုယ့်အပေါ်တကယ်နားလည်ပေးနိုင်တဲ့သူ မတွေ့ခဲ့လို့ပါ။ ကိုယ့်ကို တကယ် နားလည်ပေးနိုင်မှ ကိုယ့်ဘဝထဲကို ဝင်လာပါလို့ပဲ ပြောရမလိုဖြစ်နေတယ်။

## Recap

❍ ဂီတလောကက ပရိသတ်တွေနဲ့ အဆက်ပြတ်နေတာ ကြာပြီဖြစ်တဲ့ တေးသံရှင် ရွှေထိုက်က ယခုနှစ်အတွင်းမှာတော့ တစ်ကိုယ်တော် စီးရီးသစ် ထွက်ရှိနိုင်ဖို့ ကြိုးစားနေပါတယ်လို့ The Voice ကို ပြောကြားပါတယ်။

"ညီမ အခု တစ်ကိုယ်တော်ခွေလုပ်နေပါတယ်။ သင်္ကြန်မတိုင်ခင်ထွက်နိုင်အောင် ကြိုးစားနေပါတယ်။ သီချင်းတွေကတော့ အပြောင်းအလဲ ပြုလုပ်ထားတာ သိပ်မရှိပါဘူး။ ကိုယ်ဆိုနေကျပုံစံတွေပဲ များပါတယ်။ ဒီဘက်ခေတ် ပရိသတ်တွေ ကြိုက်တဲ့ သီချင်း ပုံစံလေးတွေလည်း ပါပါတယ်။ ကိုယ်တိုင်လည်း လေးပုဒ်လောက် ဝင် ရေးထားတယ်။ စီးရီးနာမည်ကိုတော့ အထာလို့ ပေးထားပါတယ်" လို့ ၎င်းကဆိုပါတယ်။

❍ ဂီတလောကမှာ ၂၀၀၀ ပြည့်နှစ်ကျော်ကာလက အတူ ဖြတ်သန်းခဲ့တဲ့ သူငယ်ချင်းတွေနဲ့ ဖေဖော်ဝါရီလ ၄ ရက်နေ့မှာ ပြုလုပ်မယ့် Back To Millenium ရှိုးမှာ ပြန်လည်ဆုံတွေ့ရမယ့် အတွက် အရမ်းကို ပျော်ရွှင်ရပါတယ်လို့ Examplez အဖွဲ့မှ တေးသံရှင်ထွန်းထွန်းက The Voice ကို ပြောကြားပါတယ်။

"ဒီပွဲမှာပါဝင်မယ့်အဖွဲ့တွေ အားလုံးက ရှိုးပွဲတွေမှာ ကျွန်တော် တို့နဲ့ အတူတူဆိုခဲ့တဲ့သူတွေပါပဲ။ ဒီလူတွေ အားလုံးနဲ့ သီချင်းတွေ အတူပြန်ဆိုရမယ့်အတွက် ဝမ်းသာတယ်။ အရမ်းလည်းပျော်ပါတယ်။ကျွန်တော်တို့ကို အားပေးခဲ့တဲ့ ပရိသတ်တွေအတွက်လည်း ဒီပွဲက အမှတ်တရပေါင်းများစွာ ကျန်ခဲ့မယ့် ပွဲတစ်ပွဲ ဖြစ်မယ်လို့လည်း ယုံကြည်ပါတယ်" လို့ ၎င်းက ဆိုပါတယ်။




## ဖြိုးပြည့်စုံနဲ့ အမျိုးသမီးတေးသံရှင် ဆယ့်တစ်ဦးရဲ့ 'အချစ်များစွာနှင့်' စီးရီး ဇန်နဝါရီလ ၂၈ ရက်နေ့ ထွက်ရှိမယ်

**ရန်ကုန်၊ ဇန်နဝါရီ ၂၆**

တေးသံရှင် ဖြိုးပြည့်စုံနဲ့ အမျိုးသမီးတေးသံရှင် ဆယ့်တစ်ဦး တို့ သီဆိုထားကြတဲ့ စုံတွဲအချစ်သီချင်းကောင်းတွေ ပါဝင်မယ့် 'အချစ်များစွာနှင့်' စီးရီးကို ဇန်နဝါရီလ ၂၈ ရက်နေ့မှာ M United Entertainment ကနေ စတင်ဖြန့်ချိပေးသွားတော့မှာ ဖြစ်ပါတယ်။

"ဒီခွေမှာ ပရိသတ်တွေကြိုက်ခဲ့တဲ့ အချစ်သီချင်းလေးတွေ အများကြီး ပါဝင်ပါတယ်။ အဆိုတော်ပိုင်းမှာဆိုလည်း ကျွန်တော်နဲ့ တွဲမဆိုဖူးသေးတဲ့သူတွေလည်းပါတယ်။ မျှော်နိုင်သမျှ ပြီးရင် ကျွန်တော့်ရဲ့ဒုတိယမြောက် စီးရီးလိုဖြစ်နေတဲ့အတွက် အကောင်းဆုံးဖြစ်အောင် ကြိုးစားထားပါတယ်။ ပရိသတ်တွေ ကျေနပ်အားရလိမ့်မယ်လို့လည်း ယုံကြည်ပါတယ်" လို့ ယင်းစီးရီးနဲ့ ပတ်သက်ပြီး ၎င်းက ထပ်လောင်းပြောဆိုပါတယ်။

ယင်းစီးရီးမှာတော့ တေးသံရှင်ဖြိုးပြည့်စုံနဲ့ အိမ့်ချစ်၊ အမွန်း၊ ချမ်းချမ်း၊ ခင်စုစုနိုင်၊ စန္ဒီမြင့်လွင်၊ ဂေဂေး၊ ဝိုင်းလေး၊ လီလီမြင့်၊ ဝတ်ရည်ထက်၊ ရွှယ်ရွှယ်၊ Jewel တို့ သီဆိုထားတဲ့ စုံတွဲ အချစ်သီချင်းကောင်းတွေ ပါဝင်မှာဖြစ်ပြီး၊ Promotion အစီအစဉ်အနေနဲ့ ဇန်နဝါရီလ ၂၈ ရက်နေ့၊ ညနေ ၄ နာရီကနေ ည ၇ နာရီအထိ ရန်ကုန်မြို့လှည်းတန်း စင်တာမှာ ပရိသတ်တွေကို အမှတ်တရလက်မှတ် ရေးထိုး ပေးပြီး သီဆိုဖျော်ဖြေပေးသွားမှာ ဖြစ်ပါတယ်။

"ဒီခွေမှာပါတဲ့ သီချင်းတွေကိုတော့ ကျွန်တော်နဲ့ စုံတွဲဆိုမယ့် အဆိုတော်တွေနဲ့ တိုင်ပင်ပြီး ရွေးကြပါတယ်။ သီချင်း အဟောင်း ခုနစ်ပုဒ်လောက်ပါမယ်။ သီချင်းအသစ်ကတော့ ငါးပုဒ်လောက် ပါ ပါ မယ်။ သီချင်းအဟောင်း ခုနစ်ပုဒ်ဆိုပေမယ့် ပရိသတ်တွေ လုံးဝသိနေတာ လေးပုဒ်လောက်ပဲ ပါလိမ့်မယ်။ တချို့သီချင်းဟောင်းလေးတွေက ပရိသတ်တွေ သိပ်မကြားဖူးတဲ့ ဟာလေးတွေကို ကျွန်တော်တို့က ဆန်းသစ်ပြီးဆိုထားတာပါ" လို့ ဖြိုးပြည့်စုံက ပြောကြားပါတယ်။

# ဇီဝပရင်တာဖြင့် လူသားအရေပြားအတုထုတ်

မက်ဒရစ်၊ ဇန်နဝါရီ ၂၆


University of Madrid

စပိန်နိုင်ငံ၊ မက်ဒရစ်တက္ကသိုလ်မှ ပညာရှင်များသည် အရေပြားအစားထိုးရန် လိုအပ်သူများအတွက် ကွန်ပျူတာ ပရင်တာကို ဇီဝအရေပြားထုတ်နိုင်သည့် အသွင်ပြောင်းပြီး အရေပြားတုတစ်မျိုးကို ထုတ်လုပ်နိုင်ခဲ့ကြောင်း Biofabrication ဂျာနယ်တွင် ဖော်ပြထားသည်။

မက်ဒရစ်တက္ကသိုလ်မှ Carlos III ဟုအမည်ပေးထားသည့် အဖွဲ့တစ်ဖွဲ့သည် BioDan Group ကုမ္ပဏီ၏ အထောက်အပံ့ဖြင့် သုတေသနပြုလုပ်လျက်ရှိပြီးနောက် အရေပြားတုကို အောင်မြင်စွာ ထုတ်လုပ်နိုင်ခြင်းဖြစ်ကြောင်း ယင်းသတင်းက ဆိုသည်။

3D ပရင်တာများဖြင့် အရာအားလုံးကို စကေးကိုက် ပုံဖော်ဆောင်ပြီး ထုတ်နိုင်သည့်ခေတ်တွင် ဇီဝပရင်တာ (Bioprinter) တစ်မျိုးကို လူသားတို့၏ အသွေးအသားများဖြင့် ပေါင်းစပ်ပြီး ပကတိအရေပြားအတိုင်း ထုတ်လုပ်နိုင်စေရန် ပညာရှင်များက ကြိုးပမ်းလုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။

ဇီဝမင် (Bio-ink) ဟုခေါ်သည့် မင်တစ်မျိုးကို ပလာစမာ (plasma)၊ ပရိုတိန်း (proteins)၊ အရေပြားဆဲလ်နှင့် အခြား ဇီဝပစ္စည်းများဖြင့် ပေါင်းစပ်ပြီးမှ ကွန်ပျူတာ ထိန်းချုပ်မှုဖြင့် အရေပြားအတုကို ထုတ်လုပ်နိုင်ခဲ့ခြင်း ဖြစ်ကြောင်း ပညာရှင်များက ပြောကြားသည်။

လူသား၏ ပျက်စီးသွားသည် ဆဲလ်အရေအတွက် ပမာဏအလိုက် ကွန်ပျူတာက တွက်ချက်ပြီးမှ လိုအပ်ချက်အတိုင်း အရေပြားကိုတည်ဆောက်ရခြင်းဖြစ်ကြောင်း သုတေသီ ဖရန်စစ္စကို ကာနီဇိုကပြောကြားသည်။

Collagen ဟုခေါ်သည့် အရေပြားတုသည် ဆွဲဆန့်နိုင်သည့်အပြင် စုတ်ပြဲခြင်းလည်းမရှိ ခံနိုင်ရည်ရှိကာ မူလအရေပြားနှင့် ပေါင်းစပ်ရာတွင်လည်း ပိုပြီး မြန်ဆန်စေနိုင်ကြောင်း ယင်းကဆိုသည်။

အရေပြားအစားထိုးရန်အတွက် လုပ်ပြီးသား အရေပြားများကို ကြုံသလို အစားထိုး၍မရနိုင်ကြောင်း၊ အရေပြား အစားထိုးရန် လိုအပ်သည့်သူထံမှ ဆဲလ်ကို ဦးစွာထုတ်ရကြောင်း၊ ဆဲလ်များကို ဓာတ်ခွဲခန်းအတွင်း မွေးမြူ ထားပြီးမှ အတုကို ထုတ်နိုင်ကြောင်း၊ စုစုပေါင်း အစားထိုးနိုင်ရန်အတွက် ပြင်ဆင်ချိန် နှစ်ပတ်ခန့်အထိ ကြာမြင့်နိုင်ကြောင်း၊ ဇီဝပရင်တာဖြင့် ပြင်ဆင်ပြီးသော ပစ္စည်းများကို အတုထုတ်ချိန်ကိုပင် နှစ်ရက်ခန့် အချိန်ယူ ရမည် ဖြစ်ကြောင်း Carlos III အဖွဲ့ကပြောကြားသည်။

တိုရွန်တိုတက္ကသိုလ်မှ သုတေသီများကလည်းလူနာ၏ ကိုယ်ပိုင်ဆဲလ်များဖြင့် အရေပြားအတုထုတ်ခြင်းကို ဇီဝပရင်တာ အားအသုံးပြုကာ စမ်းသပ်ခဲ့ဖူးကြောင်း New Atlas သတင်းတွင် ရေးသားထားသည်။ ■

# လူသေသွားသော်လည်း အချို့သော ဆဲလ်များသည် ဆက်လက်ရှင်သန်ပြောင်းလဲနေဟုဆို

ဝါရှင်တန်၊ ဇန်နဝါရီ ၂၆



လူသားများသည် အသက်သေသွားပြီဟု ဆုံးဖြတ်ချက်ချလိုက်သော်လည်း အတွင်းထဲရှိ ဆဲလ်များက ဆက်လက်ရှင်သန်နေပြီး အချင်းချင်း တုံ့ပြန်ပြုပြင်မှုများ ရှိနေဆဲဖြစ်ကြောင်း Royal Society အဖွဲ့က ထုတ်ဝေသည့် Open Biology သတင်းတွင် သုတေသီများက ထုတ်ဖော်တင်ပြထားသည်။

ထိတ်လန့်စရာ သုတေသနပြုလုပ်မှုများကိုအယ်လ်ဘားမားနှင့် ဝါရှင်တန် တက္ကသိုလ်တို့မှ ပညာရှင်များက ပူးပေါင်းသုတေသနပြုလုပ်ကာ ဦးဆောင်သူ ပီတာ နိုဘယ်က "လူသား၏ ဇီဝရုပ်ကြွင်းက သေဆုံးသွားသော်လည်း အချို့သော ဆဲလ်များသည် ရှင်သန်ဆဲဖြစ်ကြောင်းကို လေ့လာတွေ့ရှိရကြောင်း" ပြောကြားချက်ကို ယင်းသတင်းတွင် ဖော်ပြထားသည်။

လူသားသည် သေဆုံးသွားလျှင် "step-wise shutdown" သဘောမျိုးဖြစ်သွားတတ်ကြောင်း၊ ဆိုလိုသည်မှာ အလိုအလျောက် ရပ်ဆိုင်းသွားသည့် အပိုင်းများရှိသကဲ့သို့ အချို့သောဗီဇမျိုးစိတ်များသည် လူသေမှ ပိုပြီး နိုးကြွကာ ပွားများရှင်သန်လာတတ်ကြောင်း ယင်းကဆိုသည်။

သေဆုံးခြင်းဆိုသည်မှာ အချိန်တစ်ခုအပေါ်တွင် မှီခိုနေရသည့်ဖြစ်စဉ်တစ်ခုဖြစ်ကြောင်း၊ သေဆုံးခြင်းကို မိနစ်ပိုင်းအတွင်း ဆုံးဖြတ်ရန် မဖြစ်နိုင်ကြောင်း၊ ထို့ကြောင့် ရင်ခွဲရုံများတွင် အလောင်းကို ခွဲစိတ်ပြီးမှ သေဆုံးကြောင်း အတည်ပြုကြသော်လည်း သေဆုံးသည်ဆိုတိုင်း လူသား၏ ဗီဇဆဲလ်များသည် ရပ်ဆိုင်းသွားပြီဟု မပြောနိုင်ကြောင်း ဒေါက်တာ နိုဘယ်ကရှင်းပြသည်။

လူသားတစ်ဦး၏ ကိုယ်ခန္ဓာအတွင်း ဖြစ်တည်နေသည့် ဆဲလ်များသည် သူ့အစိတ်အပိုင်းအလိုက် ဆက်လက် ရှင်သန်နိုင်စွမ်းများ ရှိနေပြီး ဖြစ်ပျက်ပြောင်းလဲ ပြုပြင်မှုများကို လူသေသော်လည်း ဆက်လုပ်နေတတ်ကြောင်း၊ အထူးသဖြင့် embryonic stem cells မျိုးများသည် ဆက်လက်ရှင်သန်မှု ရှည်ကြာကြောင်း သုတေသနပြု ထုတ်ဖော်ထားသည်။

ကြွက်တစ်ကောင်၏ နားအတွင်းရှိ stem cells များသည် သေလွန်ပြီးနောက် ၅ ရက်မှ ၁၀ ရက်အထိ ဆက်လက် ရှင်သန်နေပြီး၊ ဆိတ်တစ်ကောင်၏ တစ်သျှူးဆဲလ်များသည် ၄၁ ရက်မှ ရက်ပေါင်း ၁၆၀ အထိ ရှင်သန်နေနိုင်ကြောင်း ယင်းကဆိုသည်။

ဒေါက်တာနိုဘယ်က မိမိတို့ သုတေသနပြုလုပ်နေခြင်းသည် သေပြီးသူကို ပြန်ရှင်စေရန် လုပ်ဆောင်နေခြင်း မဟုတ်ဘဲ၊ လူသားတို့၏ ကိုယ်ခန္ဓာအတွင်းရှိ အစိတ်အပိုင်းများကို မည်မျှအထိ ကြာရှည်စွာခံနိုင်ရည်ရှိကြောင်း စမ်းသပ်ပြီးနောက် အစားထိုးမှု အဆင်ပြေရန်အတွက်သာဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။ ■

# NEWS IN BRIEF

## လော့စ်အိန်ဂျလိစ်မြေအောက်လမ်းများဖောက်မှု မကြာမီစတင်မည်

ကမ္ဘာကျော် တီထွင်ပညာရှင်သူဌေးကြီး အီလန် မာ့ခ်စ်သည် မြို့ကြီးများ၌ ယာဉ်လမ်းပိတ်ဆို့မှု ပြဿနာများကို ဖြေရှင်းပေးနိုင်မည့် မြေအောက်ပိုက်လိုင်းရထားများဖြင့် သယ်ယူပို့ဆောင်ရေးကို လုပ်ဆောင်နိုင်ရန် မြေအောက်လိုင်းများတူးဖော်ခြင်းကို မကြာမီလုပ်ဆောင်တော့မည်ဖြစ်ကြောင်း ပြောကြားသည်။

မကြာသော လအနည်းငယ်အတွင်း မြေအောက်တူးမြောင်းများ ဖောက်လုပ်ပြီး သယ်ယူပို့ဆောင်ရေးကို လမ်းကြောင်းများ လွှဲပြောင်းရန်စီစဉ်နေကြောင်းကို Business Insider သတင်းတွင် ရေးသားထားသည်။

SpaceX ဆိုသည့် ပြန်သုံးနိုင်သော အာကာသဒုံးပျံစနစ်ကိုတီထွင်ခဲ့သော သူဌေးကြီးသည် သမ္မတသစ် ဒေါ်နယ်ထရမ့်နှင့်တွေ့ဆုံခဲ့ပြီး ယင်းမြေအောက်လမ်းကြောင်းတူးဖော်မှုအတွက် ဒေါ်လာ ၁ ထရီလီယံသုံးစွဲမည် ဟုပြောဆိုခဲ့ကြောင်း ယင်းသတင်းကဆိုသည်။ ■

## ဘက်ထရီပြဿနာကြောင့် HP ကုမ္ပဏီ နုတ်ဘွတ်ကွန်ပျူတာများကိုပြန်သိမ်း

ကမ္ဘာကျော် ကွန်ပျူတာများထုတ်လုပ်သည့် HP သည် Lithium-ion ဘက်ထရီများ ပေါက်ကွဲသည့် ပြဿနာကြောင့် ဖြန့်ချိပြီးခဲ့သည့် ယင်းဘက်ထရီသုံး Notebook ကွန်ပျူတာ တစ်သိန်းကို ပြန်သိမ်းခဲ့ရကြောင်း Cnet သတင်းတွင် ဖော်ပြထားသည်။

၂၀၁၃ ခုနှစ် မတ်လနှင့် ၂၀၁၆ ခုနှစ် အောက်တိုဘာလအတွင်း ထုတ်လုပ်ခဲ့သော HP, Compaq, HP ProBook, HP Envy, Compaq Presario, HP Pavilion လက်ပ်တော့များတွင် ထည့်သွင်းထားသည့် ဘက်ထရီများတွင် ပြဿနာများရှိနေကြောင်း ယင်းသတင်းကဆိုသည်။

ယင်း လက်ပ်တော့များကို ပိုင်ဆိုင်ထားသူများသည် နီးစပ်ရာ မိမိတို့ဝယ်ယူထားသည့်ဆိုင်များကို ပြန်ပို့ပြီး ဘက်ထရီအသစ်တစ်လုံးကို အခမဲ့ လဲလှယ်ယူနိုင်ကြောင်း HP ကသတင်းထုတ်ပြန်ထားသည်။ ■

## သိပ္ပံပညာရှင်များ ဝါရှင်တန်သို့လမ်းလျှောက်ချီတက်ဆန္ဒပြရန်စီစဉ်

သမ္မတသစ် ဒေါ်နယ်ထရမ့်အား ဆန္ဒပြသည့်အနေနှင့် အမျိုးသမီးများသည် ဝါရှင်တန်သို့ လမ်းလျှောက် ချီတက် ဆန္ဒပြသည့်နည်းတူ သိပ္ပံပညာရှင်များကလည်း ဆန့်ကျင်ချီတက်ရန် ဆိုရှယ်မီဒီယာများကတစ်ဆင့် လှုံ့ဆော်လျက်ရှိကြောင်း Huffington Post သတင်းတွင်ဖော်ပြထားသည်။

အိမ်ဖြူတော် Website တွင် ရာသီဥတုပြောင်းလဲနေမှုများကို ဖော်ပြနေသည့် လှုပ်ရှားမှု စာမျက်နှာကို ဖယ်ရှားလိုက်ခြင်းနှင့် ပတ်သက်ပြီး သိပ္ပံပညာရှင်များက မကျေနပ်သဖြင့် ဆန္ဒပြရန် လှုံ့ဆော်နေခြင်းဖြစ်ကြောင်း ယင်းသတင်းကဆိုသည်။

ဆိုရှယ်မီဒီယာများဖြစ်သည့် Facebook နှင့် Twitter တို့ပေါ်တွင် ရက်ပိုင်းအတွင်း ထရမ့်၏ သိပ္ပံပညာအပေါ် သဘောထားများကို မကျေနပ်သည့်အတွက် ကန့်ကွက်ဝေဖန်ရေးသားမှုများ ပိုပြီး တိုးပွားလာကြောင်း၊ ဝါရှင်တန်သို့ ချီတက်မည့်ရက်ကို မကြာမီထုတ်ပြန်မည်ဖြစ်ကြောင်း Huffington Post တွင်ရေးသားထားသည်။ ■

## ဂျပန်နိုင်ငံမှ စစ်ရေးဆိုင်ရာဆက်သွယ်ရေးဂြိုဟ်တု ပထမဆုံး လွှတ်တင်

ဂျပန်နိုင်ငံသည် ကမ္ဘာ့မြေပြင်အထက် မိုင်ပေါင်း ၂၂၀၀၀ အကွာတွင် လှည့်ပတ်နေမည့် စစ်ရေးဆိုင်ရာ ဆက်သွယ်ရေးဂြိုဟ်တုတစ်လုံးကို ပထမဆုံး လွှတ်တင်ခဲ့ကြောင်း UPI သတင်းတွင်ဖော်ပြထားသည်။

Kirameki-2 ဆိုသည့် ဂြိုဟ်တုသည် အရှေ့တရုတ်ပင်လယ်တွင် ဖြစ်ပေါ်နေသည့် ပြဿနာများနှင့် မြောက်ကိုရီးယားနိုင်ငံ ပြုံးယမ်း၏ နျူကလီးယားအစီအစဉ်များကို လေ့လာစောင့်ကြည့်ရန် လွှတ်တင်ထားခြင်း ဖြစ်ကြောင်း ယင်းသတင်းကဆိုသည်။

ဂျပန်တို့သည် Kirameki-1 ကို စေလွှတ်ခဲ့သော်လည်း ပျက်စီးသွားဖြင့် ဒုတိယတစ်စီးကို စေလွှတ်ခြင်း ဖြစ်သလို မကြာမီ Kirameki-X တစ်စီးကိုလည်း ထပ်မံလွှတ်ရန်ရှိကြောင်း Kyodo သတင်းအေဂျင်စီက ရေးသားထားသည်။ ■

## ကမ္ဘောဒီးယားနိုင်ငံတွင် 5G ဆက်သွယ်ရေးစနစ်အသုံးပြုရန် ပြင်ဆင်

ကမ္ဘောဒီးယားနိုင်ငံတွင် Cellcard ဆိုသည့် ကုမ္ပဏီကဦးဆောင်ပြီး တစ်နိုင်ငံလုံးတွင် အဆင့်မြင့်ဆက်သွယ်ရေး စနစ် 5G ကို အသုံးပြုခွင့်ရရေးအတွက် ပြင်ဆင်လုပ်ဆောင်လျက်ရှိကြောင်း Khmer Times သတင်းတွင် ဖော်ပြထားသည်။

Nokia ကုမ္ပဏီ၏ အကူအညီဖြင့် လက်ရှိအသုံးပြုနေသော 3G နှင့် LTE ကွန်ရက်စနစ်များနေရာတွင် 5G စနစ်ကို ကျော်လွှားအသုံးပြုနိုင်စေရေးအတွက် လုပ်ဆောင်နေခြင်းဖြစ်ကြောင်း ယင်းသတင်းကဆိုသည်။

ကမ္ဘောဒီးယားနိုင်ငံတွင် မိုဘိုင်းလ်ဖုန်းသုံးစွဲနေသူပေါင်း ၁၉ ဒသမ ၃ သန်းကျော်ရှိပြီး၊ လိုင်းကြိုးများဖြင့် သုံးစွဲနေသူ ၂၃၅၀၀၀ ရှိကြောင်း၊ မိုဘိုင်းလ်အင်တာနက်သုံးစွဲနေသူပေါင်း ၇ သန်းကျော်ရှိသဖြင့် မြန်နှုန်းမြင့် စနစ်ကို ရရှိသုံးစွဲနိုင်စေရန် စီစဉ်ပေးနေခြင်းဖြစ်ကြောင်း Khmer Times တွင်ရေးသားထားသည်။ ■

# ကားမူဝါဒ အရွေ့နှင့် မာမာအေးဈေးကွက်

**ဟိန်းမြတ်စိုး**

အစိုးရက မူဝါဒတစ်ခုပြောင်းလဲလိုက်သည်နှင့် ကားဈေးကွက်က နေ့ချင်းဆိုသလို သွေးရူးသွေးတန်း ဖြစ်ကုန်သည်။

ပြီးခဲ့သည့် အစိုးရလက်ထက် ငါးနှစ်တာကာလ အတွင်း မူဝါဒ ၁၅ ကြိမ်ထိ ပြောင်းလဲခဲ့သည်။

ထိုသို့ပြောင်းလဲလိုက်သည်နှင့် ဈေးကွက်အပြောင်း အလဲသည်လည်း မြန်ဆန်ပြီး ကားဈေးအကျထက် အတက်ဘက်ကိုသာ ရောက်သွားတတ်သည်။

ယခုအစိုးရလက်ထက်တွင် မူဝါဒအပြောင်းအလဲ မများသော်လည်း မူဝါဒတစ်ကြိမ် ပြောင်းလဲလိုက်ပါက ကားဈေးကွက်ကိုရိုက်ခတ်မှုမှာ ယခင်အစိုးရလက်ထက် ထက် ပို၍ဂယက်ကြီးလှသည်။

မူဝါဒ အပြောင်းအလဲများနှင့် ပြည်တွင်းကား ဈေးကွက်ကတော့ ဈေးမာပြီး အေးနေသည်။

ကားလောက စကားနှင့်မူ မာမာအေးဖြစ်နေ သည်ပေ့ါ။

**၂၀၁၇ အတွက် မော်ဒယ်လ်နှစ်ထုတ်ပြန်ခြင်း**

၂၀၁၆ ခုနှစ် နိုဝင်ဘာလ ၃၀ ရက်နေ့က မော်တော်ယာဉ်တင်သွင်းခြင်းနှင့် သက်ဆိုင်သော လုပ်ငန်းများကြီးကြပ်ရေးကော်မတီက ၂၀၁၇ ခုနှစ် အတွက် တင်သွင်းရမည့်မော်ဒယ်လ်ခုနှစ်များ ထုတ်ပြန် လိုက်သည်။

ယင်းထုတ်ပြန်ချက်အရ ဇန်နဝါရီလ ၁ ရက်နေ့ မှစ၍ ပြည်ပမှ မော်တော်ယာဉ် တင်သွင်းမည့်သူများ အနေနှင့် ယာဉ်အိုယာဉ်ဟောင်း အစားထိုးယာဉ်အဖြစ် ၂၀၁၁ မှ ၂၀၁၄ မော်ဒယ်လ်ခုနှစ်အထိ တင်သွင်းခွင့်ရ တော့မည်ဖြစ်သည်။

ယင်းအပြင် တစ်ဦးချင်းမော်တော်ယာဉ် တင် သွင်းခွင့်ပါမစ် (Free Permit) ဖြင့်မူ ၂၀၁၅ မှ ၂၀၁၇ ခုနှစ်ထိကို ဘယ်မောင်းများသာ တင်သွင်းရမည်ဖြစ် သည်။

သတ်မှတ်ချက် ပြောင်းလဲထုတ်ပြန်လိုက်ပြီး ရက်ပိုင်းအတွင်း မော်တော်ယာဉ်ဈေးမှာ ကျပ် ၁၀ သိန်း အထိ ခုန်တက်သွားသည်။

သို့သော် ဈေးကွက်အတွင်းတွင်တော့ မော်တော် ယာဉ်အရောင်းအဝယ်မရှိခဲ့။

"ဈေးထပ်တက်မလားဆိုပြီး ကိုင်ထားကြတယ်။ ကိုယ်လည်း နောက်ကားဝယ်လို့မရမှာစိုးလို့ မရောင်း ရဲသေးဘူး" ဟု လှိုင်ယာဉ်ရောင်းဝယ်ရေးစခန်းမှ ကား ဝယ်ရောင်း ဦးအောင်ကျော်စိုးက ပြောဆိုခဲ့သည်။

ထိုသို့မော်ဒယ်လ်နှစ်များ အပြောင်းအလဲပြု လုပ်လိုက်သည့်အတွက် ၂၀၁၆ ခုနှစ်မူဝါဒဖြင့် လိုင်စင် ရရှိရန်သာ မော်တော်ယာဉ်လုပ်ငန်းရှင်တို့ ကြိုးစားခဲ့ ကြသည်။

သို့သော် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနက မော်တော်ယာဉ်တင်သွင်းခွင့်လျှောက် ထားသူသည် ကိုယ်စားလှယ်ဖြင့် လျှောက်ထားခွင့်ရရှိ မည်မဟုတ်ဘဲ မှတ်ပုံတင်အမည်ပေါက်သူ ကိုယ်တိုင် သာ လာရောက်လျှောက်ထားရမည်ဟု ထပ်မံကန့် သတ်လိုက်သည်။

ထို့ကြောင့် နေပြည်တော်နှင့် ရန်ကုန် စီးပွား/ ကူးသန်းရုံးများတွင် တန်းစီနေသူများနှင့် စည်ကား သွားပြန်သည်။

သို့သော် လိမ်လည်သူအချို့ကြောင့် လိုင်စင် လျှောက်ထားရက် နောက်ဆုံးဖြစ်သည့် ၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၂၃ ရက်အစား ရန်ကုန်တွင် ဒီဇင်ဘာ ၁၈ ရက် နှင့် နေပြည်တော်တွင် ဒီဇင်ဘာ ၁၉ ရက်တို့တွင် Free Permit ဖြင့် လျှောက်ထားခွင့်တို့ကို စီးပွား/ကူးသန်း က ရပ်ဆိုင်းခဲ့သည်။

"လူတွေက လိုင်စင်ကိုပဲရအောင် လုပ်နေတဲ့ အတွက် ကားဈေးကွက်ကလည်း အရောင်းအဝယ်မရှိ သလောက်ပါပဲ" ဟု အရောင်းပြခန်းနှစ်ခုတို့၏ ပိုင်ရှင် ဦးမင်းမင်းမောင်က ပြောဆိုသည်။

ထိုသို့ဖြစ်ပေါ် ပြီးနောက်ပိုင်း Free Permit မော်တော်ယာဉ် တစ်စီးလျှင် ကျပ်သိန်း ၄၀ ခန့်ထိ မြင့်တက်လာခဲ့သည်။

“ ထို့ကြောင့် ပြည်တွင်းမော်တော်ယာဉ် ဈေးကွက် သည် ၂၀၁၇ တွင် အပြောင်းအလဲကြီးမားစွာ ပြုလုပ်လိုက်ခြင်းနှင့်အတူ မြန်မာ့ကားဟောင်းဈေးကွက် သည်လည်း အချိုးအကွေ့တစ်ခု အနေနှင့် ငုပ်လျှိုးကွယ်ပျောက် ရမည့် အခြေအနေတွင် ရှိလေသည် ”


ဓာတ်ပုံ-အောင်နိုင်

**အနီ၊ အနက်နှင့် အငှားယာဉ်ဈေးကွက်**

၂၀၁၇ ခုနှစ်အတွက် မော်တော်ယာဉ်ဈေးကွက် ၏ နောက်ဂယက်တစ်ခုမှာ ကိုယ်ပိုင်(နံပါတ်အနက်) ယာဉ်အဖြစ် (၃ပမာ-၉ဃ-****)မှ အငှားယာဉ် (နံပါတ်အနီ)သို့ ပြောင်းလဲထားသည့်ယာဉ်များကို နံပါတ်အနက်သို့ ပြန်လည်ပြောင်းရမည် ဟူသော သတင်းတစ်ခုပင်ဖြစ်သည်။

သို့သော် ရန်ကုန်တိုင်းဒေသကြီး ကုန်းလမ်းပို့ ဆောင်ရေးနှင့် ညွှန်ကြားမှုဦးစီးဌာနကမူ ယင်းသတင်း မှာ ကောလာဟလတစ်ခုသာ ဖြစ်သည်ဟု ကြေညာ ထားသည်။

ယင်းဌာနက ထိုသို့တရားဝင်ထုတ်ပြန်ထားသော် လည်း အငှားယာဉ်ဈေးကွက်တွင်မူ ဈေးတို့မြင့်တက် နေပြီ ဖြစ်သည်ဟု အငှားယာဉ်အသိုင်းအဝိုင်းနှင့် ကား ဝယ်ရောင်းများထံမှ သိရသည်။

"မဟုတ်ဘူးသာဆိုတယ်။ ကျွန်တော့်သူငယ်ချင်း ပရိုဘောက်(တက္ကစီယာဉ်)တစ်စီး သိန်း ၁၂၀ လောက် နဲ့ ရောင်းထားတာ။ အခုပြန်ဝယ်ချင်လို့လိုက်ရှာတာ ပရိုဘောက်ကို သိန်း ၁၅၀ တဲ့ဗျာ။ AA၊ BB (ရာသက် ပန် တက္ကစီ)လိုနံပါတ်နဲ့ပေ့ါ" ဟု လက်ရှိဖြစ်ပေါ်နေ သော အငှားယာဉ်ဈေးကွက်အခြေအနေကို အငှား ယာဉ်မောင်းတစ်ဦးက ဆိုသည်။

ထိုသို့ဆိုသော် အငှားယာဉ်တစ်စီးလျှင် ကျပ် ၁၀ သိန်းခန့်မှ ၂၀ ကျော်အထိမြင့်တက်နေပြီဖြစ်သည်။

**စလစ်ကပ်ကားများနှင့် ဝင်ငွေခွန်**

Free Permit ယာဉ်များကို ၂၀၁၆ ခုနှစ် ဇွန်လ ၁ ရက်နေ့မှစ၍ ဝင်ငွေခွန်ပေးဆောင်စေခဲ့သည့်အတွက် ယင်းကားတစ်စီးလျှင် ကျပ် ၁၀ သိန်းမှ ၁၅ သိန်းထိ ပိုမိုမြင့်တက်သွားခဲ့သည်။

ယခုအခါ ထိုသို့ပင် စလစ်ကပ်မော်တော်ယာဉ် များကို ဝင်ငွေခွန်ပေးဆောင်စေရန် စီစဉ်လျက်ရှိသည် ဟု မူဝါဒရေးဆွဲရေး အစိုးရဌာနများနှင့် နီးစပ်သူများ က ဆိုသည်။

ထိုသို့ဆိုသော် စလစ်ကပ် မော်တော်ယာဉ်တို့ သည်လည်း အခွန်ကျသင့်သလောက် ဈေးနှုန်းမြင့်တက် တော့မည် ဖြစ်သည်။

ယင်းကို မော်တော်ယာဉ်လုပ်ငန်းရှင်တို့ကတော့ မလုပ်သင့်သည့်ကိစ္စတစ်ခုဖြစ်ပြီး အမည်ပေါက်လုပ် ဆောင်ထားခြင်း မရှိသူတို့ကိုသာ မဖြစ်မနေ အမည် ပေါက်ပြုလုပ်ခိုင်းသင့်သည်ဟု ဆိုသည်။

မည်သို့ပင်ဆိုစေကာမူ ယင်းအခွန်ကောက်ခံ ရန် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနကိုတင်ပြထားပြီး ဖြစ်ပြီး အတည်ပြုပြီးပါက လာမည့်ဘဏ္ဍာနှစ် ဧပြီလ ၁ ရက်နေ့မှ စကောက်မည်ဖြစ်သည်။

ထိုသို့စလစ်ကပ်ယာဉ်များ အခွန်ပေးဆောင်ခြင်း နှင့် ပတ်သက်၍ မော်တော်ယာဉ်လုပ်ငန်းရှင်များကို အကြံပြုချက်များတောင်းခံခဲ့ပြီး ၎င်းတို့၏ အကြံပြုချက် အချို့ကြောင့် ပျက်ပြယ်လုနီးပါးရှိနေသည်ဟု ဆိုသည်။

သို့သော် JPM နှင့် ဝန်းရံခ မော်တော်ယာဉ် အရောင်းပြခန်းများပိုင်ရှင် ဦးမင်းမင်းမောင်ကတော့ ယခုလိုဆိုသည်။

"ဒီနှစ်မူဝါဒအရ စလစ်ကပ်ပြီး ၂၀၁၁ Lamborghini လောက်ကို ဝယ်စီးလို့ရတယ်။ အဲဒါကြောင့် အဲလိုကောက်မယ်ဆိုပြီး ဖြစ်တာ။ ဒါပေမဲ့ ကျွန်တော် တို့အနေနဲ့တော့ အခြေခံလူတန်းစားတွေလည်း မထိ ခိုက်အောင် CIF ၄၅၀၀၀ အထက်ကိုပဲ ကောက်စေ ချင်တယ်" ဟု ဆိုသည်။

**ကြန့်ကြာနေတဲ့ AV တန်ဖိုး**

အကောက်ခွန်ဦးစီးဌာနက လုပ်ဆောင်နေသည့် ဆိပ်ကမ်းအရောက်မော်တော်ယာဉ်တန်ဖိုး(CIF) (သို့မဟုတ်) AV တန်ဖိုးသတ်မှတ်ချက်များကို ထုတ် ပြန်ရန် ကြန့်ကြာနေခြင်းကြောင့် လက်ရှိအချိန်အထိ မော်တော်ယာဉ်တင်သွင်းခွင့် လျှောက်ထားသူမရှိပေ။

ထိုတန်ဖိုးများကို ယခုလအတွင်း ထုတ်ပြန်ပေး မည်ဟုဆိုသော်လည်း ထုတ်ပြန်ပေးနိုင်ခြင်းတော့ မရှိသေးပေ။

ယခုနှစ်အတွက် မော်တော်ယာဉ်တင်သွင်းခွင့် လိုင်စင်လျှောက်ထားခွင့်ကို ဇန်နဝါရီ ၁ ရက်နေ့မှ စတင်၍ခွင့်ပြုထားသည်ဟု စီးပွား/ကူးသန်း လက်ထောက် အတွင်းဝန် ဦးခင်မောင်လွင်က ဆိုထားသည်။

"ကျွန်တော်တို့က AV တန်ဖိုးမထွက်ပဲနဲ့ ဘယ်ဈေးကို ကြည့်ပြီးလျှောက်ရမှာလဲ။ အခုတော့ အဲဒါကို စောင့်နေပါတယ်" ဟု Distinct Trading ကုမ္ပဏီ အုပ်ချုပ်မှုဒါရိုက်တာ ဦးထွန်းထိပ်က ပြော ကြားသည်။

လက်ရှိအချိန်ထိ မော်တော်ယာဉ်တင်သွင်းခွင့် လိုင်စင်ကို အရောင်းစင်တာ ၂၀ ခန့်ကသာ လျှောက် ထားမှုရှိပြီး Free Permit အတွက်ကိုမူ လျှောက်ထား သူမရှိကြောင်း ကုန်သွယ်ရေးဦးစီးဌာနထံမှ သိရသည်။

**လက်ရှိကားဈေးကွက် အခြေအနေ**

ထိုအပြောင်းအလဲများကြောင့် လက်ရှိမော် တော်ယာဉ်ဈေးကွက်အခြေအနေသည် အမြင့်ဈေးဖြင့် အေးစက်စွာ ရှေ့ဆက်လျက်ရှိသည်။

မော်တော်ယာဉ်ဈေးကွက်အတွင်း ပြည်တွင်း၌ အသုံးပြုပြီးသည့် မော်တော်ယာဉ်များကိုသာ အရောင်း အဝယ် ပြုလုပ်နေကြပြီး ဂျပန်ယာဉ်ဟောင်းများမှာ အရောင်းအဝယ်ဖြစ်ပေါ်မှု နည်းပါးလျက်ရှိသည်ဟု မော်တော်ယာဉ်လုပ်ငန်းရှင်များထံမှ သိရသည်။

ထို့ကြောင့် မော်တော်ယာဉ်လုပ်ငန်းရှင်တို့ကမူ ယခုကဲ့သို့ ပြိုင်တူညည်းချင်းထုတ်လေသည်။

"နောက်ဆို ဈေးနည်းနည်းနဲ့ ကားဝယ်စီးလို့ရ တော့မှာမဟုတ်ဘူး" ဟူ၍ပင်။

အငှားယာဉ်များက ကျပ်သိန်း ၂၀ ခန့် တစ်ပတ်ရစ် (ပြည်တွင်းအသုံးပြုပြီးကား) မော်တော်ယာဉ်က ကျပ်သိန်း ၂၀ ခန့်နှင့် Free Permit ယာဉ်များက ကျပ်သိန်း ၄၀ ခန့်ထိ မြင့်တက်လာခဲ့သည်။

**ကားဈေးကွက်ဘယ်လဲ**

၂၀၁၁မှ ပြောင်းလဲလာသော မူဝါဒများကြောင့် ဂျပန်မော်တော်ယာဉ်ဟောင်းများ၏ ဈေးကွက်သည် မောပန်းနေပြီဖြစ်သည်။

အတွေ့အကြုံ နှစ် ၂၀ ကျော်ရှိသည့် ဝါရင့် ကား ပွဲစားကြီး ဦးကျော်စိုးကတော့ ၂၀၁၃ ခုနှစ်အတွင်း က ယခုလို မှတ်ချက်ပေးဖူးသည်။

"ကားဈေးကွက်က နောက် ၅ နှစ်ကြာရင် ပျက်မှာ" ဟု ဆိုခဲ့သည်။

ထိုသို့ပြောဆိုပြီး ၎င်းသည်လည်း ကားပွဲစား လောကမှ အနားယူ၍ အခြားစီးပွားရေးလုပ်ငန်းတစ်ခု သို့ ပြောင်းလဲလုပ်ဆောင်သွားခဲ့သည်။

ယခုကားဈေးကွက်သည် ဦးကျော်စိုးပြောသကဲ့ သို့ ဖြစ်နေပြီလော။

သို့သော် မော်တော်ယာဉ်လုပ်ငန်းရှင် ဦးမိုးကျော်စွာ က ကားဈေးကွက် ပျက်မည်ဆိုသော သုံးသပ်ချက်ကို မဖြစ်နိုင်သေးကြောင်း ဆိုသည်။

"ကားဈေးက ကျနိုင်ပါသေးတယ်။ အတက် ချည်းပဲဖြစ်နေမှာမဟုတ်ပါဘူး။ တစ်နည်းနည်းနဲ့တော့ ကျနိုင်သေးတယ်" ဟု မှတ်ချက်ပေးသည်။

သူ၏ ထင်မြင်ချက်ကြောင့်ပင် မော်တော်ယာဉ် ဝယ်မည့်သူများကို ယခုလို ထပ်မံတိုက်တွန်းလေသည်။

"ကားကို လောလောဆယ်သုံးဖို့ အရေးတကြီး မလိုရင် မဝယ်ကြပါနဲ့ စောင့်ကြပါဦး" ဟု ဆိုလေသည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ဌာနအနေနှင့် သွင်းကုန်ကို ကန့်သတ်သွားမည်ဖြစ် ပြီး အဓိက ဇိမ်ခံပစ္စည်းများကို ကန့်သတ်၍ အမှန်တ ကယ်လိုအပ်သည့် ပစ္စည်းများဖြစ်သည့် ဆေးဝါးနှင့် ဆေးရုံသုံးကိရိယာများ၊ ဆောက်လုပ်ရေးပစ္စည်းများ ကိုသာ တင်သွင်းခွင့်ပေးသွားမည်ဟု ဦးခင်မောင်လွင် က အတည်ပြုပြောဆိုသည်။

မြန်မာနိုင်ငံသည် သွင်းကုန်များ၍ ပို့ကုန်နည်း နေခြင်းကြောင့် ကုန်သွယ်မှုလိုငွေများပြားနေသည့် အတွက် စီးပွားရေးတိုးတက်မှုကို အဟန့်အတားဖြစ် စေလျက်ရှိသည်ဟု စီးပွားရေးလုပ်ငန်းရှင်များက ဆိုသည်။

ထို့ကြောင့် တင်သွင်းမှုပမာဏများပြားသည့် မော်တော်ယာဉ်ကိုတင်သွင်းခွင့်ထိန်းချုပ်ရန် လုပ်ဆောင် လာခြင်းဖြစ်သည်ဟု မော်တော်ယာဉ် လုပ်ငန်းရှင်တို့ က သုံးသပ်ပြောကြားသည်။

ထို့ကြောင့် ပြည်တွင်းမော်တော်ယာဉ် ဈေးကွက် သည် ၂၀၁၇ တွင် အပြောင်းအလဲကြီးမားစွာ ပြုလုပ် လိုက်ခြင်းနှင့်အတူ မြန်မာ့ကားဟောင်းဈေးကွက် သည်လည်း အချိုးအကွေ့တစ်ခုအနေနှင့် ငုပ်လျှိုး ကွယ်ပျောက်ရမည့် အခြေအနေတွင် ရှိလေသည်။

မော်တော်ယာဉ်ဈေးကွက် မည်သို့ပြောင်းလဲ နိုင်ပုံကို Farmer Auto မော်တော်ယာဉ်အရောင်း စင်တာ အမှုဆောင်အရာရှိချုပ်နှင့် မြန်မာ့မော်တော် ယာဉ်ထုတ်လုပ်ရေးနှင့် ဖြန့်ဖြူးရောင်းချရေးအသင်း ၏ ဥက္ကဋ္ဌ ဒေါက်တာစိုးထွန်းက ယခုလိုဆိုသည်။

"၂၀၁၇ ကတော့ စပ်ကူးမပ်ကူးကာလပေ့ါနော်။ ကားဟောင်းတွေကို ရောင်းလို့ရသေးတယ်။ နောက် ဆိုရင်တော့ ပြည်တွင်းထုတ်ကားကိုပဲ စီးရတော့မှာ ပေ့ါ။ အဲဒီလိုဆို ကျွန်တော်တို့အတွက် ထိခိုက်နိုင်ပေ မယ့် ကားဈေးကွက်ကတော့ အဲဒီဘက်ဦးတည်နေပြီ"

■ ဟိန်းမြတ်စိုး




ကိုရီးယားကျွန်းဆွယ်တွင် တင်းမာမှုများမြင့်တက်နေစဉ် အမေရိကန်အစိုးရသစ် ကာကွယ်ရေးဝန်ကြီးက ထိုဒေသကို ဦးစွာသွားရောက်ခဲ့သည်

# အမေရိကန်ကာကွယ်ရေးဝန်ကြီး၏ ပထမဆုံးပင်လယ်ရပ်ခြားခရီးစဉ်အဖြစ် ဂျပန်နှင့်တောင်ကိုရီးယားသို့ သွားမည်

**ဝါရှင်တန် ဒီစီ၊ ဇန်နဝါရီ ၂၆**

ကာကွယ်ရေးဝန်ကြီး ဂျိမ်းမက်တစ်၏ ပထမဆုံးပင်လယ်ရပ်ခြားခရီးစဉ်သည် ဂျပန်နှင့် တောင်ကိုရီးယားဖြစ်မည်ဟု ပင်တဂွန်က ကြေညာလိုက်ပြီး ပစ္စဖိတ်ဒေသသည် အမေရိကန်လုံခြုံရေး အကျိုးစီးပွားအတွက် အရေးကြီးကြောင်း ပြသလိုက်သည်ဟု ABC သတင်းတွင် ဖော်ပြသည်။

“ဒီခရီးစဉ်ဟာ ဂျပန်၊ တောင်ကိုရီးယားတို့နဲ့ ခိုင်မာတဲ့မဟာမိတ်ဖွဲ့မှု၊ လုံခြုံရေးပူးပေါင်းဆောင်ရွက်မှု အားကောင်းမှုတို့ကို အမေရိကန်ပြည်ထောင်စုက တာဝန်ယူကြောင်းပြသတာဖြစ်ပါတယ်” ဟု ပင်တဂွန်ပြောရေးဆိုခွင့်ရှိသူ ဗိုလ်ကြီး ဂျက်ဖ်ဒေးဗစ်က ပြောကြားသည်။

မက်တစ်၏ခရီးစဉ်သည် မြောက်ကိုရီးယားက တာဝေးပစ်ဒုံးကျည်နှင့် နျူကလီးယားအစီအစဉ်များဖြင့် ရန်စမှုကြီးထွားလာချိန်တွင် အမေရိကန်၏ လုံခြုံရေးကတိကဝတ် ထိန်းသိမ်းမှုကိုဒေသတွင်း မဟာမိတ်များအား အာမခံရန် ရည်ရွယ်ခြင်းဖြစ်သည်။

ဂျိမ်းမက်တစ်သည် အမေရိကန်တပ်ဖွဲ့ဝင် ၂၈,၅၀၀ တပ်စွဲထားသော တောင်ကိုရီးယားတွင် ဦးစွာဝင်ရောက်ရပ်နားမည်ဖြစ်သည်။

မြောက်ကိုရီးယားသည် နျူကလီးယားထိပ်ဖူးကို တာဝေးပစ်ဒုံးကျည်တွင် တပ်ဆင်နိုင်သည့်အဆင့်အထိ သေးငယ်အောင် ပြုလုပ်နိုင်စွမ်းမရှိသေးဟု အမေရိကန်စစ်ဘက် အကြီးတန်းအရာရှိများက မကြာသေးမီက ပြောကြားထားသည်။

သို့ရာတွင် တောင်ကိုရီးယား၏ စိုးရိမ်ပူပန်မှုကို ဖြေရှင်းသည့်အနေနှင့် ဒုံးကျည်ရန်မှ ကာကွယ်ပေးမည့် THAAD ဒုံးခွင်းဒုံးစနစ်ကို တောင်ကိုရီးယားတွင် မကြာမီ ဖြန့်ကြက်ပေးမည်ဖြစ်သည်။

၎င်းစနစ်သည် ကာကွယ်ရန်သာဖြစ်သည်ဟု ဝါရှင်တန်က ပြောကြားထားသော်လည်း ဘေဂျင်းက ၎င်း၏ ဒုံးကျည်အစီအစဉ်များကို ထိန်းချုပ်ရန် ရည်ရွယ်ခြင်းဖြစ်သည်ဟု ယူဆကာ ကန့်ကွက်လျက်ရှိသည်။

လွန်ခဲ့သောနှစ်အနည်းငယ်အတွင်း တရုတ်နိုင်ငံသည် တောင်တရုတ်ပင်လယ်ပြင် စပရက်တလေကျွန်းစုတစ်ဝိုက်ရှိ သောင်ခုံ ခုနစ်ခုပေါ်တွင် လူလုပ်ကျွန်းများ တည်ဆောက်ကာ ဆိပ်ကမ်းများ၊ လေယာဉ်ပြေးလမ်းများနှင့် ရေဒါစခန်းများကို တည်ဆောက်ခဲ့သည်။

စီးပွားရေးလုပ်ငန်းအတွက်ဟု တရုတ်တို့က အကြောင်းပြသော်လည်း ဂြိုဟ်တုဓာတ်ပုံများတွင် လေယာဉ်ပစ်အမြောက်ကြီးများနှင့် လက်နက်စနစ်များကို မြင်တွေ့ရသည်။

တောင်တရုတ်ပင်လယ် ပိုင်နက်အငြင်းပွားမှုပြဿနာတွင် အမေရိကန်က ဘက်လိုက်ရပ်တည်ခြင်း မပြုသော်လည်း အငြင်းပွားကျွန်းစုများ၏ ရေမိုင် ၁၂ မိုင်အပြင်ဘက်ရှိ နိုင်ငံတကာကုန်သွယ်ရေကြောင်းလမ်းကိုမူ အမေရိကန် စစ်သင်္ဘောများဖြင့် ကင်းလှည့်စောင့်ရှောက်လျက်ရှိသည်။

ယခုအပတ်အတွင်း အိမ်ဖြူတော်ပြန်ကြားရေးအရာရှိ ရှောင်စပင်ဆာက အငြင်းပွားကျွန်းစုများအနီးမှ ရေပြင်သည် နိုင်ငံတကာ ရေလမ်းကြောင်းဖြစ်ပြီး နိုင်ငံတစ်ခုတည်းက အပိုင်သိမ်းယူရန် ကြံစည်နေမှုများကို တားဆီးကာကွယ်သွားမည်ဟု ပြောကြားခဲ့ရာ တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနက အမေရိကန်သည် ဤကိစ္စတွင် သက်ဆိုင်သူမဟုတ်ဟု ပြောကြားကာ တုံ့ပြန်ကန့်ကွက်ခဲ့သည်။

ဒေါ်နယ်ထရမ့်သည် မဲဆွယ်ပွဲကတိအတိုင်း TPP ပစ္စဖိတ်ကုန်သွယ်ရေးသဘောတူစာချုပ်မှ ယခုသီတင်းပတ်အစောပိုင်းတွင် နုတ်ထွက်မှုကြောင့် ဒေသတွင်းရှိ အမေရိကန်မဟာမိတ်အချို့ အခြေပျက်ခဲ့ရသည်။

စာချုပ်တွင် အမေရိကန်ပါဝင်ရေးအလားအလာသည် အိုဘားမားလက်ထက်ကတည်းကပင် ဆီးနိတ်တွင် အတည်ပြုရန်လိုအပ်သော မဲမရခဲ့သောကြောင့် မရေမရာဖြစ်နေခဲ့သည်။

TPP သဘောတူညီချက်သည် တရုတ်နိုင်ငံ၏ စီးပွားရေးနှင့် ပထဝီနိုင်ငံရေးလွှမ်းမိုးလာမှုကို တန်ပြန်နိုင်မည့် စာချုပ်ဖြစ်ကြောင်း ရှုမြင်ထားသော ဒေသတွင်းမဟာမိတ်နိုင်ငံများမှာ အမေရိကန် နုတ်ထွက်မှုသတင်းကြောင့် စိုးရိမ်ပူပန်နေသည်ဟု သိရှိရသည်။

သဘောတူစာချုပ်တွင် အမေရိကန်မပါဝင်တော့ပါက တရုတ်နိုင်ငံသည် ကုန်သွယ်ရေးကိစ္စများတွင် လွတ်လပ်သွားမည်ဖြစ်ပြီး အမေရိကန်ကို ထည့်သွင်းခြင်းမပြုသော စာချုပ်အသစ်ကို တွန်းအားပေးဖွယ်ရှိသည်ဟုဆိုသည်။ ■ F-04

# ထရမ့်တံတိုင်းကိစ္စ ကုလသမဂ္ဂတွင် တရားစွဲရန် မက္ကဆီကိုအတိုက်အခံခေါင်းဆောင်တောင်းဆို

**မက္ကဆီကိုစီးတီး၊ ဇန်နဝါရီ ၂၆**

မိုင် ၂၀၀၀ရှည်သည့် မက္ကဆီ-အမေရိကန်နယ်စပ်တစ်လျှောက် တံတိုင်းဆောက်ရန် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က အမိန့်ပေးလိုက်မှုမှာ မက္ကဆီကိုနိုင်ငံကို စော်ကားခြင်းဖြစ်ပြီး နိုင်ငံတကာတွင် တရား ဥပဒေကြောင်းအရ ရင်ဆိုင်သင့်သည်ဟု အတိုက်အခံခေါင်းဆောင် အန်ဒရေမန်နျူရယ် လိုပက်ဇ်အိုဘရာဒေါ က တောင်းဆိုခဲ့ကြောင်း Reuters သတင်းက ဖော်ပြထားသည်။

“မက္ကဆီကို အစိုးရအနေနဲ့ ကုလသမဂ္ဂမှာ အမေရိကန်အစိုးရကိုလူ့အခွင့်အရေးချိုးဖောက်မှု၊ လူမျိုးရေးခွဲခြားမှုတွေနဲ့ တရားစွဲဆိုသင့်တယ်လို့ တလေးတစား အဆိုပြုအပ်ပါတယ်” ဟု လက်ဝဲယိမ်း အတိုက်အခံခေါင်းဆောင်က မက္ကဆီကိုစီးတီးတွင် လူအုပ်ကြီးကိုမိန့်ခွန်းပြောစဉ် ထည့်သွင်းပြောကြားခဲ့သည်။

လိုပက်ဇ်အိုဘရာဒေါသည် သမ္မတရွေးကောက်ပွဲ နှစ်ကြိမ် ဒုတိယနှင့်သာ ကျေနပ်ခဲ့ရသူဖြစ်သည်။

မက္ကစီကိုစီးတီးမြို့တော်ဝန်ဟောင်းလည်းဖြစ်ခဲ့ဖူးသူ လိုပက်ဇ်အိုဘရာဒေါ မှာ လာမည့် ၂၀၁၈ ခုနှစ် ဇူလိုင်လတွင် ကျင်းပမည့် သမ္မတရွေးကောက်ပွဲတွင် အနိုင်ရရန် တစ်ပြေးနေသည်ဟု ကနဦးစစ်တမ်းများကဖော်ပြသည်။

အမေရိကန်ရောက် မက္ကဆီကိုနိုင်ငံသား ခံယူထားသူများ၏ ထောက်ခံမှုရရန် လာမည့် ဖေဖော်ဝါရီလတွင် အမေရိကန်မြို့ကြီးများသို့ လှည့်လည်မဲဆွယ်မည်ဟုလည်း ပြီးခဲ့သည့်အပတ်ကကြေညာထားသူဖြစ်သည်။

ထရမ့်၏ မူဝါဒများကြောင့်မက္ကဆီကိုတွင် လက်ရှိသမ္မတပီညာနီတိုအပေါ် ထောက်ခံမှု တစ်ဟုန်ထိုးကျဆင်းလျက်ရှိသည်။

မက္ကဆီကို နိုင်ငံပါဝင်သည့် မြောက်အမေရိက လွတ်လပ်စွာကုန်သွယ်ရေး သဘောတူစာချုပ်ကို ဖျက်သိမ်းပြီး နယ်စပ်ဖြတ်ကျော်ခွန်များ ကြီးကြီးမားမား ကောက်ခံမည်ဟုထရမ့်က ခြိမ်းခြောက်ထားသောကြောင့် မက္ကဆီကိုပီဆိုတန်ဖိုးများ တစ်ဟုန်ထိုး ကျဆင်းခဲ့သည်။

ထရမ့်၏ နယ်စပ်တံတိုင်းဆောက်မည့် အစီအစဉ်ကိုကန့်ကွက်သည့်အနေနှင့် ထရမ့်နှင့် ပီညာနီတိုတို့လာမည့်အပတ်တွင် တွေ့ဆုံရန် စီစဉ်ထားမှုကို ဖျက်သိမ်းရန်လည်းတောင်းဆိုမှုများရှိနေသည်။

မက္ကဆီကိုသမ္မတနှင့် ဆွေးနွေးရန် စီစဉ်ထားသည့်တိုင် မတွေ့ဆုံရသေးမီတံတိုင်းဆောက်ရန် အစီအစဉ်ကိုစတင်လိုက်သည့် အမေရိကန်သမ္မတသစ်အပေါ် မက္ကဆီကိုပြည်သူတို့က အမျက်ထွက်ခဲ့ကြပြီး တွေ့ဆုံရန် အကြောင်းမရှိတော့ဟု ထင်ရှားသည့်နိုင်ငံရေးသမားများနှင့် လူအများအပြားက လူမှုကွန်ရက်တွင် မှတ်ချက်ပေးခဲ့ကြသည်။

သို့သော်လည်းတွေ့ဆုံရန် အစီအစဉ်မှာ အတည်ပြုထားဆဲဖြစ်ပြီးဖျက်သိမ်းရန် မရှိကြောင်း မက္ကဆီကိုနိုင်ငံခြားရေးဌာနက ထုတ်ပြန်သည်။

ထရမ့်၏အမိန့်ကို တုံ့ပြန်သည့်အနေနှင့် အမေရိကန်တွင်နေထိုင်နေကြသော မက္ကဆီကိုနိုင်ငံသားများကို မက္ကဆီကိုကောင်စစ်ဝန် ၅၀ ၏ ဥပဒေရေးအရ အကူအညီပေးမှုများ တိုးချဲ့ဆောင်ရွက်ရန် ပီညာနီတိုက အမိန့်ပေးခဲ့သည်။

“မက္ကဆီကိုရွှေ့ပြောင်းအခြေချသူတစ်ယောက် ဘယ်နေရာမှာပဲရှိနေနေ၊ ကျွန်တော်တို့ ကူညီပေးသင့်ပါတယ်” ဟု ပီညာနီတိုက ပြောကြားခဲ့သည်။

ကောင်စစ်ဝန်များ၏ အကူအညီမှာ အမေရိကန် လူဝင်မှုကြီးကြပ်ရေးတရားရုံးများတွင် ပြန်ပို့မည့်အစီအစဉ်ကိုဥပဒေကြောင်းအရ ကန့်ကွက်မှုများပြုလုပ်ခြင်းဖြင့် နှောင့်နှေးအောင် လုပ်သည့် အစီအစဉ်ဖြစ်သည်။

လက်ရှိတွင်ပင် ယင်းသို့သောအမှုမျိုး ၅ သိန်းခန့်ရှိနေသောကြောင့် စီရင်ဆုံးဖြတ်ရာတွင် နှောင့်နှေးမှုများရှိနေခဲ့သည်။

■ F-03




မက္ကဆီကို အတိုက်အခံခေါင်းဆောင်က အမေရိကန်ရောက် မက္ကဆီကန်သားများနှင့် လာရောက်တွေ့ဆုံဦးမည်ဖြစ်သည်




ဟာလေတွင် နိုင်ငံခြားရေးမူဝါဒဆိုင်ရာ အတွေ့အကြုံမရှိဟု ဝေဖန်ခံထားရသည်

## ကုလသမဂ္ဂဆိုင်ရာ အမေရိကန်သံအမတ်ကြီးအဖြစ် တောင်ကယ်ရိုလိုင်းနား အုပ်ချုပ်ရေးမှူးဟောင်း ကျမ်းသစ္စာကျိန်ဆို

**နယူးယောက်၊ ဇန်နဝါရီ ၂၆**

ဒေါ်နယ်ထရမ့်အစိုးရ၏ ကုလသမဂ္ဂဆိုင်ရာ သံအမတ်ကြီးအဖြစ် တောင်ကယ်ရိုလိုင်းနား အုပ်ချုပ်ရေးမှူးဟောင်း နစ်ကီဟာလေကို ခန့်အပ်ကာ ကျမ်းသစ္စာကျိန်ဆိုလိုက်ကြောင်း VOA သတင်းတွင် ဖော်ပြထားသည်။

ဒုသမ္မတ မိုက်ပင့်စ်က ဟာလေ၏ ကျမ်းကျိန်မှုကို ဗုဒ္ဓဟူးနေ့တွင် လက်ခံခဲ့သည်။

ဟာလေတွင် နိုင်ငံခြားရေးမူဝါဒဆိုင်ရာ အတွေ့အကြုံမရှိသော်လည်း သူမအား အမည်စာရင်း တင်သွင်းမှုကို ဆီးနိတ်လွှတ်တော်က ၉၆-၄ မဲဖြင့် အင်္ဂါနေ့ညတွင် အတည်ပြုပေးခဲ့သည်။

အိန္ဒိယရွှေ့ပြောင်းမိသားစုမှ တောင်ကယ်ရိုလိုင်းနားတွင် မွေးဖွားသူ ဟာလီအား အတည်ပြုမှုကို ကြားနာစစ်ဆေးရာတွင် သူမက အစ္စရေးရှိ အမေရိကန်သံရုံးကို တဲလ်အဗစ်မှ ဂျေရုဆလင်သို့ ပြောင်းရွှေ့ရန် ထရမ့်၏ တောင်းဆိုမှုကို ထောက်ခံကြောင်း ပြောကြားခဲ့သည်။

ဟာလေ၏ ကျမ်းကျိန်မှုအပြီးတွင် ထရမ့်က သူမနှင့်အတူ ဓာတ်ပုံရိုက်၍ Twitter တွင်တင်ခဲ့သည်။

သူမသည် ရုရှားကို ဆန့်ကျင်ရာတွင် ထရမ့်ထက် ပိုမိုတင်းမာသော သဘောထားကို ဆုပ်ကိုင်ထားပြီး ယခုအချိန်တွင် မော်စကိုအား ယုံကြည်နိုင်သည်ဟု မယူဆကြောင်း သူမကပြောကြားသည်။

ဟာလေသည် ဆီးနိတ်၏ မဲခွဲအတည်ပြုမှုအပြီးတွင် တောင်ကယ်ရိုလိုင်းနား အုပ်ချုပ်ရေးမှူးအဖြစ်မှ နုတ်ထွက်ခဲ့သည်။

သူမ၏နေရာကို ဒုတိယအုပ်ချုပ်ရေးမှူး ဟင်နရီမက်မာစတာက ဆက်ခံသည်ဟု သိရှိရသည်။

■ F-04

# အမေရိကန်လွှတ်တော်အမတ် ဆီးရီးယားသမ္မတ အာဆတ်နှင့် ငြိမ်းချမ်းရေးဆွေးနွေး

**ဝါရှင်တန်၊ ဇန်နဝါရီ ၂၆**

ဒီမိုကရက်တစ်ပါတီမှ အမေရိကန်အောက်လွှတ်တော်အမတ် တူလ်ဆီဂက်ဘာ့ဒ်က ဆီးရီးယားနိုင်ငံတွင် သမ္မတဘာရှားအာဆတ်နှင့်တွေ့ဆုံခဲ့ပြီး ငြိမ်းချမ်းရေးရနိုင်ခြေနှင့် ပတ်သက်ပြီးဆွေးနွေးခဲ့ကြောင်း ဇန်နဝါရီလ ၂၆ ရက်နေ့တွင် CNN သတင်းဌာနသို့ ထုတ်ဖော်ပြောကြားခဲ့သည်။

ဟာဝိုင်အီမှ အမျိုးသမီးလွှတ်တော်အမတ် ဂက်ဘာ့ဒ်သည် ဆီးရီးယားပြည်သူတို့၏ အတိဒုက္ခကို ကိုယ်တိုင်ကိုယ်ကျ သိမြင်လိုသောကြောင့် လေးရက်ကြာခရီးသွားရောက်ခဲ့ခြင်းဖြစ်သည်ဟုဆိုသည်။

ဘာရှားအာဆတ်နှင့်တွေ့ဆုံရခြင်းမှာ “ကျွန်မတို့ ငြိမ်းချမ်းရေးနိုင်ခြေရှိတယ်ဆိုရင် တွေ့ဖို့လိုအပ်တဲ့ ဘယ်သူနဲ့မဆို တွေ့မှုရမယ်၊ ကျွန်မပြောချင်တာအဲဒါပဲ” ဟု ဂက်ဘာ့ဒ်က ပြောကြားခဲ့သည်။

ဆီးရီးယား၏ခြောက်နှစ်ကြာ ပြည်တွင်းစစ်အတွင်း ဒီမိုကရက်တစ်သမ္မတ အိုဘားမားအစိုးရက အာဆတ်ကို တော်လှန်သည့် သဘောထားပျော့ပျောင်းသော သူပုန်များအား ထောက်ပံ့ပေးရေးမူဝါဒကိုလည်း အီရတ်စစ်ပြန်တစ်ဦးဖြစ်သည့် ဂက်ဘာ့ဒ်က ဝေဖန်ခဲ့ဖူးသည်။

အိုင်အက်စ်ကို နှိမ်နင်းရေးကိုသာ အာရုံစိုက်ရန် သူပုန်များကို မကူညီသင့်တော့ကြောင်း ရီပတ်ဘလစ်ကန်သမ္မတ ဒေါ်နယ်ထရမ့်ကလည်း ၂၀၁၆ မဲဆွယ်ကာလအတွင်း ပြောကြားခဲ့ဖူးသည်။

ဆီးရီးယားတွင် သူပုန်အင်အားစုများသည် အကြမ်းဖက်အစွန်းရောက်များနှင့်လည်းကောင်း၊ ရုရှား၊ အီရန်တို့က ထောက်ပံ့ပေးထားသော အစိုးရတပ်များကိုလည်းကောင်း ရင်ဆိုင်တိုက်ခိုက်နေရသည်။

မိုဆူးလ်မြို့ရှိ ၎င်းတို့၏ အမာခံနယ်မြေများကိုလည်း အစိုးရက ပြန်လည်တိုက်ခိုက်သိမ်းယူခဲ့ကာ အရေးနိမ့်နေပြီး မြောက်ပိုင်းတွင်လည်း အစွန်းရောက်ဂျီဟတ်များလက်သို့ နယ်မြေများ ဆုံးရှုံးနေခဲ့သည်။

ပြီးခဲ့သည့်ရက်ပိုင်းက သွယ်ဝိုက်ငြိမ်းချမ်းရေးဆွေးနွေးပွဲကို ကာဇက်စတန်နိုင်ငံတွင် ပြုလုပ်ခဲ့ပြီး အစိုးရဘက်မှ ငြိမ်းချမ်းရေးဆွေးနွေးမှု အဖွဲ့ခေါင်းဆောင်ကိုယ်တိုင် တက်ရောက်ခဲ့သည်။

အပစ်အခတ်ရပ်စဲရေးကို တူရကီ၊ အီရန် စသော ဒေသတွင်းနိုင်ငံများက သဘောတူညီကြကာ ရုရှားကလည်း ထောက်ခံသည်။

သို့သော် ယင်းအပစ်အခတ်ရပ်စဲရေး သဘောတူညီမှုမှာ ယိုင်နဲ့နဲ့သာဖြစ်နေပြီး ပစ်ခတ်မှုများက မြေပြင်တွင် ဖြစ်ပွားနေဆဲသာ ဖြစ်သည်။

■ F-03




ဒီမိုကရက်တစ်ပါတီအမတ်က ဆီးရီးယားဒုက္ခသည်များအရေးအတွက် မျက်မြင်ကိုယ်တွေ့သိရှိရရန် ကိုယ်တိုင်သွားရောက် ကြည့်ရှုခဲ့သည်

## IS ကိုထောက်ခံသူ ဂျာမန်မိန်းကလေးတစ်ဦး ရဲကိုဓားဖြင့်ထိုးမှုဖြင့် ထောင်ကျ

**ဟန်နိုဗာ၊ ဇန်နဝါရီ ၂၆**

IS အဖွဲ့ကို ထောက်ခံကာ ဂျာမန်အစိုးရ၏အဆိုပါပြဿနာကို ချဉ်းကပ်ပုံအား မကျေနပ်သဖြင့် ရဲတစ်ဦးကို ဓားဖြင့်ထိုးခဲ့သော ၁၆ နှစ်သာရှိသေးသူ မော်ရိုကန်သွေးနှောသည့် ဂျာမနီနိုင်ငံသူမိန်းကလေးတစ်ဦးကို တရားရုံးက ထောင်ဒဏ်ခြောက်နှစ် ချမှတ်လိုက်သည်ဟု BBC သတင်းက ဆိုသည်။

အမှုဖြစ်ပွားစဉ်က ဆာဖီယာ အက်စ်သည် အသက် ၁၅ နှစ်သာရှိသေးပြီး ဟန်နိုဗာမြို့ ဘူတာကြီးတွင် ရဲအရာရှိတစ်ဦးကို ဓားဖြင့်ထိုးကာ ဆိုးဆိုးဝါးဝါး ဒဏ်ရာရစေခဲ့သည်။




အမှုရုံးချိန်းများကို တံခါးပိတ်ပြီးသာ စစ်ဆေးခဲ့သည်

အစိုးရ ဥပဒေအရာရှိများက အဆိုပါ တိုက်ခိုက်မှုကို IS က အမိန့်ပေးခဲ့ကာ ကြီးကြပ်ခဲ့ကြောင်း စွပ်စွဲဖော်ပြထားသည်။

လူသတ်ရန်လုပ်ဆောင်မှုနှင့် အကြမ်းဖက်အဖွဲ့အစည်းတစ်ခုကိုကူညီမှု စသည်တို့ဖြင့် ၎င်းကို အရေးယူခဲ့ခြင်းဖြစ်သည်။

၎င်းကို အကာအကွယ်ပေးသော ရှေ့နေက တခြားစွပ်စွဲအရေးယူထားမှုများကို ဖယ်ရှားပေးကာ ပိုမိုနည်းပါးသော ပြစ်ဒဏ်ပေးရန် တောင်းဆိုထားသည်။

ထိုအမှုနှင့် ဆက်စပ်လျက် အသက် ၂၀ အရွယ် မိုဟာမက်ဟာဆန်ဧ ဆိုသူကိုလည်း အရေးယူထားကာ ပြစ်မှုကျူးလွန်မည့်အကြောင်းကို သိလျက်နှင့် အာဏာပိုင်ကို သတင်းမပေးသောကြောင့် ထောင်ဒဏ် ၂နှစ်ခွဲ ချမှတ်ထားသည်။

ဆာဖီယာသည် တူရကီမှတစ်ဆင့် IS သို့ဝင်ရန် ဆီးရီးယားသို့ ခရီးသွားခဲ့ပြီး မိခင်က ပြန်လည်ခေါ်ဆောင်ထားခဲ့သည်။

သို့သော် ၎င်းသည် အင်တာနက်မှတစ်ဆင့် ဂျီဟတ်များနှင့် အဆက်အသွယ်ရှိခဲ့ပြီး လွန်ခဲ့သည့်နှစ် ဖေဖော်ဝါရီက ရဲသားတစ်ဦးကို ဓားထိုးတိုက်ခိုက်ခဲ့ခြင်း ဖြစ်သည်။

အခင်းဖြစ်ပွားပုံကို CCTV မှတ်တမ်းများရရှိထားပြီး မိန်းကလေးသည် ရဲများကို စိုက်ကြည့်နေကာ ရဲက မှတ်ပုံတင်ပြခိုင်းသောအခါ ဓားဖြင့်ထိုးခဲ့ခြင်းဖြစ်သည်။

အမှုစစ်ဆေးမှုကို တရားခွင်ပိတ် စစ်ဆေးခဲ့ပြီး ဂျာမနီနိုင်ငံ၏ဥပဒေအရ တရားခံ၏မျိုးရိုးနာမည်ကို တရားခွင်က မထုတ်ပြန်ပေ။

■ F-02



ဓာတ်ပုံ – ငြိမ်းသူမင်း

# ဟုမ္မလင်းတွင် ရွှေတူးဖော်မှုများ ရပ်ဆိုင်းထားရန် တိုင်းအစိုးရ ထုတ်ပြန်

**ကလေး၊ ဇန်နဝါရီ ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး၊ ဟုမ္မလင်းမြို့နယ်ရှိ ရွှေတူးဖော်သည့် လုပ်ငန်းများ ရပ်ဆိုင်းထားရန် တိုင်းဒေသကြီးအစိုးရအဖွဲ့က ထုတ်ပြန် တားမြစ်ထားကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေး မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးကမ်ဇာမုံ က ပြောကြားသည်။

အဆိုပါ ရပ်ဆိုင်းမှုတွင် တရားဝင် တူးဖော်နေသည့်ကုမ္ပဏီနှင့် တရားမဝင် တူးဖော်နေသည့် လုပ်ငန်းများလည်း ပါဝင်ကြောင်း၊ ရပ်ဆိုင်းထားသည့် ကာလတွင် စစ်ဆေးနေချိန်၌ တူးဖော်နေသည်ကို တွေ့ရှိပါက ပြင်းပြင်းထန်ထန် အရေးယူမည် ဖြစ်ကြောင်း၊ ယာယီရပ်နားထားမှုကို အချိန်ကန့်သတ်ထားခြင်း မရှိကြောင်း ၎င်းက ပြောဆိုသည်။

ဟုမ္မလင်းမြို့နယ်ရှိ ရွှေတူးဖော်သည့် လုပ်ငန်းခွင်များသို့ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်နှင့် အဖွဲ့က ဒီဇင်ဘာ ၁၅ ရက်နေ့က သွားရောက် စစ်ဆေးခဲ့ရာ တရားမဝင် ရွှေတူးဖော်မှုလုပ်ငန်း လုပ်ကိုင်နေသည့် ရွှေမျောပေါင်းများစွာတွေ့ရှိခဲ့ပြီး တရားဝင် ရွှေမျောများလည်း ရာချီရှိနေကြောင်း၊ ယင်းသို့ တူးဖော်ရာတွင် စည်းကမ်းမလိုက်နာသည့်အတွက် သဘာဝပတ်ဝန်းကျင်များစွာ ပျက်စီးနေသည်ကို တွေ့ရှိခဲ့ပြီးနောက် တားမြစ်ထုတ်ပြန်ခဲ့ခြင်း ဖြစ်ကြောင်း တိုင်းဒေသကြီး စိုက်ပျိုးရေး မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီး ဦးကမ်ဇာမုံ က ပြောကြားသည်။

ဟုမ္မလင်းမြို့နယ်ရှိ ရွှေတူးဖော်နေသည့် တရားဝင် ကုမ္ပဏီပေါင်း ၆၂ ခုရှိပြီး လုပ်ကွက် ၄၈ကွက်ရှိကြောင်း ဟုမ္မလင်းမြို့ အမှတ်(၂) သတ္တုတွင်းလုပ်ငန်း၏ စာရင်းများအရ သိရသည်။ ■

# ပဲခူး ဂျေအမ်စီ တောင်ငူနှင့် သံတောင်ကြီးဒေသခံများ တွေ့ဆုံ

**တောင်ငူ၊ ဇန်နဝါရီ ၂၆**

တောင်ငူမြို့ငွေတောင်လေး ကျေးရွာ ဘုရားရှိခိုးကျောင်း ခန်းမဆောင်တွင် ဇန်ဝါရီလ ၂၅ ရက် မွန်းတည့်ချိန်တွင် ပဲခူးတိုင်းဒေသကြီး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေး ကော်မတီ JMC-S နှင့် တောင်ငူမြို့နယ်နှင့် သံတောင်ကြီးမြို့နယ်မှ ဒေသခံများ ပထမဦးဆုံးအကြိမ်တွေ့ဆုံခဲ့သည်။

"နှစ် ၆၀ ကျော်အကြာ ဖြစ်ပွားခဲ့သော ပြည်တွင်းစစ်ကို ရပ်ဆိုင်းဖို့ စားပွဲဝိုင်းမှာ တွေ့ဆုံဆွေးနွေးဖို့ လုပ်ဆောင်နေတဲ့ အနေအထားမှာ ဒေသခံတွေကို ဘာတွေလုပ်နေတယ်၊ ဘာဆက်လုပ်မယ်ဆိုတာတွေကို ရှင်းပြတာပါ" ဟု JMC-S အဖွဲ့ဝင် ကရင်အမျိုးသား အစည်းအရုံး (KNU) တပ်မဟာ ၅မှ ဗိုလ်မှူးအယ်ကလူဖိုးက ပြောဆိုသည်။

ပဲခူးတိုင်းဒေသကြီး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေး ကော်မတီကို လွှန်ခဲ့သည့် လေးလကျော်က တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြတ်ကျော် ဥက္ကဋ္ဌအဖြစ် တာဝန်ယူကာ တိုင်းရင်းသား လက်နက်ကိုင်များ ဌာနဆိုင်ရာများနှင့် အရပ်သား စုစုပေါင်း ၁၄ ဦးဖြင့် ဖွဲ့စည်းခဲ့သည်။

"နှစ်ဖက်တပ်တွေ လိုက်နာရမယ့် စည်းမျဉ်းစည်းကမ်းများကို ဒေသခံတွေ သိရှိခဲ့မယ်ဆို စည်းကမ်းပိုင်းချိုးဖောက်တာမျိုး ဖြစ်လာရင် ဘာတွေတော့ မလုပ်ကြဖို့ အပြင် ဘာတွေကတော့ ပြည်သူက ရပိုင်ခွင့်ရှိမယ် ဆိုတာသိမယ်လို့ ယူဆပါတယ်" ဟု JMC-S အဖွဲ့မှ ဗိုလ်မှူးကြီး တစ်ဦးက ပြောကြားသည်။

ဒေသခံများနှင့် ယင်းကော်မတီ အဖွဲ့ တွေ့ဆုံမှုကို ကြိုဆိုပြီး ဒေသခံများနှင့် ကြောက်ရွံ့ စိုးရိမ်မှုများကိုလည်း နားလည်ပေးစေလိုကြောင်း၊ နှစ်ဖက် ပစ်ခတ်မှုမျိုး ဖြစ်ပေါ်လာက ဒေသခံများက မည်သူ့ကို အားကိုးရမည်ဆိုသည်ကို တိကျစွာ ရှင်းလင်းပေးစေလိုကြောင်း သံတောင်မြို့ဒေသခံ တစ်ဦးက ပြောဆိုသည်။

အဆိုပါ တွေ့ဆုံပွဲတွင် တောင်ပိုင်းတိုင်း စစ်ဌာနချုပ် စစ်တိုင်းမှူး ဗိုလ်ချုပ်မြတ်ကျော်နှင့် ကော်မတီ အဖွဲ့ဝင်များ အပါအဝင် ဒေသခံ ၂၀၀ နီးပါး တက်ရောက်ခဲ့ကြောင်း၊ တက်ရောက်လာသူများက သိလိုသည်များမေးမြန်းပြီး ကော်မတီဝင်များက ပြန်လည် ဖြေကြားခဲ့သည်။ ■ R-15

# ဟားခါးတွင် ချပေးသော မြေကွက်များ မပြောင်းရွှေ့ပါက ပြန်သိမ်းမည်

**ကလေး၊ ဇန်နဝါရီ ၂၆**

ချင်းပြည်နယ် ဟားခါးမြို့နယ်တွင် သဘာဝဘေးသင့်သူများအတွက် ချထားပေးသည့်မြေကွက်များပေါ်တွင် မတ်လကုန်အထိ နေထိုင်ခြင်း မရှိပါက မြေကွက်များကို ပြန်လည်သိမ်းဆည်းမည် ဖြစ်ကြောင်း ချင်းပြည်နယ် စည်ပင်သာယာရေး၊ လျှပ်စစ်စက်မှုလက်မှုဝန်ကြီး ဆလိုင်းအိုက်ဇက်ခင်က ပြောကြားသည်။

ဟားခါးမြို့တွင် ၂၀၁၅ ခုနှစ်က ဖြစ်ပွားခဲ့သည့် သဘာဝဘေးဒဏ်ကြောင့် ဟားခါးမြို့ရှိ နေအိမ်များ ပျက်စီးခဲ့သဖြင့် ပျက်စီးခဲ့သော အိမ်များပေါ်တွင် ၄ားရမ်းနေထိုင်သည့် အိမ်ထောင်စုများအတွက် ပြည်နယ်အစိုးရအဖွဲ့က ဟားခါးမြို့မှ ဖလမ်းမြို့အထွက်တွင် မြေကွက်သစ်များ ချထားပေးခဲ့ကြောင်း၊ ၂၀၁၆ ခုနှစ် အောက်တိုဘာလမှ စတင်ကာ ယင်းမြေကွက်များထံ ပြောင်းရွှေ့ခိုင်းသော်လည်း လေးလပြည့်သည့် ဇန်နဝါရီလအထိ ပြောင်းရွှေ့နေထိုင်သူနည်းနေပြီး မတ်လကုန်အထိ ပြောင်းရွှေ့နေထိုင်ခြင်း မရှိပါက မြေကွက်များကို ပြန်သိမ်းမည် ဖြစ်ကြောင်း ၎င်းက ရှင်းပြသည်။

"အောက်တိုဘာလကနေ မတ်လအထိ ဆိုရင် ခြောက်လရှိပြီ၊ ရွှေ့ပြောင်းနေထိုင်ကြခြင်း မရှိဘူးဆိုရင် အဲ့ဒီမြေကြီးက ရောင်းစားတာတို့ လွှဲပြောင်းတာတို့ ဖြစ်လာနိုင်တယ်၊ ဒါကြောင့်မို့လို့မတ်လကုန်အထိ မရွှေ့နိုင်ကြဘူးဆိုရင်တော့ ပြန်သိမ်းသွားမှာပါ" ဟု ၎င်းက ပြောဆိုသည်။

အိမ်ငှားနေထိုင်သည့် အိမ်ထောင်စု ၇၈ စု အတွက် ချင်းပြည်နယ် အစိုးရအဖွဲ့က တစ်အိမ်ထောင်စုလျှင် အလျားပေ ၆၀၊ အနံပေ ၈၀ ရှိ မြေကွက်များကို ချထားပေးခဲ့ကြောင်း၊ ယခုနှစ် ဇန်နဝါရီလ ၂၀ ရက်နေ့အထိ ကောက်ယူ ရရှိထားသည့် စာရင်းအရ အိမ်ထောင်စု ၅၇ စုမှာ မပြောင်းရွှေ့သေးကြောင်း ၎င်း ထံမှသိရသည်။

"ကျွန်တော် ရုံးတက်တဲ့နေရာနဲ့ အခုရထားတဲ့ မြေကွက်နေရာနဲ့က ဝေးလို့ မြို့ထဲမှာပဲ အိမ်ငှားပြီး နေနေတာ၊ အိမ်လည်း မဆောက်နိုင်သေးဘူးလေ" ဟု မြေကွက်ရပြီး ပြောင်းရွှေ့နေထိုင်ခြင်း မရှိသေးသည့် ဦးလိုင်ကျိုး ကပြောဆိုသည်။ ■

The VOICE Daily CARTOON




သတင်းကိစ္စ ဆက်သွယ်လိုပါက . . .
ဖုန်း - ၀၉ ၇၈၅၅၅၅၇၇၃

# ဇလွန်တွင် ရေကာတာ (ပန်းတာ)သစ် နှစ်ခု တည်ဆောက်မည်

**ဟသ်ာတ၊ ဇန်နဝါရီ ၂၆**

ရေကြီး ရေလျှံမှုဖြစ်ပွားကာ ရေကာတာများ ထိခိုက်ခဲ့ရသည့် ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် ဇလွန်မြို့နယ်တွင် ရေကာတာ(ပန်းတာ)အသစ်နှစ်ခု ၂၀၁၇ ခုနှစ်အတွင်း ထပ်မံတည်ဆောက်မည်ဖြစ်ကြောင်း ဟင်္သာတခရိုင်ဆည်မြောင်း ဦးစီးဌာနရုံးထံမှ သိရသည်။

ဇလွန်မြို့နယ်ရှိ ဒေါင့်ကြီးအုပ်စုနှင့် ဇလွန်မြို့အကြားရှိ(ဧရာဝတီဟင်္သာတ) တာမိုင် ၂၁/၆ နှင့်တာမိုင် ၂၁/၄ အကြားတွင် အိုးဘိုတဲကုန်း ပန်းတာသစ် ၁ ခု၊ ဇလွန်မြို့နယ် ဗျဉ့်စဉ်ကုန်းကျေးရွာအုပ်စုရှိ (ဧရာဝတီ အရှေ့ဘက်ကမ်းတာ) တာမိုင် ၃၀ တွင် ပန်းတာသစ် ၁ ခု တည်ဆောက်မည်ဖြစ်ကြောင်း၊ ပန်းတာသစ်တည်ဆောက်မည့်နေရာကို ယာယီ ရွေးချယ်ထားခြင်းသာဖြစ်ပြီး တာဝန်ရှိသူ အဆင့်ဆင့်က အတည်ပြုပြီးပါက လုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်ကြောင်း ယင်းရုံးထံမှ သိရသည်။

ဧရာဝတီ အရှေ့ဘက် ကမ်းတာဖြစ်သည့် ဗျဉ့်စဉ်ကုန်းတာကို ၂၀၁၆ခုနှစ် မိုးတွင်းကာလက တာပေါက်ခြင်း၊ ပေ ၁၀၀၀ ခန့် မြေပြိုခြင်းတို့ကြောင့် ပန်းတာအသစ် ၆၃၀၀ပေခန့်တည်ဆောက်ရမည်ဖြစ်ကြောင်း၊ ပန်းတာသစ် တည်ဆောက်ခြင်းကြောင့် အထက်တန်းကျောင်းတစ်ကျောင်း ရွှေ့ပြောင်းပေးရမည်ဖြစ်ပြီး အိမ်ခြေ ၄ လုံး၊ လယ် ၃၃ ဧကဝန်းကျင် ထိခိုက်မည် ဖြစ်ကြောင်း၊ ပန်းတာသစ် တည်ဆောက်ပြီးပါက မြို့နယ်အများအပြားကို ရေဘေးမှ ကာကွယ်ပေးနိုင်မည်ဖြစ်ကာ ကာကွယ်ဧကအဖြစ် ၃၇၉၃၄ ဧက ကာကွယ်နိုင်မည် ဖြစ်ကြောင်း ဟင်္သာတခရိုင် ဆည်မြောင်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးသာယာက ပြောကြားသည်။

"လက်ရှိ အခြေအနေမှာ မြစ်ရေကျလိုက် ကမ်းပြိုလိုက်ဖြစ်နေတာပဲ အများပြည်သူ လူနေအိမ် အနည်းဆုံးနဲ့ အသင့်တော်ဆုံးနေရာကို ပန်းတာ ဆောက်ဖို့ ရွေးထားတာပါ" ဟု ၎င်းက ပြောဆိုသည်။

ဒေါင့်ကြီးနဲ့ ဇလွန်အကြားရှိ အိုးဘိုတဲကုန်း ပန်းတာသစ်ကို အရှည်ပေ ၄၅၀၀ ကျော် တည်ဆောက်မည်ဖြစ်ပြီး ကာကွယ်ဧက ၇၃,၁၈၄ ဧကရှိကြောင်း၊ ပန်းတာသစ်တည်ဆောက်ခြင်းကြောင့် လယ်ဧက ၃၀ ခန့် ထိခိုက်မည်ဖြစ်ပြီး ဧရာဝတီ မြစ်မကြီးကိုကာကွယ်ထားခြင်း ဖြစ်ကြောင်း၊ လက်ရှိ ရေကာတာကြီးနှင့် မြစ်ကမ်းမှာ ၄၄ ပေသာရှိပြီး ကမ်းမြေသားအက်ကြောင်းများ ဖြစ်ပေါ်နေကြောင်း ၎င်းက ရှင်းပြသည်။

ဟင်္သာတခရိုင်ရှိ ကြံခင်း၊ မြန်အောင်၊ အင်္ဂပူ၊ လေးမျက်နှာ၊ ဟင်္သာတ၊ ဇလွန်မြို့နယ်များကို ဧရာဝတီမြစ်နှင့် ငဝန်မြစ်တို့၏ ရေဘေးမှကာကွယ်နိုင်ရန် နှစ်ပေါင်း ၁၃၀ ကျော်မှစ၍မိုင်ပေါင်း ၂၀၁ မိုင်ကျော် အရှည်ရှိ ရေကာတာကြီးဖြင့် ကာကွယ်ထားသည်။ ■

# တောင်ကြီးတွင် ဂျပန်ချယ်ရီပင် စိုက်ပျိုးမည်

**တောင်ကြီး၊ ဇန်နဝါရီ ၂၆**

မြန်မာ- ဂျပန်ချစ်ကြည်ရင်းနှီးမှုကိုပိုမိုတိုးတက်စေရန် ရည်ရွယ်၍ ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့တွင် ဂျပန်ချယ်ရီပင်များစိုက်ပျိုးရန် စီစဉ်လျက်ရှိကြောင်း တောင်ကြီးမြို့နယ်စည်ပင်သာယာရေး ကော်မတီထံမှ သိရသည်။

အဆိုပါ အပင်စိုက်ပျိုးရန်အတွက် Japan Sakura Exchange Association က ပျိုးပင် ၂၀၀ ကို ဌာနဆိုင်ရာများနှင့် အသင်းအဖွဲ့များကို ပေးအပ်ခဲ့သည်။

ဂျပန်ချယ်ရီပျိုးပင်များကို မြန်မာနိုင်ငံ၏ရေ၊ မြေနှင့်ကိုက်ညီစေရန် ၂ နှစ်စမ်းသပ်စိုက်ပျိုးရမည်ဖြစ်ပြီး သုံးနှစ်ပြည့်မှသာလျှင် မြေချစိုက်ပျိုးနိုင်မည်ဖြစ်ကြောင်း ချယ်ရီပင်အပွင့်မှာ သုံးမျိုးစပ်အရောင်ထွက်ရှိကြောင်း ယင်းကဲ့သို့စိုက်ပျိုးရန် စီစဉ်ဆောင်ရွက်ပေးနေသည့် Myanmar & Worldwide Services Co,Ltd မှ တာဝန်ရှိသူ ဒေါ်အေးအေးမြင့်က ရှင်းပြသည်။

"ကျွန်မတို့အဖွဲ့တောင်းတာက အပင် ၁၀၀ ပေါ့။ တကယ်တမ်းကျ အပင် ၂၀ ပဲရတယ်"ဟု တောင်ကြီးမြို့ သစ်ပင်ချစ်သူများအဖွဲ့မှ ဒေါ်ဟတ်စုက ဆိုသည်။

မြို့နယ်စည်ပင်သာယာရေး ကော်မတီအနေဖြင့် ပျိုးပင် ၇၀ ရရှိခဲ့ပြီး ယင်းပျိုးပင်များကို ပြုစုထိန်းသိမ်းပြီးပါက ရှင်သန်နှုန်းစောင့်မှသာလျှင် စိုက်ပျိုးရန်နေရာကိုရွေးချယ်မည်ဖြစ်ကြောင်း ယင်းကော်မတီမြို့နယ်မှူး ဦးညဏ်လင်းမောင်က ပြောကြားသည်။

အဆိုပါ ပျိုးပင်များကို သုံးလလျှင် တစ်ကြိမ်လာရောက်လေ့လာမည်ဖြစ်ပြီး ကိုင်းကူးရန်ခက်ခဲသောကြောင့် မျိုးစေ့များပေးရန်အစီအစဉ်ရှိကြောင်း ဒေါ်အေးအေးမြင့်က ပြောဆိုသည်။

"ဒီချယ်ရီတွေက အသန့်ကြိုက်တယ်။ ရေသန့်ရင် အပွင့်တွေများပြီးအရမ်းလှတယ်။ ဂျပန်မှာတော့ ပုံမှန်မတ်လ ၂၃ ရက်နေ့ ကနေ ဧပြီ ၁၀ ရက် ကြားပွင့်တယ်"ဟု ၎င်းကဆိုသည်။

ဂျပန်ချယ်ရီပင်များသည် လေးနှစ်တွင်အပွင့်ပွင့်ပြီး ဒေသခံ ချယ်ရီကိုင်းများဖြင့်ကိုင်းကူးပါက အပွင့်မပွင့်ကြောင်း Japan Sakura Exchange Association ထံမှ သိရသည်။ ■ R-10


ဓာတ်ပုံ – မမ

ရေပူဂိတ်ကိုဖြတ်သန်းသွားလာသည့် မော်တော်ယာဉ်များကို တွေ့ရစဉ်

# ယာဉ်အားလုံးမစစ်၍ ရေပူဂိတ်တွင် ယာဉ်ကြောမပိတ်

**လားရှိုး၊ ဇန်နဝါရီ ၂၆**

လားရှိုး- မူဆယ်ပြည်ထောင်စုလမ်းမကြီးအပိုင်းတွင် ဇန်နဝါရီလ ၁၆ ရက်နေ့ကစ၍ သိန်းနီရေပူအမြဲတမ်းစစ်ဆေးရေးစခန်းကိုပြန်လည် ဖွင့်လှစ်ခဲ့သော်လည်း ဖြတ်သန်းသည့်မော်တော်ယာဉ်များအားလုံးကိုမစစ်ဆေးသည့်အတွက် လက်ရှိတွင် ယာဉ်ကြောပိတ်ဆို့မှုမဖြစ်ပေါ်သေးကြောင်း ကုန်တင်ယာဉ်မောင်းများနှင့် ခရီးသွားများ၏ အဆိုအရ သိရသည်။

"ကုန်တင်ယာဉ်ကြီးတွေအစစ်အဆေးခံရဖို့ စောင့်နေရတာမရှိပါဘူး။ ရေပူစစ်ဆေးရေး စခန်းအဝင်အထွက်လမ်းပေါ်မှာ ဂိတ်ပတ်စ်ရဖို့ စောင့်နေရတဲ့ ကုန်ကားတွေ လမ်းပိတ်နေတာတွေလည်း မရှိပါဘူး" ဟု မန္တလေး- မူဆယ် ၂၂ ဘီးကုန်တင်ယာဉ် ယာဉ်မောင်း ဦးအောင်ကြွယ်က ဆိုသည်။

ယခင်ကအဆိုပါစစ်ဆေးရေးဂိတ် ပြန်လည်ဖွင့်လှစ်မည်ဆိုပါက ကုန်တင်ယာဉ်များကိုစစ်ဆေးရာတွင် အချိန်ကြာမြင့်ခြင်းနှင့် လမ်းပိတ်ဆို့ခြင်းတို့ ဖြစ်လာနိုင်သည့်အတွက် အဆိုပါစစ်ဆေးရေးဂိတ်ဖွင့်မည်ကို ကုန်တင်ယာဉ်မောင်းများနှင့် ကုန်သည်များက ကန့်ကွက်ခဲ့ကြသည်။

လွန်ခဲ့သည့် ငါးနှစ်ခန့်က သိန်းနီရေပူအမြဲတမ်း စစ်ဆေးရေးစခန်းတွင် အတက်အဆင်းမော်တော်ယာဉ်များ အားလုံးကို ခေါ်ယူစစ်ဆေးခြင်းဖြစ်ပြီး ကုန်တင်ယာဉ်များမှ ပို့ကုန်သွင်းကုန်များ အစစ်အဆေးခံရန်နှင့် သက်ဆိုင်ရာဌာနအသီးသီးက စစ်ဆေးသည့်အတွက် အနည်းဆုံးအချိန် ၁ နာရီမှ ၂ နာရီခန့်အထိ ကြာမြင့်ကြောင်း၊ ယင်းသို့ကြာမြင့်ခဲ့ဖူးသည့်အတွက် ရေပူဂိတ်ပြန်လည်ဖွင့်လှစ်မည်ဟူသည့် သတင်းကြားချိန်တွင် ကုန်တင်ယာဉ်မောင်းများအနေဖြင့် စိုးရိမ်ခဲ့ရကြောင်း ကုန်တင်ယာဉ်မောင်း ဦးအောင်ကြွယ်က ပြောဆိုသည်။

"ခရီးသည်ကားတွေကို သိန်းနီရေပူစစ်ဆေးရေးစခန်းအဝင်အထွက်တားပြီး စစ်ဆေးတာမျိုးမရှိတော့ သွားလာရတာ အချိန်မကြာဘူး"ဟု မူဆယ်- လားရှိုး နေ့ချင်းပြန်ခရီးသည်တင်ယာဉ်မောင်းနှင်သူ ဦးမိုးမြင့်က ဆိုသည်။

ရေပူစစ်ဆေးရေးဂိတ်တွင်စစ်ဆေးရေးလုပ်ငန်းများကို ၂၄ နာရီဆောင်ရွက်နေခြင်း၊ မသင်္ကာသည့်မော်တော်ယာဉ်ကိုသာ စစ်ဆေးခြင်းနှင့် ကုန်တင်ယာဉ်များကို စစ်ဆေးရာတွင် အချိန် ၁၀ မိနစ်ဝန်းကျင်ခန့်သာကြာမြင့်နိုင်သည့်အတွက် ယာဉ်ကြောပိတ်ဆို့မှုမရှိနိုင်ကြောင်းအကောက်ခွန်ဦးစီးဌာနကလည်း ကြေညာထားသည်။

အဆိုပါစစ်ဆေးဂိတ်တွင် ကုန်တင်ယာဉ်များကို ကုန်ပစ္စည်းစစ်ဆေးနေချိန်တွင် သက်ဆိုင်ရာအဖွဲ့အစည်းအသီးသီးကလည်း တစ်ပြိုင်တည်း စစ်ဆေးသည့်အတွက် မော်တော်ယာဉ်များအချိန်ကြာမြင့်စွာစောင့်ဆိုင်းရန်မလိုကြောင်း သိန်းနီရေပူ စစ်ဆေးရေးစခန်းအတွင်းရှိ ယာဉ်ထိန်းတပ်ဖွဲ့မှ ရဲအုပ်စောဝင်းက ပြောဆိုသည်။

ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် မူဆယ် ၁၀၅ မိုင်နှင့် ချင်းရွှေဟော်စသည့် ကုန်သွယ်မှုစခန်းနှစ်ခုရှိရာ နှစ်နိုင်ငံကုန်သွယ်မှုပြည်ထောင်စုလမ်းတွင် နေ့စဉ်မော်တော်ယာဉ်အစီးရေ ၆၀၀၀ အထက် ဖြတ်သန်းသွားလာလျက်ရှိနေသည်။ ■R-07

# မိခင်နှင့် အမြွှာ ကလေး သေဆုံးမှုကြောင့် အရပ်လက်သည်ကို အမှုဖွင့်

**ပုသိမ်၊ ဇန်နဝါရီ ၂၆**

ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ် ရေနံ့မြေရပ်ကွက် (၄)တွင် နေထိုင်သော အသက် ၅၀ အရွယ် အရပ်လက်သည် အမျိုးသမီးကို ကလေးမွေးဖွားပေးရာတွင် မိခင်နှင့် အမြွှာကလေး သေဆုံးမှုဖြင့် ဇန်နဝါရီလ ၂၃ ရက်က အမှုဖွင့်ထားကြောင်း ကန်ကြီးထောင့်မြို့မ ရဲစခန်းထံမှ သိရသည်။

တစ်ရပ်ကွက်တည်းနေထိုင်သော အသက် ၂၅နှစ်အရွယ် မွေးလူနာ မတင်ဌေးကို အရပ်လက်သည် ဒေါ်မိချို (၅၀နှစ်) က မွေးဖွားပေးစဉ် ယောကျာ်းလေးတစ်ဦး အသေမွေးဖွားပြီး ဒုတိယမြောက် ကလေး (မိန်းကလေး) ကို မွေးဖွားစဉ် ကလေး၏ လက်သာ မွေးဖွားနိုင်ခဲ့ကြောင်း၊ ယင်းနောက်ကျန်ရစ်သည့် ကလေးနှင့်အတူ မိခင်ပါ သေဆုံးခဲ့ကြောင်း ကန်ကြီးထောင့် မြို့မ ရဲစခန်းမှရဲအရာရှိတစ်ဦးက ပြောကြားသည်။

"မွေးဖွားရေး အခက်အခဲ ရှိသူတွေက အရပ်လက်သည်နဲ့ မွေးကြတာရှိပါတယ်၊ မဆင်မခြင် မွေးဖွားပေးတာကြောင့် လူကြီးရော ကလေးတွေပါ အသက်ဆုံးရှုံးခဲ့ရလို့အရေးယူခံရတာပါ" ဟုကန်ကြီးထောင့် မြို့မ ရဲစခန်းမှူး ဒုတိယ ရဲမှူး မင်းဆွေက ရှင်းပြသည်။

အမြွှာကလေးနှင့် မိခင်သေဆုံးမှုကြောင့် အရပ်လက်သည် ဒေါ်မိချိုကို ရာဇသတ်ကြီး ပုဒ်မ ၃၀၄- ကဖြင့် အမှုဖွင့်ထားကြောင်း ကန်ကြီးထောင့် မြို့မ ရဲစခန်း ထံမှ သိရှိရသည်။ ■ R - 12

# ရွှေချက်စွန့်ပစ်ရေကြောင့် စိုက်ပျိုးမွေးမြူရေးထိခိုက်မှု တိုင်ကြား

**သပိတ်ကျင်း၊ ဇန်နဝါရီ ၂၆**

မန္တလေးတိုင်းဒေသကြီး၊ သပိတ်ကျင်းမြို့နယ် ချောင်းကြီးကျေးရွာအုပ်စု ချောင်းကြီးကျေးရွာ ဝါးရပ်ကွက် စခန်းအနီးတွင် ရွှေချက်လုပ်ငန်းများမှ စွန့်ပစ်သည့် ဓာတုဆေးရည်များကြောင့် စိုက်ပျိုး လုပ်ကိုင်နေသည့် လယ်ယာမြေများပျက်စီးပြီး မွေးမြူထားသည့်တိရစ္ဆာန်များ သေဆုံးခဲ့သည့် အပေါ်အရေးယူပေးရန် လက်မှတ်ရေးထိုးတိုင်ကြားထားကြောင်း ယင်းဒေသခံတောင်သူများထံမှ သိရသည်။

ပြီးခဲ့သည့် ၂၀၁၄ ခုနှစ်နှင့် ၂၀၁၅ ခုနှစ်အတွင်း ရွှေချက်လုပ်ငန်းများက ထွက်ရှိသည့် ဓာတုဆေးဝါးစွန့်ပစ်ရေများကြောင့် သီးနှံများအောင်မြင်မှု မရရှိတော့ဘဲ လယ်ယာမြေများပျက်စီးရသည့်အပြင် ယင်းရေများကိုသောက်သုံးမိသည့် အိမ်မွေးတိရစ္ဆာန်များမှာ သေဆုံးမှုများရှိနေသည့်အတွက် ဇန်နဝါရီလ ၂၅ ရက်နေ့က သက်ဆိုင်ရာကိုတိုင်ကြားထားကြောင်း ဦးဆောင်တိုင်တန်းသူ ဦးကျော်ရှိန်က ပြောကြားသည်။

“စပါးစိုက်ပျိုးလုပ်ကိုင်နေတဲ့ လယ်ကေကများပါတယ်။ အရင်ကဆို ၇ ကေ စိုက်တာ တစ်နှစ်ကိုစပါးတင်း ၄၅၀ လောက်ရတယ်။ အခုစိုက်ပျိုးထားတဲ့လယ်ထဲက စပါးတင်း ၂၅၀ လောက်ပဲ ထွက်တော့တယ်။ ဒီဆေးရည်စိမ့်ဝင်လို့ လယ်ယာမြေတွေပျက်စီးကုန်ပြီ” ဟု ၎င်းကဆိုသည်။

လယ်ယာမြေများ၏ အထက်ပိုင်းကိုက် ၇၀၀ ခန့်ရှိ ရွှေချက်ကန်များမှ ဓာတုဆေးရည်စွန့်ပစ်ရေများသည် မိုးရာသီတွင် ရေမြောင်းများမှတစ်ဆင့် စိုက်ပျိုးထားသော လယ်ယာမြေများထဲသို့ ဝင်ရောက်လာကာ စပါးခင်းများပျက်စီးခြင်း၊ သီးနှံများ ပျက်စီးခြင်းနှင့်အတူ မွေးမြူထားသော နွားများသေဆုံးရလေ့ရှိကြောင်း စိုက်ပျိုးရေးတောင်သူများက ပြောဆိုသည်။

ယင်းသို့ဖြစ်ပေါ်နေမှုနှင့် ပတ်သက်၍ အရေးယူဆောင်ရွက်ပေးနိုင်ရန် သပိတ်ကျင်းမြို့နယ် အုပ်ချုပ်ရေးမှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့မစခန်းမှူးများနှင့် အမှတ် ၂ သတ္တုတွင်းတာဝန်ခံများထံသို့ တင်ပြတိုင်ကြားထားကြောင်း ၎င်းတို့ထံမှ သိရသည်။ ■ R-05



# ငဝန်မြစ်ကြောင်း သဘော်သွား ရေကြောင်းဇရိယာ နယ်နိမိတ် သတ်မှတ်

**ပုသိမ်၊ ဇန်နဝါရီ ၂၆**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်နှင့် ငပုတောမြို့နယ်တို့အတွင်း ဖြတ်သန်းစီးဆင်းနေသော ငဝန်မြစ် မြစ်ကြောင်းတစ်လျှောက် ဆိပ်ကမ်းဇရိယာ နယ်နိမိတ်အတွင်း ပင်လယ်ကူးသဘော်များနှင့် ဒေသတွင်း ရေယာဉ်များ သွားလာသည့် ရေကြောင်း ဇရိယာ နယ်နိမိတ်ကို ဇန်နဝါရီလ တတိယပတ်တွင်သတ်မှတ်ထားကြောင်း ပုသိမ်မြို့ရှိ မြန်မာဆိပ်ကမ်းအာဏာပိုင်ရုံးထံမှ သိရသည်။

မြစ်ကြောင်းတစ်လျှောက် ကျားတန်းပိုက်၊ မျှောပိုက်များဖြင့် ရေလုပ်ငန်း လုပ်ကိုင်သူများ တိုးလာခြင်း၊ သဘော်များ မောင်းနှင်ရန် ရေကြောင်း လမ်းကျဉ်းလာခြင်းတို့ကြောင့် ပင်လယ်ကူး သဘော်များနှင့် ဒေသတွင်း ရေယာဉ်များ မောင်းနှင်ရာတွင် အခက်အခဲမဖြစ်ရေး၊ ဒေသခံရေလုပ်သားများနှင့် ရေယာဉ်လုပ်သားများ မလိုလားအပ်သည့် အခြေအနေများ မဖြစ်ရေး၊ ရေလုပ်သားများ လွတ်လပ်ဇရိယာအတွင်း အန္တရာယ်ကင်းစွာ ငါးဖမ်းနိုင်ရေးအတွက် ဆောင်ရွက်ရခြင်း ဖြစ်ကြောင်း ဧရာဝတီတိုင်းဒေသကြီး မြန်မာဆိပ်ကမ်းအာဏာပိုင် အရာရှိ ဦးကိုကိုနိုင် ကပြောကြားသည်။

“ရေလမ်းကြောင်း သတ်မှတ်ပေးတာ ကောင်းပါတယ်။ ငါးဖမ်းပိုက်တွေနဲ့ ငြိပြီး အလျော်ပေးတာ ခဏခဏပါ၊ ခရီးလည်း ကြန့်ကြာတယ် အငြင်းပွား အချင်းလည်းများရတယ်၊ ခုလိုဆိုတော့တစ်ယောက်နဲ့တစ်ယောက် မမုန်းရတော့ဘူးပေါ့” ဟု ပုသိမ်ငပုတော ဟိုင်းကြီး ပြေးဆွဲနေသည့် ရေယာဉ်မှူးတစ်ဦးက ပြောဆိုသည်။

ပုသိမ်မြို့မှ ဟိုင်းကြီးကျွန်းအထိ ၆၁ မိုင်၊ ဟိုင်းကြီးကျွန်းမှ လိပ်ကျွန်းအထိ ၁၀ မိုင်အတွင်းရှိ ကန့်မလာကျေးရွာ၊ ကျောင်ငူ (မြို့သစ်) ကျေးရွာ၊ ဟိုင်းကြီးကျွန်း၊ လိပ်ကျွန်းအနီး ကျားတန်းပိုက်များ၊ မျှောပိုက်များသည် သတ်မှတ်ရေလမ်းကြောင်း အမှတ်အသားပြဗော်ယာများမှ ပေ ၁၂၀၀ အကွာအထိ ဖယ်ရှားပေးရမည်ဖြစ်ကြောင်း၊ ငဝန်မြစ်ကြောင်းတစ်လျှောက် ငါးဖမ်းနေသည့် မျှောပိုက်လှေများအနေနှင့် သဘော်မောင်းနှင်လာချိန်တွင် မျှောပိုက်များကို ခေတ္တရုပ်သိမ်း ပေးရမည်ဖြစ်ကြောင်း ပုသိမ်မြို့ရှိ မြန်မာဆိပ်ကမ်း အာဏာပိုင်ရုံး၏ ရေကြောင်း စည်းကမ်းသတ်မှတ်ချက်တွင် ပါရှိသည်။

ပုသိမ်မြို့နယ်နှင့် ငပုတောမြို့နယ် ငဝန်မြစ်ကြောင်း တစ်လျှောက်ရှိ ကျေးရွာများမှာ ငဝန်မြစ်ကြောင်းနှင့် ပင်လယ်ကမ်းရိုးတန်း ဟိုင်းကြီးကျွန်း၊ လိပ်ကျွန်း၊ သမီးလှကျွန်းတို့အနီး ကမ်းနီးငါးဖမ်းလုပ်ငန်းဖြင့် အသက်မွေးနေရသူများ ဖြစ်သောကြောင့် ရေလမ်းသတ်မှတ် နယ်မြေအတွင်း လုပ်ကိုင်စားသောက်ခွင့် မရှိတော့ခြင်းကြောင့် အလုပ်အကိုင် အခွင့်အလမ်း နစ်နာမှုရှိကြောင်း ပုသိမ်ခရိုင် ကမ်းနီး ရေလုပ်သားများ သမဂ္ဂထံမှ သိရှိရသည်။ ■ R12

# NEWS IN BRIEF

## မြစ်ကြီးနားတွင် လူထုစက်ဘီးစီးပွဲ ကျင်းပမည်

မြစ်ကြီးနားမြို့တွင် ကချင်ပြည်နယ်အစိုးရဦးဆောင်၍ ပထမဆုံးအကြိမ် လူထုစက်ဘီးစီးပွဲကို ဇန်နဝါရီလ ၂၈ ရက်နေ့၌ ကျင်းပမည်ဖြစ်ကြောင်း ပွဲဖြစ်မြောက်ရေးကော်မတီ Northern Green Bike စက်ဘီးအဖွဲ့ထံမှ သိရသည်။

အဆိုပါစက်ဘီးစီးပွဲတွင် ကျား၊ မ မရွေး၊ လူမျိုး မရွေး၊ အသက်အကန့်အသတ်မရှိဘဲ မည်သည့်စက်ဘီးအမျိုးအစားနှင့်မဆို ဝင်ရောက်ပါဝင်နိုင်ကြောင်း ယင်းဖြစ်မြောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးသောင်းက ပြောကြားသည်။

“မနက် ၆နာရီကနေစမယ်။ မိုးလုံလေလုံဘောလုံးကွင်းကနေ မြို့တစ်ပတ်ပတ်ပြီး မြို့တော်ခန်းမမှာဆုံးမယ်”ဟု ၎င်းက ဆိုသည်။ ■ R-06

## ကချင်အမျိုးသားအဆင့် နိုင်ငံရေးအကြိုဆွေးနွေး

ကချင်နိုင်ငံရေးပါတီများ ညှိနှိုင်းပူးပေါင်းဆောင်ရွက်ရေးကော်မတီက ဦးဆောင်၍ ကချင်တစ်မျိုးသားလုံးဆိုင်ရာ အမျိုးသားအဆင့် နိုင်ငံရေးအကြိုဆွေးနွေးပွဲကိုမြစ်ကြီးနားမြို့မနောကွင်းရှိမဂ္ဂယ်ခန်းမတွင် ဇန်နဝါရီလ ၂၅ ရက်နေ့က စတင်၍ ၂၆ ရက်နေ့အထိ နှစ်ရက်ကြာကျင်းပခဲ့ကြောင်း ပွဲစီစဉ်သူများထံမှ သိရသည်။

အဆိုပါဆွေးနွေးပွဲတွင် လာမည့်ဖေဖော်ဝါရီလအတွင်း ထပ်မံကျင်းပမည့် ဒုတိယအကြိမ် ၂၁ရာစု ပင်လုံညီလာခံတွင် ကချင်တိုင်းရင်းသားများ၏သဘောထားကိုတင်ပြရန် ညှိနှိုင်းဆွေးနွေးကြောင်း ဆွေးနွေးပွဲဖြစ်မြောက်ရေး ကော်မတီ သဘာပတိ ကချင်ပြည်နယ် ဒီမိုကရေစီပါတီဥက္ကဋ္ဌ ဒေါက်တာတူးဂျာ ကပြောဆိုသည်။

ထို့ပြင် ဆွေးနွေးပွဲမှ ကချင်တစ်မျိုးသားလုံးဆိုင်ရာသဘောထားများကို တင်ပြဆွေးနွေးရန် ကိုယ်စားလှယ်များကို ရွေးချယ်မည်ဖြစ်ကြောင်း ယင်းဆွေးနွေးပွဲအတွင်းမှ သိရသည်။ ■ R-06

## ဆင်နှာမောင်းဖြင့် ညှစ်မှုကြောင့် ဆင်ဦးစီး သေဆုံး

မိုးညှင်းမြို့နယ် ဟိုပင်မြို့မှ ၇ မိုင်ကျေးရွာ နမ္မားချောင်းဖျားတွင် ဆင်လန့်၍ နှာမောင်းဖြင့်ညှစ်မိရာမှ ဆင်ဦးစီးတစ်ဦးဇန်နဝါရီလ ၂၄ ရက်နေ့ သေဆုံးခဲ့ကြောင်း ကချင်ပြည်နယ် ရဲတပ်ဖွဲ့မှူးရုံးထံမှ သိရသည်။

ယင်းနေ့က ဆင်ဦးစီးညီဦးကို ဆင်ပိုင်ရှင်က ထင်းတုံးဆွဲရန်မှာကြား သဖြင့် ထင်းတုံးဆွဲရန် ဆင်ပေါ်သို့တက်ရာ ဆင်သိုင်းကြိုးမှာ ဝက်ဆီလူးထားသဖြင့် ချော်ကျရာ ဆင်မှလန့်ပြီး နှာမောင်းဖြင့် ဖိညှစ်မိခဲ့ခြင်းကြောင့် ဆင်ဦးစီးမှာ ရင်ညွန့်ကျိုးဒဏ်ရာရရှိကာ သေဆုံးခဲ့ကြောင်း၊ အဆိုပါဆင်မှာ အသက် ၃၈ နှစ်ခန့်ရှိပြီး လုံးပတ် ၁၀ပေ ၉ လက်မ၊ အမြင့် ၇ ပေရှိသည့် စွယ်စုံဆင် ဖြစ်ကြောင်း ယင်းရုံးထံမှ သိရသည်။

အဆိုပါဖြစ်စဉ်နှင့် ပတ်သက်၍ ဟိုပင်မြို့ နယ်မြေရဲစခန်းက (ပ) ၁/၂၀၁၇ အရ အမှုဖွင့်စစ်ဆေးဆောင်ရွက်လျက်ရှိသည်။ ■ R-06

## ကုက္ကိုပင်ပေါ် ထင်းတက်ခုတ်သူ ပြုတ်ကျ သေဆုံး

မွန်ပြည်နယ် ပေါင်မြို့နယ် ဥတ္တံတာကျေးရွာ အမှတ် ၅ ရပ်ကွက် နေအိမ်တစ်လုံးရှိ ကုက္ကိုပင်ပေါ် ထင်းတက်ခုတ်သူမှာ ဇန်နဝါရီလ ၂၅ရက် ညနေ ၅နာရီခွဲက သစ်ပင်ပေါ်မှ ပြုတ်ကျသေဆုံးခဲ့ကြောင်း ပေါင်မြို့နယ် ဇင်းချိုင့်ရဲကင်းထံမှ သိရသည်။

ပေ ၃၀ခန့် မြင့်သော ကုက္ကိုပင်ပေါ်သို့ အသက် ၄၂နှစ် အရွယ် ဦးစိုးဝင်းလှိုင် ထင်းခုတ်ရာမှ အောက်သို့ ပြုတ်ကျကာ သေဆုံးခဲ့ကြောင်း၊ အလောင်းကို ပေါင်ဆေးရုံသို့ ပို့ဆောင်ထားပြီး သေဆုံးမှုကို သေမှုသေခင်း ဖွင့်လှစ်ကာ စစ်ဆေးနေကြောင်း အဆိုပါ ရဲကင်းမှ တာဝန်ရှိသူ တစ်ဦးက ပြောကြားသည်။ ■ R-15

## အင်းဝအပ်ချုပ်ဆိုင်မှ အိမ်အကူမိန်းကလေး လုပ်အားခ လေးသောင်းကျပ်သာရ

**ရန်ကုန်၊ ဇန်နဝါရီ ၂၆**

အင်းဝအပ်ချုပ်ဆိုင်မိသားစုတွင် အိမ်အကူလုပ်ကိုင်ခဲ့သော မသဇင်မှာ အိမ်အကူ လုပ်သက်ငါးနှစ်အတွင်း လုပ်အားခ ကျပ်လေးသောင်းသာ ရရှိခဲ့ကြောင်း မသဇင်၏အဒေါ်ဖြစ်သူ ဒေါ်အုံးရင်က တရားခွင်တွင် ပြောကြားသည်။

ရန်ကုန်အနောက်ပိုင်းခရိုင် တရားရုံးတွင် ဇန်နဝါရီလ ၂၆ ရက်နေ့က အင်းဝအပ်ချုပ်ဆိုင်အမှုကို ဆက်လက်စစ်ဆေးခဲ့ရာတွင် မသဇင်၏အဒေါ်ဖြစ်သူ ကော့မှူးမြို့နယ် ဘောလုံးကွင်းကျေးရွာတွင် နေထိုင်သူ အသက် ၆၀ အရွယ် ဒေါ်အုံးရင်က ယင်းသို့ထွက်ဆိုခဲ့ခြင်းဖြစ်ပြီး တူမဖြစ်သူ မသဇင်ကို သွားရောက်တွေ့ဆုံရာ တွင် ရဲစခန်းတိုင်မည်၊ စစ်တပ်တိုင်မည်ဟု ခြိမ်းခြောက်ခံခဲ့ရသဖြင့် ရဲစခန်းသို့ ကိုယ်တိုင် သွားရောက်တိုင်ကြားခဲ့ကြောင်း၊ မသဇင်တွင် မိဘနှစ်ဦးလုံး ဆုံးပါးခဲ့သဖြင့် မြန်မာ နိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင်အဖွဲ့ရုံးတွင် ညှိနှိုင်းရာတွင် အုပ်ထိန်းသူနေရာမှ ပါဝင်ခဲ့သူ တစ်ဦးဖြစ်ကြောင်း အနောက် ပိုင်းခရိုင် တရားရုံးတွင်ဆက်လက်ပြောကြားခဲ့သည်။

“သွားတွေ့တဲ့ အချိန်မှာလည်း ဒေါ်တင်သူဇာက ရဲတိုင်မယ်၊ စစ်တပ်တိုင်မယ် ဆိုပြီး ခြိမ်းခြောက်တယ်၊ လမ်းစရိတ်လည်း မရှိဘူး၊ သွားတွေ့တဲ့အချိန်မှာလည်း ဒေါ်တင်သူဇာနဲ့ပဲ တွေ့ခဲ့ရတယ်၊ အဲဒါကြောင့် ခြောက်လကြာပြီးနောက်ပိုင်း လုံးဝသွားမတွေ့ခဲ့တာပါ၊ သူ့ရဲ့လုပ်အားခဆို လို့ ပို့တဲ့ အချိန်က တစ်သောင်း၊ ရောက်ပြီး သုံးလအကြာ နှစ်သောင်း၊ နောက်ခြောက်လအကြာ တစ်သောင်းပဲ ရခဲ့တယ်” ဟု ဒေါ်အုံးရင်က ဆိုသည်။

နေအိမ်အကူအဖြစ်လုပ်ကိုင်ရန် မသဇင်သွားရောက်စဉ်က ၁၁ နှစ်အရွယ် သမီးဖြစ်ပြီး ကျန်းမာရေးကောင်းမွန်သူ တစ်ဦးဖြစ်ကြောင်း၊ ငါးနှစ်ပြည့်သည့် အချိန်တွင် မသဇင်မှလာရောက်ခေါ်ဆောင်ရန် ဖုန်းဆက်လာသည့်အတွက် ပြန်လည်ခေါ်ဆောင်ခဲ့ကြောင်း၊ နေအိမ်သို့ရောက်ရှိသည့်အခါ မသဇင်၏ ခြေထောက်တွင် မီးပူကပ်ထားသည့်ဒဏ်ရာတစ်ချက်၊ နှာခေါင်းတွင် ဓားနှင့်ခုတ်သည့် ဒဏ်ရာ တစ်ချက်၊ ဦးခေါင်းတွင် ဓားဖြင့်ခုတ်သည့် ဒဏ်ရာသုံးချက်၊ လက်မောင်းတွင် ကတ်ကြေးနှင့် ထိုးသည့် ဒဏ်ရာတစ်ချက်ကို တွေ့မြင်ခဲ့ကြောင်း တရားရုံးတွင် ထွက်ဆိုခဲ့သည်။

အင်းဝအပ်ချုပ်ဆိုင်မိသားစုမှ အိမ်အကူမိန်းကလေးနှစ်ဦးဖြစ်သည့် မစန်းကေခိုင်နှင့် မသဇင်တို့ကို အလုပ်စေခိုင်းရာတွင် အဆင်မပြေဟုဆိုကာ ဦးခေါင်းကို ရေခွက်နှင့်ခုတ်ခြင်း၊ ဓားနှောင့်နှင့် ထုခြင်း၊ မီးခြစ်အပူဖြင့် ကပ် ခြင်း၊ ရေနွေးပူဖြင့် လောင်းခြင်း၊ ကတ်ကြေးဖြင့် ထိုးခြင်း၊ တုတ်ဖြင့်ရိုက်ခြင်း၊ လက်ချောင်းများ လှန်ချိုးခြင်း၊ လုပ်ခလစာအပြည့်အဝ မပေးခြင်း လုပ်ဆောင်ခဲ့သည်ဟုဆိုကာ ကျောက်တံတားမြို့မရဲစခန်းမှူး ဒုရဲမှူးတိုးမြို့တရားစွဲဆိုထားသည့် ရာဇသတ်ကြီးပုဒ်မ ၃၂၅/၃၄၄/၁၁၄ ဖြင့်ရုံးထုတ်စစ်ဆေးခဲ့ခြင်းဖြစ်သည်။

အလားတူ အင်းဝအပ်ချုပ်ဆိုင် မိသားစုအပေါ် အမှတ် (၆) လူကုန်ကူးမှု တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ ဒုရဲမှူးမျိုးသိန်းက လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၂၄/၂၉/၃၂ ဖြင့် လည်းကောင်း၊ လူမှုဝန်ထမ်း ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ အမျိုးသမီးအသက်မွေးအတတ်ပညာသင်တန်းကျောင်းမှ ကျောင်းအုပ်ကြီး ဒေါ်အေးနော်ဝင်းက ကလေးသူငယ်ဆိုင်ရာ ဥပဒေပုဒ်မ ၆၆ (ဃ) ဖြင့်လည်းကောင်း ထပ်မံ တရားစွဲဆိုထားသည်။ ■

## ကိုးတန်းကျောင်းသူကို ခိုးယူပေါင်းသင်းပြီး စွန့်ပစ်ခဲ့သူကို ထောင်ဒဏ် ၂၂ နှစ်အမိန့်ချ

**ရန်ကုန်၊ ဇန်နဝါရီ ၂၆**

အသက် ၁၄ နှစ်အရွယ် ကိုးတန်းကျောင်းသူကို နှစ်ရက်ကြာတည်းခိုခန်းတွင် ခိုးယူပေါင်းသင်းပြီး အင်းလျားကန်ပေါင်ပေါ် စွန့်ပစ်ထားခဲ့သူ အမျိုးသားကို အနောက်ပိုင်းခရိုင် တရားရုံးက ထောင်ဒဏ် ၂၂ နှစ် အမိန့်ချခဲ့သည်။

လှိုင်သာယာမြို့နယ်တွင် နေထိုင်သူ အသက် ၁၈ နှစ်အရွယ် ဟိန်းဝေစိုး(ခ) ဖိုးသောကြာသည် ၂၀၁၆ ခုနှစ် ဇွန်လ ၁၉ ရက်နေ့က အွန်လိုင်းတွင် တွေ့ဆုံချစ်ကြိုက်ခဲ့သည့် ကိုးတန်းကျောင်းသူကို တည်းခိုခန်းတစ်ခုတွင် ခိုးယူပေါင်းသင်းပြီး လှိုင်မြို့နယ် အင်းလျားကန်ပေါင်ပေါ်တွင်စွန့်ပစ်ထားခဲ့ရာ ကျောင်းသူ၏ဖခင်က အမှုဖွင့် တိုင်ကြားခဲ့သဖြင့်ဘုရင့်နောင်နယ်မြေရဲစခန်းက(ပ)၄၃၆/၂၀၁၆၊ ရာဇသတ်ကြီးပုဒ်မ ၃၇၆/၃၆၃ ဖြင့် တရားစွဲဆိုတင်ပို့ခဲ့ပြီး အနောက်ပိုင်းခရိုင် တရားရုံး တွဲဖက်တရားသူကြီး ၄ က ရာဇသတ်ကြီး ပုဒ်မ ၃၆၃ အရ အလုပ်နှင့်ထောင်ဒဏ် ၂ နှစ်၊ ရာဇသတ်ကြီးပုဒ်မ ၃၇၆ အရ အလုပ်နှင့်ထောင်ဒဏ် အနှစ် ၂၀ ကျခံစေရန် ဇန်နဝါရီလ ၂၆ ရက်က အမိန့်ချမှတ်ခဲ့ခြင်း ဖြစ်သည်။

“တရားလိုပြသက်သေ ၁၀ ဦးလောက်ရှိတယ်၊ တရားခံပြသက်သေကလည်း ငါးဦးလောက်ပါပဲ၊ ကောင်မလေးက ကျူရှင်သွားမယ်ဆိုပြီး ပျောက်သွားတာ၊ အင်းလျားကန်ပေါင်ပေါ်ပစ်ထားခံရတော့ အိမ်ကို ဖုန်းဆက်ခေါ်တာ၊ မေးလိုက်တဲ့ချိန်မှာ ခိုးယူပေါင်းသင်းခံရတယ်ဆိုတာသိရလို့ သူ့အဖေကိုယ်တိုင် အမှုဖွင့်တိုင်ကြားခဲ့တဲ့အမှုပါ” ဟု အနောက်ပိုင်းခရိုင်တရားရုံးမှ တာဝန်ရှိသူတစ်ဦးကပြောကြားသည်။

**J- 16**

## မှုခင်းသတင်းတိုများ

■ တွံတေးမြို့နယ်၊ လှိုင်သာယာ-တွံတေးကားလမ်းရှိ အိုက်ကြီးကျေးရွာအနီးတွင် ဇန်နဝါရီလ ၂၅ ရက် ည ၁၁ နာရီက မော်တော်ဆိုင်ကယ်တစ်စီးမှ SURF ယာဉ်တစ်စီးကို ကျော်တက်စဉ် ယာဉ်နှင့် ပွတ်တိုက်မိပြီး တစ်ဖက်ယာဉ်ကြောသို့ ရောက်ရှိကာ ဆိုင်ကယ်တစ်စီးကို ထပ်မံဝင်တိုက်မိခဲ့သောကြောင့် ဆိုင်ကယ်နှစ်စီး ပေါ်ပါ အမျိုးသားလေးဦး ထိခိုက်ဒဏ်ရာများ ရခဲ့သည်။

■ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ၂၆ ရပ်ကွက်၊ အောင်ဇေယျအိမ်ရာ၊ ရွှေဘိုလမ်းဘေး ဈေးဆိုင်တစ်ဆိုင်တွင် ဇန်နဝါရီလ ၂၅ ရက် နံနက် ၁၁ နာရီက လောင်းကစားသတင်းရရှိထားသော အသက် ၅၃ နှစ်အရွယ် အမျိုးသမီးတစ်ဦးကို စစ်ဆေးရာမှ နှစ်လုံးထီဂဏန်းများ ရေးထားသည့် စာအုပ်များနှင့် အတူ ငွေကျပ် ၅၂၀၀၀ ကျော် သိမ်းဆည်းရမိခဲ့သည်။

■ ရွှေပြည်သာမြို့နယ်၊ ၁၉ ရပ်ကွက်၊ စံပယ်လမ်းတွင် ဇန်နဝါရီလ ၂၅ ရက် မွန်းလွဲ ၂ နာရီခွဲက လောင်းကစား သတင်းရရှိထားသော အသက် ၂၉ နှစ်မှ ၆၈ နှစ်ကြားရှိ အမျိုးသားနှစ်ဦးနှင့် အမျိုးသမီးလေးဦးကို စစ်ဆေးရာ ၎င်းတို့ထံမှ နှစ်လုံးထီဂဏန်းများ ရေးထားသည့် စာအုပ်များနှင့်အတူ ငွေကျပ် တစ်သိန်းခွဲကျော် သိမ်းဆည်းရမိ ခဲ့သည်။

■ ကျောက်တန်းမြို့နယ်၊ ပုတ္တလုတ်ကျေးရွာ ရွာလယ်လမ်းတွင် ဇန်နဝါရီလ ၂၅ ရက် နံနက် ၂ နာရီခွဲက မော်တော်ဆိုင်ကယ်နှစ်စီး မျက်နှာချင်းဆိုင်ဝင်တိုက်မိရာမှ ဆိုင်ကယ်ပေါ်ပါ အမျိုးသား သုံးဦး ထိခိုက်ဒဏ်ရာများ အပြင်း အထန် ရခဲ့သည်။

■ လှိုင်မြို့နယ်၊ ပြည်လမ်းရှိ အေဒီမှတ်တိုင်အနီးတွင် ဇန်နဝါရီလ ၂၅ ရက် နံနက် ၃ နာရီခွဲက မတ်တူးယာဉ် တစ်စီး အရှိန်လွန်ပြီး လမ်းဘေးဓာတ်တိုင်ကို ဝင်တိုက်မိရာမှ ယာဉ်ပျက်စီးကာ ယာဉ်ပေါ်ပါ အသက် ၂၀ ဝန်းကျင် အမျိုးသားလေးဦး ပေါက်ပြဲဒဏ်ရာများ ရခဲ့သည်။

**S-03**

The VOICE Daily

CARTOON





ကြော်ငြာကိစ္စ ဆက်သွယ်လိုပါက . . .

ဖုန်း - ၀၉ ၇၈၅၅၅၅၇၇၂

# ဖေဖော်ဝါရီလကုန်အထိ YBS ယာဉ်စီးရေမတိုးချဲ့နိုင်ဟုဆို

**ရန်ကုန်၊ ဇန်နဝါရီ ၂၆**



ဓာတ်ပုံ – ရဲပြည့်စုံနည်

ရန်ကုန်မြို့တွင် အများပြည်သူ သယ်ယူပို့ဆောင်ရေးကို အဓိက လုပ်ဆောင်နေသည်ဆိုသော ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့ YRTA အနေနှင့် ယာဉ်စီးရေလိုအပ်ချက်ရှိသော YBS တံဆိပ်တပ် ယာဉ်လိုင်းများအတွင်း ယာဉ်စီးရေ တိုးချဲ့ပြေးဆွဲပေးခြင်းကို ဖေဖော်ဝါရီလကုန်အထိ မဆောင်ရွက်နိုင်သေးကြောင်း YBS Complaint Center ထံမှ သိရသည်။

မထသစနစ်ကို ပြောင်းလဲကာ အများပိုင်စနစ်ကဲ့သို့ စုပေါင်းပြေးဆွဲချိန်တွင် ခရီးသည်များယာဉ်စီးရေမလုံလောက်သည့်အခက်အခဲကိုရင်ဆိုင်နေရသော်လည်း ယာဉ်စီးရေတိုးချဲ့ပြေးဆွဲရန် မဖြစ်နိုင်သေးကြောင်း YBS Complaint Center ထံမှ သိရသည်။

“ယာဉ်သစ်ဝယ်ရင် ချက်ချင်းမရနိုင်ဘူး။ ရောက်လာရင်လည်း ပြင်ဆင်စရာတွေအများကြီးရှိတဲ့အတွက် အချိန်တစ်ခုစောင့်ရမှာဖြစ်တယ်” ဟု YBS Complaint Center တာဝန်ရှိသူတစ်ဦးကဆိုသည်။

YBS ယာဉ်များစတင်ပြေးဆွဲချိန် ယာဉ်စီးရေလိုအပ်ချက်ကိုဖြည့်ဆည်းရန် ယာဉ်သစ် ၁၂၀ စီးကို ရက်ပိုင်းအတွင်း တိုးချဲ့ပြေးဆွဲမည်ဟု YRTA ၏ တွဲဖက်အတွင်းရေးမှူးက ပြောဆိုထားသော်လည်း လက်ရှိအချိန်အထိ ပြေးဆွဲနိုင်ခြင်း မရှိသေးကြောင်း၊ ယာဉ်စီးရေတိုးချဲ့ပြေးဆွဲနိုင်ရန် စီစဉ်ဆောင်ရွက်နေဆဲဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

မတ်လတွင် YBS ယာဉ်စီးရေ တစ်ထောင် ရောက်ရှိမည်ဖြစ်ကြောင်း ဝန်ကြီးချုပ်က ပြောဆိုထားပြီး လတ်တလောတွင် ယာဉ်ပိုင်ရှင်များက ယာဉ်လိုင်းတစ်လိုင်းတွင် ယာဉ်ငါးစီး သို့မဟုတ် ဆယ်စီးခန့် ထပ်တိုးပြေးဆွဲရန် ညွှန်ကြားကြောင်း၊ ယာဉ်လိုင်းတစ်ခုတွင် ယာဉ် ၁၀၀ ခန့် လိုအပ်ကြောင်း Power Eleven အများပိုင်ကုမ္ပဏီပိုင်ရှင် ဦးတရုတ်လေးက ပြောကြားသည်။

“ကုမ္ပဏီအများစုမှာယာဉ်တွေ အလုံအလောက် မရှိဘူး။ ထပ်တိုးပြေးပေးဖို့ဆိုတာမလွယ်ဘူး” ဟု ၎င်းကဆိုသည်။

ရန်ကုန်မြို့တော်တွင် ခရီးသည်တင် ယာဉ်စီးနင်းသူတစ်ရက်လျှင် ၂ ဒသမ ၈ သန်းရှိပြီး အများပိုင်စနစ်ကဲ့သို့ စုပေါင်းပြေးဆွဲမှုမစခင်ချိန်တွင် ယာဉ် ၄၆၀၀ ခန့် ထွက်ရှိမှုရှိခဲ့ပြီး လက်ရှိ YBS ယာဉ် ၃၅၀၀ ကျော်သာပြေးဆွဲလျက်ရှိသည်။ ■ J06

## မျက်နှာဖုံး - အလုပ်အကိုင် ခုနစ်သိန်းကျော် ဖန်တီးနိုင်ဟု မှ အဆက်

ယခုနှစ်တွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအားလုံး၏ ၄၇ ရာခိုင်နှုန်းသည် ဆက်သွယ်ရေးကဏ္ဍများ၌ ရင်းနှီးမြှုပ်နှံမှုဝင်ရောက်ခဲ့ပြီး စိုက်ပျိုးရေးကဏ္ဍတွင် ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှု တစ်ခုမျှ ဝင်ရောက်ခြင်းမရှိသေးကြောင်း ၎င်းက ဆိုသည်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ဇန်နဝါရီ ဒုတိယပတ်အထိ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု စုစုပေါင်း အမေရိကန်ဒေါ်လာ လေးဘီလီယံနီးပါး ဝင်ရောက်နေပြီဖြစ်ကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနထံမှ သိရသည်။ ■ J-13

## မျက်နှာဖုံး - ရန်ကုန်နှင့် ဒေသအချို့ညအအေးပိုမည် မှ အဆက်

မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှု ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်လွင်ဦးက ခန့်မှန်းပြောဆိုသည်။

ထူးခြားသည့် ညအပူချိန်များမှာ ဟားခါးမြို့တွင် ၁ ဒီဂရီစင်တီဂရိတ်၊ ပူတာအိုမြို့နှင့် နမ့်စန်မြို့တို့တွင် ၅ ဒီဂရီစင်တီဂရိတ်နှင့် မချမ်းဘောမြို့ ပင်လောင်းမြို့နှင့် ဟဲဟိုးမြို့တို့တွင် ၆ ဒီဂရီစင်တီဂရိတ်စီရှိကြောင်း ယင်းဌာနထံမှ သိရသည်။

ရန်ကုန်မြို့၏အနိမ့်ဆုံးအပူချိန်မှာ ၂၀ ဒီဂရီစင်တီဂရိတ်၊ နေပြည်တော် တွင် ၁၇ ဒီဂရီစင်တီဂရိတ်နှင့် မန္တလေးမြို့တွင် ၁၅ ဒီဂရီစင်တီဂရိတ်ဖြစ်ကြောင်း ဇန်နဝါရီလ ၂၆ ရက်နေ့ တိုင်းတာချက်များအရ သိရသည်။ ■ E-03

**The Voice Daily**

လပေးမှာယူဖတ်ရှုသည့်

စာဖတ်ပရိသတ်များ

အဆင်မပြေမှုများရှိပါက

ဆက်သွယ်ရန် - ၀၉ ၇၈ ၅၅၅၅ ၇၇၃ (Hot Line)

နံနက်၉း၃၀မှ ညနေ ၅း၃၀ နာရီအထိသာ

## အခမဲ့ ကြော်ငြာကဏ္ဍ Classifieds

| | | | | | |
|---|---|---|---|---|---|
| ဒေါ်စေစေသော် သတ်နန်းတိုက်<br>No.1177, [illegible]<br>Ph: 09-320923181,09-250639367 | သရဖီဦး (အလှပြုပြင်ရေး)<br>No.C/68, [illegible]<br>Ph:09-977687304 | ဇမ္ဗူအောင်<br>[illegible]<br>Ph:09-5340969,09-49200841 | A Chit (Hair & Beauty Salon)<br>No.29, [illegible]<br>Ph:09-420191793,09-798167623 | လင်းမင်း (စတိုး)<br>[illegible]<br>Ph:09-450218663 | ဝင်း<br>[illegible]<br>Ph: 09-798418302 |
| ဝတ်ရည် (စတိုး)<br>No.B1/B2, [illegible]<br>Ph:09-420127992 | ရွှေစံအိမ်<br>No.244, (39) လမ်း [illegible]<br>Ph: 09-5003352,09-965003352, 09-5005191,01-379814 | BEAUTY STAR (Hair Saloon)<br>No.28, A [illegible]<br>Ph:09-777702838,09-31942998 | (Three Star)<br>[illegible] 104 [illegible]<br>Ph: 09-73069511 | နိုင်သစ်ဆန်း<br>[illegible]<br>Ph:09-450014375,09-32162533 | Green Air<br>Air Con Service<br>[illegible]<br>Ph: 09-428210653,09-795446568 |
| ညာဏ်ထွန်း Nyan Tun<br>[illegible]<br>Ph: 01-383024,252941,09-73155512, 09-775755512 | KTK Family<br>[illegible]<br>Ph:09-73095429,09-5048091 | $O_2$ Air -Con<br>Sale & Services Centre<br>No.38, [illegible] Street, Sanchaung Township<br>Ph: 09-420119100,09-450033805, 09-254215294,09-422205591<br>E-mail: [illegible] | 111 ရေဗိုက်ဆိုင်<br>[illegible]<br>Ph:09-5093721 | ရွှေသံလွင်<br>[illegible] | တက်လူ<br>[illegible] |
| ရွှေမြန်မာ (Car Audio)<br>No. 106, [illegible]<br>Ph:09-403738446 | ဇာမဏီ (Electronic Centre)<br>No.1267, [illegible]<br>Ph:09-250279553 | တော်ဝင်နီလာ<br>[illegible]<br>Ph:09-73215912,09-31346700 | ရွှေကောင်းထက်<br>[illegible] W.A.O Shop Room, [illegible]<br>Ph:09-43133712 | ကိုမြဦး<br>No. 44/A, [illegible]<br>Ph: 09-43005169 | စန်း (ပင်မင်းဆိုင်)<br>No. 406, [illegible]<br>Ph: 09-31288521 |
| Gread (ဆေးဆိုင်)<br>အမှတ် - 498, [illegible]<br>Ph:09-5162945,01-381874 | မိုးသောက်ကြယ်<br>24 Hours<br>[illegible]<br>Ph:09-5089000 | Aung (ဆေးခန်း)<br>[illegible]<br>09-5153873 | Aung Zabu (ဆေးခန်း)<br>အမှတ် 256/[illegible]<br>Ph:09-5401500 | ရွှေဟသာ<br>[illegible]<br>Ph:09-250070463 | ဒိုးကာလေး<br>No.112 [illegible]<br>Ph:09-448006184 |



# ရှိန်းလောင်း လက်ထိသည်ကို ပင်နယ်တီသတ်မှတ်မပေးခဲ့၍ ဂျာဂင်ကလော့ပ် စိတ်ပျက်

**လီဗာပူး၊ ဇန်နဝါရီ ၂၆**

လီဗာပူးအသင်းနည်းပြ ဂျာဂင်ကလော့ပ်သည် ဆောက်သမ်တန်က လီဗာပူးကို တစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ယူသွားခဲ့သည့် လိဂ်ဖလားဆီမီးဖိုင်နယ် ဒုတိယအကျော့ပွဲစဉ်တွင် ဆောက်သမ်တန်ဂိုးဧရိယာအတွင်း၌ ဆောက်သမ်တန် တိုက်စစ်မှူး ရှိန်းလောင်း လက်ထိခဲ့သည်ကို ပင်နယ်တီသတ်မှတ်ပေးခြင်း မရှိခဲ့သည့်အတွက် စိတ်ပျက်လျက်ရှိကြောင်း Sportmail က ဖော်ပြထားသည်။

ရှိန်းလောင်းသည် လူစားဝင်လာပြီး မိနစ်အနည်းငယ်အကြာတွင် အဆိုပါလက်ထိဘောကို ကျူးလွန်ခဲ့ခြင်းဖြစ်ပြီး ယင်းဖြစ်စဉ်တွင် ကွင်းလယ်ဒိုင်လူကြီး မာတင်အက်ကင်ဆန်ကသာ လီဗာပူးကို ပင်နယ်တီကန်ခွင့် သတ်မှတ်ပေးခဲ့မည်ဆိုပါက ပွဲအခြေအနေမှာ များစွာအလှည့်အပြောင်းဖြစ်သွားနိုင်ကြောင်း ဂျာဂင်ကလော့ပ်က ပြောကြားသွားခဲ့သည်။

ဆောက်သမ်တန်သည် ပွဲပြီးခါနီးနာကျင်အချိန်ပိုတွင် ရှိန်းလောင်းသွင်းယူပေးသောဂိုးဖြင့် လီဗာပူးကို အနိုင်ရသွားခဲ့ခြင်းဖြစ်ပြီး နှစ်ကျော့ပေါင်းရလဒ် နှစ်ဂိုး ဂိုးမရှိဖြင့် အောင်ပွဲခံသွားခဲ့သည့် ဆောက်သမ်တန်မှာ ၂၀၀၃ ခုနှစ် နောက်ပိုင်းတွင် အဓိကပြိုင်ပွဲကြီးတစ်ရပ်၏ဗိုလ်လုပွဲအဆင့်သို့ တစ်ကျော့ပြန်လည် ရောက်ရှိခြင်းအဖြစ် မှတ်တမ်းဝင်သွားခဲ့ပြီလည်းဖြစ်သည်။

ဂျာဂင်ကလော့ပ်သည် ဆောက်သမ်တန်အသင်း၏ တန်ပြန်တိုက်စစ်ကစားဟန်ကိုမူ ချီးကျူးစကားဆိုသွားခဲ့ပြီး အသင်းအနေနှင့် အပိုင်အခွင့်အရေးများကို ထိရောက်စွာအသုံးချနိုင်ခြင်း မရှိခဲ့သည့်အချက်ကလည်း အရှုံးရလဒ်ကြုံရခြင်း၏ အကြောင်းရင်းတစ်ခုဖြစ်ကြောင်း ဂျာဂင်ကလော့ပ်က ဆက်လက်အသိပေးသွားသည်။

သတင်းထောက်များနှင့် တွေ့ဆုံခဲ့ရာတွင် ဂျာဂင်ကလော့ပ်က "တကယ်လို့ ရှိန်လောင်း လက်ထိခဲ့တာကိုသာ ပင်နယ်တီ သတ်မှတ်ပေးခဲ့မယ်ဆိုရင် ပွဲအခြေအနေက လုံးဝကို ပြောင်းလဲသွားခဲ့မှာပါ။ အဲ့ဒီအချိန်တုန်းက တစ်ဖက်နဲ့တစ်ဖက် ဂိုးသွင်းနိုင်ခြင်း မရှိသေးပါဘူး။ ကျွန်တော်တို့သာ ပင်နယ်တီရခဲ့မယ်ဆိုရင် အနိုင်ရလဒ်က ကျွန်တော်တို့ဘက်ကို ရောက်လာလိမ့်မယ်လို့ ယုံကြည်မိပါတယ်။ ရှိန်းလောင်း လက်ထိခဲ့တာဟာ အရှင်းကြီးပါ။ လူတိုင်း ၁ မြင်ပါတယ်။ မန်ယူနဲ့ပွဲတုန်းကလည်း ကျွန်တော်တို့ နစ်နာခဲ့ရပြီးပါပြီ။ အီဘရာဟီမိုဗစ်က ချေပဂိုးသွင်းယူချိန်မှာ ဗလင်စီယာက သုံးလေးကိုက်လောက် လူကျွံနေခဲ့တာပါ။ ဒါပေမဲ့ ဘယ်သူကမှ ဒီအကြောင်းကို အရေးတယူလုပ်ပြီး မပြောခဲ့တာကတော့ ဝမ်းနည်းစရာပါပဲ"ဟု ပြောကြားသွားခဲ့သည်။

■ E-11

## TODAY UPDATE NEWS

- ဘရာဇီးနှင့် ကိုလံဘီယာ ဘောလုံးအဖွဲ့ချုပ်တို့သည် ဘရာဇီးက ကိုလံဘီယာကို တစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့သည့် ခြေစမ်းပွဲကရရှိသည့် ကွင်းဝင်ကြေး ပေါင်သုံးသိန်းကျော်ကို လေယာဉ်ပျက်ကျမှုတွင် ကွယ်လွန်သွားခဲ့သော ဘရာဇီးကလပ် ချာပီကိုအန်ဆီအသင်း ကစားသမားများနှင့် အသင်းဝန်ထမ်းများ၏ကျန်ရစ်သူမိသားစုများကို ခွဲဝေပေးအပ်သွားမည်ဖြစ်ကြောင်း BBC က ဖော်ပြထားသည်။ ၂၀၁၆ ခုနှစ် နိုဝင်ဘာလ ၂၈ ရက်နေ့တွင် ဖြစ်ပွားခဲ့သော LaMia လေယာဉ်ပျက်ကျမှုတွင် လိုက်ပါစီးနင်းလာသူ ၇၇ ဦးအနက် ၇၁ ဦး အသက်ဆုံးရှုံးခဲ့ကာ အသက်ရှင်ကျန်ရစ်သူ ခြောက်ဦးအနက် သုံးဦးမှာ ချာပီကိုအန်ဆီ အသင်းသားများဖြစ်ကြသည်။
- ဂျမေကာတာတိုအပြေးသမား အူစိန်ဘော့တ်သည် ၎င်းဆွတ်ခူးရရှိထားသည့် အိုလံပစ်ရွှေတံဆိပ် ကိုးခုအနက်မှတစ်ခုကို ၎င်း၏အသင်းဖော်တစ်ဦး တားမြစ်ဆေးကျရှုံးခဲ့သည့်အတွက် ပြန်လည်စွန့်လွှတ်လိုက်ရပြီဖြစ်ကြောင်း Mail Online က ဖော်ပြထားသည်။ အူစိန်ဘော့တ်သည် ၂၀၀၈ ခုနှစ် ဘေဂျင်းအိုလံပစ်ပြိုင်ပွဲတွင် မီတာ ၁၀၀ လေးယောက်တွဲ လက်ဆင့်ကမ်းပြိုင်ပွဲ၌ ဆွတ်ခူးရရှိခဲ့သည့် ရွှေတံဆိပ်ကို ဆုံးရှုံးလိုက်ရခြင်းဖြစ်ပြီး ၎င်းတို့၏ အဖွဲ့ဝင်တစ်ဦးဖြစ်သော နက်စ်တာကာတာမှာ တားမြစ်ဆေးသုံးစွဲ၍ ပြိုင်ပွဲဝင်ခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သည့်အတွက် ယခုကဲ့သို့အခြေအနေကို အူစိန်ဘော့တ်က ရင်ဆိုင်လိုက်ရခြင်းဖြစ်သည်။
- ပြင်သစ်လီဂူးကလပ် ပီအက်စ်ဂျီအသင်းသည် ပေါ်တူဂီကလပ် ဘင်ဖီကာအသင်း တိုက်စစ် တောင်ပံကစားသမား ဂွီဒက်စ်ကို ပြောင်းရွှေ့ကြေးပမာဏ ပေါင် ၂၁ သန်းဖြင့် ခေါ်ယူရရှိခဲ့ပြီဖြစ်ကာ ဆေးစစ်မှုများအောင်မြင်အပြီးတွင် အသင်းနှင့် ဂွီဒက်စ်အကြား၌ လေးနှစ်ခွဲသက်တမ်းစာချုပ်တစ်ရပ်ကို လက်မှတ်ရေးထိုးလိုက်ကြောင်း ပီအက်စ်ဂျီ က ထုတ်ပြန်ကြေညာခဲ့သည်ဟု Sky Sports က ဖော်ပြထားသည်။ စီရော်နယ်ဒိုလက်သစ်ဟု တင်စားခေါ်ဝေါ်ခြင်းခံထားရသည့် ဂွီဒက်စ်သည် ပီအက်စ်ဂျီတွင် ကျောနံပါတ် ၁၅ ကို ဝတ်ဆင်ကစားသွားလိမ့်မည်ဖြစ်သည်။

# ဩစတြေးလျအိုးပင်း ဂရင်းဆလင်း အမျိုးသမီးတစ်ဦးချင်း နောက်ဆုံးဗိုလ်လုပွဲတွင် ဝီလျံညီအစ်မ ဆုံတွေ့

**မဲလ်ဘုန်း၊ ဇန်နဝါရီ ၂၆**

ဩစတြေးလျနိုင်ငံတွင် ကျင်းပနေသည့် ဩစတြေးလျအိုးပင်း ဂရင်းဆလင်း တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်များတွင် ဝီလျံညီအစ်မ(ဗီးနပ်စ်ဝီလျံနှင့် ဆီရီနာဝီလျံ) တို့က ပြိုင်ဘက်များကို အသီးသီးအနိုင်ယူကျော်ဖြတ်ပြီး ဗိုလ်လုပွဲသို့ တက်လှမ်းရောက်ရှိသွားခဲ့ပြီဖြစ်ကြောင်း BBC က ဖော်ပြထားသည်။

ပြိုင်ပွဲ၏နိုင်ခြေအဆင့် ၁၃ သတ်မှတ်ပေးခြင်းခံထားရသည့် အမေရိကန်တင်းနစ်မယ် ဗီးနပ်စ်ဝီလျံသည် ဩစတြေးလျအိုးပင်း ဂရင်းဆလင်းတင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်အဖြစ် တစ်နိုင်ငံတည်းသူ ပြိုင်ဘက် ဗန်ဒီဝီဂီနှင့် ယှဉ်ပြိုင်ခဲ့ရခြင်းဖြစ်ကာ အဆိုပါပွဲစဉ်တွင် အဆုံးအဖြတ်ပွဲလတ်တိုင်သည်အထိ အကြိတ်အနယ်ယှဉ်ပြိုင်ကစားခဲ့ပြီးသည့်နောက်၌ ဗီးနပ်စ်ဝီလျံက အနိုင်ရလဒ်ကို ပိုင်ဆိုင်ရရှိသွားခဲ့ခြင်းဖြစ်သည်။

အသက် ၃၆ နှစ်အရွယ်ရှိ ဗီးနပ်ဝီလျံသည် ပထမပွဲလတ်တွင် ဗန်ဒီဝီဂီကို ၆-၇ (၃-၇)ဖြင့် အရေးနိမ့်ခဲ့သော်လည်း ဒုတိယပွဲလတ်နှင့် အဆုံးအဖြတ်ပွဲလတ်တို့ကို ၆-၂၊ ၆-၃ ဖြင့် ဆက်တိုက်အနိုင်ယူကာ ဗိုလ်လုပွဲတက်ခွင့်ကို ရယူသွားခဲ့ခြင်းဖြစ်ပြီး ၎င်းအနေနှင့် ရှစ်နှစ်ကြာကွာဝေးနေခဲ့သော ဂရင်းဆလင်းဗိုလ်လုပွဲကစားခွင့်ကို ပြန်လည်ရယူနိုင်ခဲ့ပြီဖြစ်၍ လွန်စွာဝမ်းသာကျေနပ်ရပါကြောင်း ပွဲအပြီးတွင် ဗီးနပ်စ်ဝီလျံက ပြောကြားသွားခဲ့သည်။

ဂရင်းဆလင်းပြိုင်ပွဲများတွင် ချန်ပီယံ ခုနစ်ကြိမ်ဖြစ်ခဲ့ဖူးသည့် ဗီးနပ်စ်ဝီလျံသည် ၂၀၀၉ ခုနှစ် ဝင်ဘယ်လ်ဒန် ဂရင်းဆလင်း ပြိုင်ပွဲတွင် ဗိုလ်လုပွဲကစားခွင့်ရခဲ့ပြီးသည့်နောက်၌ အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲများတွင် ဂရင်းဆလင်း ဗိုလ်လုပွဲကစားခွင့်နှင့် အလှမ်းကွာဝေးသွားခဲ့ခြင်းဖြစ်ပြီး ဗိုလ်လုပွဲတွင် ညီမဖြစ်သူ ဆီရီနာဝီလျံကို အနိုင်ယူနိုင်ခဲ့မည်ဆိုပါက သူမ၏ကစားသမားဘဝ ဖြတ်သန်းမှုအတွင်း ဩစတြေးလျအိုးပင်း ဂရင်းဆလင်း ချန်ပီယံဆုကို ပထမဆုံးအကြိမ် ရယူနိုင်ခြင်းအဖြစ်လည်း ဗီးနပ်စ်ဝီလျံက သမိုင်းမှတ်တမ်းသစ်တစ်ခု ရေးထိုးနိုင်လိမ့်မည်ဖြစ်သည်။

အသက် ၃၅ နှစ်အရွယ်ရှိ ကမ္ဘာ့အဆင့်နှစ်တင်းနစ်မယ် ဆီရီနာဝီလျံသည် ဆီမီးဖိုင်နယ်အဆင့်တွင် နိုင်ခြေအဆင့်သတ်မှတ်ချက်မဲ့ ခရိုအေးရှားတင်းနစ်မယ် လူဆစ်ကို ၆-၂၊ ၆-၁ ဖြင့် ပွဲလတ်နှစ်ပွဲပြတ် အနိုင်ယူကာ ဗိုလ်လုပွဲ တက်ခွင့်ကို ရယူသွားခဲ့ခြင်းဖြစ်ပြီး ကွာတားဖိုင်နယ်ယှဉ်ပြိုင်အပြီးတွင် နားရက်မရဘဲ ဆီမီးဖိုင်နယ်ပွဲစဉ်ကို ဆက်လက်ကစားခဲ့ကြရသည့်အတွက် ဆီရီနာဝီလျံနှင့် လူဆစ်တို့နှစ်ဦးလုံးမှာ ပွဲပန်းမှုဒဏ်ကို ကိုယ်စီကိုယ်ငှခံစားနေခဲ့ကြရသည်။

ဗီးနပ်စ်ဝီလျံနှင့် ဆီရီနာဝီလျံတို့သည် ဂရင်းဆလင်းတင်းနစ်ပြိုင်ပွဲ အမျိုးသမီးတစ်ဦးချင်းဗိုလ်လုပွဲများတွင် ပြိုင်ဘက်များအဖြစ် နဝမအကြိမ်မြောက်တွေ့ဆုံခြင်းဖြစ်ကာ ဗိုလ်လုပွဲတွင် အစ်မဖြစ်သူ ဗီးနပ်စ်ဝီလျံကို အနိုင်ယူနိုင်ခဲ့ပါက ဆီရီနာဝီလျံမှာ ဩစတြေးလျအိုးပင်း ဂရင်းဆလင်းချန်ပီယံဆုကို သတ္တမအကြိမ်မြောက်ရရှိခြင်းနှင့်အတူ ဂရင်းဆလင်းချန်ပီယံဆု ၂၃ ခုရ တင်းနစ်မယ်အဖြစ် မှတ်တမ်းဝင်သွားတော့မည်ဖြစ်သည်။

**ဗီးနပ်စ်ဝီလျံက ဆီရီနာဝီလျံကိုမှတ်ချက်ပေးထားသည့်စကား**

"ဆီရီနာ တင်းနစ်ကစားနေတာကို ကြည့်ရတာက တကယ့်အံ့ဖွယ်ပါပဲ။ သူက တစ်ဖက်ခြမ်းမှာရှိတဲ့ပြိုင်ဘက်ကို သူကိုယ်တိုင်လို့ သဘောထားပြီး ကစားနေတာပါ။ စနေနေ့ရောက်ရင် ပိုက်ရဲ့အခြားဘက် တစ်ခြမ်းမှာ သူ့ကို ပြိုင်ဘက်အဖြစ် ကျွန်မရင်ဆိုင်ရတော့မယ်။ အိပ်မက်မက်နေသလားလို့တောင် ထင်မှတ်ချင်စရာပါပဲ"

**ဆီရီနာဝီလျံက ဗီးနပ်စ်ဝီလျံကို မှတ်ချက်ပေးထားသည့်စကား**

"ကျွန်မရဲ့အစ်မကြီးအတွက် ကျွန်မဂုဏ်ယူနေမိပါတယ်။ ဗိုလ်လုပွဲကို သူတက်ရောက်လာတဲ့အတွက် ကျွန်မ ဝမ်းသာမိတာ အမှန်ပါပဲ။ ကျွန်မတို့နှစ်ယောက် ဗိုလ်လုပွဲကစားဖို့ အိပ်မက်မက်နေခဲ့တာကြာပါပြီ။ ဗီးနပ်စ်ဟာ ကျွန်မ ရင်ဆိုင်ရအခက်ဆုံးပြိုင်ဘက်ပါပဲ။ ကျွန်မရဲ့ကစားသမားဘဝဖြတ်သန်းမှုတစ်လျှောက်မှာ ဘယ်တင်းနစ်မယ်ကမှ ဗီးနပ်စ်လောက် ကျွန်မကို အကြိမ်အရေအတွက် များများ မနိုင်ဖူးပါဘူး။ ဗိုလ်လုပွဲရလဒ်က ဘယ်လိုပဲဖြစ်ခဲ့ဖြစ်ခဲ့ ကျွန်မကျေနပ်သွားမှာပါ။ ဘာကြောင့်လဲဆိုတော့ ဝီလျံတစ်ယောက်က ချန်ပီယံဆုဖလားကို ကိုင်မြှောက်တော့မှာမို့လို့ပါပဲ"

■ E-11





# မြန်မာနှင့် တီမောဖူဆယ်အကြိုဗိုလ်လုပွဲ MRTV က တိုက်ရိုက်ပြမည်

**ရန်ကုန်၊ ဇန်နဝါရီ ၂၆**

ထိုင်းနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပနေသည့် ၂၀၁၆ ခုနှစ် အာဆီယံ ဖူဆယ်ချန်ပီယံရှစ်ပြိုင်ပွဲဝင် မြန်မာလက်ရွေးစင် အမျိုးသားဖူဆယ်အသင်းနှင့် တီမောအသင်းတို့ယနေ့ (ဇန်နဝါရီ ၂၇ရက်) ယှဉ်ပြိုင်မည့် အကြိုဗိုလ်လုပွဲကို MRTV ရုပ်သံက တိုက်ရိုက်ပြသမည်ဟု မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ထုတ်ပြန်လိုက်သည်။

အာဆီယံချန်ပီယံရှစ်ဖူဆယ်ပြိုင်ပွဲ၏ အကြိုဗိုလ်လုပွဲစဉ်များအဖြစ် မြန်မာအသင်းနှင့် တီမောအသင်း၊ အိမ်ရှင်ထိုင်းအသင်းနှင့် မလေးရှားအသင်းတို့ ဇန်နဝါရီလ ၂၇ ရက်နေ့တွင် ယှဉ်ပြိုင်မည်ဖြစ်ရာ မြန်မာအသင်း ကစားမည့်ပွဲစဉ်ကို အခမဲ့ရုပ်သံမှ တိုက်ရိုက်ပြသမည်ဖြစ်ကြောင်း မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ပြောရေးဆိုခွင့်ရှိသူ ဦးစိုးမိုးကျော်က ပြောကြားသည်။

ယင်းအပြင် မြန်မာအသင်းအနေနှင့် ဗိုလ်လုပွဲသို့ ရောက်ရှိခဲ့ပါကလည်း တိုက်ရိုက်ထုတ်လွှင့်ပြသမည်ဟု ၎င်းကဆက်လက်ပြောဆိုသည်။

မြန်မာအသင်းသည် အဆိုပါပြိုင်ပွဲ၏ အုပ်စု(ခ)တွင် ပါဝင်ခဲ့ပြီး အဖွင့်ပွဲစဉ်တွင် လာအိုအသင်းကို ခြောက်ဂိုးတစ်ဂိုးဖြင့် အနိုင်ခဲ့ကာ ဒုတိယပွဲစဉ်တွင် အင်ဒိုနီးရှားအသင်းကို ခြောက်ဂိုးသုံးဂိုး၊ နောက်ဆုံးပွဲစဉ်တွင် မလေးရှားအသင်းကို ငါးဂိုး သုံးဂိုးဖြင့် အနိုင်ရခဲ့ပြီး အုပ်စုပထမနေရာဖြင့် အကြိုဗိုလ်လုပွဲသို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။

လက်ရှိချန်ပီယံထိုင်းအသင်းသည် ယခုနှစ်ပြိုင်ပွဲတွင်လည်း ဗိုလ်စွဲရန် ရေပန်းစားလျက်ရှိပြီး အုပ်စုတွင်းပွဲစဉ်များ၌ တီမောနှင့် ဘရူနိုင်းအသင်းတို့ကို အနိုင်ရကာ အကြိုဗိုလ်လုပွဲတွင် မလေးရှားအသင်းနှင့် တွေ့ဆုံလျက်ရှိသည်။

မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်းမှ ကစားသမားများအနေနှင့် ဗိုလ်လုပွဲအထိ ကစားခွင့်ရမည်ဟု ယုံကြည်လျက်ရှိသည်။

■ J-04



# ဩစတြေးလျအိုးပင်းဂရင်းဆလင်း အမျိုးသားတစ်ဦးချင်း ဗိုလ်လုပွဲသို့ ဖက်ဒါရာ တက်ရောက်

**မဲလ်ဘုန်း၊ ဇန်နဝါရီ ၂၆**

ဩစတြေးလျနိုင်ငံတွင် ကျင်းပလျက်ရှိသည့် ဩစတြေးလျအိုးပင်း ဂရင်းဆလင်းတင်းနစ်ပြိုင်ပွဲ အမျိုးသားတစ်ဦးချင်း ပထမဆီမီးဖိုင်နယ်ပွဲစဉ်တွင် ကမ္ဘာ့အဆင့်တစ်တင်းနစ်ကစားသမားဟောင်းရော်ဂျာဖက်ဒါရာက တစ်နိုင်ငံတည်းသားပြိုင်ဘက် စတန်ဝေါရင်ကာကို အဆုံးအဖြတ်ပွဲလတ်ရောက်ရှိသည်အထိ အကြိတ်အနယ်အားပြိုင်ကာ ၇-၅၊ ၆-၃၊ ၁-၆၊ ၄-၆၊ ၆-၃ ဖြင့် အနိုင်ယူသွားခဲ့ကြောင်း BBC က ဖော်ပြထားသည်။

လက်ရှိတွင် ကမ္ဘာ့အဆင့် ၁၇ နေရာ၌ ရပ်တည်နေသည့် ဖက်ဒါရာသည် ဗိုလ်လုပွဲသို့တက်ရောက်ရာ လမ်းတစ်လျှောက်တွင် ၎င်းထက် ကမ္ဘာ့အဆင့်သတ်မှတ်ချက် မြင့်မားသည့် တိုမတ်စ်ဘာဒစ်ချ်၊ နီရှီကိုရီနှင့် ဝေါရင်ကာတို့ကို အနိုင်ယူကျော်ဖြတ်ခဲ့ကာ ဘက်ဘက်ဒူးဒဏ်ရာကိုခွဲစိတ်ကုသမှု ခံယူလိုက်ခြင်းကြောင့် ခြောက်လကြာ အနားယူခဲ့ရသည့် ဖက်ဒါရာအတွက် ယခုကဲ့သို့ ဂရင်းဆလင်းဗိုလ်လုပွဲတစ်ခုသို့ တစ်ကျော့ပြန်လည် တက်လှမ်းနိုင်ခဲ့သည်မှာ လွန်စွာစိတ်ကျေနပ်ဖွယ်ပင်ဖြစ်သည်။

ဖက်ဒါရာသည် ၂၀၁၂ ခုနှစ် ဝင်ဘယ်လ်ဒန် ဂရင်းဆလင်းတင်းနစ်ပြိုင်ပွဲတွင် ချန်ပီယံဖြစ်ခဲ့ပြီးသည့်နောက်၌ ဂရင်းဆလင်းပြိုင်ပွဲများတွင် ဗိုလ်စွဲခြင်းမရှိတော့သည်မှာ ကာလတစ်ခုကြာမြင့်သွားခဲ့ပြီဖြစ်ပြီး ဩစတြေးလျအိုးပင်း ဂရင်းဆလင်းပြိုင်ပွဲတွင် ဖက်ဒါရာ နောက်ဆုံးအကြိမ်ချန်ပီယံဖြစ်ခဲ့သည်မှာ ၂၀၁၀ ပြည့်နှစ်၌ဖြစ်သည်။

အသက် ၃၅ နှစ်အရွယ်ရှိ ဖက်ဒါရာသည် ဂရင်းဆလင်း အမျိုးသားတစ်ဦးချင်းပြိုင်ပွဲများတွင် ဗိုလ်လုပွဲအဆင့်သို့ တက်ရောက်ခဲ့သည့်ကစားသမားများအနက်တွင် ဒုတိယမြောက် အသက်အကြီးဆုံးကစားသမားအဖြစ် မှတ်တမ်းဝင်သွားခဲ့ပြီလည်းဖြစ်ကာ ဂရင်းဆလင်းပြိုင်ပွဲများ သမိုင်းတစ်လျှောက်တွင် ဗိုလ်လုပွဲအဆင့်သို့တက်လှမ်းနိုင်ခဲ့သူ အသက်အကြီးဆုံးကစားသမားအဖြစ် စံချိန်တင်ထားသူမှာ ၁၉၇၄ ယူအက်စ်အိုးပင်း ဂရင်းဆလင်းပြိုင်ပွဲတွင် အသက် ၃၉ နှစ်အရွယ်ဖြင့် ဗိုလ်လုပွဲတက်နိုင်ခဲ့သူ ဩစတြေးလျတင်းနစ်ကစားသမား ကင်မ်ရော့စ်ဝေါလ်ဖြစ်သည်။

ဂရင်းဆလင်းပြိုင်ပွဲများတွင် ၁၇ ကြိမ် ချန်ပီယံဖြစ်ခဲ့ပြီးဖြစ်သည့် ဖက်ဒါရာသည် ၎င်း၏ကစားသမားဘဝဖြတ်သန်းမှုအတွင်း ဂရင်းဆလင်းဗိုလ်လုပွဲအဆင့်သို့ ၂၈ ကြိမ်မြောက် တက်လှမ်းလာခဲ့ခြင်းဖြစ်ကာ ဩစတြေးလျအိုးပင်းဂရင်းဆလင်းချန်ပီယံဆုကို ဖက်ဒါရာက ၂၀၀၄၊ ၂၀၀၆၊ ၂၀၀၇ နှင့် ၂၀၁၀ ပြည့်နှစ်တို့တွင် ဆွတ်ခူးရရှိခဲ့ဖူးပြီးဖြစ်သည်။

ဖက်ဒါရာသည် ၎င်း၏ကစားသမားဘဝဖြတ်သန်းမှုအတွင်း ဝေါရင်ကာနှင့် ဂရင်းဆလင်းပြိုင်ပွဲများတွင် ဆုံတွေ့ခဲ့ရာ၌ ပထမဆုံးအကြိမ်အဖြစ် အဆုံးအဖြတ်ပွဲလတ်တိုင်သည်အထိ(ပွဲလတ်ငါးပွဲပြည့်သည်အထိ) ကစားလိုက်ရခြင်းဖြစ်ကာ ၎င်းတို့နှစ်ဦး၏ဆီမီးဖိုင်နယ်ပွဲစဉ်မှာ ပွဲကစားချိန် သုံးနာရီနှင့် ငါးမိနစ်ကြာမြင့်ခဲ့သည်။

ဩစတြေးလျအိုးပင်း ဂရင်းဆလင်းတင်းနစ်ပြိုင်ပွဲ အမျိုးသားတစ်ဦးချင်း ဒုတိယဆီမီးဖိုင်နယ်ပွဲစဉ်ကို ယနေ့(ဇန်နဝါရီလ ၂၇ ရက်)တွင် ဆက်လက်ယှဉ်ပြိုင်သွားမည်ဖြစ်ပြီး အဆိုပါဒုတိယမြောက်ဆီမီးဖိုင်နယ်ပွဲစဉ်တွင် စပိန်တင်းနစ်ကစားသမား ရာဖေးလ်နာဒယ်လ်နှင့် ဘူဂေးရီးယား တင်းနစ်ကစားသမား ဒီမီထရော့ဗ်တို့ ထိပ်တိုက် ဆုံတွေ့လျက်ရှိသည်။

■ E-11

## အကောင်းဆုံး အားကစားသမား ဆုပေးပွဲ ဖေဖော်ဝါရီပထမပတ်တွင် ကျင်းပမည်

**ရန်ကုန်၊ ဇန်နဝါရီ ၂၆**

မြန်မာနိုင်ငံအားကစားကလောင်ရှင်များအဖွဲ့ချုပ်၏ ဝါရင့်အားကစားကလောင်ရှင်ကြီးများကို ပူဇော်ကန်တော့ပွဲနှင့် နှစ်အလိုက် အကောင်းဆုံးအားကစားသမားဆုပေးပွဲကို ဖေဖော်ဝါရီလ ပထမပတ်အတွင်းကျင်းပမည်ဖြစ်ကြောင်း ယင်းအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးစိုးမိုးကျော်က ပြောကြားသည်။

၂၀၁၆ ခုနှစ်တွင် ပြန်လည်ကျင်းပမည့် အဆိုပါဆုပေးပွဲနှင့် သက်ကြီးအားကစားကလောင်ရှင်များ ကန်တော့ပွဲကိုနိုဝင်ဘာလကုန်ပိုင်းတွင် ကျင်းပရန်စီစဉ်ခဲ့သော်လည်း ပျက်ပြယ်ခဲ့အတွက် ယခုနှစ်ဖေဖော်ဝါရီလမှသာ ကျင်းပရန်စီစဉ်ခြင်းဖြစ်သည်ဟု ၎င်းကဆိုသည်။

"ဆုပေးပွဲကျင်းပဖို့အတွက် စီစဉ်ထားတာကကြာပြီ။ ဘောလုံးအဖွဲ့ချုပ်မှာလည်း တာဝန်တွေရှိနေလို့ ဒီဆုပေးပွဲကိုကျင်းပဖို့ ကြန့်ကြာခဲ့တာ။ ဖေဖော်ဝါရီ ၄ ရက် ဒါမှမဟုတ် ၅ ရက်နေ့မှာကျင်းပဖို့လျာထားပါတယ်"ဟု ဦးစိုးမိုးကျော်က ရှင်းပြသည်။

အဆိုပါဆုပေးပွဲတွင် ၂၀၁၄ ခုနှစ်နှင့် ၂၀၁၅ ခုနှစ်တို့အတွက် နှစ်အလိုက် အကောင်းဆုံးကစားသမားဆုများ၊ အထူးဆုများ ချီးမြှင့်ပေးမည်ဖြစ်ပြီး MCC ခန်းမတွင် ကျင်းပရန် စီစဉ်ထားသည်။

ဆုချီးမြှင့်ရာတွင် နှစ်အလိုက် နိုင်ငံတကာအဆင့်ပြိုင်ပွဲများ ယှဉ်ပြိုင်ခဲ့သည့် အားကစားအဖွဲ့ချုပ်များမှ အကြံပြုချက်များဖြင့် ဆုပေးအပ်ရန် စီစဉ်ထားခြင်းဖြစ်သည်ဟု အားကစားအဖွဲ့ချုပ်အချို့ထံမှ သိရသည်။

ယင်းဆုပေးပွဲတွင် အကောင်းဆုံးကစားသမားဆုအတွက် လေ့လော်အားကစားနည်းနှင့် ဘိလိယက်အားကစားနည်းမှတို့မှ ကစားသမားများ ဆုရမည်ဟု ထင်ကြေးပေးခံနေရပြီး သမိုင်းတစ်လျှောက်ပထမဦးဆုံးအကြိမ် ယူ-၂၀ ကမ္ဘာ့ဖလားပြိုင်ပွဲ ယှဉ်ပြိုင်ခွင့်ရရှိခဲ့သည့် မြန်မာယူ၂၀ အသင်းအနေနှင့် အထူးဆုချီးမြှင့်ခံရဖွယ်ရှိကြောင်း အားကစားမီဒီယာအသိုင်းအဝိုင်းက သုံးသပ်ထားသည်။

မြန်မာနိုင်ငံအားကစားကလောင်ရှင်များအဖွဲ့ချုပ်သည် တစ်နှစ်တာအကောင်းဆုံး အားကစားသမားဆုပေးပွဲကို ၂၀၁၃ ခုနှစ်က MCC ခန်းမတွင်ကျင်းပထားခဲ့ဖူးပြီး ယင်းနှစ်တွင် တစ်ဦးချင်းဆုများ၊ အသင်းလိုက်ဆုများ၊ အထူးဆုများ ချီးမြှင့်ပေးခဲ့သည်။

■ J-04

## ဇင်းနစ်သို့ပြောင်းရွှေ့ရန် ချယ်လ်ဆီးနောက်ခံလူ အိုင်ဗန်နိုဗစ် ဆွေးနွေး

**မော်စကို၊ ဇန်နဝါရီ ၂၆**

ချယ်လ်ဆီးနောက်ခံကစားသမား အိုင်ဗန်နိုဗစ်သည် ရုရှားပရီးမီးယားလိဂ်ကလပ် ဇင်းနစ်ထံသို့ ပြောင်းရွှေ့ရန်အတွက် ဆွေးနွေးညှိနှိုင်းနေပြီဖြစ်ကာ လာမည့်ရက်အနည်းငယ်အတွင်းတွင် အိုင်ဗန်နိုဗစ်အပြောင်းအရွှေ့ကို အဆုံးသတ်နိုင်ရန် ၎င်းတို့အနေနှင့် ရည်မှန်းထားပါကြောင်း ဇင်းနစ်ကလည်း အတည်ပြုထားပြီဖြစ်သည်ဟု The Sun က ဖော်ပြထားသည်။

ချယ်လ်ဆီးအသင်း တာဝန်ရှိသူများသည် အသက် ၃၂ နှစ်အရွယ်ရှိ အိုင်ဗန်နိုဗစ်ကို အလွတ်ပြောင်းရွှေ့ကြေးဖြင့် အသင်းက ထွက်ခွာခွင့်ပေးထားပြီဖြစ်ကာ ပုဂ္ဂိုလ်ရေးအချက်အလက်ဆွေးနွေးမှုများ အောင်မြင်ခဲ့ပါက အိုင်ဗန်နိုဗစ်ကို သုံးနှစ်ခွဲသက်တမ်းစာချုပ် ချုပ်ဆိုသွားမည်ဖြစ်ကြောင်း ဇင်းနစ်က ထုတ်ပြန်ကြေညာထားပြီဖြစ်သည်။

ချယ်လ်ဆီးနှင့် အိုင်ဗန်နိုဗစ်တို့အကြားရှိ စာချုပ်သည် သက်တမ်းအားဖြင့် ခြောက်လကျန်ရှိသေးသော်လည်း နည်းပြကွန်တီက ၎င်းကို လက်ရှိဇန်နဝါရီကာလကစားသမားအပြောင်းအရွှေ့ဈေးကွက်အတွင်း အသင်းပြောင်းလိုက ပြောင်းနိုင်ကြောင်း ခွင့်ပြုချက်ပေးလိုက်သည့်အတွက် ဇင်းနစ်က ကမ်းလှမ်းဆက်သွယ်လာခဲ့ခြင်းဖြစ်ကာ ၎င်းအနေနှင့် အိုင်ဗန်နိုဗစ်ကို ပုံမှန်ပွဲထွက်ကစားခွင့် အာမခံချက်ပေးနိုင်ရန် မလွယ်တော့သည့်အတွက် အသင်းပြောင်းခွင့် ပေးအပ်လိုက်ခြင်းဖြစ်ပါကြောင်း ကွန်တီက ရှင်းပြထားသည်။

နည်းပြ ကွန်တီသည် လက်ရှိတွင် တယ်ရီနှင့် အိုင်ဗန်နိုဗစ်တို့ မပါရှိဘဲ အသင်းခံစစ်ကိုအောင်မြင်စွာတည်ဆောက်လိုက်နိုင်ပြီဖြစ်ကာ လာမည့်နွေရာသီကာလကစားသမားအပြောင်းအရွှေ့ဈေးကွက်ဖွင့်လှစ်ချိန်တွင် အသင်းထံသို့ နောက်ခံကစားသမားသစ်များ ထပ်မံရောက်ရှိလာရန် သေချာနေပြီဖြစ်သည့်အတွက် အိုင်ဗန်နိုဗစ်က ဇင်းနစ်၏ ကမ်းလှမ်းမှုကိုလက်ခံကာ ဆွေးနွေးမှုများ ချက်ချင်းစတင်လိုက်ခြင်းဖြစ်သည်။

■ E-11



## ဒဏ်ကြေးမဆောင်သော ကစားသမားများကို ပွဲကစားခွင့်ပိတ်

**ရန်ကုန်၊ ဇန်နဝါရီ ၂၆**

မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ်၏ အရေးယူခြင်းခံထားရသည့် ကစားသမား ၁၃ ဦးအနေနှင့် ဒဏ်ကြေးမဆောင်သေးသောကြောင့် ယင်းကစားသမားများကို ပွဲကစားခွင့်ပိတ်ပင်ထားကြောင်း အဆိုပါအဖွဲ့ချုပ်ထံမှ သိရသည်။

မြန်မာနိုင်ငံဘတ်စကက်ဘောအဖွဲ့ချုပ် အတွင်းရေးမှူး ဒေါ်ဥမ္မာအောင်က "အရေးယူထားတဲ့ ကစားသမား ၁၃ ဦးရှိပါတယ်။ အရင်က လုပ်ခဲ့တဲ့ပြိုင်ပွဲတွေမှာ ပြစ်မှုကျူးလွန်ခဲ့တဲ့ ကစားသမားတွေပေါ့။ သူတို့အနေနဲ့ ပြိုင်ပွဲကျင်းပရေးကော်မတီက ချမှတ်ထားတဲ့ စည်းကမ်းတွေကို မလိုက်နာတာရယ်၊ ဒိုင်တွေနဲ့ ပြိုင်ပွဲတာဝန်ရှိတဲ့သူတွေကို ဆဲဆိုတာတွေ၊ ရန်ဖြစ်တာတွေရယ်ကြောင့် အဖွဲ့ချုပ်က ဒဏ်ကြေးချမှတ်ထားတာပါ"ဟု ပြောကြားသည်။

မြန်မာနိုင်ငံ ဘတ်ကက်ဘောအဖွဲ့ချုပ်က ယင်းကစားသမားများကို တစ်ဦးလျှင် ကျပ် ၁၀ သိန်းစီ ဒဏ်ကြေးသတ်မှတ်ထားခြင်းဖြစ်သည်။

ဒဏ်ကြေးချမှတ်ခံထားရသော ကစားသမားများအနေနှင့် ဒဏ်ကြေးပေးဆောင်သည်နှင့်တစ်ပြိုင်နက် ပြိုင်ပွဲကစားခွင့်ကို ပြန်လည်ခွင့်ပြုပေးမည်ဖြစ်ကြောင်း ယင်းအဖွဲ့ချုပ်ထံမှ သိရသည်။

ရန်ကုန်တိုင်း ဘတ်စကက်ဘောဆပ်ကော်မတီအနေနှင့် ဖေဖော်ဝါရီလ ၁၀ ရက်နေ့မှ ၂၀ ရက်နေ့အထိ အောင်ဆန်းမိုးလုံလေလုံအားကစားရုံတွင် အလွတ်တန်းဘတ်စကက်ဘော ပြိုင်ပွဲကျင်းပသွားမည်ဖြစ်ပြီး ထိုပြိုင်ပွဲတွင် ဒဏ်ကြေးချမှတ်ခံထားရသော ကစားသမားများ ပါဝင်ခွင့်ရမည်မဟုတ်ကြောင်း အဆိုပါဆပ်ကော်မတီထံမှလည်း သိရသည်။

ယင်းပြိုင်ပွဲ၏ အမျိုးသားပြိုင်ပွဲတွင် ဆုကြေးအဖြစ် ပထမဆု ကျပ်ရှစ်သိန်း၊ ဒုတိယဆု ကျပ်ခြောက်သိန်း၊ တတိယဆု ကျပ်လေးသိန်းချီးမြှင့်မည်ဖြစ်ပြီး အမျိုးသမီးပြိုင်ပွဲတွင် ပထမဆု ကျပ်ငါးသိန်း၊ ဒုတိယဆု ကျပ်သုံးသိန်းနှင့် တတိယဆု ကျပ်နှစ်သိန်း ချီးမြှင့်မည်ဖြစ်သည်။

■ J-15

# အသင်းလိုဂိုတွင်ပါရှိသည့် လက်ဝါးကပ်တိုင်အမှတ်အသားကို ရီးရဲလ်မက်ဒရစ် ပယ်ဖျက်ပေး

**မက်ဒရစ်၊ ဇန်နဝါရီ ၂၆**

စပိန်လာလီဂါကလပ် ရီးရဲလ်မက်ဒရစ်အသင်းသည် အရှေ့အလယ်ပိုင်းဒေသတွင် အသင်းအထိမ်းအမှတ်ပစ္စည်းရောင်းအားမြင့်တက်လာစေရန်အတွက် လိုဂိုထိပ်တွင်ပါရှိသည့် လက်ဝါးကပ်တိုင်အမှတ်အသားကို ပယ်ဖျက်ပေးလိုက်ပြီဖြစ်ကြောင်း Daily Star က ဖော်ပြထားသည်။

ရီးရဲလ်မက်ဒရစ်သည် လက်ရှိတွင် ဒူဘိုင်းအခြေစိုက် Fly Emirates လေကြောင်းလိုင်း၊ အရှေ့အလယ်ပိုင်းဒေသအခြေစိုက် လက်လီဖြန့်ဖြူးရောင်းချရေးလုပ်ငန်းစု Marka တို့နှင့် စပွန်ဆာစာချုပ်များ ချုပ်ဆိုထားပြီး ယင်းသို့ အသင်းလိုဂိုတွင်ပါရှိသည့် လက်ဝါးကပ်တိုင်အမှတ်အသားကိုပယ်ဖျက်သည်မှာ အရှေ့အလယ်ပိုင်းဈေးကွက်တစ်ခုတွင်သာဖြစ်ကြောင်း ရီးရဲလ်မက်ဒရစ်က ကြေညာချက်ထုတ်ပြန်ထားသည်။

Marka သည် ရီးရဲလ်မက်ဒရစ်အထိမ်းအမှတ်ပစ္စည်းများကို ဆော်ဒီအာရေဗျ၊ ကာတာ၊ ကူဝိတ်၊ ဘာရိန်းနှင့် အိုမန်နိုင်ငံများသို့ ဖြန့်ဖြူးရောင်းချပေးလျက်ရှိပြီး မွတ်ဆလင်အများစုနေထိုင်သည့် ယင်းနိုင်ငံများတွင် ဘာသာရေးခံယူချက်များ ပြင်းထန်လွန်းသည့်အတွက် ဈေးကွက်အခက်အခဲများကြုံဆုံရင်ဆိုင်နေရသဖြင့် အသင်းလိုဂိုကို ယင်းသို့အပြောင်းအလဲလုပ်ဆောင်လိုက်ရခြင်းဖြစ်ပါကြောင်း ရီးရဲလ်မက်ဒရစ်က အသိပေးထားသည်။

ရီးရဲလ်မက်ဒရစ်သည် ယခုမတိုင်မီတွင် ၂၀၁၄ ခုနှစ်၌ ယူအေအီးဗဟိုဘဏ်နှင့် စပွန်ဆာစာချုပ်ချုပ်ဆိုရာ၌လည်း အသင်းလိုဂိုကို ယင်းသို့ပြောင်းလဲအသုံးပြုခွင့်ပေးခဲ့ဖူးပြီး Marka မှာ လက်ဝါးကပ်တိုင်အမှတ်အသားမပါရှိသည့် ရီးရဲလ်မက်ဒရစ်လိုဂိုကို ဒုတိယမြောက်အသုံးပြုခွင့်ရသည့် စပွန်ဆာမိတ်ဘက်အဖြစ် မှတ်တမ်းဝင်သွားခဲ့ပြီလည်းဖြစ်သည်။

■ E-11



# ပြင်သစ်လီဂူးကလပ် မာဆေးထံသို့ အီဗရာ ပြောင်းရွှေ့




**မာဆေး၊ ဇန်နဝါရီ ၂၆**

ဂျူဗင်တပ်ဘယ်နောက်ခံကစားသမား အီဗရာသည် ပြင်သစ်လီဂူးကလပ် မာဆေးထံသို့ ၁၈ လသက်တမ်းရှိ စာချုပ်တစ်ရပ်ဖြင့် ပြောင်းရွှေ့ရောက်ရှိသွားခဲ့ပြီဖြစ်ကာ ယင်းစာချုပ်အရ အီဗရာမှာ လာမည့် ၂၀၁၇-၁၈ ဘောလုံးရာသီပြီးဆုံးချိန်တိုင်သည်အထိ မာဆေးအသင်းသားအဖြစ် ရှိသွားတော့မည်ဖြစ်ကြောင်း Sky Sports က ဖော်ပြထားသည်။

အီဗရာသည် လက်ရှိဘောလုံးရာသီတွင် ဂျူဗင်တပ်ထံ၌ ပုံမှန်ပွဲထွက်ကစားခွင့်ပျောက်ဆုံးသွားခဲ့သည့်အတွက် အသင်းပြောင်းရွှေ့ရန် ဆုံးဖြတ်လိုက်ခြင်းဖြစ်ပြီး ပြင်သစ်ဘောလုံးလောကသို့ တစ်ကျော့ပြန်လည်ခြေချခွင့်ရရှိခြင်းအတွက် ၎င်းအနေနှင့် လွန်စွာကျေနပ်မိပါကြောင်း မာဆေးနှင့် ဆေးစစ်မှုများခံယူအပြီးတွင် အီဗရာက ဖွင့်ဟပြောကြားသွားခဲ့သည်။

အသက် ၃၅ နှစ်အရွယ်ရှိ အီဗရာသည် ၂၀၁၄ ခုနှစ် နွေရာသီကာလ ကစားသမားအပြောင်းအရွှေ့ဈေးကွက်ဖွင့်လှစ်ချိန်တွင် မန်ယူမှနေ၍ ဂျူဗင်တပ်ထံသို့ ပြောင်းရွှေ့ရောက်ရှိလာခဲ့ပြီး ဂျူဗင်တပ်ထံတွင် ကစားသမားဘဝ ဖြတ်သန်းခဲ့သည့် ဘောလုံးရာသီ သုံးရာသီအတွင်း ၎င်းက စီးရီးအေချန်ပီယံ နှစ်ကြိမ်၊ ကိုပါအီတာလီယာဖလားချန်ပီယံ နှစ်ကြိမ်နှင့် ဆူပါကိုပါအီတာလီယာဖလားချန်ပီယံ တစ်ကြိမ်ဖြစ်ခွင့်ရရှိခဲ့သည်။

အီဗရာသည် ၂၀၀၆ ခုနှစ်တွင် ပြင်သစ်လီဂူးကလပ် မိုနာကိုထံမှနေ၍ မန်ယူထံသို့ပြောင်းရွှေ့ရောက်ရှိလာခဲ့ပြီး မန်ယူထံတွင် ကစားသမားဘဝဖြတ်သန်းခဲ့သည့် ဘောလုံးရာသီ ရှစ်ရာသီအတွင်း ၎င်းက ပရီးမီးယားလိဂ်ဖလား ငါးကြိမ်၊ လိဂ်ဖလား သုံးကြိမ်၊ ကွန်မြူနတီဒိုင်းငါးကြိမ်၊ ချန်ပီယံလိဂ်ဖလား တစ်ကြိမ်နှင့် ကလပ်ကမ္ဘာ့ဖလား တစ်ကြိမ်တို့ကို ဆွတ်ခူးရယူနိုင်ခဲ့သည်။

■ E-11





# ဒိုင်လူကြီးကို မတွန်းခဲ့ဖူးကြောင်း မော်ရင်ညို အသိပေး၊ အာစင်ဝင်းဂါး မည်သို့အရေးယူခံရမည်ကို စိတ်ဝင်စား

**မန်ချက်စတာ၊ ဇန်နဝါရီ ၂၆**

မန်ယူနည်းပြ မော်ရင်ညိုသည် ဟားလ်စီးတီးနှင့် မန်ယူတို့ယှဉ်ပြိုင်ကစားခဲ့သည့် လိဂ်ဖလားဆီမီးဖိုင်နယ် ဒုတိယအကျော့ပွဲစဉ်အကြို သတင်းစာရှင်းလင်းပွဲအခမ်းအနားတွင် သတင်းထောက်များက အာဆင်နယ်နည်းပြ အာစင်ဝင်းဂါးက စတုတ္ထဒိုင်လူကြီး အန်တိုနီတေလာကို ကိုယ်ထိလက်ရောက် တွန်းထုတ်ခဲ့ခြင်းအတွက် ထင်မြင်ချက်ပေးရန် တောင်းခံသည်ကို ၎င်းအနေနှင့် ဒိုင်လူကြီးများကို ယင်းကဲ့သို့ တွန်းမထုတ်ဖူးသည့်အတွက် မှတ်ချက်ပေးရန် ခက်ခဲကြောင်းဖြေကြားခဲ့သည်ဟု Sportmail က ဖော်ပြထားသည်။

အာဆင်နယ်နည်းပြ အာစင်ဝင်းဂါးသည် အာဆင်နယ်က ဘန်လေကို နှစ်ဂိုးတစ်ဂိုးဖြင့် အနိုင်ရခဲ့သည့် ပရီးမီးယားလိဂ်ပွဲစဉ်တွင် ပွဲပြီးခါနီး နာကျင်အချိန်ပို ၉၄ မိနစ်၌ ဘန်လေကို ပင်နယ်တီကန်ခွင့် သတ်မှတ်ပေးခဲ့ခြင်းအတွက် ပြင်းပြင်းထန်ထန် စောဒကတက် ကန့်ကွက်ခဲ့သည်တွင် ၎င်းကို ကွင်းလယ်ဒိုင်လူကြီး ဂျွန်မော့စ်က အဝတ်လဲခန်းသို့သွားရောက်ရန် ညွှန်ကြားလိုက်ခြင်းဖြစ်ပြီး ယင်းညွှန်ကြားချက်ကို အာစင်ဝင်းဂါးက အတိအကျ မလိုက်နာဘဲ အဝတ်လဲခန်းသို့သွားရောက်ရာ ဥမင်လမ်းအဝင်ဝတွင်ရပ်၍ ပွဲကိုဆက်ကြည့်နေခဲ့သည့်အတွက် စတုတ္ထဒိုင်လူကြီး အန်တိုနီတေလာက သွားရောက်သတိပေးရာတွင် အာစင်ဝင်းဂါးက အန်တိုနီတေလာကို တွန်းထုတ်လိုက်ခြင်းဖြစ်သည်။

သတင်းထောက်များ၏မေးမြန်းမှုကို မော်ရင်ညိုက "ဒိုင်လူကြီးတွေကို ကျွန်တော် ကိုယ်ထိလက်ရောက် တွန်းမထုတ်ခဲ့ဖူးပါဘူး။ ဒီတော့လည်း ဘယ်လိုဆိုတာကို နှိုင်းယှဉ်ပြဖို့ ခက်ပါတယ်။ သေချာတာက သူ့နေရာမှာ ကျွန်တော်ဆိုရင်တော့ ပွဲကြီးကြပ်ခွင့်ပြစ်ဒဏ်ကနေ ပြေးမလွတ်ပါဘူး"ဟု ဖြေကြားသွားခဲ့ပြီး အင်္ဂလန်ဘောလုံးအဖွဲ့ချုပ်(အက်ဖ်အေ)စည်းကမ်းထိန်းသိမ်းရေးကော်မတီက အာစင်ဝင်းဂါးကို မည်သို့ပြစ်ဒဏ်ချမှတ် အရေးယူမည်ဆိုခြင်းကိုမူ အများနည်းတူ ၎င်းလည်း စိတ်ဝင်စားနေပါကြောင်း မော်ရင်ညိုက ဆက်လက်ပြောကြားသွားခဲ့သည်။

မော်ရင်ညိုသည် ဟားလ်စီးတီးနှင့် မန်ယူတို့၏လိဂ်ဖလားဆီမီးဖိုင်နယ်မတိုင်မီတွင် ဆံပင်အတိုညှပ်ပစ်ခဲ့ကာ ယခုကဲ့သို့ ဆံပင်ပုံစံပြောင်းလဲလိုက်ခြင်းဖြင့် စိတ်သစ်လူသစ်ခံစားမှုမျိုးကို ရရှိပါကြောင်းလည်း မော်ရင်ညိုက အသိပေးသွားခဲ့သေးသည်။

■ E-11

# အကြမ်းဖက်အဖွဲ့အစည်းနှင့်ပတ်သက်သည့် ဘင်ဟာတီရာကို ဒရမ်းစတတ်ဒ် စာချုပ်ဖျက်သိမ်း

**မြူးနစ်၊ ဇန်နဝါရီ ၂၆**

ဂျာမန်ဘွန်ဒက်စ်လီဂါကလပ် ဒရမ်းစတတ်ဒ်သည် အသင်းကွင်းလယ်ကစားသမား ဘင်ဟာတီရာကိုအကြမ်းဖက်သမားများအားထောက်ပံ့ပေးနေသည်ဟု ဂျာမနီအစိုးရအာဏာပိုင်များက သံသယဝင်နေသည့် အစ္စလာမ္မစ်အဖွဲ့အစည်းတစ်ခုတွင် ပါဝင်ပတ်သက်နေသည့်အတွက် နှစ်ဦးနှစ်ဖက် သဘောတူညီမှုရယူကာ စာချုပ်ဖျက်သိမ်းပစ်လိုက်ကြောင်း BBC က ဖော်ပြထားသည်။

တူနီးရှားနွယ်ဖွားဖြစ်သည့် ဘင်ဟာတီရာသည် Ansaar International ဟု အမည်ပေးအပ်ထားသည့် အစ္စလာမ်လူမှုအဖွဲ့အစည်းတစ်ခုတွင် အဖွဲ့ဝင်အဖြစ် ပါဝင်နေပြီး လက်ရှိတွင် ယင်းအဖွဲ့အစည်းကို ဂျီဟတ်ဒ်လှုပ်ရှားမှုများ ဆောင်ရွက်နေသည့် Salafism များနှင့် အဆက်အသွယ်ရှိသည်ဟု ဂျာမနီထောက်လှမ်းရေးက သံသယဝင်လျက်ရှိသည်။

Ansaar International သည် အစ္စလာမ်ရှေးရိုးစွဲဝါဒီအများစု ပါဝင်သည့် အဖွဲ့အစည်းကြီးဖြစ်ကာ ၎င်းတို့၏ရည်ရွယ်ချက်မှာ အစ္စလာမ်ဘာသာဝင်များကို ကိုးကွယ်မှုစတင်ရာ မူလဘူတသို့ပြန်လည်ခေါ်ယူသွားနိုင်ရေးဖြစ်ကြောင်း ဂျာမနီသတင်းစာ The Bild က ရေးသားသည်။

ဂျာမနီနိုင်ငံရေး အင်အားစုများသည် Ansaar International အဖွဲ့၏ လုပ်ရပ်များကို ပြင်းပြင်းထန်ထန်ကန့်ကွက်ရှုတ်ချထားပြီး ဂျာမနီထောက်လှမ်းရေးများကလည်း Ansaar International မှာ ဆီးရီးယား၊ ဆိုမားလီးယား၊ အာဖဂန်နစ္စတန်နှင့် ပါလက်စတိုင်းတို့ရှိ အစ္စလာမ္မစ်အကြမ်းဖက်ကွန်ရက်များနှင့် ချိတ်ဆက်မှုများရှိနေကြောင်း ပြောကြားထားသည်။

ဒရမ်းစတတ်ဒ်ပရိသတ်များသည် လွန်ခဲ့သည့်စနေနေ့က ဒရမ်းစတတ်ဒ်နှင့် မိုချင်ဂလက်ဘတ်တို့ တစ်ဖက်နှင့်တစ်ဖက် ဂိုးမရှိသရေကျခဲ့သည့်ပွဲစဉ်တွင် ဘင်ဟာတီရာကို Ansaar International အဖွဲ့အစည်းနှင့် ကင်းကင်းရှင်းရှင်းနေရန် စာတန်းများကိုင်ဆောင် တောင်းဆိုခဲ့ကြပြီး ယင်းတောင်းဆိုမှုကို ဘင်ဟာတီရာက လိုက်နာဖွယ်မရှိသောအခြေအနေများရှိလာခဲ့အပြီးတွင် ၎င်းကို စာချုပ်ဖျက်သိမ်းရန် ဒရမ်းစတတ်ဒ်အသင်းတာဝန်ရှိသူများက ဆုံးဖြတ်လိုက်ကြခြင်းဖြစ်သည်။




ဒရမ်းစတတ်ဒ်အသင်းဥက္ကဋ္ဌ ရူဒီဂျာဖရစ်ရှ်သည် ဘင်ဟာတီရာအနေနှင့် အစိုးရက သံသယဝင်နေသောအဖွဲ့အစည်းတစ်ခုတွင် အဖွဲ့ဝင်အဖြစ် ပါဝင်ပတ်သက်နေသည်မှာ လွန်စွာမှားယွင်းကြောင်း အပြစ်တင်သွားခဲ့ပြီး ဘင်ဟာတီရာကမူ ၎င်းအနေနှင့် လူမှုရေးလုပ်ငန်းများကိုဆောင်ရွက်ရန်အတွက်သာ Ansaar International အဖွဲ့တွင် ပါဝင်ခဲ့ခြင်းဖြစ်သည်ဟု တုံ့ပြန်ရှင်းလင်းထားသည်။

■ E-11

HNIT THIT OO
Printing House
No. 27(A), Corner of U Hmoo St;
and U Tun Nyo St;,
Dagon (East) Industrial Zone,Yangon.
Mobile : 09-254248677,09-777600074
Email : hnitthitoo8@gmail.com

# FOREIGN AFFAIRS





BBC

နယ်စပ်တစ်လျှောက် တံတိုင်းဆောက်မည့်ကိစ္စမှာ ဒေါ်နယ်ထရမ့်၏ အဓိကမဲဆွယ်ကတိတစ်ခုဖြစ်ခဲ့သည်

# မက္ကဆီကိုနယ်စပ်တွင် တံတိုင်းဆောက်ရန် ထရမ့် အမိန့်ပေး

**ဝါရှင်တန်၊ ဇန်နဝါရီ ၂၆**

အမေရိကန်နိုင်ငံ၏ မက္ကဆီကို နယ်စပ်တစ်လျှောက် 'ဖြတ်သန်းမရနိုင်သော ရုပ်ပိုင်းဆိုင်ရာအတားအဆီး' တစ်ခု တည်ဆောက်ရန် သမ္မတဒေါ်နယ်ထရမ့်က ဥပဒေကဲ့သို့ အာဏာတည်သောအမိန့် တစ်ရပ် ထုတ်ပြန်ခဲ့ကြောင်း BBC သတင်းဌာနက ဖော်ပြသည်။

အထောက်အထားမရှိသည့် ရွှေ့ပြောင်းအခြေချသူများကို ဘေးမဲ့ခိုလှုံခွင့်ပေးထားသည့် အမေရိကန်မြို့ကြီးများကို ရန်ပုံငွေထောက်ပံ့မှု ဖြတ်တောက်ရန် အမိန့်တစ်ရပ်ကိုလည်း လက်မှတ်ရေးထိုးခဲ့သည်။

သူ၏တံတိုင်းအတွက် ကုန်ကျစရိတ်ကို မက္ကဆီကိုထံမှ ၁၀၀ ရာခိုင်နှုန်း အပြည့်အဝ ပြန်တောင်းမည်ဟု ABC News ရုပ်သံနှင့် အင်တာဗျူးတွင် ထရမ့်က ပြောကြားခဲ့သည်။

သို့သော်လည်း ဒေါ်လာဘီလျံချီ ကုန်ကျမည်ဟု ခန့်မှန်းသည့် ယင်းတံတိုင်း အတွက် ရန်ပုံငွေထောက်ပံ့ပေးရန် လွှတ်တော်တွင် အတည်ပြုရမည်ဖြစ်သည်။

မက္ကဆီကိုနယ်စပ်တစ်လျှောက် မိုင် ၂၀၀၀ ရှည်သည့် တံတိုင်းကြီးတည်ဆောက်ရန်မှာ ထရမ့်၏ အဓိကမဲဆွယ်ကတိကဝတ်များအနက်မှ တစ်ခုဖြစ်သည်။

ဇန်နဝါရီလ ၂၅ ရက်နေ့ကအမိမြေလုံခြုံရေးဌာနတွင် ကျင်းပသောအခမ်းအနားတစ်ခုတွင် ညွှန်ကြားချက်များ လက်မှတ်ရေးထိုးခဲ့သည့် ထရမ့်က အမေရိကန် တောင်ဘက်နယ်စပ်တွင် အကျပ်အတည်းကြုံနေသည်ဟု မှတ်ချက်ပေးခဲ့သည်။

နယ်စပ်ကင်းလှည့်မှု အရှိန်အဟုန်မြှင့်ရန်အတွက် လူဝင်မှုကြီးကြပ်ရေးဝန်ထမ်း ၁၀,၀၀၀ ခန့်အပ်ရန် ထရမ့်က ညွှန်ကြားခဲ့သည်။

"နယ်စပ်မရှိတဲ့ နိုင်ငံဟာ နိုင်ငံမမည်ဘူး။ ဒီကနေ့ကစလို့ အမေရိကန်ပြည်ထောင်စုဟာ ကိုယ့်နယ်စပ်ကိုယ် ပြန်ပြီး ထိန်းချုပ်လိုက်ပြီ" ဟုထရမ့်က ပြောကြားခဲ့သည်။

မက္ကဆီကိုနိုင်ငံနှင့် ဆက်ဆံရေးမှာမူ ပိုမိုကောင်းမွန်လာနိုင်သည်ဟု ယခုလကုန်တွင် မက္ကဆီကိုသမ္မတ အင်းနရစ်ပီညာနီတိုနှင့်တွေ့ဆုံရန် စီစဉ်ထားသည့် ထရမ့်က ပြောကြားခဲ့သည်။

အာဖရိကနှင့် အရှေ့အလယ်ပိုင်း မွတ်ဆလင်လူများစု ခုနစ်နိုင်ငံမှ ရွှေ့ပြောင်းအခြေချမှုများကို ကန့်သတ်သည့်အမိန့်တစ်ရပ်ကိုလည်း ယခုတစ်ပတ်အတွင်း ထုတ်ပြန်ဖွယ်ရှိနေသည်။

အမိန့်မူကြမ်းဟု ယူဆရသည့် စာမျက်နှာ ရှစ်မျက်နှာရှိ စာရွက်စာတမ်းတစ်ခုကို အမေရိကန်မီဒီယာများက ရရှိထားသည်။

ယင်းအမိန့်သာ အတည်ဖြစ်မည်ဆိုပါက ဆီးရီးယားဒုက္ခသည် စီမံချက်ကို လုံးဝရပ်ဆိုင်းမည်ဖြစ်ပြီး အခြားဒုက္ခသည်စီမံချက်များကိုလည်း လေးလရပ်ဆိုင်းထားရမည်ဖြစ်သည်။

အမေရိကန်လုံခြုံရေးအတွက် ခြိမ်းခြောက်မှုဟုယူဆရသည့် အမည်မဖော်ပြထားသောနိုင်ငံတချို့မှ ဝင်ရောက်လိုသူများကို ဗီဇာထုတ်ပေးခွင့်ရပ်ဆိုင်းရန်လည်း စီစဉ်ထားသည်။

ယင်းနိုင်ငံများမှာ ဆီးရီးယား၊ အီရတ်၊ အီရန်၊ လစ်ဗျား၊ ဆူဒန်၊ ဆိုမာလီယာ၊ ယီမင်တို့ ဖြစ်နိုင်သည်ဟု ရွှေ့ပြောင်းအခြေချမှုဆိုင်ရာ ကျွမ်းကျင်ရှေ့နေများက BBC သတင်းဌာနသို့ ပြောကြားထားသည်။

အိမ်ဖြူတော်ကမူ ယင်းကိစ္စနှင့် ပတ်သက်ပြီး မှတ်ချက်ပေးရန် ငြင်းဆိုခဲ့ကာ မူကြမ်းဆိုသည်မှာ လက်မှတ်မထိုးမီတွင် အပြောင်းအလဲလုပ်ကောင်း လုပ်နိုင်ကြောင်းသာ မှတ်ချက်ပေးထားသည်။

ထရမ့်သည် မဲဆွယ်ကာလအစောပိုင်းတွင် မွတ်ဆလင်အားလုံးအမေရိကန်သို့ ပြည်ဝင်ခွင့် ပိတ်မည်ဟုပြောခဲ့ဖူးသည်။

■ F-03

## ALSO IN NEWS

### ဂျပန်ရိုးရာ ဒေါ်နယ်ထရမ့် အရုပ်တွေ ရနိုင်ပါပြီ

အမေရိကန်သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခံခဲ့ရပြီးတော့ ကမ္ဘာ့ဇာတ်ခုံမှာ လူတွင်ကျယ်ဖြစ်နေတဲ့ ဒေါ်နယ်ထရမ့်ကြီးတစ်ယောက်ကို နိုင်ငံတကာက ပြည်သူတွေက ပုံစံမျိုးစုံနဲ့ တုံ့ပြန်ခဲ့ကြပါတယ်။ ဂျပန်က ရိုးရာဒီဇိုင်းနဲ့ အရုပ်လုပ်တဲ့ ကုမ္ပဏီကတော့ 'မိန်းကလေးများနေ့' အားလပ်ရက်မတိုင်ခင် ထရမ့်အရုပ်ကို လုပ်ရောင်းခဲ့ပါတယ်။ အရုပ်ထဲမှာ ထရမ့်ဟာ ရွှေရောင်နဲ့ အနက်ရောင်စပ် ကီမိုနိုကို ဝတ်ထားပြီး ရွှေရောင်ဆံပင်နဲ့ဖြစ်ပါတယ်။ ကျူဂတ်ဆုအမှတ်တရ အရုပ်ထုတ်လုပ်ရေး ကုမ္ပဏီက အဆိုပါအရုပ်ကို ပြုလုပ်တာဖြစ်ပါတယ်။

မိန်းကလေးများနေ့ဟာ ဂျပန်မှာ ရိုးရာအစဉ်အလာတစ်ရပ်ဖြစ်ပြီး မိသားစုတွေဟာ အိမ်ကို အရုပ်တွေနဲ့ အလှဆင်ပြီး သူတို့သမီးတွေ ကျန်းမာချမ်းသာစေကြောင်း ဆုမွန်ကောင်း တောင်းကြတာဖြစ်ပါတယ်။

လာမယ့် မိန်းကလေးများနေ့အတွက် အထူးထုတ်တဲ့အရုပ်တွေထဲမှာ ထရမ့်ပါဝင်နေတာနဲ့ပတ်သက်ပြီး ဖောက်သည်တွေက အံ့အားတကြီး တုံ့ပြန်ခဲ့ကြပါတယ်။ မိန်းကလေးများနေ့အတွက် အရုပ်လုပ်ရာမှာ အမျိုးသမီးတွေအပေါ် နှိမ်ချဝေဖန်တဲ့ ဒေါ်နယ်ထရမ့်လိုပုဂ္ဂိုလ်မျိုးကို နေရာမပေးသင့်ဘူးလို့ ဂျပန်ကိုလာလည်တဲ့ အမေရိကန်ခရီးသွားဧည့်သည် ဒက်ဘီဝေါ့ကာ က ပြောကြားခဲ့ပါတယ်။

"ဟုတ်ပါတယ်။ သူဟာ အမျိုးသမီးတွေ၊ မိန်းကလေးတွေဘက်ကို မရပ်တည်ပါဘူး။ ကျွန်တော် သူ့ကို မထောက်ခံပါဘူး" ဟု ပြောကြားခဲ့သည်။

ဒေါ်နယ်ထရမ့်ကို ရုပ်သံအစီအစဉ်တွေကြောင့် ကြည့်ဖူးကြောင်းနဲ့ သူ့အရုပ်ကို မထုတ်သင့်ကြောင်းလည်း ဂျပန်မိခင်တစ်ဦးက ဆိုပါတယ်။ ■ F-02



### ဘင်္ဂလားဒေ့ရှ်အမျိုးသားတစ်ဦး ၂၅ ဦးမြောက်ဇနီးက ရဲတိုင်လို့ ၂၇ ဦးမြောက်ဇနီးရဲ့အိမ်မှာ အဖမ်းခံရ

၂၈ ကြိမ်တိတိ အိမ်ထောင်ပြုလို့ စွဲချက်တင်ခံရတဲ့ အမျိုးသားတစ်ဦး ဘင်္ဂလားဒေ့ရှ်မှာ ပေါ်လာခဲ့ပါတယ်။ ယာဆင်ဘျာပါရီ လို့ အမည်ရသူ အသက် ၄၅ နှစ်အရွယ် အမျိုးသားကို ရဲတွေက ဖမ်းဆီးသွားခဲ့ပြီဖြစ်ပါတယ်။ တင်တောင်းတဲ့ ငွေကြေးနဲ့ပတ်သက်ပြီး မကျေနပ်လို့ ၂၅ ဦးမြောက်ဇနီးက တိုင်တောခဲ့လို့ သူ့ကို တရားရုံးကဖမ်းဆီးစေခဲ့တာဖြစ်ပါတယ်။ သူ့ကို ပြီးခဲ့တဲ့တနင်္ဂနွေနေ့က ၂၇ ဦးမြောက် ဇနီးသည်ရဲ့ မိဘတွေအိမ်မှာ ရဲက လာဖမ်းသွားတာဖြစ်ပါတယ်။

၂၅ ဦးမြောက်ဇနီးသည်ရဲ့အမည်က ရှီအူလီအာခတာတာနီယာဖြစ်ပြီးတော့ သူ့ရဲ့တင်တောင်းကြေးအတွက် မကျေနပ်လို့ ရဲတိုင်ခဲ့တာဖြစ်ပါတယ်။ လိမ်ညာပြီး ၂၈ ကြိမ်တိုင်တိုင် အိမ်ထောင်ပြုခဲ့တယ်လို့ သူ့ကို စွပ်စွဲထားပါတယ်။

မိမိဟာ တစ်ဦးတည်းသောဇနီးလို့ ထင်ခဲ့ပေမယ့် ကလေးတစ်ယောက်ရပြီးနောက်မှာ မိမိဟာ ၂၅ ဦးမြောက်ဖြစ်နေတာကို သိခဲ့တာကြောင့် လိမ်လည်မှုနဲ့ တိုင်ခဲ့တာဖြစ်ပါတယ်။ ■ F-02